
နှမ်ဂျာသိုင်း
နွေဦးရောက်ပြီသူငယ်ချင်း

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့ဖ်ဆက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

■ တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ဖုန်း-၅၈၁၇၃၃-၄၄၄

■ တိုက် ၉၊ တတိယထပ် (ဝဲ)
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်
ယုဇနဥယျာဉ်မြို့တော်။
ဖုန်း - ၅၉၃၂၆၅

■ E-mail: EPC@mail2world.com

■ P.O. Box - 234

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၃၇၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၇၀၀၅၁၀
ထုတ်ဝေခြင်း
ဒုတိယအကြိမ်
၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ။
အုပ်ရေ
၅၀၀
တန်ဖိုး
၁၀၀ ကျပ်

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။**

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# နွေဦးရောက်ပြီသူငယ်ချင်း

## နွမ်ဂျာဘိုင်း

(၁)

"မိမှမီပါ့မလား .ထူးရာ"

မဝေက စိတ်စောနေဟန်ဖြင့် နာရီတကြည့်ကြည့် လုပ်ရင်း ေးသည်။ ထူးဆာ ခပ်ပေါ့ပေါ့ရယ်၍ . . .

"မီပါတယ်ဟ . . . ခြောက်နာရီမှ ထွက်မှာပါ"

ဖြေရင်းနှင့် နာရီကို အမှတ်တမဲ့ ကြည့်သည်။ ငါးနာရီ လေးဆယ့်ငါးမိနစ်၊ ပြောမယ့်သာ ပြောလိုက်ရသည်။ အချိန်က ာပ်နေ၏။ နောက်မကျသည့်တိုင် မီရုံလေးမျှသာရှိမည်။

"ညာဘက်ကွေ့ . . ညာဘ ကွေ့ . . ကုန်ဈေးတန်းလမ်း ထဲမှာ"

ဝင်မပြောလျှင် ကားဆရာက ကုန်သည်လမ်းအတိုင်း ဆက် ောင်းမည့်ပုံ ပေါက်နေသဖြင့် ထူးက နောက်ခန်းမှနေ၍ ငုံ့ပြော ိုက်သည်။ ကားကလေးသည် လမ်းထဲသို့ ဖျတ်ခနဲ ချိုးဝင်၏။

"ဟိုရောက်ရင် ကားပေါ် မင်းတို့ အရင်တက်နှင့် . . . ငါ

အောက်ကနေ ပစ္စည်းတင်ပေးမယ်"

ကျော်သူလတ်စကားကို သူခေါင်းညိတ်ပြသည်။ ငုံ့လျက်နှင့်ပင် ကားရှေ့မှန်မှ လှမ်းကြည့်လိုက်၏။

ကားဂိတ်ရှေ့တွင် ရပ်ထားသော မြေလတ်သား ဟီးနိုးကားကြီးကို မြင်ရသည်။ ထွက်ခါနီးပြီဖြစ်သဖြင့် ကားကြီးပေါ်တွင် လူရောကုန်ရော အပြည့်ဖြစ်နေပြီ။

"အဲ . . . အဲဒီနားရပ် အစ်ကို"

လေးဘီးကားလေးက မြေလတ်သားနှင့် ယှဉ်၍ရပ်လိုက်၏။

"နေဦး . . . ငါ အရင်ဆင်းမယ်"

ကားပေါ်မှ ဆင်းရန် လှုပ်လှုပ်ရှားရှား ဖြစ်နေသော မနှင်းခိုင်နှင့် မဝေတို့ကို ခဏတား၍ ထူး အရင်ဆင်းသည်။ အောက်ရောက်မှ သတိရ၍ အိတ်ထဲမှ ဆယ်တန်နှစ်ရွက် ထုတ်လိုက်ပြီး ကျော်သူလတ်ကို လှမ်းပေးသည်။

"ကားခပေးလိုက် ဖိုးကျော်"

ကျော်သူလတ်က ခေါင်းညိတ်၍ ပိုက်ဆံကို လှမ်းယူသည်။ ထူးက မြေလတ်ကားရှိသည့်ဘက်သို့ ခပ်သွက်သွက် ကူးလိုက်သည်။ ကားတံခါးဝတွင် အသက်ကြီးကြီး ခပ်ဝဝလူတစ်ယောက် ပိုက်ရပ်နေသည်။ သူရောက်သွားသောအခါ ထိုသူက စာရွက်ကို ကြည့်၍ . . .

"နာမည် ဘယ်သူလဲ"

"ထူး . . . ပါ"

"ဩော် . . . ဟုတ်ပြီ . . . လေးယောက်လား"

"ဟုတ်ကဲ့ . . . ငါး၊ ခြောက်၊ ဆယ့်တစ်၊ ဆယ့်နှစ်"



ထူးက အလွတ်ရနေသည့် ခုံနံပါတ်များကို ရွတ်ပြလိုက်ည်။

"ဟုတ်ပါပြီ . . . ကဲ မြန်မြန်လုပ်၊ ကားက ထွက်တော့မှာ . . မင်းတို့က အရမ်းနောက်ကျတာပဲ"

ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်နေသည်မို့ အပြစ်တင်စကားကို မျှတုံ့ပြန်မပြောတော့။ အပေါက်ဝ ခပ်ယို့ယို့ တိမ်းရပေးသော ကိုကျော်ကာ ကားပေါ်တက်လိုသည်။ အဝတွင် ထင်းရှူးသေတ္တာ တစ်ခု ခံနေသဖြင့် ကျော်တက်လိုက်ပြီး လွတ်နေသည့် နေရာကို မ်းကြည့်သည်။

လွတ်နေသော ဘေးထိုင်ခုံနှစ်ခုအပြင် အလယ်ခုံများလည်း ချောင်ချောင် ဖြစ်နေသည်ကို သတိပြုမိသည်။

"ရော့ဟော့ . . . ထူး"

ထိုင်ခုံနေရာရောက်သည်နှင့် ဘေးဘီသိပ်မကြည့်နိုင်။ အောက်မှ ကျော်သူလတ် လှမ်းပေးသော ပစ္စည်းများကို ကမန်း တန်း လှမ်းဆွဲသည်။ တစ်အိတ်၊ နှစ်အိတ်၊ သုံးအိတ်။ အောက်မှ စ္စည်းများ တစ်ခုပြီးတစ်ခု ရောက်လာသဖြင့် အပေါ်ရောက် စ္စည်းများကို နေရာမချအားသေး၊ ထိုင်ခုံပေါ် ဒီအတိုင်းချထား သည်။ ပစ္စည်းကုန်သလောက်ရှိမှ ကျော်သူလတ်က စုံပြီထင်တယ် ရေစမ်းပါဦးဟု မေးသည်။

ထူးက ကမန်းကတန်း ရေလိုက်၏။

တစ် . . နှစ် . . သုံး . . လေး . . ငါး . . ခြောက် . . ။

"စုံပြီဟော့ကောင် . . . အပေါ်တက်တော့"

"ဒီခုံလား"

မဝေက မေးသည်။ သူခေါင်းညိတ်ပြပြီး . . .

"နေဦး မဝေ . . . ပစ္စည်းတွေ အပေါ်တင်လိုက်ဦးမယ်"

မဝေနှင့် မေနှင်းခိုင်တို့သည် ခုံပေါ်သို့ ပစ္စည်းများနှင့် ထူးပိတ်ရပ်နေသဖြင့် ရှေ့ဆက်တိုး၍မရဘဲ နှစ်ယောက်စလုံး မတ်တတ်ကြီးတွေ ဖြစ်နေကြသည်။

သူတို့အုပ်စု ကိုးရိုးကားရား ဖြစ်နေပုံကြည့်၍ တစ်ကားလုံးကတော့ ရယ်ချင်နေမှာပဲဟု စိတ်ထဲက တွေးသည်။

'ရယ်လည်းရယ်ပေါ့ . . . ဘယ့်တတ်နိုင်မလဲ၊ နောက်ကျတာကလည်း ဒီနှစ်ယောက်ကြောင့် နောက်ကျရတာပဲ၊ စောစောကတော့ ပြင်ဆင်မထားဘူး၊ သွားခါနီး လာခါနီးကျမှ ဟိုဟာလိုရ ဒီဟာလိုရ ရှုပ်နေတာကိုး' . . . ဟု စိတ်ထဲကပြောသည်။

နောက်ထပ်ပေါ်လာမည့် ပြဿနာကို ခုထိ သူ မမြင်သေး။

"အဲဒါမှ ပြဿနာပဲ"

ပါးစပ်မှ လွှတ်ခနဲ ပြောလိုက်၏။ ကျော်သူလတ်က သူ့အမူအရာကို ကြည့်၍ တစ်ခုခုတော့ ဖြစ်ပြီဟုသိကာ မဝေနှင့် မေနှင်းခိုင်တို့သို့ ကျော်၍ သူ့ဆီ တိုးလာသည်။

"ဘာဖြစ်လို့လဲ . . . ထူး"

"ပစ္စည်းထားစရာ နေရာမရှိတော့ဘူး"

ကျော်သူလတ်က ဒီတော့မှ ပစ္စည်းတင်သည့် အမိုးတန်းပေါ် မော့ကြည့်သည်။ အပေါ်တွင် ပစ္စည်းများ ပြည့်နေပြီး နေရာ



လွတ် တစ်ခုမျှမရှိ။

"ဟာ . . . ဘယ်လိုလုပ်မလဲ၊ အောက်ကိုထည့်လို့ မရဘူးလား"

ပြောပြောဆိုဆို ထိုင်ခုံအောက်ကို ငုံ့ကြည့်သည်။ သူအငုံ့ဗိုက်တွင် အလယ်ခုံ၌ ထိုင်နေသော အမျိုးသမီးနှင့် ခိုက်မိသွားသဖြင့် ဆောရီးဟု ခေါင်းငုံ့ပြောရုံ ပြောသည်။ ထိုင်ခုံအောက်ကြည့်ပြီး စိတ်ပျက်သွား၏။

"ဟာ . . . အောက်မှာလည်း ပစ္စည်းတွေ ပြည့်နေပြီ"

"ဘာဖြစ်လို့လဲ ထိုင်လို့မရဘူးလား"

သူတို့လေးယောက် မိုးတိုးမတ်တတ် ဒုက္ခရောက်နေစဉ်ကားရှေ့တံခါးမှဖွင့်၍ တက်လာသော ကားမောင်းသူက အံ့အားသင့်သလို ကြည့်၍ လှမ်းမေးသည်။ ထူးက မျက်နှာရှုံ့ပြီး . . .

"လူထိုင်လို့မရတာ မဟုတ်ဘူး၊ ပစ္စည်းထားစရာ နေရာမရှိလို့၊ အပေါ်မှာလည်း ပြည့်နေပြီ၊ အောက်မှာလည်း ပြည့်နေပြီ"

"ဟာ . . . ဒီအပေါ်က ဟာတွေက ဘယ်သူ့ဟာတွေလဲ"

ဘယ်သူမှ ပြန်မဖြေ။ ကားဆရာ ဒေါသနည်းနည်းပွလာဟန်ဖြင့် အလယ်ဘက် တိုးဝင်လိုက်ပြီး . . .

"ဒါ . . . ဘယ်သူ့အိတ်လဲ"

ရှေ့ဆုံးတန်းမှ လူနှစ်ယောက်က မော့ကြည့်၍ သူတို့အိတ်ဟု ဖြေသည်။

"ဒါရော"

ရှေ့ဆုံးတန်းမှမဖြေ။

"ဟာ . . . ဒါ ဘယ်သူ့ပစ္စည်းလဲလို့ မေးနေတယ်"

ဘယ်သူ့ဖြေသံမှ မကြားရ၍ ထင်သည်။ ကားဆရာ အသံ တော်တော်ကျယ်သွား၏။ ဒီတော့မှ ဘယ်ဘက်ခြမ်း ဟိုး . . . အနောက်မှ အဒေါ်ကြီးတစ်ဦးက ထ၍ . . .

"ဟဲ . . . ငါ့ဥစ္စာ . . . ဘာလုပ်မလို့လဲ"

"ဒုက္ခပါပဲ"

ကားဆရာက ညည်းညည်းညူညူနှင့် ထိုအိတ်ကြီးကို ဆွဲ ထုတ်သည်။ နည်းနည်းနောနောအိတ်ကြီးမဟုတ် . . .

"ဘာလို့ထုတ်တာလဲ . . . သူ့ဟာသူနေတဲ့ဥစ္စာ"

အဒေါ်ကြီးက ပြူးတူးပျာတာနှင့် ထ,ရန်တွေ့၏။

"ဘယ့်နှယ့် သူ့ဟာနဲ့သူ နေရမှာလဲဗျ၊ တစ်ကားလုံး ခင်ဗျား ပစ္စည်းတွေချည်း ဖြစ်နေပြီ၊ မရဘူး . . . ဒီမှာ သူ့နေရာကလူတွေ ထားရဦးမယ်၊ အပေါ်ပို့လိုက်"

"ဒါရော . . ."

အိတ်ကြီးနောက်မှ နောက်တစ်အိတ်ကို မေးသည်။ အဒေါ် ကြီးက 'ငါ့ဟာပဲ' . . . ဟု ပြောပြန်၏။

"လုပ်မနေနဲ့၊ ငါ့ဟာဆို အကုန်အပေါ်ပို့မယ်၊ မကျေနပ်ရင် ခင်ဗျားပါ အပေါ်တက်"

ကားဆရာစကားကြောင့် သူတို့လေးယောက် ပြုံးစိစိဖြစ် သွား၏။

"ကဲ . . . ခင်ဗျားတို့ ပစ္စည်းတွေတင်၊ ခင်ဗျားတို့ကလည်း နည်းနည်းပါးပါး စောစောလာမှပေါ့ဗျာ၊ ဒီမှာ အချိန်နဲ့အလုပ်လုပ် ရတာ"

ကားဆရာ၏ဒေါသက သူတို့တွင် အဆုံးသတ်၏။ ထူးနှင့်



ကျော်သူလတ်တို့ ပစ္စည်းလေးများ ကောက်၍ ကပျာကယာ တင် သည်။

"လာ . . . လာ . . . မဝေတို့ ထိုင်တော့"

ပစ္စည်းတင်၍ နေရာလွတ်သည်နှင့် ထူးက မဝေတို့သွားနိုင် ရန် နေရာဖယ်ပေးသည်။

"မေနှင်း . . . ဒီကိုလာ"

ကျော်သူလတ်၏စကားကြောင့် ထူး မျက်လုံးပြူးသွား၏။ မေနှင်းခိုင်က ကျော်သူလတ်နှင့်ထိုင်ဆိုတော့ သူက မဝေနှင့် ထိုင် ရမည့် ဆိုသည့်သဘောပင်။ မဝေကို လှမ်းကြည့်လိုက်၏။

မဝေကတော့ ဘာမှမဖြစ်ဟန်ဖြင့် သူ့ထိုင်ခုံဆီ ကူးလာပြီး ပြတင်းပေါက်ဘက်တွင် ဝင်ထိုင်သည်။ မဝေတောင် ဘာမှမဖြစ် တော့ သူလည်း ဘာမှဖြစ်စရာ မလိုဟုတွေးပြီး မဝေဘေးတွင် ဝင်ထိုင်သည်။

"ဟူး . . ."

ယခုမှ သက်ပြင်းကို လွတ်လွတ်လပ်လပ် ချနိုင်၏။

"ကဲ . . . အားလုံးစုံပြီနော်၊ သွားမယ်"

ကားဆရာက အောင်မြင်စွာ ဟစ်ကြွေးလိုက်ပြီး နေရာတွင် ဝင်ထိုင်သည်။ ဝူးခနဲ ကားစက်နှိုးသံကြားရ၏။ ကားကလည်း မည်မျှကောင်းသည်မသိ၊ တစ်ချက်တည်းနှင့် နိုးသွားသည်။

ရှို . . . ခနဲ ဝီစီသံကြားရ၏။

ပွမ် . . . ပွမ်

ကားဆရာက ဟွန်းနှစ်ချက် ဆက်ပုတ်သည်။

တဝေါဝေါစက်သံနှင့်အတူ မြေလတ်သားကားကြီးသည်

ဂိတ်မှနေ၍ ငြိမ့်ခနဲ ထွက်သည်။

ခရီးက စပြီဖြစ်၏။

နောက်ပိုင်းတွင် ဘာတွေဖြစ်ဦးမည်မသိသော်လည်း လော လောဆယ်တော့ ရုတ်ရုတ်-ရုတ်ရုတ်ကြားထဲက အားလုံးအဆင်ပြေ သွားပြီ။ ကောင်းတော့ကောင်းပါသည်။ ဒီလိုအပျော်ခရီးမျိုးက ဒီလို လေးတွေ ပါမှလည်း အသက်ဝင်သည်။

ထူးက နဖူးတွင်စို့နေသော ချွေးများကို သုတ်သည်။

ကားကြီး အင်နှင့်အားနှင့် မောင်းနေပုံကြည့်၍ ရွှင်လန်း လာသည်။ ခုမှပဲ အသက်ဝဝရှူနိုင်တော့သည်။

မြေလတ်သားကြီးကတော့ မဟာဗန္ဓုလလမ်းဘက်ကိုချိုး၍ ခပ်ကြွားကြွား ချီတက်နေပြီဖြစ်၏။

'ပွမ် . . . ပွမ် . . .'

(၂)

ဒီခရီးအတွက် စတင်၍ ရောဂါထသူမှာ ထူးဖြစ်သည်။

ရောဂါပိုး စဝင်သည့်နေ့က သောကြာနေ့။ ထိုနေ့က သူတို့ အတန်းများ အစောကြီးပြီးသည်။ သို့သော် ထုံးစံအတိုင်း သူများ တွေ အတန်းပြီး၍ အိမ်ပြန်သည့်တိုင် သူပြန်လို့မရ။

"ခဏစောင့်ပါဦးကွာ၊ အတူတူ ပြန်ကြရအောင်ပါ၊ ငါ ခဏ လေး မေနှင်းနဲ့ သွားတွေ့လိုက်ဦးမယ်၊ သိပ်မကြာပါဘူး"

ပြောတုန်းက သိပ်မကြာပါဘူး ဆိုသော်လည်း မကြာဘူးဆို လျှင် နှစ်နာရီလောက် ကြာဦးမည်ဟု သူသိထားသည်။ ပထမနှစ် ကတည်းက အတူတူတွဲလာသော သူငယ်ချင်းများဖြစ်ပြီး တတိယ နှစ်မှာ ရည်းစားရပြီးကတည်းက ဒီအချိုးမျိုးချည်း ချိုးနေခဲ့သဖြင့် ကျော်သူလတ်အထာကို နောနေပြီ။

ထို့အတူ . . . နှစ်နာရီမကလို့ နာရီနှစ်ရာပင်ကြာကြာ ခဏ စောင့်ပါဦးကွာ ဆိုထားသည့်နောက် စောင့်တော့စောင့်ရဦးမည်

ဆိုသည်ကလည်း သေချာသည်။

ထို့ကြောင့် သူတစ်ယောက်တည်း သိပ္ပံခန်းမရှေ့ ဆင်ဝင် အောက်အုတ်ခုံတွင် တစ်ယောက်တည်း စောင့်နေမိသည်။ သူ့ ဘာသာသူ တစ်ယောက်တည်းဟု အလွယ်တကူပြောလိုက်သော် လည်း တကယ် တစ်ယောက်တည်းဆိုလျှင်တော့ သိပ်ပြဿနာရှိလှ မည်မဟုတ်။ နေပူကျဲကျဲဒဏ်မှ သက်သာရာ သက်သာကြောင် ဆင်ဝင်အရိပ်အောက် အုတ်လှေကားတွင် ကွေးကွေးလေးမှေး သော ကျောင်းခွေးကြီးကဲ့သို့ပင် အေးအေးဆေးဆေး ထိုင်နှပ်နေ

တကယ်တမ်းကျတော့ ပတ်ဝန်းကျင်က ဒီလိုမဟုတ်။

ဆင်ဝင်အောက်တွင် ဘယ်တစ်ခုံ၊ ညာတစ်ခုံ၊ အလယ်တစ် အုတ်ခုံသုံးခုရှိသည့်အနက် ညာဘက်အစွန်ဆုံး အုတ်ခုံမှာတော့ သူတစ်ယောက်တည်း။

အဲ . . . အလယ်ခုံနှင့်ဘယ်အစွန်ခုံတို့တွင်မတော့ ပကျ ပကျစ်အတွဲလေးတွေကိုယ်စီနှင့်။ ထို့အတူ ခန်းမအတွင်းဘ လူငယ်ရုံးရှေ့ ထိုင်ခုံတန်းလျားလေးများတွင်လည်း ပကျိပကျိ များ ကိုယ်စီနှင့် . . .

ထူးက သက်ပြင်းချ၍ အနီးကပ်ကိစ္စလေးများကို မေ့ထ နိုင်ရန် အဝေးသို့ မျှော်ကြည့်လိုက်သည်။ အဝေးကျတော့ ပိုဆိုး ဟိုးလမ်းတစ်ဘက် ဝိဇ္ဇာခန်းမရှေ့ ဝါးရုံခြေရင်းထိုင်ခုံလေးတွ လည်း ပန်းရောင်ဝတ်ထားသော ကောင်မလေးကို အပြာရော် အင်္ကျီဘောင်းဘီ အထက်အောက်ဆင်တူနှင့် ကောင်ကလေး ခေါင်းနားကပ်ကာ ဘာလုပ်နေမှန်းမသိ။ ခေါင်းကလေးနှစ်ခု အကြာကြီးကပ်သွားလိုက် ခဏလောက် ပြန်ခွာလိုက် . . .



ဒီဘက် ဘွဲ့နှင်းသဘင်ခန်းမနှင့် မျက်စောင်းထိုး တရုတ် စံကားပင်အောက်မှာလည်း ဒီလို။ သစ်ပုတ်ပင်ဘေးက ညောင်ပိန္နဲ ရိပ်ခုံတန်းကျောတွင်လည်း ဟိုဘက်တစ်တွဲ ဒီဘက်တစ်တွဲ၊ အဓိပတိ လမ်းပေါ်မှာပင် လက်ချင်းတွဲလျှောက်နေကြသော ကောင်လေး၊ ကောင်မလေးနှစ်စုံ၊ သုံးစုံ . . .။

ရင်ထဲမှာ ဟာလာသည်။

နွေဦးကလည်း ခြောက်သည်။ သစ်ပုတ်ပင်ကြီးပင် အရိုး ပြိုင်းပြိုင်း ကျနေပြီ။ အရွက်များ အားလုံးသည် ဝါထိန်၍ အကုန် လုံးလိုလို မြေပေါ်ခုန်ဆင်းပြီးကြပြီ . . .

လွင့်သွားသော သစ်ရွက်လေးတွင် သူ့စိတ်ပါသွား၏။

ဒီနှစ်နွေသည် အတော်ငေါင်ဦးမည့် နွေဖြစ်ကြောင်း သူ သတိပြုမိသည်။

ခါတိုင်းနွေဆို အ,သုံးလုံးတို့၊ ဘာတို့ လိုက်ဖြစ်သေးသည်။ ဒီနှစ်က ကိုယ့်ဘာသာကိုယ် ဘာကြောင့်မိသည်မသိ။ ဘာလုပ်အား ပေးမှ စာရင်းမသွင်းမိ။ ခုမှ ဒီအတွက် နောင်တရသည်။

ဒီနွေကို မည်ကဲ့သို့ ဖြုန်းရတော့မည်နည်း။

သူများလို ရည်းစားသနာလေး အတွဲလေး ဘာလေးရှိလျှင် လည်း အကြောင်းမဟုတ်၊ ကျောင်းမပိတ်ခင် တဝကြီး စကားတွေ ပြောကြ၊ တဝကြီး ဘာညာဘာညာ ကွိကွိကွကွလေးတွေနှင့် အလွမ်း သယ်ကြ၊ ကျောင်းပိတ်တော့လည်း စာလေး ပို့စကတ်လေးတွေ ရေးဟယ်ပို့ဟယ်နှင့်၊ တစ်ယောက်တစ်ယောက် စာမျှော်ရတာနှင့် အချိန်တွေက ကုန်မှန်းမသိ ကုန်သွားနိုင်သည်။

ဒီလိုမှမဟုတ်လို့ ရန်ကုန်က လူအချင်းချင်း ဖြစ်လျှင်လည်း

အိမ်ကနေ ဟိုလိုလို ဒီလိုလိုလုပ်ကာ ခိုးခက်ထွက်၊ ဆူးလေဘုရာ လမ်းက အအေးဆိုင်လေးတွေမှာ အတူတူထိုင်ချင်ထိုင်၊ အအေးခ ရှိတဲ့ ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ကြည့်၊ ဘာလုပ်လုပ် နောက်ဆုံ ဘယ်မှမသွားချင်ရင် ကျောင်းထဲပဲ ပြန်လာထိုင် ကုံကော်ရိပ်ပဲဖြ ဖြစ်၊ ဂျပ်ဆင်အောက်ပဲဖြစ်ဖြစ်၊ စာသင်ခန်း တစ်ခန်းခန်းထဲမှာ ဖြစ်ဖြစ် အပြင်မှာထက်စာလျှင် အများကြီး အေးပေမည်။

သူ့မှာ ဒီအခွင့်အရေးမျိုးကလည်း မရှိနိုင် . . .

ထူးဟု နာမည်တစ်လုံးတည်း မှည့်ထားမိသဖြင့် ပညတ်သ နှင့် ဓာတ်ဆက်ပြီး ထူးထူးခြားခြား တစ်ယောက်တည်းရှိနေရမ ဟု ဖြစ်နေလားလည်း မပြောတတ်။ ရုပ်ကလေးကလည်း မရှိ ဆိုလျှင်တောင် ရှိုင်ယန်အိုနီးလ်လောက်တော့ ရှိပါသည်။ ပည ကလေးကလည်း နောက်ဆုံးနှစ်-သင်္ချာကျောင်းသားမို့ သိပ်အသေ လေးထဲက မဟုတ် . . .

ဒါဖြင့်ကွာ မင်းကောင်က မိန်းကလေးတွေနဲ့ အရောတ မနေတတ်တဲ့ ရှောင်ဖယ်ဖယ် သိုးကလေးဖြစ်နေလို့လားမှ မသိ ဟု ဆိုရအောင်လည်း ထူးပေါင်းသင်းသည့် သူငယ်ချင်းများတ ယောက်ျားလေးနှင့် မိန်းကလေး အရေအတွက်နှိုင်းယှဉ်ကြည့်ပါ ယောက်ျားလေးက နည်းနေသေးသည်။

ဒါဆိုရင် စန်းကိုမရှိလို့နေမှာပေါ့ဟုလည်း ဆိုရန်ခက် သည်။ တက္ကသိုလ်မှာ သူ့လောက်စန်းရှိသူ ရှိမှ ရှိပါဦးမလ တစ်ခါတစ်ခါ ယုံမှားစရာဖြစ်သည်။ အတန်းထဲမှာကြည့်၊ ထူး . ထူးနှင့် ကွိကျိကွကျလေးများသည် တစ်ခါတစ်ခါ နားငြီးဖို့ကော သည်။ အဆောင်များမှာရော . . . ထူးသူငယ်ချင်းကောင်မ



ပြောဖူးသည့်စကားအရ သီရိဆောင် ရေချိုးခန်းထဲတွင် 'ထူးကို သိပ်ချစ်တယ်' ဟု မီးသွေးခဲနှင့် ရေးထားသောစာကြောင်းနှင့် ထို ကြောင်းအောက်က 'တို့လည်း ဒီလိုပါပဲကွာ' 'အမယ် . . တို့လည်း ပါတယ်' 'ဟုတ်ပါဘူးနော် ထူးက တို့ဖို့' ဆိုသော ထောက်ခံချက် လေးများ ရေးထားသည်ဟု ကြားဖူးသည်။

သို့သော် ယခုထိတော့ ထူးသည် ထူးထူးဆန်းဆန်း တစ် ယောက်တည်းမျှသာ ရှိနေသေး၏။

သူငယ်ချင်းများက ထူးကို ပြောပါသည်။

'ဟော့ကောင် . . . မင်း အဝယ်သိပ်လိုက်ခံရတာနဲ့ ဈေးတွေ တ်ခေါ်မနေနဲ့ဦးနော်၊ တို့ တက္ကသိုလ်မှာက လူပျိုဆိုတဲ့ဂုဏ်ကို ဈေးပေါပေါနဲ့ရောင်းချင်တဲ့ ငတိတွေနဲ့ ဘူးကြီးကွ၊ နောက်ဆုံးကျမှ ယ်သူမရှိတာနဲ့ ဈေးဦးတောင်မပေါက်ဘဲ ဖြစ်သွားလိမ့်မယ်' ဟု။

ထိုအခါမျိုးတွင် ထူး ရယ်နေတတ်သည်။ သိပ်ခင်သော သူငယ်ချင်းဆိုမှသာ သူက နှာခေါင်းရှုံ့ ခေါင်းခါ၍ . . .

'ငါမှမကြိုက်တာ ဘယ်လိုလုပ်မလဲကွာ၊ ငါ့စိတ်ထဲမှာ တော်ရုံ န်ရုံ စိတ်ဝင်စားရုံနဲ့လည်း မကြိုက်ချင်ဘူး၊ အဲ . . . ကြိုက်မိရင် သည်း တစ်ယောက်တည်းနဲ့ တစ်သက်လုံးပဲ'

. . . တော်ကြာ 'သစ်' ရတော့မှ ကွပ်ထားတဲ့ ဝါးပေါင်းကို အားနာနေရမှာမျိုးလည်း မဖြစ်ချင်ဘူးဟု သစ်မရခင် ဝါးပေါင်း ကွပ်လို ဆိုသည့် အဓိပ္ပာယ်ကို သွယ်ဝိုက်ပြောသည်။

သို့သော် ထူးသည် ရိုးရိုးထူးမျှသာ ဖြစ်၏။

အချိန်တန်ရုံမက နောက်နှစ်ဆို တက္ကသိုလ်နှင့် ဝေးပြီဟု သိရသောအခါ ရင်ထဲမှာ အဆာကဲလာသည်။ ယခုထိတိုင်မတွေ့ ရသော 'သစ်' အတွက် တမ်းတမ်းတတလေး ဖြစ်တော့ ဖြစ်နေမိ၏။

ခုလို နွေအချိန်တွင် ပိုဆိုးတော့သည်။

ထူးသည် ကဗျာလေးများ စာလေးများ ရေးတတ်ဖတ်တတ် ဝါသနာပါသည်။ သို့သော် နွေဦးကာလ မြူထသောအခါ ရင်းထောင် ရင်းဆွဲ ဆောင်မြဲအိုးလွယ်ကာ . . . ဘာညာအစရှိသည့် အလွန်တန်ဖိုးရှိသော ကဗျာများ၊ စာများကိုတော့ သူ သိပ်ခံစား၍ မရ။ သူခံစားသည့် ကဗျာမျိုးက . . .

နွေရောက်ပြီနော့ . . .

ကျောင်းပိတ်တော့မယ်၊ အားငယ်ကဲ့စိတ်

ရင်ခုန်ထိတ်နေ၊ သိပ်ခွဲတတ်ချင်တယ်၊

ဘာညာတို့ . . .။ ဆရာမောင်ပန်းမွှေး၏ . . .

ဘာရယ်မဟုတ်ဘူး၊

ပန်းဦးမှာ၊

နှုတ်ဖြင့်သာ မှီပါရစေ စသော အချစ်ကဗျာ နုနုလှလှလေးများ တို့ကို ခံစားတတ်သည်။

ဤသို့ဖြင့် ထူးသည် နေပူကကျဲလေ၊ ရောဂါက တက်လေ ဖြစ်လာပြီးနောက် ဒီနွေကို ဒီတိုင်းငေါင်၍ ငြိမ်းမည့်အစား ခရီးလေး တစ်ခုထွက်ရလျှင် ကောင်းမည်ဟု အကြံရလာ၏။



"ဖိုးကျော် [illegible]တယ်ကွာ ခရီးတစ်ခုခု ထွက်ရအောင်"

ကျော်သူလတ်တို့ ပြန်ရောက်လာပြီး မနှင်းခိုင်ကို ကားဂိတ် ်ကိုပို့စဉ် အစမရှိ အဆုံးမရှိ ငုံးတိတိကြီး ကောက်ပြောလိုက်သော း၏စကားကြောင့် ကျော်သူလတ် မျက်လုံးပြူးသွား၏။

"ဟာ . . . နေရင်းထိုင်ရင်း ဘာဖြစ်သွားရတာလဲ"

ထူး၏ မျက်လုံးများက အပန်းဖြေရိပ်သာဘေး ကံ့ကော်ပင် မှ ကံ့ကော်ဖူးလေးများဆီ ရောက်သွားသည်။

"ဘာမှတော့ မဖြစ်ပါဘူး၊ နေရတာ ပျင်းတယ်ကွ၊ မရောက် ဲ့ တစ်နေရာရာ လျှောက်သွားချင်တယ်"

"ဒီအချိန် ရွှေစက်တော်သွားရင် သိပ်ပျော်ဖို့ကောင်းတယ် း . . . သိလား"

သူ ခပ်ညည်းညည်း စကားသံအဆုံး မနှင်းခိုင်က ပြုံး၍ ပြောသည်။ သူက မနှင်းခိုင်ဘက် လှည့်ကြည့်၍ . . .

"မနှင်း ရောက်ဖူးလား"

"အင်း . . . ရောက်ဖူးတယ်၊ သိပ်ပျော်ဖို့ ကောင်းတာပဲ"

"သွားမလား မနှင်းလိုက်ရင် မောင်လည်း သွားချင်တယ်"

ထူးအကြည့် ဆတ်ခနဲ ကျော်သူလတ်ဆီ ရောက်၏။ ခွေးမ း ဟုလည်း စိတ်ထဲက ကျိတ်ဆဲလိုက်သည်။ သူစပြောတုန်းက ှ ဟိုဒီ အိုအဂျီဂျ လုပ်နေပြီး ဟိုက သွားချင်သည့်ပုံစံလေးနှင့် ပေးလိုက်ရသေးသည်ရှိသေး ငနဲသားက အမြီးတနှန့်နှန့်ဖြစ်နေ ည်။

"အင် . . . တစ်ယောက်တည်းတော့ ဘယ်လိုက်လို့ဖြစ်မလဲ"

"တစ်ယောက်တည်းတော့ ဘယ်ဟုတ်မလဲ မေနှင်းရယ် သူငယ်ချင်းတစ်ယောက်ယောက် ခေါ်ခဲ့ပေါ့၊ ဟိုကောင်နဲ့လည်း အဖော်ရအောင်"

"ဒါဖြင့် . . . မေဘယ့်လ် ခေါ်လိုက်မယ်လေ"

ထူးမျက်နှာ ရှုံ့ခနဲဖြစ်သွား၊ ခေါင်းကိုလည်း သွက်သွက် သည်။

"ဟာ . . မလုပ်နဲ့ . . မလုပ်နဲ့ . . အဲဒီလို ပြဿနာပါလ ရင်း တို့မသွားဘူး၊ တို့ဟာတို့ လွတ်လွတ်လပ်လပ် သွားချင်တ ခေါ်ချင်ရင် တို့နဲ့ ရိုးရိုးသားသားခင်တဲ့ သူငယ်ချင်းထဲကခေါ်

မေနှင်းခိုင်က ကျော်သူလတ်ကို မဲ့ပြသည်။ အိုးက စလောင်းက ပူနေသည် ဆိုသည့်သဘော . . .

ကျော်သူလတ်က ရယ်၍ . . .

"ဒါဖြင့် . . . မဝေဖြစ်ဖြစ် လွင်မာဖြစ်ဖြစ် ခေါ်ခဲ့ပါလ

"အင်း . . . ပြောကြည့်ဦးမယ် . . . သူတို့ပါရင် အိမ်က ထည့်မှာပါ"

"ဒီနေ့တိုင်ပင်နော်၊ နက်ဖြန်လက်မှတ်ဝယ်မယ် . . တနင် နေ့ စထွက်မယ်"

ထူး မျက်လုံးပြူးသွား၏။

ဘယ်လိုဖြစ်သွားတာလဲဟုလည်း ကျော်သူလတ်ကို ကြည့်သည်။ ကျော်သူလတ် မျက်စိတစ်ဖက် မှိတ်ပြလိုက်၏။

(၃)

"ခိ . . ခိ . . ခိ . . သွား၊ ဘာမှန်းလဲမသိဘူး . . မဟုတ် ဘရုတ်တွေ သိပ်ပြောတာပဲ . . ခစ်ခစ်"

ရှေ့ခုံမှ မေနှင်းခိုင်အသံကြောင့် ထူး . . . ကွေးနေရာမှ သတိပြန်ဝင်သည်။ ကြားရသော အသံက နားထဲသို့ ကိုးလိုးကန့် လန့် ဝင်သည်။ သို့သော် သူက မေ့လိုက်၏။

အမောပြေသလောက် ရှိပြီဖြစ်သဖြင့် ကား၏အနေအထား လေ့လာရန် မျက်လုံးဝေ့လိုက်သည်။ ကားကြီးက လူအတော်ဆံ့ သည်။ ဘေးတစ်ဘက်တစ်ချက်စီတွင် နှစ်ယောက်ခုံတစ်ခုစီရှိနေ သည့်အပြင် အလယ်ခေါင်တွင်လည်း ပျဉ်ပြားထိုး၍ လူနှစ်ယောက် စာ နေရာလုပ်ထားသေးသည်။

သို့သော် . . . ကျော်သူလတ်တို့ ရှေ့ခုံဘေး အလယ်ခုံတွင်မူ အသက်ကြီးကြီး အန်တီတစ်ယောက်တည်း ရှိသဖြင့် . . . နေရာ ချောင်နေသည်။

သူ့ဘေးတွင်လည်း . . .

အဲ . . . သူ့ဘေးဆိုမှ ထူး စိတ်ထဲ ဖျတ်ခနဲ သတိရသည်။ သူကားပေါ်တက်လာစဉ်က အမှတ်တမဲ့မို့ သေချာမကြည့်ဖြစ်သော်လည်း သူ့ဘေးမှ အလယ်ခုံတွင် အမျိုးသမီးတစ်ယောက်သာ ရှိနေသည်ကို အမှတ်ရ၏။ အမျိုးသမီးဟုခေါ်လိုက်သော်လည်း သိပ် အမျိုးသမီးကြီးတော့ ဟုတ်မည်မထင်။ ဆံပင်ဖားလျားလေးတို့ သတိရ၏။ ကောင်မလေးပဲ ဖြစ်မည်။

သတိထားမိလိုက်မှ နှာခေါင်းထဲတွင် မိတ်ကပ်နံ့သင်းသင်း ရသည်။

ကပျာကယာ လှည့်ကြည့်လိုက်၏။

"အို . . ."

ထူးရင်ထဲတွင် ငှက်ကလေးများ အကောင်တစ်ရာလောက် ထပျံသွားသည်။

ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံမိ။

သူ့အကြည့်ကြောင့် ကောင်မလေးက မျက်လုံးရွဲကြီးများဖြင့် လှည့်ကြည့်သည်။ သူ့တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလို တုန်ယင် သွား၏။

လှလိုက်သည့်ကောင်မလေး . . . လေ၊ ဘယ်လိုလှမှန်းမသိ မျက်လုံး နှာခေါင်း ပါးစပ် . . . မိတ်ကပ်ပါးပါးလေးနှင့် သိပ်ချ စရာကောင်းသည့် မျက်နှာလေး။

သူ့ပါးသူ ပိတ်ပက်ရိုက်ချင်စိတ် ပေါက်သွား၏။ ဒီလော လှသည့် ကောင်မလေးတစ်ယောက်ကို သူ့ဘေးမှ ထားလာပါလျှ ခုထိ သတိမထားမိသည့် သူ့ကိုယ်သူ ဆွဲဆက်ထိုးပစ်လိုက်ချင်သွ



သည်။

"ပွမ် . . . ပွမ်"

မြေလတ်သား ကားကြီးက အလုံပန်းခြံရှေ့တွင် ကွေ့သဖြင့် ဟွန်းနှစ်ချက်- ဆင့်တီးသည်။

ထူး စိတ်ထဲတွင် 'ပွမ် . . . ပွမ်' ဟု အကျယ်ကြီး ထအော် ချင်စိတ် ပေါက်သွား၏။

'အာပါး . . . အရမ်းမိသည့် ကျောက်တန်းငါးပိလေးပါ ကား'

ကောင်မလေးက ယောင်တောင်ပေါင်တောင်နှင့် ပြုံးပြ သည်။

သူကလည်း ယောင်တိယောင်ချာနှင့် ပြန်ပြုံးပြမိ၏။

"အိုက်တယ်နော်"

ကောင်မလေးက လက်ထဲမှ လက်ကိုင်ပဝါလေးနှင့် ယပ်ခပ် သလိုလုပ်၍ ခပ်ရှုံ့ရှုံ့လေး ပြောသည်။ အရှုံ့ကလေးကလည်း လှ၏။ အသံကလေးကလည်း လှသည်။ တစ်ယောက်နှင့်တစ်ယောက် ခုမှ တွေ့သည်၊ စတွေ့တွေ့ချင်း ပြောစရာမရှိ ကြံဖန်ပြောလိုက်သည့် စကားလေးကလည်း လှသည်။

"အင်း . . . နော် . . . သိပ်အိုက်တာပဲ"

"ကားကလည်း လူသိပ်ကျပ်တာပဲ၊ ခေါင်းတောင်မူးချင် တယ်"

အဲ . . . ရုတ်တရက် သူဘာပြန်ပြောရမည်မသိ ဖြစ်သွား၏။ ဟုတ်တယ် တို့လည်း သိပ်မူးတာပဲ . . . ဟု ပြန်ပြောရမလား ဟုတ်လား မူးလေကောင်းလေပဲ . . . ဟု ပြန်ပြောရမလား၊ သူ စဉ်းစားမရ။

ခေါင်းထဲတွင် များစွာ အလုပ်ရှုပ်သွားသည်။

"အင်းပေါ့ . . . တစ်ကားလုံး လူရောကုန်ရော ညပ်သပ်နေ တာပဲဟာ"

"အဲဒါကြောင့် . . မာမီတို့ကို ဒေါကန်တာပေါ့ . . ဖလိုက်တ် နဲ့ သွားပါ့မယ်ဆိုတဲ့ဥစ္စာ ဖလိုက်တ်က ဗုဒ္ဓဟူးနေ့မှ ရှိတယ်ဆိုပြီး ဒါကြီးနဲ့ လိုက်လာတယ်၊ သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ"

ကောင်မလေးက ခေါင်းလေး ခါတာခါတာ သပ်၍ ပြော သည်။ ရှေ့ခုံမှ အန်တီကြီး နောက်လှည့်ကြည့်၏။ ထူးကို ခပ်ကြာ ကြာလေး စိုက်ကြည့်သည်။ ထူးက အကြည့်လွှဲလိုက်ပြီး ကောင်မ လေးဘက် ပြန်လှည့်၍ . . .

"ဘယ်အထိ သွားမှာမို့လို့လဲ"

"မကွေးကို . . . သွားမှာ"

"ဩော်"

စောစောက ပျော်နေသည့်စိတ်များ နည်းနည်းအားလျော့ သွား၏။ ရွှေစက်တော် သွားမှာဟု ပြောလျှင် ဘယ်လောက်ကောင်း မလဲ တောင့်တသည်။ အို . . . သိပ်တော့ အကြောင်းမဟုတ်ပါဘူး မကွေးမှာ တို့လည်း ဆင်းမှာပဲ၊ မကွေးထိတောင် တစ်ညလုံး ဆ နှစ်နာရီလောက် ကားစီးရပြီးမှာ ဒီကြားထဲ စကားတွေ အများကြီး ပြောသွားနိုင်တာပဲ . . . ဟု ကိုယ့်ကိုယ်ကိုယ် ဖြေတွေးလိုက်သည်။



ကောင်မလေးနှင့် စကားပြောရတာ ပျော်သဖြင့် ရှေ့ခုံက နှစ်ကောင်၊ ဘေးက မဝေတို့ကိုပင် မေ့နေမိသည်။

"ဟား . . . ဟား . . . ဟား"

ရှေ့ခုံမှ ကျော်သူလတ်တို့ရယ်သံ ကြားရပြန်၏။

ခုမှ . . . သူတို့ရယ်သံသည် စောစောတုန်းကလို အမြင် ကတ်စရာ မကောင်းတော့။

အင်းစိန်တိ/မွေး/ကုကျောင်းရှေ့တွင် ကားကြီးသည် ဘယ် ဘက်သို့ ချိုးကွေ့၏။ အရှိန်မသတ်ဘဲ ကွေ့လိုက်သည် ဖြစ်သော ကြောင့် ကိုယ်နည်းနည်း ယိုင်သွားသည်။

ညာဘက် အယိုင်တုန်းက သိပ်မသိသာသော်လည်း ကားက ချက်ချင်းလိုလို ညာဘက် ထပ်ချိုးသဖြင့် ဘယ်ဘက်ယိုင်သွားသော အခါ ထိုကောင်မလေးဘေးမှ လွတ်နေသောနေရာတွင် လက် ထောက်မိသွားသည်။

ဒီတော့မှ အလယ်ခုံတန်းတွင် အေ၊ ဘီ၊ က၊ ခ ခွဲ၍ နှစ်ယောက်တစ်နေရာ လုပ်ထားပါလျက် တစ်ယောက်တည်းသာ ရှိနေကြောင်း သူသတိပြုမိသည်။ ထိုအခါ အချိန်အတော်ကြာ ပြတ် သွားသော စကားစက ပြန်ဆက်ရန် အခွင့်ရ၏။

"နှစ်ခုံစာ ဝယ်စီးလာတာလား"

ခုထိ နာမည်မသိသေးသောကြောင့် ထူးစကားတွင် နာမ် စားရော ကိုယ်ပိုင်နာမ်ပါ ပျောက်နေသည်။ ကောင်မလေးက ဖျတ်

လတ်သွက်လက်စွာ ခေါင်းညိတ်သည်။ ခေါင်းအညိတ်တွင် အပြုံးလှလှလေးတစ်ခုပါ ထက်ကြပ်ကပ်ပါလာသည်။

"ဟုတ်တယ် ခုညနေကမှ ကမန်းကတန်း လက်မှတ်ဝယ်ရတာဆိုတော့ ဘေးခုံလည်း မရတော့ဘူး၊ အလယ်ခုံမှာ နှစ်ယောက်ထိုင်ရရင်လည်း ကျပ်နေမှာစိုးလို့ မာမီ့အတွက် နှစ်ခုံ၊ ဒီကအတွက် နှစ်ခုံဝယ်ပြီး တစ်ယောက်စီ စီးလာတာ"

ကောဇ်မလေးက ကျော်သူလတ် ဘေးရှေ့ခုံကို လက်နှင့်ညွှန်၍ ပြောသဖြင့် ရှေ့ခုံက အန်တီကြီးမှာ သူ့မာမီဖြစ်ကြောင်း သေချာသွားသည်။ စောစောပိုင်း ထူးနှင့်ကောင်မလေး စကားပြောစဉ် နောက်ဘက် ကွက်ကြည့်ကွက်ကြည့် လုပ်နေကတည်းက ထင်တော့ ထင်သော်လည်း ထူးစိတ်ထဲ ဇဝေဇဝါ ဖြစ်နေသေးသည်။

ကောင်မလေး၏စကားထဲတွင် ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင်ထိသွားကြောင်း ထူး သတိထားမိ၏။ တစ်ခုက ရှေ့ခုံမှ အန်တီသည် သူ့မာမီဖြစ်ကြောင်း တစ်ခါတည်း မိတ်ဆက်ပေးသကဲ့သို့ ဖြစ်သွားသလို၊ နောက်တစ်ခုက သုံးဆယ်ကျော်ကျသင့်သော ထိုင်ခုံကို တစ်ယောက်အတွက်နှစ်ခုံ ဝယ်စီးသည်ဆိုခြင်းဖြင့် သူတို့ မိသားစုအခြေအနေကိုပါ ပြောပြီး ဖြစ်သွားသည်။

ကောင်မလေး စကားပြောတော်၏ဟု ထူးစိတ်ထဲက ချီးကျူးလိုက်သည်။

"ဟုတ်တယ် . . . ဘေးခုံတွေက တစ်ရက်နှစ်ရက် ကြိုဝယ်မှရတာ၊ တို့ဆို နှစ်ရက်တောင် ကြိုဝယ်ရတာ"

ထူးစကားကြောင့် ကောင်မလေးမျက်စောင်း သူ့မာမီတို့ဘက် ရောက်သွားသည်။



"ဩော် . . . မာမီတို့ပေါ့ . . . သွားမယ်ဆိုလည်း အစောကြီးကတည်းက စီစဉ်တာ မဟုတ်ဘူး၊ လုပ်လိုက်ရင် အဲလိုချည်းပဲ၊ ညနေကမှ သွားမယ်မှန်းသိတာ၊ မနက်က တစ်မနက်လုံး သူငယ်ချင်း မင်္ဂလာဆောင်မှာ သတို့သမီးအရံ သွားလုပ်ပေးနေတာ၊ အဲဒါ ဂ်လာဆောင်ကနေ အတင်းလိုက်ခေါ်လို့ပါလာတာ၊ အဝတ်အစားတောင် ဘာမှပြည့်ပြည့်စုံစုံ ယူမလာရဘူး"

ကောင်မလေးက သဘာပတိမိန့်ခွန်းပြောသလို ရှည်လျားထွေပြားစွာ ရှင်းပြသည်။ ထူး ပြုံးလိုက်၏။ မျက်လုံးများက ကောင်မလေး ဝတ်ထားသည့် အကျီအနီစင်းလေးဆီ ရောက်သွားသည်။

ဒီတစ်ခါလည်း ကောင်မလေး စကားပြော, တော်သွားပြန်သောကြောင့် ချီးကျူးမိပြန်သည်။ ထူးစိတ်ထဲတွင် ဒီနေ့လောက်ကံကောင်းသောနေ့ သူ့တစ်သက်မှာ ကြုံမှကြုံဖူးရဲ့လားဟုပင် သံသယများစွာ ဝင်သွား၏။

ဘယ်နဲ့ . . . သူ့လောက် ကံကောင်းသူ ဒီကမ္ဘာမှာ ရှိမှရှိပါဦးမလား။

အင်မတန်လှသော ကောင်မလေး တစ်ယောက်နှင့် မမျှော်သင့်ပဲ တိုက်တိုက်ဆိုင်ဆိုင် ဆုံရသည်။ ဆုံရပြန်တော့လည်း ပဝါတစ်ကမ်း လက်တစ်လှမ်းတောင်မဟုတ် ဘေးချင်းကပ်။ ကပ်သည်သားပါဦး တစ်ယောက်နှင့်တစ်ယောက် စတင်ရန် ခက်ပါဘိ။ မျက်ါနဲ့ သက်လယ်ဆိုသော သီချင်းလို ချောင်းကြည့်ပြုံးပြန်လုပ်နေရသည်မဟုတ်။ ပေါ်တင်ကြီးမှ ပေါ်တင်ကြီး၊ စကတည်းက ရောကောသောကောလုပ်ကာ ဝင်ရောရှုံမျှသာ၊ အခွင့်အရေးက ကောင်းသည်။

တစ်ခါတည်းနှင့်လည်း ကိုယ်ရေးရာဇဝင်အကျဉ်းကို ရိုက်မစစ်ရဘဲ သိလိုက်ရသည်။

သို့သော် . . . သိရသမျှ ကိစ္စများထဲတွင် ယခုနောက်ဆုံးသိရသော အချက်ကတော့ အလွန်တရာ တန်ဖိုးရှိသောအချက်ဖြစ်၏။

ဘာတဲ့ . . . မနက်က သူငယ်ချင်း မင်္ဂလာဆောင်မှာ သူတို့သမီးအရံ သွားလုပ်နေရတာ ဆိုပါလား။

လွယ်ပါသည်။ ဤစကားကို စုံထောက် ဦးစံရှားခေါ်၍ အဓိပ္ပာယ်ပြန်စရာပင်မလို . . . ရိုးရိုးယုတ္တိဗေဒနှင့်ပင် တွက်နိုင်သည်။

သတို့သမီးအရံဆိုသည်မှာ အပျိုစင်စစ်မှ လုပ်၍ရသည်။
သူမ သတို့သမီးအရံ လုပ်လာခဲ့သည်။
ထို့ကြောင့် သူမသည် အပျိုစင်စစ်ဖြစ်၏။
အလွန်တရာ တန်ဖိုးရှိသော စကားပေတကား။

(၄)

"မာမိ . . . ဘာစားစရာပါလဲ"

ကောင်မလေးထံမှ ခပ်ချွဲချွဲအသံလေးတစ်ခု ကြားရသည်။ သူ့မာမီထံ သို့ပြောသော စကားဖြစ်သဖြင့် . . . ထူး လုံးလုံးလျားလျား လှည့်မကြည့်ဘဲ ငဲ့ရုံသာငဲ့ကြည့်သည်။

ဒီအချိန်တွင် သူ့ချွတ်ယွင်းချက်ကို . . . ထူးတစ်ယောက် သူ့ဘာသာ သတိပြုနေမိ၏။ ကောင်မလေးသည် ရုပ်ကလေးလှသလို လေကလေးကလည်း ပေါသည်။ သူက စကားများများ စပြောစရာမလိုဘဲ တစ်ခွန်းလောက် စ,ပေးလျှင်ပင် . . . သူ့ကို နှစ်မိနစ်၊ သုံးမိနစ်မှ ငါးမိနစ်နီးပါး စကားများစွာ ပြန်ပြောသည်။

သူကသာ လည်လည်ပတ်ပတ်နှင့် ဟိုတစ်ခွန်း စပေးလိုက်၊ ဒီတစ်ခွန်း စပေးလိုက် လုပ်လျှင် မိုင်သုံးရာကျော်ဝေး၍ ဆယ်နာရီလောက် သွားရမည်ဖြစ်သော မကွေးမြို့ မတိုင်မီ စကားတွေ တောင်လိုပုံ၍ ရေပင်ပက်လို့ ဝင်မည်မဟုတ်။

ခုတော့ . . . သူက တစ်ခွန်းပြောပြီး၍ ကောင်မလေးက ဝရောဝရော ပြောပြီးသည်နှင့် . . . ငရဲသားက ပက်ဟိ တေမိ ပြောလက်စ စကားကိုပင် ဘယ်လိုဆက်ပြောရမှန်း မသိတော့ဘဲ ဟိုလိုလို ဒီပြိုလိုလုပ်ကာ စကားဖြတ်ပစ်သည်။

သူ မပြောတော့ . . . ဟိုကလည်း မပြောတော့။ ဟိုက မပြောပြန်တော့လည်း သူက စပြောချင်ပြန်သည်။ သို့သော် ဘာစ ပြောရမှန်းလည်း မသိ။ နောက်ဆုံး ‘ဒီလောက်မှ အစွမ်းအစမရှိရင် လည်း ငတ်ပေါ့ကွာ’ ဟု သူ့ကိုယ်သူ မကျေမနပ်ပြောရင်း ငြိမ်နေ ရသည်။

“ပေါင်မုန့်ပါတယ် စားမလား”

“အင် . . . ပေးမာမိ . . . စားမယ်၊ အရမ်းဗိုက်ဆာတာပဲ”

အရမ်းဗိုက်ဆာတာပဲဆိုသော ကောင်မလေး၏သနားစဖွယ် စကားကြောင့် ထူးရင်ထဲ စိတ်မကောင်းဖြစ်သွားပြီး ကောင်မလေး ကို ခပ်စိုက်စိုက်လေး ကြည့်နေမိသည်။

ကောင်မလေး၏မာမီက နောက်လှည့်၍ ပလတ်စတစ် အိတ်ဖြင့် ထည့်ထားသော ပေါင်မုန့်ထုပ်လေး တစ်ခုပေးသည်။ ကောင်မလေးက ပလတ်စတစ်အိတ်၏အထုံးကလေးကို ဖြေရာက . . .

“စားပါဦး”

ချက်ခနဲ ရောက်လာသော ကောင်မလေး၏ ပေါင်မုန့်နှင့် အပြုံးကြောင့် ထူး ကိုးရိုးကားရား ဖြစ်သွား၏။ သူ့ပေါင်မုန့်ကြီး ငါစားချင်လို့ ငန်းနေတယ်များ အောက်မေ့သွားပြီလား မသိဘူးဟု ရှက်ရှက်နှင့်တွေးပြီး ကပျာကယာ ပြန်ဖြေသည်။



“အဲ . . . သုံး . . . သုံးဆောင်ပါ”

လူကလေးများလို . . စား . . စား . . ဟု ပြန်မပြောဘဲ လူကြီးလူကောင်းလို သုံးဆောင်ပါဟု ပြန်ပြောလိုက်သည်။ သို့သော် ရှက်ရှက်နှင့် ပြန်ပြောရသဖြင့် လူကြီးလူကောင်း မဆန်စွာ ထစ်ငေါ့ သွား၏။

ကောင်မလေးက ခပ်ပြေပြေရယ်သည်။ ရယ်ရင်းနှင့်အခြား တစ်ဘက်မှ လူကြီးဘက်လှည့်၍ ‘စားပါဦး’ ဟုပင် ပြောသည်။

“စား . . . တူမကြီး . . . စား”

ဦးလေးကြီးအသံက တည်တည်ငြိမ်ငြိမ် ထွက်လာသည်။ သူ့လို ကိုးရိုးကားရားမဟုတ်။

ကောင်မလေးက ပေါင်မုန့်သုံးလေးချပ် စားပြီးသောအခါ အထုပ်ကို သေသေသပ်သပ် ပြန်ထုပ်ပြီး ရှေ့ပြန်ကမ်းပေးသည်။

“ရော့ . . . မာမီ . . . ပေါင်မုန့်ကြီးက ကောင်းလည်း မကောင်းဘူး”

မြတ်စွာဘုရားဟု . . . ထူးစိတ်ထဲက ရေရွတ်၏။ မကောင်း သို့သာ လေးချပ်ကုန်သွားသည်။ ကောင်းများကောင်းပါက ဘယ် နှစ်ချပ်များ ကြိတ်မလဲမသိဘူးဟု ခနဲ့လန့်လန့်တွေးသည်။

“လက်ဖက်စားမလား”

သူ့မာမီကတော့ သူ့သမီးဓာတ် သိနေပုံရ၏။ အင်မတန် ား၍ မကောင်းရှာသော သမီးငယ်အတွက် နောက်တစ်မျိုး လှည့်

ပေးသည်။

"အင်း . . . ကောင်းတယ် စားမယ်မာမီ . . . သိပ်ဗိုက်ဆာ တာပဲ"

ထူး မျက်လုံးပြူးသွား၏။ ဟုတ်မှ ဟုတ်သေးရဲ့လား။ ဒီ ကောင်မလေး သွားရင်းလာရင်း ဖုတ်များ ဝင်သွားပလားဟုလည်း တွေး၍ လှည့်ကြည့်သည်။

"စားပါဦး"

ကောင်မလေးက လက်ဖက်သုပ်ချိုင့်လေး ထိုးပေး၍ ပြော ပြန်သည်။

ဒီတစ်ခါတော့ ထူး သိပ်ကွန်မြူမပျက်တော့။ စား . . စား ပင် ခပ်သက်သက်သာသာ ပြန်ပြောသည်။

ကောင်မလေးနှင့်ပတ်သက်၍ နောက်တစ်ချက် သိခွင့် လိုက်ပြန်သည်။

အလွန်စကားများသလို အစားလည်း ပုတ်သည်ဟု . . .

❧

ထောက်ကြန့်အလွန်တွင် လမ်းဘေးအုတ်ခုံတိုင်ဆိုင်းဘု ဖြူဖြူတစ်ခု မြင်သဖြင့် ထူး အပြင်သို့လှမ်းကြည့်သည်။ မှောင်ရီ ဖြစ်သော်လည်း ကားမီးရောင်ဖြင့် ရေးထားသောစာကို လှမ်းဖတ် ရသည်။

မှော်ဘီမြို့နယ် အစ

၂၂/၃



ဘာလိုလိုနှင့် ရန်ကုန်မှနေ၍ နှစ်ဆယ့်နှစ်မိုင်ကျော်လာခဲ့ပြီ ဟု စိတ်ထဲတွင် တွေးသည်။ ဘေးကိုကြည့်ရင်းနှင့် မဝေကို လှည့် ကြည့်သည်။ မဝေက ပြတင်းပေါင်ကိုမှီ၍ မျက်လုံးမှေးထားသည် ကို ထွန်းထားသော ကားအတွင်းမီးဖြင့် မြင်လိုက်သည်။ ရှေ့က နှစ်ယောက်ကတော့ ပကျစ်ပကျစ်နှင့် ဟန်ကျနေမြဲ။

သူတို့အတွဲကို အားကျသွားသည်။ ကိုယ်လည်း အကြံအဖန် ကော်လျှင် ပကျစ်ပကျစ် လုပ်နိုင်သားရဲ့ဟု တွေး၍ ကောင်မလေး ဘက် လှည့်ကြည့်လိုက်သည်။

"အို . . ."

စိတ်ထဲတွင် အတော်မကောင်း ဖြစ်သွားသည်။ အကျီအနီ င်းလေးနှင့် ထိုကောင်မလေးမှာ အတော်ကိုးရိုးကားရားလေး ဖြစ် နေ၏။ သူ့မာမီ ကျောမှီထားသဖြင့် တစ်ခြမ်းသာ လွတ်နေသော ရှေ့ထိုင်ခုံနောက်မှီတွင် တစောင်းကြီး ခေါင်းတင်၍ မှေးထားသည်။ သက်သောင့်သက်သာ အဆင်ပြေပြေမဟုတ်။

ကိုယ်ထိုင်သည့်နေရာနှင့် ခေါင်းတင်သည့်နေရာမှာ တစောင်းကြီး ဖြစ်နေသဖြင့် ကြည့်ရသည်ပင် မသက်သာ။

ကောင်မလေးလည်း သက်သာပုံမရ။ ကြည့်နေရင်းပင် ရှုံ့ရှုံ့ မဲ့မဲ့နှင့် ကိုယ်ကိုပြန်မတ်၍ ဟိုကြည့်ဒီကြည့်လုပ်သည်။ ထူးနှင့် မျက်နှာချင်းဆိုင်သွားသောအခါ ကောင်မလေးက နှာခေါင်းလေး ကို ရှုံ့ပြီး ရှုံ့ပြုံးပြုံး၍ . . .

"နေရထာ မသက်သာဘူး၊ စိတ်ညစ်လိုက်တာ မကွေးအထိ ဒီအတိုင်း သွားရရင် မလွယ်ဘူး"

ညည်းညည်းညူညူ ပြောလိုက်သောစကားက ထူးရင်ကို ဆွဲ

လုပ်သည်။ ကောင်မလေးပြောတာလည်း မှန်၏။ ဆယ့်နှစ်နာရီလုံး လုံး ဒီလိုသွားရရင် တကယ်မလွယ်။ သူများတွေလည်း ဒီလိုပဲ သွား တာပဲ မဟုတ်လားဟု ပြောလျှင် ပြောနိုင်သော်လည်း သူများတွေ နှင့် ဒီကောင်မလေးသည် လုံးဝမတူ။

သူများအလယ်ခုံသမားများက ရှေ့ခုံနောက်ကျောဖြစ်ဖြစ် ကိုယ့်ခုံနောက်ကျောဖြစ်ဖြစ် မှီလို့ရသည်။ သူ့မှာကမလွယ်၊ ဘေးမှာ က ထူးတစ်ဘက်၊ ဦးလေးကြီးတစ်ဘက် ယောက်ျားတွေချည်း နောက်ခုံမှာလည်း အရက်နံ့စူးစူးရနေသော ယောက်ျားနှစ်ယောက် နှစ်ယောက်စလုံး ကောင်မလေး၏ ကျောမှီကို ခေါင်းတင်၍ တစ်ခူး ခူးအိပ်နေကြသည်။ ရှေ့ခုံမှာကျတော့ သူ့မာမီက ကျောမှီထား သည်။ မမှီလို့လည်းမရ၊ သူ့မာမီရှေ့တွင် ခုံမရှိ၊ ကားအင်ဂျင်ကို အုပ်ထားသော သတ္တုအဖုံးသာ ရှိသည်။

"သမီး . . . နေလို့ရရဲ့လား"

ကောင်မလေးစကားကို ကြားသွား၍လား မဆိုနိုင်။ ရှေ့ခုံမှ သူ့မာမီက နောက်လှည့်ကြည့်၍ မေးသည်။

"ရပါတယ်"

ရပါတယ်ဟု ပြန်ဖြေသော်လည်း ထိုရပါတယ်မှာ ဘာမှ မတတ်နိုင်သဖြင့် ပြောလိုက်ရသော ရပါတယ်ဟု ထူးက သူ့ဘာသာ သူ အနက်ပြန်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူ့ကိုယ်သူ ပြန် သတိထားမိလိုက်၏။

သူထိုင်သောထိုင်ခုံမျိုးကတော့ သိတ်စမတ်ကျသည်။ ကျော မှီကလည်း ဆိုဖာနှင့် ခေါင်းတင်စရာ အခုအခံလေးလည်း ပါသည်။ ထို့ကြောင့် ရှေ့ခုံကိုပဲမှီမှီ၊ နောက်ကျောကိုပဲမှီမှီ ဘာမှ ပြဿနာမရှိ



နှစ်ခါပြန်စဉ်းစားရန် သူ့ကိုယ်သူ ခွင့်မပြုတော့။ ထိုင်ရာမှ ဆတ်ခနဲ ထရပ်သည်။

ကောင်မလေးက ပြူးပြူးပျာပျာ လှည့်ကြည့်သည်။

သူက ဆတ်ခနဲ ရှေ့ဘက်ကပ်၍ ဖယ်လိုက်ပြီး . . .

"လာ . . . လာ . . . ဒီဘက်မှာထိုင် နေရာချင်းလဲလိုက် အောင်"

"အို . . . ရပါတယ် ထိုင်ပါ"

ထူး ဘာကြောင့် ဒီလိုလုပ်သည်ဟု သိလိုက်သော ကောင်မ လေးက အားနာသော မျက်နှာဖြင့် ခေါင်းလေးကို သွက်သွက်ခါရင်း ငြင်းသည်။

"လာပါ ဒီမှာက ကျောမှီကိုယ်ဆန့်ရတယ်၊ တို့ညောင်းတော့ တစ်ခါပြန်လဲမယ်လေ"

ပြောပြောဆိုဆို ကောင်မလေးရှေ့ရောက်အောင် ကိုယ်ကို ရွှေ့ယူလိုက်သဖြင့် ကောင်မလေး ဘာမှမပြောတော့ဘဲ ထူးနေရာ ဘက် ရွှေ့လိုက်သည်။

မဝေက မှေးထားသောမျက်လုံးကိုဖွင့်၍ သူတို့ဘက် လှည့် ကြည့်သည်။ ရှေ့ခုံမှ ကျော်သူလတ်တို့အတွဲကလည်း နောက်လှည့် ကြည့်၏။ သူ့မာမီကလည်း လှည့်ကြည့်သည်။

ထူးက အားလုံးကို ခြုံကြည့်သောအကြည့်ဖြင့် ကြည့်ကာ . . .

"အလယ်မှာ နေရာကျယ်လို့ ဆေးလိပ်သောက်ချင်လို့ လဲ လိုက်တာ"

ကျော်သူလတ်ကို ပြောသလိုဖြင့် ခပ်ကျယ်ကျယ် ပြောလိုက်

သည်။ အိတ်ထဲမှ ဒူးယားတစ်လိပ်ထုတ်၍လည်း မီးညှိသောက် သည်။ ကျော်သူလတ်က ပြုံး၍ ရှေ့ပြန်လှည့်သည်။ သူ့မာမီ လည်း စိတ်အေးသွားဟန်ဖြင့် ရှေ့ပြန်လှည့်သည်။ မဝေ ကောင်မလေးကို ပြုံးပြ၏။

ကောင်မလေးက ထူးဘက်ပြန်လှည့်ပြီး ခပ်တိုးတိုးလေ ဖြင့် ပြောသည်။

"ကျေးဇူးပဲနော်"

ထူး ခေါင်းညိတ်ပြသည်။

ကောင်မလေး၏ဒုက္ခ အလုံးစုံတို့သည် ခုချက်ချင်းပင် သူ့ ရောက်လာပြီဖြစ်ကြောင်း သူကောင်းကောင်းသဘောပေါက်သေ လည်း တစ်ချက်ကလေးမှ မျက်နှာမပျက်၊ ပြုံးပြ၏။

ကိုယ်က ယောကျာ်းမဟုတ်လား။

(၅)

တိုက်ကြီးမြို့နယ်အစ

၄၂/၅

အတော်လေးမှောင်ပြီဖြစ်သဖြင့် ကားမီးရောင်ဖြင့် ရိပ်ခနဲ မြင်လိုက်ရသောစာတန်းကို အလုအယက် ဖတ်လိုက်ရသည်။

ကားထဲမှာလည်း အတွင်းမီး ပိတ်လိုက်ပြီး ဖြစ်သဖြင့် တစ် ယောက်နှင့်တစ်ယောက် သိပ်သဲသဲကွဲကွဲ မမြင်ရတော့။

ဘေးခုံမှ မဝေရော ကောင်မလေးပါ နှစ်ယောက်စလုံး နောက်ဘက်မှီ၍ အိပ်နေကြသည်။

ရင်ထဲတွင် ကြည်နူးသလိုလေး ခံစားလိုက်ရ၏။

ကောင်မလေးခမျာ တစ်နေ့လုံး ပင်ပန်းလာရှာမည်။ ခုလို ခရီးရှည်ကြီးတွင် သက်သောင့်သက်သာ အနားယူသွားပါစေဟု ထားခဲ့သော သူ့စေတနာ ထိရောက်သွားပြီဟု သိရသောအခါ စိတ်

ထဲတွင် အတော်ကျေနပ်သွားသည်။

သို့သော် တစ်ခုတော့ရှိသည်။

တစ်နေ့လုံး ပင်ပန်းထားသမျှ ကောင်မလေးသည် တစ် လုံး အိပ်ချင်အိပ်သွားနိုင်သည်။ မနက်ဆိုလျှင် မကွေးမှာ ဆင်း ရတော့မည်။ သူတို့က သူတို့လမ်း သူတို့ဆက်၍ ကောင်မလေး မိသားစုက မကွေးမှာ ကျန်ရစ်ခဲ့တော့မည်။

မမျှော်လင့်ပဲ တိုက်တိုက်ဆိုင်ဆိုင် ဆုံဆည်းခဲ့သလို ခွဲသွ ပြီဆိုလျှင်လည်း နောက်ဆုံဆည်းစရာအကြောင်း သိပ်မရှိတော့

နောက်ဆုံဆည်းလျှင် သူ့ကို ကောင်မလေးက မှတ်မိချင် မှတ်မိတော့မည်။ သူကလည်း မှတ်မိချင်မှ မှတ်မိမည်။ ကောင် လေးကလည်း သူ့နာမည်မသိ။ သူကလည်း ကောင်မလေးနာမည် မသိ။

အားလုံးသည် ဤမျှနှင့် ပြီးသွားပြီဟု စိတ်မကောင်းစွာ တွေးလိုက်မိသည်။

နွေဦးမို့ ညကလေးသည် အိုက်စပ်စပ် ဖြစ်နေ၏။

'ဒုတ်'

'အ'

ငြိမ်၍ စဉ်းစားနေရာမှ ရုတ်တရက် ပခုံးပေါ်တွင် ပူ ဖြစ်သွားသည်။ ဘာပစ္စည်းမှန်းမသိသော အရာတစ်ခု အပေါ် ပြုတ်ကျလာခြင်းဖြစ်သည်။



"ဘာကြီးလဲဟ . . . နာလိုက်တာ"

နောက်ခုံမှ မှုးပြီးအိပ်နေသော သူကလည်း ဝူးဝါးထ၍ အော်သည်။ သူတို့ပေါ် ပြုတ်ကျသောပစ္စည်းက သူတို့ပေါ်မှနေ၍ ားထိုင်ခုံ ဦးလေးကြီးဘက် လျှောဆင်းသွားသည်။ ဦးလေးကြီး ကလည်း "ဟာ . . . ဘာကြီးကျလာတာလဲ" ဟု အလန့်တကြား မေး၏။

ထူးတို့နားတွင် ရှုတ်ရှုတ်သဲသဲဖြစ်သွားသည်။

'ဖြောက်'

မှိတ်ထားသောမီးကို ကားဆရာက ကပျာကယာ ဖွင့်လိုက် သည်။ ဦးလေးကြီးလက်ထဲတွင် စောစောက သူတို့ပေါ်ပြုတ်ကျ သော ပစ္စည်းကို မြင်ရသည်။ အပေါ်မှ စက္ကူအကာဖြင့် နှစ်ခုပူး ည်းထားသော လွှနှစ်ချောင်း။

"ဘာဖြစ်သွားလဲ"

ထူးဘေးမှ ဦးလေးကြီးက သူတို့ဘက်လှည့်၍ မေးသည်။ ူးနောက်မှလူက သူ့ခေါင်းသူပွတ်၍ . . .

"ဟာ . . . ခေါင်းပေါ်ပြုတ်ကျတာဗျ၊ ကံကောင်းလို့ ခေါင်း ကွဲတယ်၊ ဒါ ဘယ်သူ့လွှတွေလဲ၊ အပေါ်မှာ မတင်ပါနဲ့ဗျာ၊ ဒုက္ခ ွေများကုန်ပါ့မယ်"

ထူးဘေးက ဦးလေးကြီးကလည်း "ဟုတ်တယ်ဗျာ၊ ဒါ . . . ယ်သူ့ဟာလဲ" ဟု ရပ်၍မေးသည်။ ကားရှေ့ဆုံးထိုင်ခုံမှလူက ူ့ဟာဟုဆိုကာ လှမ်းယူသည်။ ဦးလေးကြီးက . . . ရော့ . . . ော့ အဲဒီနားမှာပဲထားဟု လှမ်းပေးသည်။

"ဘာဖြစ်သွားလဲဟင် . . . သိပ်နာသွားသလား"

ဘယ်ဘက်ကကိစ္စကို အာရုံစိုက်နေဆဲတွင် ညာဘက်မှ ကြွင်နာသံကလေး ကြားရသည်။ ထူးက ပခုံးကိုပွတ်လိုက်ပြီး . . .

"ဘာမှမဖြစ်ပါဘူး . . . ထော်သေးတာပေါ့၊ အပေါ်က စ... ပတ်ပါလို့၊ နို့မို့ ပခုံးအစုတ်ပဲ"

ရယ်ရယ်မောမော ပြောနေသည်။ ကောင်မလေးက မရယ်... စိတ်မကောင်းသော မျက်နှာလေးနှင့် ခပ်တိုးတိုး ရေရွတ်သည်။

"ဆောရီးပဲနော် . . . တို့နဲ့ နေရာချင်းလဲလို့ ဖြစ်သွားတာ . . . နို့မို့ဆို သူ ဘာမှဖြစ်မှာ မဟုတ်ဘူး"

ထူးက အသံထွက်၍ရယ်သည်။ လေသံကိုလည်း တမင်ဖော့ သည်။

"မဆိုင်ပါဘူး . . . ဒီပစ္စည်းမျိုးကို အပေါ်သွားတင်ထားတဲ့ သူကသာ မိုက်တာပါ၊ ဒီနေရာမှာ ဘယ်သူရှိရှိ အန္တရာယ်ရှိတဲ့ဥစ္စာ"

"တကယ် ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ပါဘူး"

"တော်ပါသေးရဲ့ကွယ် . . . ကံကောင်းလို့"

ထူးရင်ထဲ လှိုက်ခနဲဖိုသည်။ ဒီအသံမျိုးလေးသည် သူ့ဘဝ တွင် တစ်ခါမျှ မကြားဖူးသော အသံမျိုးလေးဖြစ်ရာ . . . စိတ်ထဲ မှနေ၍ မိုက်မိုက်မဲမဲ ဆုတောင်းလေးတစ်ခု တောင်းလိုက်မိသည်။

'ဒီလိုအသံမျိုး ကြားရမယ်မှန်းသိရင် ဒီထက်ကြီးကြီး ပစ္စည်း တစ်ခု ပြုတ်ကျရင်ပြီးရော' ဟု . . .



ခဏကြာသောအခါ အခြေအနေအားလုံး ပုံမှန်ပြန်ဖြစ်သွား သည်။ ကားဆရာက မီးပြန်ပိတ်၏။ ကောင်မလေးကလည်း နောက် ကျောတွင် ပြန်မှီ၍ ငြိမ်သွားသည်။

အားလုံးတိတ်သွားမှ ထူးစိတ်ထဲ တစ်ခုခုကို သတိပြုမိသည်။

သူ့ပခုံးသည် စပ်ဖျဉ်းဖျဉ်းဖြစ်နေ၏။

စောစောက သွေးပူပူနှင့် ဘာမှမဖြစ်ဟု ထင်ရသောနေရာ ကို လက်ဖြင့်စမ်းလိုက်သည်။ ပခုံးပေါ်အင်္ကျီသည် စိုရွှဲတိုဖြစ်နေ သည်။ ထိမိသောအခါ စပ်သည်။

ထူးက အင်္ကျီလည်ပေါက်မှ လက်လျှို၍ ပခုံးအသားကို စမ်း လိုက်သကို။ စောစောက လွှကျသောနေရာတွင် လွှရာအလိုက် ခပ်ဖုဖုအစင်းကြီး ဖြစ်နေပြီး လက်တွင် စိုသွားသည်။

အမှတ်တမဲ့နှင့် ဘာမှမဖြစ်ဟု ထင်ရသော်လည်း နဂိုက ဒဏ်ရာမဲ့နေသော ပခုံးသားတွင် ဒဏ်ရာလေးတစ်ခု တိုးလာခဲ့ သည်။

ထိုအချိန်ကတော့ ဤကိစ္စသည် ဤမျှနှင့်သာ ပြီးခဲ့၏။

နောင်အနာဂတ်တွင် ထိုကောင်မလေးနှင့်ပတ်သက်၍ သူ ကြုံတွေ့ရမည့် အဖြစ်များ၏ ပုဗ္ဗနိမိတ်ဖြစ်ကြောင်း သူမသိခဲ့။

ယခုလို အမှတ်မထင် ဆုံဆည်းခဲ့ရာမှ ဘာမှမဖြစ်နိုင်ဟု တွေးကာ ပြုလုပ်ခဲ့သော အဖြစ်လေးတစ်ခုကြောင့် အေးချမ်းနေ သော သူ့ဘဝတွင် တစ်သက်လုံး မမေ့ပျောက်နိုင်သည့် ဘဝ ဒဏ်ရာလေးတစ်ခု နောင်အခါ ရလာလိမ့်မည်ဖြစ်ကြောင်းလည်း သူကြို၍ မတွေးထင်မိခဲ့။

စင်စစ် . . . ပြီးပြီဟု သူထင်ခဲ့သော ဤအဖြစ်ကလေးသည်

တကယ်ပြီးသွားခြင်းမရှိဘဲ ဆို့နင့်ကြေကွဲဖွယ်ပေါင်း များစွာဖြင့် ပြည့်လျှက်ရှိသော အဖြစ်အပျက်ပေါင်းများစွာ ဆင့်ကဲဖြစ်ပွားရန် ယခုမှ အစပြုခြင်း ဖြစ်ပါ၏။

ယခုမှ . . . အစပြုခြင်း . . . ဖြစ်ပါ၏။

# အပိုင်းတစ်

(၁)

မကွေးမြို့ဝင်ခါနီးတွင် ထူး ဖျတ်ခနဲ လန့်နိုးသည်။

"ကောလိပ်မှာ ဆင်းမယ့်လူတွေ အဆင်သင့် လုပ်ထားပါ"

သူနိုးပြီးစ ပတ်ဝန်းကျင်ကို ခပ်ဝေဝေ ကြည့်နေဆဲတွင် ကားစပယ်ရာ၏အသံစူးစူးနှင့် အော်ဟစ်သံကို ကြားလိုက်ရ၏။

'ဟဲ့ သမီး . . . မကွေးကောလိပ်မှာ ဆင်းမယ့်လူတဲ့ . . . ထထ'

ယခုတိုင် အိပ်ပျော်နေဟန်တူသော ကောင်မလေးကို သူ့မာမီက လက်ဖြင့် လှမ်း၍ လှုပ်နိုးသည်။ ကောင်မလေး ပြူးတူးပျာတာနှင့် ခေါင်းထောင်ထ၏။

'အင်း . . . အင်း' ဟုဆိုကာ ဖြုံထားသော ဆွယ်တာအနီလေးကို သေသေသပ်သပ် ဖြစ်အောင် ဆွဲဆန့်သည်။ ထူးဘက်ကို လှည့်၍လည်း ရှက်ပြုံးလေး ပြုံးပြသည်။

ထူးပြန်ပြုံးပြ၍ မဆုံးမီမှာပင် မြေလတ်သားကားကြီးသည် အရှိန်သတ်၍ ရပ်သည်။ ဘယ်ဘက်ကို ကြည့်လိုက်သောအခါ



မကွေးကောလိပ်ဟု အပြာနုခံတွင် အဖြူစာလုံးကြီးဖြင့် ရေးထားသော ဆိုင်းဘုတ်ကြီးကို မြင်ရသည်။ နောက်ဘက်လှမ်းလှမ်းတွင် နှင်းမှုန်မှုန်ထဲမှ သွပ်မိုးနှစ်ထပ်အဆောက်အအုံကြီးကို မြင်ရသည်။

"သွားမယ်နော်"

ကောင်မလေးက ခုံပေါ်တက်၍ ရှေ့ခုံသို့ ကျော်လှမ်းပြီး ထူးဘက်လှည့်၍ နှုတ်ဆက်သည်။

ထူးက ယောင်တောင်ပေါင်တောင်ဖြင့် ခေါင်းညိတ်ပြသည်။

ပစ္စည်းများ သယ်ပိုး၍ အောက်ရောက်သွားမှ ထိုကောင်မလေး၏အဖွဲ့တွင် သူနှင့် သူ့မာမီနှစ်ယောက်တည်း မဟုတ်ဘဲ သူ့ဖခင်ဟု ထင်ရသော အသက်ကြီးကြီးယောကျ်ားတစ်ယောက်နှင့် နောက်ထပ်အဒေါ်ကြီးတစ်ယောက်ပါ ပါကြောင်း သိသည်။

ထူးက မဝေဘေး သူ့နေရာဟောင်းတွင် ပြန်ရွှေ့ထိုင်သည်။

မြေလတ်သားကားကြီးက ငြိမ့်ခနဲ ပြန်ထွက်၏။ ကောင်မလေးများ လက်ပြနှုတ်ဆက်မလားဟု ထူးက မျှော်လင့်တကြီး လှမ်းကြည့်သည်။

သို့သော် . . . ကောင်မလေးက ကားပေါ်သို့ လုံးဝမကြည့်တော့၊ သူ့လက်ဆွဲသေတ္တာလေးကိုသာ သူငှံ့ဆွဲသည်။

ထူး ရင်ထဲဟာသွား၏။

"လွမ်းစရာကြီးနော် . . . ထူး"

ကားထွက်၍ ခပ်လှမ်းလှမ်းရောက်သည်နှင့် တစ်လမ်းလုံး

ငြိမ်လာသော မဝေက ပြုံးစစဖြင့် နောက်သည်။ ထူးမျက်နှာ ရှိန်းခနဲ ဖြစ်သွားသည်။

"ဘာလဲ . . . မဝေရ ဘာမှလည်း လွမ်းစရာမရှိဘဲနဲ့" မဝေက ရယ်သည်။

"မသိပါဘူး . . . ထူးရယ်၊ ရင်ထဲက အသည်းနှလုံးတွေ ပါမှ ပါလာသေးရဲ့လား . . . လို့"

"ဟုတ်တယ်နော် . . . မနှင်းလည်း ထူးများ မကျေ ကောလိပ်မှာ ဆင်းကျန်ရစ်ခဲ့တော့မလားလို့ . . . စိတ်တောင် ပူသွားတယ်"

"သွားစမ်းပါဟာ . . . မဟုတ်ကဟုတ်ကတွေ"

မဝေကရော ရှေ့ခုံက မနှင်းခိုင်ကပါ လှည့်နောက်သဖြင့် ထူးက ခပ်ရမ်းရမ်း ပြန်ပဟာက်လိုက်သည်။

"ဘာမဟုတ်ကဟုတ်ကလဲ၊ တို့ကတော့ သက်သက်သာသာ စီးရပါစေဆိုပြီး ထိုင်ခုံရအောင် အစောကြီးထဲက လက်မှတ်ကြိုဝယ် ပေးရတယ်၊ မင်းက မျက်နှာလို မျက်နှာရ နေရာချင်းသွားလဲပြီး တစ်ညလုံး ဒုက္ခစရိယာ ကျင့်လာတယ်၊ ဘာ . . . မဟုတ်ရမှာလဲ"

ကျော်သူလတ်စကားကြောင့် သူပြုံးသည်။ တစ်ညလုံး လတ် ဖက်ရည် ဆင်းသောက်ချိန်မှလွဲ၍ ဘာစကားမှ ဝင်ပြောမလာခြ သော ကျော်သူလတ်တို့က ခုမှ ချဲကြတော့၏။

"မဟုတ်ပါဘူးကွာ၊ ငါက အခန့်သားကြီးထိုင်ပြီး၊ မိန်းကလေး တစ်ယောက်က ဘေးမှာ ဒုက္ခသုက္ခရောက်နေတာကြီးကတော့ ဘယ်လူမြင်ကောင်းပါ့မလဲ"

မဝေနှင့်မနှင်းတို့က ရယ်သည်။ မဝေက ရယ်ရင်းပြုံ



. . .

"မညာတတ်ဘဲနဲ့ မညာစမ်းပါနဲ့ ထူးရာ၊ ဟိုတစ်ယောက် ဆင်းသွားတုန်းက နင့်မျက်နှာကို ငါသေသေချာချာ ကြည့်လိုက်ပါ တယ်၊ မျက်နှာလေးကိုငယ်လို့၊ ပြီးတော့ ဟိုကများ နှုတ်ဆက်မလား ဆို့ တမျှော်မျှော် ကြည့်လိုက်ရတာ"

မဝေစကားက သွေးထွက်အောင် မှန်နေသဖြင့် ထွေထွေ ထူးထူး မငြင်းတော့ဘဲ ရှက်ရှက်နှင့်သာ ရယ်လိုက်သည်။ သူ့ပုံစံ ကြောင့် မနှင်းက စိတ်ဝင်စားသွားပြီး မဝေဘက် လှည့်၍ မေး သည်။

"ညက ပြည်ကအထွက်မှာ မဝေနဲ့ အဲဒီကောင်မလေး စကားပြောလာကြတာ ကြားတယ်၊ အဲဒီကောင်မလေးက ဘယ်က လဲ"

မနှင်းစကားကြောင့် သူ ထိတ်ခနဲ ဖြစ်သည်။ ပြည်မှ ထွက်တွင် သူလည်း သတိထားမိသည်။ မဝေကို သူ မမေးရဲသဖြင့် မေးသော မေးခွန်းကို မနှင်းက မေးလိုက်ခြင်း ဖြစ်သဖြင့် မသိ ဟန် နားစွင့်လိုက်သည်။

"မသိဘူး၊ ငါတို့လည်း ဟိုပြောဒီပြောပဲ လျှောက်ပြောလာ တာ"

"နာမည်ရော သိလား"

"မသိပါဘူး . . မေးလည်းမမေးပါဘူး၊ မေးရမယ့် ကာယကံ ရှင်တောင် မမေးဘဲ၊ တို့က ဘာလို့ မေးရမှာလဲ"

မဝေက အဖျားခတ်ရီရင်း ပြန်ဆိုသည်။ သူ့စိတ်ကလေး လှုပ်နဲ့ပြုတ်ကျ၏။ သူလည်း မနှင်းလိုပင် . . . မဝေတစ်ယောက်

တော့ နာမည်လေး ဘာလေး သိမလား မျှော်လင့်ခဲ့သည်။

နောက်ဆုံးတော့ . . . ဒီမျှနှင့်ပင် ပြီးခဲ့သည်။

ပွမ် . . . ပွမ် . . . ဟု ဟွန်းတီးလိုက်သော မြေလတ်သ
ဟီးနိုး၏ အသံသည် ထူးရင်ထဲတွင် . . . ကိန် . . . ကိန် . . .
ပြောင်းလဲကြားလိုက်ရ၏။

သေရော . . .။

(၂)

"တကယ်လို့ . . . ကျွန်တော် ပြောသလို ပန်းနာရောဂါကို
နဲ့ အမြစ်မပြတ်ဘူးဆိုရင် . . . ကျွန်တော်နဲ့တကွ ကျွန်တော့်
တစ်စုလုံး သုံးနှစ်တိတိ ကျွန်ခံပါ့မယ်၊ မကျေနပ်ရင် စာချုပ်
ပါ့မယ်"

မော်တော်ပေါ်မှ ဆေးကြော်ငြာသမား၏ အသံက နားထဲ
ရောက်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေသည်။

ဧရာဝတီမြစ်အတိုင်း အလယ်တွင် ထွန်းနေသည့် သောင်ကို
တော်မောင်းနေသော မော်တော်သည် မကွေးဆိပ်ကမ်းကို
ဝေးဝေး၌ ချန်ထားခဲ့ပေပြီ၊ စိတ်သည် မကွေး၌ ကျန်ခဲ့ပြီဟု
။

အကျီအနီစင်းလေးနှင့် ခေါင်းလေးကို လှုပ်တုပ်တုပ်လုပ်
ကားများစွာ ပြောတတ်သော၊ သိပ်ဗိုက်ဆာတာပဲဟု ခပ်ချွဲချွဲ
ပျစ်ပြောကာ အစာများစွာ စားတတ်သော . . . ကောင်မ

လေးသည် မျက်လုံးထဲတွင် ခုထိ ကပ်ပါလာသည်။

'ငါ သူ့ကို တကယ်ချစ်သွားပြီ ထင်တယ်'

ဦးနှောက်၏အမေးကို နှလုံးသားက တဒိတ်ဒိတ်ခုန်၍ ပြန်သည်။

'ငါကွာ . . . နာမည်လေးတော့ မေးလိုက်ဖို့ ကောင်းပါ ခုတော့ အေးလူက မင်း ဘယ်သူ့ကို လွမ်းတာလဲလို့ မေးရင် ပြန်ဖြေရမှာ ခက်နေပြီ'

မော်တော်က သောင်ပြင်ကိုကွေ့ပတ်လိုက်သဖြင့် ခံနေ သောင်ကိုကျော်ကာ မကွေးဆိပ်ကမ်းကို မမြင်ရတော့။

'တစ်ခုတော့ရှိတယ် . . . ငါတို့ ရွှေစက်တော်ကဖြ မကွေးမှာ တစ်ညလောက်တော့ အိပ်ကြဦးမှာပဲ၊ အဲဒီကျရင် ဘာပဲဖြစ်ဖြစ် မကွေးကော့လိပ်ထဲမှာ မတွေ့တွေ့အောင် သွ မယ်'

"မင်းအောင်လို ဧရာဝတီမြစ်ကမ်းဘေးက အလွမ်းသ လေး ကျွန်တော်တော့မဟုတ်ဘူး . . . ဧရာဝတီမြစ်လယ်ခေါ် အလွမ်းကောင်ကြီး ထူးဖြစ်နေပြီ တွေ့လား မနှင်း"

မဝေ အသံကြားမှ ထူး၏တွေးလက်စတို့ ပြတ်သည်။ သူလတ်က ရယ်၍ . . .

"ဟော့ကောင် . . . ခုမှတော့ လွမ်းမနေနဲ့တော့ . . . ဟို က ရဲရဲတင်းတင်း ပြောဆိုပြီး ရွှေစက်တော် ဘုရားဖူး လိုက် လား . . . ဘာညာ မခွဲ့ဘဲနဲ့"

ထူးက သူတို့ပြောသလို ခေါင်းငုံ့ခံရတော့ပည့်ဟန်ဖြင့် သွားဖြဲလေး ပြုံးပြသည်။



မင်းဘူးဘက်ဆိပ်ကမ်းမှ စက္ကိန်းတဲစေတီကို အဝေးမှ ဖူး ်လိုက်ရ၏။

တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်၍
မြိုင်နက်မြိုင်ကြော၊ တစ်တောထွက်ဝင်
တစ်တောမြင်က၊ တစ်ပင်ရိပ်နား
တစ်ပင်သွား၍၊ တောဖျားမြိုင်နက်
လမ်းချက်စူးစမ်း . . . စသည်ဖြင့် ရှင်မဟာရဋ္ဌသာရ၏

က်တော်သွား တောလားတွင် လမ်းခရီး၏ ပင်ပန်းခက်ခဲပုံကို ဖွဲ့ခဲ့သည်။ ထို့ပြင် လမ်းခရီးတွင် မြင်မြင်သမျှ သတ္တဝါများကို ည်း ကျားကရိုပ်ရုပ်၊ သံကြုတ်ကြုတ်နှင့်၊ သစ်ကျုတ်ပြေးလွှား၊ ောင်ဘားပြေးခုန်၊ ဈေ့ယုန်ပြေးသန်း၊ နွယ်တန်းကိုလျှောက်၊ သစ် ာက်ငှက်တော်၊ ယံကျောက်ဆက်ရက်၊ မြီးဆက်ဖားဖား၊ ျားခွေးရွှေ၊ ဝံပုလွေနှင့်၊ ချေကလည်းဟောက်၊ တောက်သည့် င်၊ တောဝန်းကျင်၌၊ ဆင်က ကျိုးကျီ၏ စသည်ဖြင့် . . . ဖွဲ့ခဲ့ ည်။

ယခု သူတို့ခရီးကတော့ ရှင်မဟာရဋ္ဌသာရခရီးနှင့် ဘာမျှ င်။ ဂျစ်ကားငယ်ကို တစ်ယောက် ဆယ့်နှစ်ကျပ်၊ ဆယ်ယောက် ပြည့်နှင့် တင်လာသဖြင့်လည်းကောင်း၊ လမ်းဖုန်ဟုခေါ် သော ည်ဘေး တူးမြောင်းပေါင်တစ်လျှောက်၊ တစ်ယောက်ငါးမူး ပို ပြီး လမ်းကောင်းရွေးလာသဖြင့်လည်းကောင်း တစ်တောလည်း

မမြင် တစ်ပင်ရိပ်လည်း မနားရ။

ထို့အတူ ဘာကျား၊ ဘာသမင်၊ ဘာဆင်မှလည်း မမြင်

ဒါတွေမမြင်ရသဖြင့် ဘာမြင်ရသလဲ ဆိုတော့လည်း ဘာ

မမြင်ရ။ တစ်လမ်းလုံး ဖုန်တလုံးလုံးနှင့် မွန်ထွန်နေကြသည်။ က

တစ်စီးလုံး၊ ဖုန်ဖြင့်ဖုံး၍၊ တစ်လမ်းလုံးမှာ၊ ဖုန်ချည့်သာတ

ဘေးမှာနောက်မှာ၊ အရှေ့မှာလည်း၊ ဖုန်သာတွေ့မြင်၊ ဖုန်တွေတ

လည်း၊ ဖုန်လျှင်ဖုန် ဖုံးလျက်သာတည်းဟု ထူးတို့အုပ်စု ရွှေစက်တေ

သွား ဂျစ်ကားလား ကဗျာရှည်ကြီး ရေးဖွဲ့ဖို့ကောင်းတော့သည်

တစ်ခေါင်းလုံးလည်း ဖုန်ဖြင့် ရဲရဲတွတ်နေ၏။ ကျဲကျဲတော

နေသော ခနရောင်ကို အကြောင်းပြု၍ တပ်လာသော နေက

မျက်မှန်များသည်လည်း ဖုန်ဖြင့် ဖွေးဖွေးလှုပ်နေသည်။ နှာခေါ

ကိုလည်း ဖုန်ရန်ကြောင့် လက်ကိုင်ပဝါဖြင့် ပိတ်ထားရသေးသည

တစ်ခါတစ်ခါ မျက်နှာချင်းဆိုင်မှ ကားတစ်စီးနှင့် တိုးလျှ

တော့ ပြောစရာမရှိတော့။ သူများကားမှ ဖုန်လုံးနှင့် ကိုယ့်က

ဘရိတ်အုပ်စဉ် လုံးဝင်လာသော ဖုန်လုံးနှစ်ခုကြားတွင် ဖုန်မျ

လုံးထွေး ရှုပ်ခတ်သွားတော့သည်။

အညာနွေဦးသည် ထနောင်းပင်များ၊ တမာပင်များဖြ

အင်မတီအင်မတန် လွမ်းစရာကောင်းသည်ဟု စာအုပ်ထဲသိခ

များထဲတွင် ဖတ်ခဲ့ ကြားခဲ့ဖူးသည်။ လမ်းဘေးမှာလည်း ထနော

ပင်၊ တမာပင်များ ရှိပါ၏။ ကန္တာရပင်ဟု ခေါ်သော အပင်စိမ်းစိ

များကိုလည်း မြင်ရပါ၏။

အညာအရပ်လည်း ဖြစ်ပါ၏။ နွေဦးလည်း ဖြစ်ပါ၏။

သို့သော် ဘယ်ထဲမှာမှ တီတီကျကျ ထည့်မရေးခဲ့သော ဖု



ကြောင့် လွမ်းစရာကောင်းဖို့ နေနေသာသာ၊ ရှိပြီးသားအလွမ်း

လေးပင် ဘယ်ရောက်သွားမှန်းမသိတော့။

နှာခေါင်းထဲသို့ အလုအယက်တိုးဝှေ့ဝင်လာသော ဖုန်များ

မနည်းကာကွယ်နေရ၍ အကျီအနီစင်းနှင့် ကောင်မလေးကို

မေ့သွားသည်။

လမ်းခရီးတစ်ဝက် ဆည်တော်စခန်းတွင် မန်းချောင်းကို

၍ စခန်းဆိုင်များတွင် ထမင်းစားသည်။

တစ်မျိုးတည်းသော ဟင်းဖြစ်သည့် ကြက်သားဟင်းကို

ိုင်ထားပြီး ဒေသစာ စနိုက်ကြော်၊ ယုန်ပေါင်တို့ကို တဝစား

ကသောအခါ အနီစင်းနှင့် ကောင်မလေး မပြောနှင့် ရန်ကုန်က

မျိုးများပင် မေ့သွား၏။

'ယုံပေါင်' ဟု ပြောလျှင်လည်း ဘယ်လိုမှ မတတ်နိုင်တော့။

ပေါင်စားသောအခါ ထူး မည်သူ့ကိုမျှ မလွမ်းတော့။

(၃)

မန်းချောင်းသောင်ပြင်မှ ရွှေစက်တော်ဘုရားပွဲ တဲတန်းထိ
တွင် ကားရပ်လျှင်ရပ်ချင်း . . . ညှော်ခံတဲများမှ ရွှေကြိုများ အ
အယက်ဖြင့် ပြေးလာသည်။

"ရေစပ်မှာ ရမယ်၊ နေရာသိပ်ကောင်းတယ်"

"ပေးပေး . . . ပစ္စည်းတွေပေး၊ ကျွန်တော်တို့ သယ်
မယ်"

"ကျွန်တော်တို့တဲက ကောင်းတယ်အစ်ကို၊ သီးသန့်အိမ်သ
နဲ့ . . . သူများတဲတွေလို အများသုံးအိမ်သာ သွားစရာမလို

"တံတားနားတင်ရမယ် အစ်ကို . . အထက်စက်တော်
အောက်စက်တော်ရော ဖူးလို့ရတယ်"

ဘာတဲ . . . ညာတဲ နာမည်လေးများပြော၍ အလုအယ
စည်းရုံးကြသည်။ ကျော်သူလတ်က ထူးဘက်လှည့်၍ . . .

"ဘယ်မှာတည်းမလဲ ဟော့ကောင် . . . ခေါ်တဲ့လူတွေ



တော့ အများကြီးပဲ"

ထူးက ရယ်သည်။ ရွှေကြိုများဘက်သို့ ခေါင်းခါပြ၍ . . .

"ကျွန်တော်တို့သူငယ်ချင်းတဲ ရှိပါတယ် . . . အဲဒီမှာ တည်း
ပါ"

ဒီတော့မှ ရွှေကြိုများက သူတို့ဆီမှခွာ၍ ကားပေါ်မှ ဆင်း
သော တခြားလူများဆီ အလုအယက် ပြန်ပြေးသည်။ အလု
ယက်ဟု အလွယ်တကူ သုံးလိုက်သော်လည်း ရန်ကုန်လဟာပြင်
မှ ဘာရောင်းဖို့ပါသလဲဟု အနားလာကပ်မေးသလို စိတ်ညစ်
ယ်မဟုတ်။ ဟိုကခေါ် ဒီကခေါ်နှင့် ပျော်စရာကြီး ဖြစ်သည်။

"မင်းသူငယ်ချင်းက ဘယ်မှာလဲ"

ကျော်သူလတ်က လှမ်းမေးသည်။ ထူးက ခေါင်းခါသည်။

"မပြောတတ်သေးဘူးလေကွာ၊ ရှာယူရမှာပေါ့၊ ဟိုကောင်
ပြောလိုက်တာကတော့ ပေါ်လာဓာတ်ပုံလို့ မေးလိုက်ရင်
ယ်လို့ ပြောတာပဲ၊ မေးပြီးရှာရမှာပေါ့"

ပြောပြော့ဆိုဆိုနှင့် လေးယောက်သား ကိုယ့်အထုပ်ကိုယ်
၍ ညှော်ခံတဲဟု ရွှေစက်တော်မှာခေါ်သော တည်းခိုတဲများရှိသည့်
အတိုင်း လျှောက်လာကြသည်။

"ဓာတ်ပုံရိုက်မယ် မဟုတ်လား၊ ကျွန်တော်တို့ တဲကို လာခဲ့
ယ်"

ညှော်ခံတဲ့ရွှေကြိုများပြီးတော့ ဓာတ်ပုံဆရာများ ဝိုင်းလာကြ
၊ တစ်ယောက်တည်းမဟုတ်၊ တစ်ယောက်ပြီးတစ်ယောက်
လိုက်၊ ကင်မရာများ လွယ်ထားပြီး လက်ထဲတွင် အဖြူအမည်း
ံစုံစသဖြင့် သူတို့ရိုက်ထားသော ဓာတ်ပုံအယ်လ်ဘမ်လေးများ

ကိုင်ထားသည်။

"ကြည့်ပါ အစ်မ . . . ကြိုက်မှရိုက်ပါ"

တစ်ယောက်ကလည်း မဝေတို့ဘက် ချဉ်းကပ်သည်။

ထူးက ဒီတော့မှ အကြံရ၍ သူတို့ကိုမေးလျှင် ပေါ်လာ
မသိမဖြစ်၊ သိမည်ဟု တွေးသည်။

"နေပါဦးဗျာ . . . ကျွန်တော်တို့သူငယ်ချင်း ဓာတ်ပုံ
ရှိပါတယ်"

"ဘယ်သူလဲခင်ဗျ"

"ပေါ်လာပါ . . . ပေါ်လာဓာတ်ပုံ ဘယ်နားမှာရှိမလဲ
ဘူး"

"ဪ . . . ဪ . . . လာ . . . လာ၊ ကိုပေါ်လာ
ရှေ့နားမှာပါ၊ ပေါ်လာ့သူငယ်ချင်းတွေတဲ့ဟေ့ . . . သွားမေး
နဲ့တော့ မောရှုပဲ"

ပေါ်လာတဲ လမ်းညွှန်လုပ်သော ဓာတ်ပုံဆရာက ရယ်
မောမောပြောမှ ဓာတ်ပုံသမားများ ရှဲသွားသည်။ ဒီလိုတော့လ
စည်းကမ်းအရှိသားဟု စိတ်ထဲက အောက်မေ့လိုက်၏။

ရှေ့တည့်တည့် လှမ်းကြည့်လိုက်သောအခါ ရှည်လျား
ကားလှသော တဲတန်းတစ်လျှောက်နှင့် တဲတန်းအဆုံးဘက်
တန်ဆောင်းအဆင့်ဆင့် ပြာသာဒ်အဆူဆူတို့ဖြင့် တင့်တ
သပ္ပာယ်လှသော တောင်ပေါ်၊ အထက်စက်တော်ရာဘုရားတို့
မြင်ရသည်။

တစ်ဘက်က မန်းချောင်းရေကြည်ကြည်၊ တစ်ဘ
တဲတန်းများနှင့် သပ္ပာယ်လှသော စက်တော်ရာဘုရား၊ မြင်



များအားလုံးက ကြည်နူးပျော်ရွှင်စရာ ကောင်းလှသဖြင့် တစ်လမ်း
း ပင်ပန်းခဲ့သမျှ အားလုံးမေ့ပျောက်သွားသည်။

ဪ . . . ယောနိုင်ငံ တစ်ဌာနပေမို့
တောမြိုင်ယံ ဝနာခပါတဲ့
နှစ်ပါဒစီနွှေယော်။
မြောင်နရန်း၊ တောင်တန်းတွေ ခွေလည်လို့
ဝေစီစီ လေပြည်ကဖျန်းတဲ့ပြင်
ငွေနဒီ ရေကြည်သန်းတယ် . . .
မန်းရွှေစက်တော်။

ဆရာကြီး ဒဂုန်နတ်ရှင်၏ ရွှေစက်တော် သဖြန်လေးကို
အမှတ်ရမိပါ၏။

"ဟာ . . . ဟေ့ကောင် . . . ထူး"

ပေါ်လာဓာတ်ပုံဟု အဖြူခံပေါ်တွင် အနီရောင်ဓာတ်ပုံ
စာလုံးဖြင့် ရေးထားသော ဆိုင်းဘုတ်ရှိသည့် တဲအခန်းရှေ့ သူတို့
ရောက်သည်နှင့် သူတို့ကိုခေါ်လာသော ဓာတ်ပုံဆရာက "ကိုပေါ်
လာ . . . ခင်ဗျားဧည့်သည်တွေ" . . . ဟု လှမ်းအော်သည်။

တဲထဲက အသားညိုညိုပိန်ပိန်လူတစ်ယောက် ထွက်လာပြီး
သူတို့ကို မြင်သောအခါ ဝမ်းသာအားရ လှမ်းအော်၏။

"တော်သေးတာပေါ့ကွာ . . . ငါက မင်းကို တွေ့မှတွေ့ပါ့
မလားလို့၊ ဟိုကောင်တွေက မင်းရှိတယ် ပြောလို့သာ ရှာရတာ၊

ငါတို့က တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူး"

ပေါ်လာက ထူးစကားကို ချက်ချင်း ပြန်မပြောသေးဘဲ သူတို့အုပ်စုကို ဆိုင်ရှေ့ဝါးထိုင်ခုံတန်းများတွင် အထိုင်ခိုင်းသည်။ သူကိုယ်တိုင်လည်း ထူးဘေးမှာ ဝင်ထိုင်သည်။

"မင်းတို့က အကြောင်းမကြား ဘာမကြား ရောက်လာတာကိုးကွ၊ ဒါပေမဲ့ ငါ့ဆိုင်က ရှာလို့လွယ်ပါတယ်၊ ငါ့ကိုလည်း ဓာတ်ပုံသမားတိုင်း သိပါတယ်၊ မင်းတို့ မေးမကြည့်ဘူးလား"

"မေးတာပေါ့ဗျာ၊ မေးလို့ လိုက်ပို့တဲ့လူ လိုက်ပို့တာပေါ့၊ ခြော် . . . ကျေးဇူးတင်ပါတယ်ဗျာ၊ နို့မို့ ကျွန်တော်တို့ အတော်ရှာချင်ရှာနေရမှာ"

ထူးက ပေါ်လာကို ပြောရင်းမတ်တတ် သူတို့ကို လိုက်ပို့သော ဓာတ်ပုံဆရာကို ကျေးဇူးတင်စကား လှမ်းပြောသည်။ ဓာတ်ပုံဆရာက ရပါတယ်ဟု ဖြေ၏။

ပေါ်လာက သူ့ဘက်လှည့်၍ . . .

"ဟာ . . . ဒါ ငါ့သူငယ်ချင်းတွေပါ ထူးရ၊ မင်းကို မိတ်ဆက်ပေးရဦးမယ်၊ အဲဒါက မောင်မောင်၊ ဟိုဘက်နားက မောင်မောင်မန်းတက္ကသိုလ် ဓာတ်ပုံဆိုင်က၊ မောင်မောင် . . . ဒါ ငါ့သူငယ်ချင်းထူး . . . ရန်ကုန်က"

ထူးက ကပ္ပာကယာထ၍ လက်ဆွဲနှုတ်ဆက်သည်။ ကျော်သူလတ်တို့နှင့်လည်း မိတ်ဆက်ပေးလိုက်၏။ ပြီးမှ ပေါ်လာဘက် လှည့်၍ . . .

"ကဲ . . . ငါတို့ တည်းဖို့လည်း စီစဉ်ပေးကွာ၊ နေရာကောင်းကောင်း ရှာပေးစမ်းပါ ချောင်းရေရနဲ့နီးနီး"



"ဟာ . . . ငါ့ဆိုင်မှာ တည်းပါလား"

"မတည်းချင်ပါဘူး၊ မင်းဆိုင်က ချောင်းနဲ့အဝေးကြီး တဲကောင်းကောင်း ရှာပေးစမ်းပါ"

ထူးက အားနာတာလည်းပါသဖြင့် ကြည့်ကောင်းအောင်အကြောင်းပြပြောလိုက်သည်။ ရေနားနီးနီးဆိုသဖြင့် ကိုမောင်မောင်က မျက်မှောင်ကြုတ်ပြီး . . .

"ကိုပေါ်လာ . . . မျိုးမြင့်မောင် ပို့လိုက်ပါလား၊ တဲတားထိပ်ဆုံနေတဲ့ဥစ္စာ ဘယ်လောက်ကောင်းလဲ"

ပေါ်လာက ခေါင်းညိတ်သည်။

"ကဲ . . . ဒါဖြင့်လာ၊ ငါလိုက်ပို့မယ်၊ အဲဒီတဲကတော့ ရေနဲ့အနီးဆုံးပဲ"

သူတို့အုပ်စု ထိုင်ရာမှ ထရပ်သည်။

ရေနှင့်အနီးဆုံးဆိုသဖြင့် စိတ်ထဲတွင် ကျေနပ်သွားသည်။ ချွေစက်တော် မရောက်ဖူးသေးသော်လည်း ရောက်ဖူးသူများအပြောအရ မန်းချောင်းတွင် ရေချိုးရသည်မှာ ပျော်စရာအကောင်းဆုံးဟု ကြားဖူးနေသည် မဟုတ်ပါလား။

## (၄)

မျိုးမြင့်မောင် နှည့်ခံတဲကြီး။

တဲပိုင် ကိုသန်းမောင်၊ ဦးချစ်၊ မောင်မောင်မြင့် . . .

ကာထားသော ဝါးထရံနံရံမှ စာလုံးကြီးများကို စိတ်ဖြင့် လျှောက်ဖတ်သည်။ အထူးတံတားမှ ပြန်လာသော အလင်းရောင် ပျပျဖြင့် မြင်ရသည်ဖြစ်သောကြောင့် သိပ်အသဲအကွဲကြီးတော့ မဟုတ်။

ထူးက သူတို့တည်းသော အခန်းရှေ့တွင် ပြုလုပ်ထားသော ဝါးထိုင်ခုံလေးပေါ်တွင် ဝါးစားပွဲကို မှီပြီး နေရာက အရှိန်လျော့ သွားသော မီးပုံထဲသို့ ထင်းတစ်ချောင်းလှမ်းထည့်သည်။ ထင်းက သိပ်မခြောက်သဖြင့် မီးခိုးဖြူများ ဝေ့တက်လာ၏။ မီးခိုးဖြူများထဲ တွင် မျက်နှာလှလှလေး ပေါ်လာသည်။

ညနေက ရွှေမန်းဟိုတယ်ဟု အမည်ပေးထားသော ပွဲဈေး တန်း လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြရင်း ပေါ်လာ ပြောခဲ့သော



းများကို အမှတ်ရ၏။

"မင်းကွာ ဒီလောက်ဖြစ်လာရင်လည်း နာမည်လေး ဘာ းတော့ သိအောင်လုပ်ခဲ့ဖို့ ကောင်းပါတယ်"

ထူး သက်ပြင်းချလိုက်သည်။

သူလည်း ဒါပဲတွေးသည်။ ကြားရသူအပေါင်းကလည်း ဒါပဲ ပြောသည်။ ဘယ်တတ်နိုင်မလဲ၊ ခုမှ နောင်တရနေတော့လည်း နောင်တတွေ ပြုတ်စားနေရုံပဲတတ်နိုင်တော့မပေါ့ဟု ကိုယ့် ယ်ကိုယ် ပြောသည်။ အကြည့်ကိုလည်း မန်းချောင်းရေဘက်သို့ ယူသည်။

လရောင်အောက်တွင် မန်းချောင်းရေသည် မီးရောင်များ ် ရောင်စုံလက်လက်ထနေ၏။ မန်းချောင်း ဟိုဘက်ကမ်း ာက်စရစ်သောင်ပြင်ကိုကျော်၍ မီးရောင်ထိန်နေသေးသော များဆီ မျက်လုံးများရောက်သွားသည်။

"ဟိုဘက်ကမ်းက တဲတွေက ဂေါပကအဖွဲ့အတွက် တဲတွေ ၊ သီးသန့်တဲတွေ"

ဂေါပကတဲများ၏ ခေါင်းရင်းဘက်တွင် အောက်စက်တော် တန်ဆောင်းအထိ ရှိနေသောဆိုင်များ၊ အောက်စက်တော်ရာ န်ဆောင်းဘက်မှ ထွန်းညှိထားသော လျှပ်စစ်မီးရောင်များကို င်ရသည်။

အကြည့်သည် အထူးတံတားဆီ ပြန်ရောက်လာ၏။ အထူး တားဆိုသည်မှာ ပွဲတော်ရက်အတွက် မန်းချောင်းကို ဖြတ်၍ လှပပ တည်ဆောက်ထားသော ဝါးတံတားကြီးဖြစ်သည်။ ရောင်အောက်တွင် ချောင်းရေပြင်နှင့် အရိပ်ဟပ်၍ အတော်

လှသည်။

သူနှင့် ထိုအမည်မသိ ကောင်မလေး၏အကြားတွင် ဤ သို့သော တံတားလှလှလေးတစ်ခုရှိလျှင် မည်မျှကောင်းမည်န ဟု တောင့်တောင့်တတလေး တွေးသည်။

ထူးက ထိုင်ရာမှထ၏။

နာရီကိုငုံ့ကြည့်သည်။ ဆယ့်တစ်နာရီကျော်ပြီ။

"ညဘက်မအိပ်ချင်သေးရင် တို့ဘက်လျှောက်ခဲ့ကွာ၊ ညဘက် တစ်နာရီ နှစ်နာရီလောက်အထိ မအိပ်သေးဘူး"

ညဘက်တွင်မှ နေ့ခင်းကရိုက်ခဲ့သော ဖလင်များကို ဆေး ကူးရလုပ်ရဖြင့် ပေါ်လာတို့အလုပ်က တော်တော်နှင့်မအိပ်ရ။ သူ ဆီသွားရလျှင် ကောင်းမည်ဟုတွေးသည်။ ဒီမှာက ကျော်သူလ တို့ကလည်း စောစောပိုင်း အထက်စက်တော်ရာမှ ပြန်ဆင်းလာ တဲရှေ့တွင်မီးဖို၍ ဝိုင်းထိုင်ကြသေးသော်လည်း ခုတော့ ပင်ပန်း ကွာဆိုပြီး အိပ်ကြပြီ။

သူတစ်ယောက်သာ မျက်လုံးကြောင်ပြီး အိပ်မရ။ ဒီကြား လွမ်းစကလေးကလည်း တစ်မှောင့်။

ထူး ထိုင်နေရာမှ ထရပ်သည်။

ည၏အေးစိမ့်ခြင်းကြောင့် ကြက်သွေးရောင် ယုန်မွေး ဆွယ် တာအင်္ကျီကို တင်းတင်းစေ့လိုက်၏။

"လာဟေ့ ထူး . . . အတော်ပဲ"



သူရောက်ရောက်ချင်း ပေါ်လာက သူ့ဆိုင်ရှေ့ လက်ဖက် ဝိုင်းတွင် ထိုင်နေရာက လှမ်းပြောသည်။ ပေါ်လာတို့ဝိုင်းတွင် လူ သုံးလေးယောက်စုမိနေသည်။ ထိုအထဲက တစ်ယောက်လက်ထဲတွင် ယေဒလင်တစ်လက်။

"အတော်ပဲကွ . . . ဒီမှာ ကိုပြည့်စုံကြီးကလည်း လွမ်းချင် နေတာနဲ့၊ နှုတ်ခမ်းမွေးကလည်း ဟဲချင်နေတာနဲ့၊ မင်းကလည်း ဆွေးနေတာနဲ့ အံကိုကျနေတာပဲ"

ထူးက ပြုံးလိုက်သည်။ ညနေက ပေါ်လာမိတ်ဆက်ထားပေး ပြီးဖြစ်သဖြင့် ဝိုင်းထဲကလူများနှင့် မစိမ်းတော့။ နှုတ်ခမ်းမွေးဟု အခေါ်ခံရသည့် နှုတ်ခမ်းမွေးကားကားနှင့် ကိုနီတွတ်ကလည်း ရယ် ပြသည်။

ထူးက ကိုပြည့်စုံကို လှမ်းကြည့်လိုက်ပြီး . . .

"လုပ်ဗျာ ကိုပြည့်စုံကြီး . . . တစ်ပုဒ်လောက် လွမ်းလွမ်း လေး လုပ်စမ်းပါ"

"မှာ . . . ကိုပြည့်စုံကြီးက မိုးသီချင်းတီးတာ တကယ် ကောင်းတယ်ဗျ၊ နှုတ်ခမ်းမွေးအဆိုနဲ့ဆို တကယ်လိုက်တယ်"

ကိုမောင်မောင်က အားပါးတရ ဝင်ပြောသည်။

"မင်း . . . မိုး . . . ကြိုက်လား"

"ဟင့်အင်း . . . ကြားတောင် မကြားဖူးဘူး"

ပေါ်လာ့အမေးကို ထူးက ခေါင်းခါရင်း ပြန်ဖြေသည်။ ပေါ်လာက မကျေမနပ်ရှုံ့မဲ့ပြီး . . .

"ဟာ . . . မင်းကလည်း မိုးတောင်မှ မကြားဖူးဘူးလား၊ ဘုံးလိုက်တာ၊ ကိုမြကြီးသီချင်းကွာ၊ အရမ်းကောင်းတာပဲ"

သူ ပြုံးရုံပြုံးလိုက်သည်။ သူ တုံးသည်မှာကတော့ အမှန်ဖြစ်နေသဖြင့် ဘာမှပြန်မပြောတော့။ ကိုပြည့်စုံက မယ်ဒလင်ကို တစ်ချက်နှစ်ချက် လက်ကွက်စမ်းရင်း . . .

"သိပ်လည်း အရမ်းမညွှန်းနဲ့ဦး ဟော့ကောင်၊ ငါ့မယ်ဒလင်က နံပါတ်သုံးကြိုး သိပ်ကောင်းတာ မဟုတ်ဘူး၊ အသံနည်းနည်းကြောင်နေတယ်"

"ဟာ . . . ခင်ဗျားကလည်း ဧည့်သည်ရှေ့ကျမှ ကိုးရိုးကားရား မလုပ်ပါနဲ့၊ ကြိုးအသစ်ရှိရင် လဲလိုက်ပါ၊ ဟိုမှာ ထူးက ရေရေလည်လည် လွမ်းမလို့"

"မရှိဘူးကွ၊ ငါ ခုနထသွားတာ အဲဒါသွားကြည့်တာ၊ ငါ့ဆီမှာ နှစ်ကြိုးနဲ့တစ်ကြိုးပဲ အပိုရှိတယ်"

ထူး ပြုံးသည်။ ဒီလိုပဲ ဖြစ်ရမှာပေါ့ဟုလည်း စိတ်ထဲက တွေးလိုက်၏။ လွမ်းရသည်ပင် ပြည့်စုံစွာ မလွမ်းရအောင် ကံကြမ္မာက 'ငှ' နေသည်။

"ဒါဖြင့်လည်းလုပ်ဗျာ၊ ဒီအတိုင်းပဲတီး၊ မိုးအရင်တီး၊ ပြီးရင် မုန်းရစ်လေဦးဆိုမယ်"

ကိုနီတွတ်က အတော်ဆိုချင်နေသောလေသံဖြင့် ခပ်ဆတ်ဆတ်ဝင်ပြောသည်။ ကိုပြည့်စုံက သူ့ကို မျက်ခုံးပင့်ကြည့်ပြီး . . .

"ဆို . . နီတွတ်"

ဟုဆိုကာ အတော့လေးတစ်ခုကို စတီးသည်။ အတောကို နားထောင်ရုံနှင့် စာသားမသိသော်လည်း အလွမ်းသီချင်းဟု ခံစားလိုက်ရသည်။ နီတွတ်က မျက်လုံးမှေး၍ ပေါင်ကိုစည်းချက်ဖြင့် ပုတ်ရင်း ဝင်ဆိုသည်။



♫ ဝသန် . . . ခါမှီ . . . ♫

ပြန်းဆို မယ်ဒလင်သံ ရပ်သွား၏။ နီတွတ် ဖျတ်ခနဲ လှမ်းကြည့်သည်။ ကိုပြည့်စုံက စိတ်ပျက်လက်ပျက် အမူအရာဖြင့် လမ်းဘက်မေးဆတ်၍ . . .

"ဟိုမှာ ဟိုကောင်လာပြန်ပြီ"

သူတို့အားလုံး မျက်စိများ လမ်းဘက်ရောက်သွားသည်။ လူတစ်ယောက် ဒယီးဒယိုင်ဖြင့် လျှောက်လာ၏။

"တောက် . . . ဒီခွေးမသားနဲ့တော့ ပြဿနာပဲကွာ"

ပေါ်လာကလည်း မကျေမနပ်ဖြင့် ထရပ်သည်။ ဒယီးဒယိုင် သူက သူတို့နားလျှောက်လာ၍ . . .

"ဆရာ ကျွန်တော့်ပြဿနာ ရှင်းပေးပါဦးဗျာ၊ ကျွန်တော် ဘ်ဓာတ်ကျနေပြီ"

အင်း . . . ဒီနံ့ဒေါင်းကတော့ ဖျက်ပြန်ပြီဟု ထူးစိတ်ထဲက လိုက်၏။ ညနေက မိတ်ဆက်ပေးချက်အရ ကိုပြည့်စုံမှာ ရွှေစက်တော်ဓာတ်ပုံသမားများအဖွဲ့တွင် ဥက္ကဋ္ဌဟု သိရ ပေါ်လာက အတွင်းရေးမှူး။

သူတို့ကိစ္စများကလည်းမလွယ်။ ဓာတ်ပုံသမားချင်း ဓာတ်ပုံ သည့်ကိစ္စ၊ တစ်ယောက်နှင့်ရိုက်နေဆဲ နောက်တစ်ယောက် ဆွယ်သည့်ကိစ္စ၊ ဆိုင်ရှင်နှင့် လူငှားကိစ္စ၊ စသည့် ပြဿနာ ကို ဒိုင်ခံရှင်းပေးနေရသည်။

"ဟော့ကောင် မင်းကိစ္စကို မနက်ကျမှရှင်းပေးမယ်လို့ ပြော ဟုတ်လားကွာ၊ မနက်ကျတော့ ငါအားလုံး တာဝန်ယူ ရှင်း ခု ဒီမှာဧည့်သည်ရှိနေလို့ ခဏနေပါဦး"

"မဟုတ်ဘူး ဆရာ၊ ကျွန်တော့်ပြဿနာက"

"ကျွတ် . . . ငါသိပါတယ်လို့ ပြောပြီးပါပကော အေးထွန်း ရာ၊ မင်းကိစ္စက မနက်အထိထားလို့ ဘာမှမဖြစ်ပါဘူး၊ ဒီမှာ ညှော်သည်တွေ ရှိနေလို့ပါဆို၊ ပြန်ကွာပြန်"

"ဉက္ကဋ္ဌကြီး"

အေးထွန်းဆိုသူက ပေါ်လာနှင့်ပြောနေရာမှ ဦးပြည့်စုံဘက် လှည့်သွားပြန်သည်။

"ဟာ . . . ဒီကောင် ပြန်ဆိုတာ မပြန်ဘူးလား"

ဦးပြည့်စုံ မသက်မသာနှင့် ရှုံ့မဲ့သွားသည်။ ပေါ်လာက တော့ ထပ်ဟောက်၏။

နောက်ဆုံးမှူးနေသည့်အေးထွန်းလည်း ပေါ်လာ့အဟောက် ကြောင့် မကျေမနပ်နှင့် ပြန်လှည့်သွား၏။

ပေါ်လာက ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း . . .

"စိတ်ဓာတ်ပဲကွာ၊ ကဲ . . . ကဲ . . . လုပ်ဗျာ . . . ကိုပြည့်စုံ ဒီကောင့်ကို ဂရုမစိုက်နဲ့၊ ဆက်လုပ် . . . ဆို . . . နှုတ်ခမ်းမွေး လည်း ပြန်ဆို"

စောစောပိုင်းကလည်း ဒီပြဿနာ ဘယ်လောက် ရှုပ်ထွေးမှန်း မသိ။ ဦးပြည့်စုံလည်း စိတ်ပျက်နေပုံရသည်။ ခုထိ သီချင်းတစ်ပုဒ် ဆုံးအောင် မတီးရသေးဘူးကွာ . . . ဟု ညည်းသည်။ ထိုနောက် သက်ပြင်းတစ်ချက်ချပြီး မယ်ဒလင်ကို ပြန်တီး၏။

♬ ဝသန် . . . ခါမှီ ♬

နှုတ်ခမ်းမွေးအသံက ဆွေးဆွေးမြည့်မြည့်လေး ပေါ်လာ ပြန်သည်။ ထူးက မျက်လုံးမှေး၍ နားထောင်လိုက်သည်။



"ဆရာ . . ."

ရုတ်တရက် အော်လိုက်သောအသံကြောင့် တစ်ဝိုင်းလုံး ဘာခနဲ တိတ်သွား၏။ အေးထွန်းဆိုသူက ခပ်လှမ်းလှမ်းမှနေ၍ လှမ်းအော်လိုက်ခြင်း ဖြစ်သည်။

"ဟာ . . . ဒီမအေ . . . ငါဆဲလိုက်ရ မကောင်းရှိတော့ မယ် ပြန်ပါဆို ဘယ်လိုဖြစ်နေတာလဲ"

"ဆရာ . . . ကျွန်တော့်ကိစ္စက . . ."

"ဟေ့ကောင် . . . မင်းကိစ္စက တို့သိပြီးသားလို့ ဘယ်နှစ်ခါ ပြောရမလဲ၊ သွား . . . ပြန်ဆိုပြန်ကွာ၊ ကြာရင် ထရိုက်မိလိမ့်မယ်"

ဦးပြည့်စုံက အတော်ဒေါကန်နေဟန်ဖြင့် မယ်ဒလင်ကြီး ကိုင်၍ ထရပ်သည်။ အေးထွန်း စောင်းငန်း-စောင်းငန်းဖြင့် ထွက် သွားပြန်၏။

"ရှီးတဲ့မှမဲ ဒီမအေ . . နဲ့ ဘယ်လိုလုပ်ပြီး လွမ်းရတော့မလဲ၊ . . . တောက် . . . ငါ . . . တယ်"

ထူးက ဦးပြည့်စုံကိုကြည့်၍ မချိပြုံးပြုံးသည်။

စောစောက ပျိုးလာခဲ့သော အလွမ်းလေးများအားလုံး ဘယ်ရောက်သွားပြီမသိ။

"လုပ် . . လုပ် . . နှုတ်ခမ်းမွေး၊ ဒီကောင့်ကို ဂရုမစိုက် နဲ့တော့ . . . မင်းတို့ဟာ မင်းတို့လုပ်၊ ဒီတစ်ခါလာရင် ဒီကောင့်ကို ရိုက်လွှတ်မယ်"

ပေါ်လာ့မျက်နှာကြီး နီနေရာက ပြောသည်။ ဦးပြည့်စုံ မယ် ဒလင် ပြန်ကိုင်သည်။

♬ ဝသန် . . . ခါ . . . မှီ . . . ♬

ဝါးခနဲရယ်သံကြီး ပေါ်လာ၏။ တစ်ဝိုင်းလုံး ဘယ်သူ
ကွန့်မဆောင်နိုင်တော့။

သီချင်းစာသားက မည်မျှလွမ်းစရာ ကောင်းကောင်း စိတ်
ပျက်လက်ပျက် မျက်နှာကြီးရှုံ့၍ အသံတုန်တုန်ကြီးနှင့် ဟစ်လိုက်
သော ဝသန်ခါမှိုကြီးက ဘယ်လိုမှ လွမ်းစရာ မကောင်းတော့။

သူ့မှာ လွမ်းဖို့ပါရမီမပါခြင်းပဲ ဖြစ်မည်ဟု ထူးက တွေးလိုက်
၏။

ဝသန်လေးတောင်မှ ကောင်းစွာ ခါမမှိုလိုက်ရပါတကား။

(၅)

ရဟန္တာခြေတော်ရာမှ ပြန်လာသောအခါ အတော်နေပူပြီ
...၏။

"ပေါ်လာနဲ့နင်နဲ့က ဘယ်လိုလုပ် သိတာလဲ ထူး"

ညကတစ်ညလုံး ပေါ်လာတို့ဆီ သွားနေသည်ဆိုသဖြင့်
...က အံ့ဩနေပုံရသည်။

"တို့နဲ့ပေါ်လာနဲ့က အထက်တန်းကျောင်းတုန်းကတည်းက
...ယ်ချင်းတွေ မဝေ၊ ရှစ်တန်းရောက်တော့ ပေါ်လာတို့က
...က်ကို ပြောင်းသွားတယ်၊ သူက တက္ကသိုလ်ဆက်မတက်တော့ဘဲ
...သနာပါတဲ့ ခတ်ပုံလုပ်ငန်း ဆက်လုပ်နေတာ"

"ဪ . . ဒီလိုလား၊ ခု . . သူ ဒီမှာရှိတာ နင်က ဘယ်လို
...သိသလဲ"

"တို့ ရွှေစက်တော်သွားမယ်ဆိုတော့ ကြည့်မြင်တိုင်က
...ယ်ချင်းတွေက ပြောလိုက်တာပေါ့၊ သူတို့က တို့အရင် တစ်ရက်

နှစ်ရက်ကတင် ပြန်လာတာ"

မဝေက ဒုတိယအကြိမ်မြောက် 'ဩော်' . . . ဟု ပြောသည်

ကျော်သူလတ်က သူတို့စကားကို နားထောင်ရင်း . . .

"ပေါ်လာက ချောက်ကဆိုတော့ ဟန်ကျတာပေါ့၊ ချော

မှာ ငါ့အစ်မတွေ ရှိတယ်' . . . ဟု ဝင်ပြောသည်။

ထူးက ရယ်၍ . . .

"ဘာလဲ . . . မင်းအစ်မနဲ့ ပေါ်လာနဲ့ ပေးစားမလို့လာ

"ဟာ . . . မင်းကြီးဒေါ် . . . မဟုတ်ပါဘူး၊ ငါပြောတာ

ငါ့အစ်မတွေက ခေတ်ပုံဝါသနာပါလို့ ပေါ်လာ့ကို အလကားမို

ခိုင်းမလို့"

"အေးလေ . . . ငါပြောသလိုဆိုရင်လည်း တစ်ပြားမှ မ

ပါဘူး"

"ခွေးမသား"

ထိုစဉ် ရသေ့တောင်ပေါ်မှ ဆင်းလာသော လူတစ်အုပ်

မြင်လိုက်သည်။

"ဟာ . . . ဟော့ကောင် . . . ထူး"

ပျာပျာသလဲ လုပ်လိုက်သော ကျော်သူလတ်အမူအ

ကြောင့် ထူးစိတ်ထဲ ဘာများလဲဟု သိချင်ပြီး လှမ်းကြည့်သည်

"ဘာဖြစ်လို့လဲ"

ကျော်သူလတ်က သူလူအုပ်ကို သေသေချာချာကြည့်သ

ပြီးမှ ရယ်၍ . . .

"ဩော် . . . မဟုတ်ဘူးကွ၊ ငါက ဟိုမျက်မှန်နဲ့ကော

အောင်ဖြိုးဝေများလားလို့"



ထူးက ရယ်လိုက်သည်။ ကျော်သူလတ်ပြသည့်လူမှာ သူတို့သူငယ်ချင်း အောင်ဖြိုးဝေနှင့် ခပ်ဆင်ဆင်တူသည်။ သို့သော် အောင်ဖြိုးဝေလောက် မပိန်။

"ဟာ . . . မင်းကလည်း ဘယ်ကနေဘယ်လိုလုပ်ပြီး ဒီကောင့် သွားသတိရပြန်တာလဲ . . . ဘာဆိုင်လို့လဲ၊ ဟိုကောင်ကငါးဖောင်ရိုး၊ ပြီးတော့ မျက်မှန်က ဒီလူ့ထက် နှစ်ပြန်လောက်ထူတယ်"

ကျော်သူလတ်ကလည်း ရယ်၍ . . .

"ဟုတ်ပါတယ် . . . ခုတော့ မထူတော့ဘူး၊ စောစောကမင်းက ကြည့်မြင်တိုင်က သူငယ်ချင်းတွေအကြောင်း ပြောတာနဲ့ဘိုက်ဆိုင်ပြီး အမှတ်တမဲ့နဲ့ ငါ့စိတ်ထဲ အောင်ဖြိုးဝေမှတ်လို့"

"ဘယ်သူလဲ အောင်ဖြိုးဝေဆိုတာ"

ကျော်သူလတ်လက်မောင်းကို ကိုင်လာသော မေနှင်းခိုင်ကမေးသည်။ ကျော်သူလတ်က ခေါင်းခါ၍ . . .

"မေနှင်းမသိပါဘူး . . . အမ်စီရောက်နေတဲ့ တို့သူငယ်ချင်းငပေါက်လေ . . . အဲဒီကောင်က သိပ်ရယ်ရတာ"

"ဘာဖြစ်လို့လဲ"

"ဟာ . . . တို့ထဲမှာ ဒီကောင်က အကြောင်ဆုံး၊ ဒီကောင်ကစာလည်းတော်တယ်၊ မိဘတွေကလည်း ချမ်းသာတယ်၊ ဒါပေမဲ့ အူတူတူနိုင်လွန်းလို့ ဘယ်သူမှ မလေးစားဘူး၊ ခု အမ်စီရောက်သွားဘာတောင် ဒီကောင့်တွေ့ရင် သူငယ်ချင်းတွေက မင်းဆရာဝန်ဖြစ်ရင် တို့ ဝဲပေါက်တာလောက်ပဲ လာကုမယ်၊ တခြားရောဂါတော့ မကုရဲဘူး၊ မင်းအူတာနဲ့ ပိုဆိုးကုန်မယ်ပဲ ပြောကြတာ"

ကျော်သူလတ်စကားကြောင့် ထူးက ရယ်လိုက်သည်။

နာမည်ထဲမှာ ဝေပါလို့နေမှာပေ့ါဟု ပြောသည်။ မဝေ အောင်မယ်ဟုဆိုကာ လှမ်းရိုက်၏။

ကျော်သူလတ်နှင့်ထူးမှာလည်း တစ်ကျောင်းတည်းထွက် ပင် ဖြစ်သည်။ သို့သော် ပေါ်လာက ရှစ်တန်းနှင့် ထွက်သွား ကျော်သူလတ်က ကိုးတန်းမှ ရောက်လာသူမို့ သူတို့ချင်း မတွေ့လို ရ။

"စာသိပ်တော်ရင်လည်း အူတူတူနိုင်သွားတာပဲဟ ... တို့သူငယ်ချင်းတွေထဲမှာလည်းရှိတယ်၊ စာတော့ အရမ်းတော်တာ ဒါပေမဲ့ လောကအကြောင်းတော့ ဘာမှနားမလည်ဘူး"

မဝေကလည်း သူ့သူငယ်ချင်းတွေ ပြန်တွေးမိသွားပုံပေါ် သည်။ ရယ်သံဖြင့် ဝင်ပြော၏။ မနှင်းက ...

"မဆိုင်ပါဘူးဟာ ... စာတော်တာက စာတော်တာပါ .. အူတာက အူတာပါပဲ၊ ငါအမြင်ကတော့ တချို့ စာတော်တဲ့ တွေ သိပ်တစ်ကိုယ်ကောင်းဆန်တာကိုပဲ"

"အဲဒီကောင်လည်း အဲဒီလိုပဲ"

လေးယောက်သား ရောက်တတ်ရာရာပြောရင်း ချောင်း တစ်လျှောက်အတိုင်းပြန်ရအောင်ဟုဆိုကာ တောလမ်းအတိုင်း မပြန်ပဘာ ငဖဲစောင်းတန်းမှ ဆင်းလိုက်သည်။

အပြန်ခရီးသည် အသွားတုန်းကခရီးမဟုတ်တော့ ...



"အား ... မစားသာဘူးဟော့ ... နေက ရေရေလည်လည် တာပဲ"

ကျော်သူလတ်က ကိုယ်ပေါ်မှချွတ်၍ ပခုံးပေါ်တင်လာ သော အင်္ကျီကို တဲအတွင်းပစ်ချရင်း အခန်းဝ ဝါးခုံတန်းပေါ်သို့ ပြစ်လက်ပစ် ထိုင်ချသည်။

"အမလေးနော် ... ယောက်ျားလုပ်ပြီး ဒီလောက် ချူသံပါ အောင် ညည်းရသလား ကျော်သူလတ်ရဲ့ ... တို့ညည်းဖို့လည်း ချန်ပါဦး"

မဝေက ခါးကြားမှ လက်ကိုင်ပဝါထုတ်၍ ယပ်ခတ်ရင်း က်စောင်းဖြင့် ပြောသည်။

"အေးလေ ... ဘာမှန်းလည်းမသိဘူး"

မနှင်းခိုင်ကလည်း ကျော်သူလတ်ပခုံးကိုရိုက်၍ ပြော သည်။

ကျော်သူလတ်က ပြုံး၍ ...

"ယောက်ျားမှာလည်း အမောနဲ့ပဲ မနှင်းရ ... ခု ဟိုသွား သွား လှုပ်လှုပ်ရှားရှားလုပ်တော့မှ ဆေးလိပ်သောက်တာ ကောင်းမှန်း သိတော့တယ်"

သူတို့ အချီအချပြောနေသည်ကို ပြုံးနားထောင်ရင်း ထူးက အခန်းအကာ ဝါးထရံကို ကျော်မှီ၍ ဟိုဒီကြည့်သည်။

ဘုရားပွဲတော် ဈေးခင်းတစ်ခုလုံးသည် မန်းချောင်းရေကျ မြ် သောင်ပြင်ပေါ် ပြုလုပ်ထားသဖြင့် အောက်ခံမှာ မြေကြီး ဟုတ်ဘဲ ကျောက်စရစ်ခဲများချည်း ဖြစ်နေသည်။

နေရောင်စူးစူးရဲရဲကျသဖြင့် ကျောက်စရစ်ပြင်မှ တံလျှပ်

ငွေ့ငွေ့ထသည့်အပူသည် ပိုရှိန်လာ၏။ ထို့ကြောင့် အကြည့်
အနောက်ဘက်သို့ ရွှေ့သည်။ အနောက်ဘက်တစ်လျှောက် ရွှေ
တော်တည်ရှိရာ မကွေးတိုင်းကို စည်းရိုးပြုထားသော ချင်းတော
တန်းများမှ စိမ်ညို့ညို့အငွေ့ကိုရသည်။

အနောက်ဘက်ကမ်းသည် မန်းချောင်းမှစ၍ အေးမြ
သည် ထင်ရ၏။

(၆)

"ဟင် . . ."

"ဟယ် . . . ထူး"

ထူးနှင့်မဝေတို့ပါးစပ်မှ အာမေဋိတ်သံနှစ်ခု လွှတ်ခနဲ ပြိုင်
ဘုထွက်သည်။

နှစ်ယောက်စလုံး၏ မျက်လုံးများသည် ဂေါပကတဲတန်း၏
ဒိပ်ဆုံးတဲမှ ဆင်းလာသော မိန်းကလေးဆီ ရောက်သွားသော
ကြောင့်ပင် . . .

"မဝေ ဟိုကောင်မလေး မဟုတ်လား"

"ဟုတ်တယ်ဟဲ့ . . . ထူး နင်တော့ပွတာပဲ"

ရင်ထဲတွင် သွေးတိုးနှုန်းတို့ တရိပ်ရိပ်မြန်သည်။ နှလုံးခုန်သံ
ကို ပြန်ကြားရမှု ကျယ်လောင်လာ၏။

"ဟော့ . . ."

မဝေက ကမန်းကတန်းထ၍ ကောင်မလေးကို လက်ဖွေ့

ယမ်းပြသည်။

ကောင်မလေး၏အကြည့် ဖျတ်ခနဲရောက်လာ၏။

မန်းချောင်းကို ဖြတ်လာရသော အကြည့်ဖြစ်သဖြင့် ရှတ်
ရက် ကောင်မလေးက မှတ်မိပုံမရ။

"ဘယ်တုန်းကရောက်လဲ"

မဝေက တဲတံစက်မြိတ်အပြင်ကိုထွက်ရင်း အော်မေးလိုက်
သည်။ ကောင်မလေး ပါးစပ်အဟောင်းသားဖြင့် အံ့ဩဟန်ပြ
ထို့နောက် ချက်ချင်းပြုံးသွားသည်။ လက်ကိုမြှောက်၍လည်း
ဝှေ့ယမ်းပြသည်။

"ခုနပဲ ရောက်တယ်"

မန်းချောင်းကိုဖြတ်လာသော အသံကလေးသည် ထူးရင်ထဲ
သို့ စိမ့်ဝင်သွား၏။ ကောင်မလေးက မျက်လုံးဝေ့ရင်း ထူးဆီ
အကြည့်ရောက်သည်။ အပြုံးသည် ပို၍လှသွား၏။ ထူးကို လက်ဝှေ့
ယမ်းပြသည်။

ထူးက ဝမ်းသာအားရ လက်ပြန်ဝှေ့ယမ်း၏။

"ခဏနေဦးနော်၊ လာခဲ့မယ်"

ကောင်မလေးက ပြောပြောဆိုဆိုနှင့် သူတို့တဲပေါ် ပြန်တက်
ပြေးသည်။

"ဟဲ့ ထူး . . . လာခဲ့မယ်တဲ့၊ သွား . . . သွား၊ ခေါင်းလေး
ဘာလေး ဖြီးစမ်း၊ ဆံပင်တွေ ရှုပ်ပွနေတာပဲ"

ဝမ်းသာနေမှုကြောင့် ဘာရယ်ညာရယ် စဉ်းစားမနေတော့
မဝေပြောသည့်အတိုင်း တဲပေါ် ကမန်းကတန်းတက်၍ ကျော်သူ
လတ်ဆီ ဘီးတောင်းပြီး ကပျာကယာဖြီးသည်။



"ဩော် . . . မောင်ထူး . . . မောင်ထူး သနားစရာပါလား
. . ."

ကျော်သူလတ်ထံမှ သံဝေဂရသံဖြင့် ရေရွတ်သည်။
ဒီတော့မှ ရှက်သလိုဖြစ်သွား၏။ သို့သော် ခုမှတော့ မထူး
. . .ပါဘူး၊ ရှက်ချင်လည်း ရှက်ရပါစေတော့ဟု သဘောထား၍
. . .နှာကို ပေါင်ဒါနည်းနည်းပင် လက်ထဲထည့်၍ ပွတ်လိုက်သေး
. . .

ရှက်တော့ရှက်တာပေါ့။ ဒါပေမဲ့ မရှက်တော့ပါဘူး။

"ဟော . . . လာနေပြီထူး"

အပြင်ဘက်မှ မဝေ၏ အသံကြောင့် ထူးက လက်ထဲတွင်
. . .ထားသောကြည့်မှန်လေးကို ကပျာကယာချရင်း တဲပြင်ထွက်
. . .

ကျော်သူလတ်နှင့် မေနှင်းခိုင်က အခန်းထဲဝင်လာ၍ . . .

"ကဲ . . . မင်းတို့ကိစ္စ မင်းတို့ကြည့်လုပ်ကြ၊ ငါတို့နှစ်ယောက်
. . .နားယူတော်မူလိုက်ဦးမယ်"

"ဟော့ကောင်တွေ အနားယူရင် အနားရအောင် ငြိမ်ငြိမ်နေ
. . . ပင်ပန်းစရာ ဘာတစ်ခုမှမလုပ်နဲ့"

စိတ်ကရွှင်နေသဖြင့် နှုတ်ကသွက်သွားသည်။ မေနှင်းခိုင်
. . .နှာတွင် ပန်းရောင်လေး ပြေးသွား၏။

"ထူး . . . နော်"

မေနှင်းခိုင်က မမီမကမ်း လှမ်းရိုက်သည်။ ထူးက ရယ်သည်
ခုချိန်မှာ လက်ကလေးနဲ့ ရိုက်တာလောက်ကတော့ ထူးတို့က မ
လုံးကြီးတင် မမှုတော့။

"တို့ သူတို့ပြန်သွားပြီတောင် အောက်မေ့လို့"

အခန်းပြင်ရောက်ရောက်ချင်း မဂ်လာအသံလေးက ဆီးကြို
လိုက်သည်။ အထူးတံတားဆီမှ လျှောက်လာသော ကောင်မလေး
သည် အရမ်းလှနေသည်။ စောစောက မြင်လိုက်ရတာလေးနှင့်ဝ
မတူ၊ စောစောက အကျီအပြာကွက်ကလေးနှင့် ဖျတ်ခနဲမြင်လိုက်
ရသည်။

ခု ပန်းရောင်လေးနှင့်။

မျက်နှာပေါ်မှာလည်း ဖွေးဖွေးလေးတွေ ပိုလာသည်။

"ဘုရားပေါ်တက်နေတာ၊ တို့လည်း သူ့ကိုတွေ့တော့ သိပ်
အံ့ဩသွားတယ်၊ ဒီမှာတွေ့မယ်လို့ လုံးလုံးမျှော်လင့်မထားဘူး"

"ဟုတ်တယ်၊ အစက ဒီလာဖို့မဟုတ်ဘူး၊ မကွေးရောက်
အန်ကယ်တို့က ကမန်းကတန်းစီစဉ်ပြီးလိုက်ပို့တာနဲ့ရောက်လာ
တာ၊ တို့လည်း သူတို့ကိုတွေ့တော့ အရမ်းအံ့ဩသွားတာပဲ"

မဝေနှင့်ကောင်မလေးတို့ အပေးအယူမျှနေသည်ကို ကြည့်
ပြီး ထူးကျေနပ်သွားသည်။ အရာရာသည် အိုကေမှာပြနေ၏။

"လာလေ . . . ဒီမှာထိုင်"

ထူးက အခန်းရှေ့ ဝါးစားပွဲဘက် လက်ညွှန်ရင်းပြောသည်
ကောင်မလေးက ပြုံးပြ၍ ခုံတန်းတွင် ဝင်ထိုင်သည်။ ထိုင်ရင်းနှင့်
သူ့ဘက်လှည့်၍ . . .

"တော်တော်နှံ့ပလား"



"ဟင့်အင်း မနှံ့သေးပါဘူး၊ မနေ့ကလည်း ခရီးပန်းတာနဲ့
ောင်းထဲရေချိုးပြီး အိပ်နေကြတာ၊ ခုနမှ အပေါ်ခဏလေး တက်
ားဘာ"

သူ့အဖြေကို မဝေက သဘောပေါက်စွာ ပြုံးသည်။ စိတ်ထဲ
ာည်း ဒီငတိတော့ အကြံအဖန်တွေ စနေပြီဟု တွေး၏။

"အတော်ပဲပေါ့ . . . တို့လည်း ခုပဲရောက်ပြီး နားနေတာ၊
ယ်မှမသွားရသေးဘူး"

"ဟုတ်တယ် . . . ညနေ နေအေးမှ လျှောက်သွားတာပေါ့၊
ာနဲ့တို့ လာခေါ်မယ်လေ"

ကောင်မလေးကပြုံး၍ ခေါင်းညိတ်သည်။ ပြီးမှ မဝေဘက်
ည့်၍ . . .

"သူ့နာမည်က မဝေ . . . နော်"

"ဩော် ဟုတ်သားပဲ၊ ခုထက်ထိ တစ်ယောက်နဲ့တစ်ယောက်
ာ်မဆက်ရသေးဘူး၊ တို့နာမည်က ယဉ်ယဉ်ဝေ၊ သူငယ်ချင်းတွေ
ာဘော့ မဝေပေါ့၊ သူက ထူး . . . ကမ္ဘာပေါ်မှာ ရှားရှားပါးပါး
ာစ်လုံးတည်းရှိတဲ့နာမည်လေ"

ကောင်မလေးက ရယ်သည်။

"တို့နာမည်က နွေဦးဆွေပါ၊ မတ်လမှာမွေးလို့ ဖေဖေက
ူ့နာမည်နဲ့တွဲပြီး မှည့်ထားတယ်"

"အမယ် . . . သူလည်း ထူးသဟ့"

မဝေက ဝင်ဖောက်သဖြင့် သုံးယောက်သား ရယ်ကြသည်။
နွေဦးဆွေဆိုသော နာမည်ကလေးသည် ထူးရင်ထဲတွင် ပဲ့တင်ထပ်
ားး၏။

"သူငယ်ချင်းတွေကတော့ နွေဦးပဲ ခေါ်ပါတယ်"

"ဒါဖြင့်တို့လည်း နွေဦးပဲ ခေါ်မှာပေါ့"

ထူးက အငြိမ်မနေနိုင်။ ဖျတ်ခနဲ ဝင်ပြောသည်။ မဝေက မသိမသာ မျက်စောင်းလှမ်းထိုး၏။

"ကိုထူးက ရန်ကုန်ကပဲလား"

နွေဦးဆွေ၏အမေးကြောင့် ထူး အောင့်ခနဲ ဖြစ်သွားသည်။ ကိုထူးဆိုသောအသံကြီးက နားထဲသို့ ထော်လော်ကန့်လန့်ကြီး ဝင်လာသည်။

"ကိုထူး မဟုတ်ပါဘူး၊ ထူး . . . ပါ"

ကောင်မလေးက ရယ်ပြန်သည်။

"အင်း . . . အင်း . . . ထူး . . ထူးတို့က ရန်ကုန်ကပဲလား"

"ဟုတ်တယ် နွေဦး . . . တို့နေတာက ကြည့်မြင်တိုင်ကပါ၊ တို့လေးယောက်စလုံး မက်စ်မေဂျာဖိုင်နယ်က၊ နွေဦးကရော ဘယ်ကလဲ"

ဒီစကားကို ထူးက အရဲစွန့် ပြောလိုက်ခြင်း ဖြစ်သည်။

သူ့စိတ်ထဲတွင် နွေဦးဆွေ၏ပုံပန်းသည် တက္ကသိုလ်တစ်ခုခုကပဲ ဖြစ်မည်ဟု တွက်လိုက်၍ဖြစ်သည်။ တက္ကသိုလ်ကမဟုတ်ရင်တော့ သူပြောလိုက်တာ အောက်ပြီဟု တွေးမိသည်။

"နွေဦးက အင်္ဂလိပ်ရှ်မေဂျာကပါ၊ ဖိုင်နယ်ပဲ"

တော်ပါသေးရဲ့ဟု စိတ်ထဲက အောက်မေ့လိုက်သည်။

"အင်္ဂလိပ်ရှ်မေဂျာဆိုတော့ ဘီအီးဒီမှာ တက်ရမှာပေါ့"

"ဟုတ်တယ်"

ဩော် . . . ဒါကြောင့် တက္ကသိုလ်မှာ သုံးနှစ်ကျော်ကျော်



ဘာတဲ့ကြားက မတွေ့မိတာပဲဟု တွေးသည်။

တွေ့ချင်တော့လည်း ခုလို တိုက်တိုက်ဆိုင်ဆိုင် . . . ။

မြေလတ်သားပေါ် တုန်းကလည်း တိုက်တိုက်ဆိုင်ဆိုင် . . .

ရွှေစက်တော်ကျတော့လည်း တိုက်တိုက်ဆိုင်ဆိုင် . . .

အင်း . . . နောက်ထပ် တိုက်တိုက်ဆိုင်ဆိုင်လေးတွေလည်း များကြီးကျန်ပါစေဦးဟု ဆုတောင်းလိုက်မိ၏။

## (၇)

ပေါ်လာဆီထွက်လာသောအခါ ရင်ထဲတွင် အပျော်တို
စည်ကားနေသည်။

ပေါ်လာ့ပညာအစွမ်းပေါ်မူတည်၍ သူ့အကြံသည် ပြော
မြောက်သည်ထက် ပို၍ပြောင်မြောက်နိုင်သည်ဟုလည်း တွေးသည်
တစ်ခုပဲရှိသည် ပေါ်လာရှိမှရှိပါ့မလား၊ ဓာတ်ပုံရိုက်သည့် ရိုက်တွ
ထဲမှာ အလုပ်သွားများနေမှဖြင့် . . .

အို . . . ဒီအချိန်တော့ ရှိမှာပေါ့ . . .

စိတ်ထဲတွင် အလုပ်များစွာရှုပ်နေ၏။

ဒီအကြံကလည်း ရုတ်တရက်ပေါ်လာသည့် အကြံမို့ . .
အကြံကောင်းသော်လည်းဖြစ်အောင်မှ လုပ်နိုင်ပါ့မလားဟု ပူရ
သည်။ အကြံကတော့ တကယ့်ကို လျှပ်တစ်ပြက်ရလာသောအ

စောစောက နွေဦးဆွေနှုတ်ဆက်၍ ပြန်သွားသည်။

'ရေချိုးလိုက်ဦးမည်၊ နေအေးမှလျှောက်သွားကြတာပေါ့



ပြောသွားသော နှုတ်ဆက်စကားကို ကိုယ့်အတွေးနှင့်ကိုယ် စိတ်ကူး
ပြီး တဲရှေ့မှာ သူ ထိုင်ကျန်ခဲ့သည်။ မဝေကတော့ ကျော်သူ
တို့လိုပင် ခဏအနားယူဦးမည်ဟုဆိုကာ အခန်းတွင်းသို့ ဝင်
သွားသည်။

ခဏအကြာတွင် နွေဦးဆွေက သူတို့တဲထဲမှ ပြန်ထွက်လာ၍
ဘက်ကမ်း ချောင်းစပ်တွင် အထူးတံတားအရိပ်ကိုခို၍ အဝတ်
လျှော်သည်။ နွေဦးဆွေကို လှမ်းကြည့်ရင်း စိတ်ထဲ အကြံတစ်ခု
လာ၏။

နွေဦးဆွေ၏ဓာတ်ပုံလေးကို ရိုက်ယူထားလိုက်လျှင် ကောင်း
. . . ဟု နွေဦးဆွေ အဝတ်ထိုင်လျှော်နေပုံကလေးကလည်း
သည်။ ဖွပ်နေသည့် အဝတ်တွေမပါဘဲ နွေဦး၏ ကိုယ်တစောင်း
လေးကိုရိုက်၊ သိပ်လှမှာဘဲဟု တွေးသည်။

အဲ . . . ထိုအတွေးကို တွေးရာမှ အကြံတစ်ခုဆက်ရ၏။
ဓာတ်ပုံကို နွေဦးဆွေမသိအောင် ခိုးရိုက်၍ လက်ဆောင်ပေးလိုက်
နွေဦးဆွေ များစွာ အံ့ဩသွားပေမည်။

အံ့ဩစိတ်နှင့်အတူ သိပ်လှနေသော သူ့ဓာတ်ပုံကို ကြည့်၍
ယ် . . . ဒါ တို့ဖို့လား ထူး . . . ဟု မေးပေမည်။ ထိုအခါ
အောင်မြင်သောအပြုံးလေးတစ်ခုပြုံး၍ . . . 'ဒါပေါ့ နွေဦး
. . . နွေဦးဖို့ တမင်ရိုက်ထားတာလေ၊ သိပ်လှနေတဲ့ နွေဦးရဲ့
ကို မှတ်တမ်းတင်ထားချင်လို့ပေါ့' . . . ဟု ခပ်ချွဲချွဲလေး ဆို
တာနှင့် အလိုအလျောက် ရည်းစားစကားကို ခုနစ်ဆယ့်ငါး
နှုန်းလောက် ပြောပြီး ဖြစ်သွားမည်။

မိန်းကလေးတစ်ယောက်ကို သိပ်လှတာပဲဟု ပြောသည်နှင့်

ဘယ်အထိအဓိပ္ပာယ်ရောက်သွားမှန်း နွေဦးလည်း ဒစ်စကို
တက္ကသိုလ်ကျောင်းသူမို့ ကောင်းစွာ သဘောပေါက်ပေမည်။

အကယ်၍ . . . ကျေးဇူးတင်လိုက်တာ ထူးရယ် . . . ဟု
ပြန်ပြော၊ စောစောက ခုနစ်ဆယ့်ငါးရာခိုင်နှုန်းသည် သူ့ဘက်
ပြန်သေချာသွားနိုင်သည်။

ဒီတော့မှ သူက နောက်ထပ် ဓာတ်ပုံတစ်ခုထုတ်ပြ၍
လုပ်လေ၊ တစ်ပုံက တို့နွေဦးကို လက်ဆောင်ပေးမယ်၊ ကျန်တဲ့ပုံ
ကို နွေဦးကတို့ကို လက်မှတ်ထိုးပြီး ပြန်လက်ဆောင်ပေး
တရပေါ့ . . . ဘာညာနှင့် နည်းနည်းချွဲတဲ့ချွဲတဲ့လေးလုပ်မည်

ထိုအခါ နွေဦးက ပြုံး၍ . . . ဒီကဓာတ်ပုံယူပြီး ဘာ
မလို့လဲ၊ သူများက မလှပါဘူး၊ အိမ်မှာကြွက်ခြောက်ဖို့ပဲ ရမှာဟု
ပြော၊ ထူးတို့လက်ခမောင်းထခတ်ဖို့သာ ရှိတော့၏။

ဘာပြောပြော ဒီအစီအစဉ်သည် အလွန်ကောင်းသည့်
ဂွတ်ဒ်အစီအစဉ်ဖြစ်သည်။ ထို့ကြောင့် သူ ကပျာကယာ
ပေါ်လာ့ဆီ ပြေးလာခဲ့ခြင်းဖြစ်သည်။

ပေါ်လာရှိမှ ရှိပါ့မလား . . ဟုပဲ ပူရသည်။ ရှိနေလို့က
ဒီကောင်ကြီး ခုချိန်ဆို မျက်ခုံးကောင်းကောင်း လှုပ်နေပေ
မည်။

ထူးခြေလှမ်းတို့ စောစောကထက် ပိုမြန်လာ၏။

အချစ်စစ်တို့၏လမ်း မဖြောင့်ဖြူးဟု မည်သူတို့ ပြော



သည်။ ပြောခဲ့သော ထိုပုဂ္ဂိုလ်တို့သည် အတော်တုံးသော ဗိုလ်တုံး
ဖြစ်သည်ဟု စိတ်ထဲက တွေးလိုက်သည်။

အချစ်စစ်တို့လမ်းသည် မဖြောင့်ဖြူးစရာမရှိ။

ခုထ သူ့အစီအစဉ်များက အလွန်ချောမွေ့နေသည်။

ပေါ်လာ့ဆိုင်ခန်းရောက်သည်နှင့် ဆိုင်အတွင်းခန်းတွင်
လက်ကြီး သေတော်ခေါ်နေသော ငနဲသားကို ဆိုက်ဆိုက်မြိုက်
တွေ့သည်။ ဆိုင်ထဲမှာ ပေါ်လာတပည့် မိုးမိုးတို့ ကြည်ဝင်းတို့
ရီတို့ရှိနေသဖြင့် ပေါ်လာကိုနှိုးပြီး ဆိုင်အပြင်ခေါ်ထွက်သည်။

အိပ်ချင်မူးတူးနှင့် ပေါ်လာ အပြင်သို့ ပါလာသောအခါ
က . . .

"ဟေ့ကောင် ပေါ်လာ၊ ကင်မရာယူပြီး လိုက်ခဲ့ကွာ၊ ငါ
ောင်မလေးတစ်ယောက် ဓာတ်ပုံခိုးရိုက်ချင်လို့"

ပေါ်လာ မျက်လုံးပြူးသွားသည်။ စောစောက အိပ်ချင်စိတ်
ဘယ်ရောက်သွားပြီ မသိတော့။

"ဟာ . . . ဟေ့ကောင်၊ ဟုတ်တာမှလုပ်ပါ၊ တော်ကြာ ပြဿနာ
က်နေဦးမယ်၊ ပြဿနာတက်ရင် မလွယ်ဘူးကွ၊ ငါက ဒီမှာ
အတွင်းရေးမှူး လုပ်နေတာ၊ တော်ကြာ ငါ့အမူငါ ဘယ်လိုလုပ်
ချက်ချရမှန်း မသိဘူးဖြစ်နေလိမ့်မယ်"

"မတက်အောင် ခိုးရိုက်ပေါ့ကွ၊ ဓာတ်ပုံရိုက်လာတာ အိုသေ
ောမယ်၊ ဒါလောက်လေးမှ မလျှင်ဘူးလား"

ဘာညာမျှသာ ပြောလိုက်ရသည်။ ပေါ်လာ ကင်မရာလွယ်
၍ ပါလာ၏။ သူတို့တဲဘက် ကွေ့သည့်နေရာနား ရောက်သည်နှင့်
က ကိုယ်ရှိန်သတ်လိုက်ပြီး . . .

"သွားတော့ ပေါ်လာ၊ ငါမလိုက်တော့ဘူး၊ မင်းကို ငါ
လိုက်မယ်၊ မရအရသာ ရိုက်ခဲ့"

ပြောပြောဆိုဆိုနှင့် ထူးက တံတားထိပ်ကို လှမ်းကြည့်
နွေဦးဆွေ အဝတ်လျှော်မပျက်သေး။

"တွေ့လား ပေါ်လာ . . . တံတားထိပ် ဟိုဘက်က
အဝတ်လျှော်နေတဲ့ ကောင်မလေးပဲ၊ အလှဆုံးသာ ရအောင်ရိုက်
ငါ မင်းဆိုင်က စောင့်နေမယ်"

"အေးပါကွာ၊ မင်းသဘောပါပဲ၊ ငါတော့ ဒီနေ့ ဂြိုဟ်
ထင်တယ်၊ စောစောက အိပ်မက်တွေလည်း မကောင်းဘူး၊ ဖွ . . .
ဖွ"

ပေါ်လာက ပြောင်စပ်စပ်နှင့်ပင် ခြေဖဝါးမြေမှုန့်ကို နှ
၍ ထွက်သွားသည်။

ထူး ကျေနပ်စွာ ပြုံးလိုက်၏။

ထိုအချိန်တွင် နွေဦးဆွေကတော့ မကြာမီ သူ့အပေါ်
ရောက်လာမည့် ကံကြမ္မာဆိုးအတွက် ဘာမှမသိရှာသေး။

စောစောက အခန်းဝတွင် ထိုင်နေရာမှ လှစ်ခနဲပျော
သွားသော ထူးဆိုသည့် ကောင်ကလေးရှိရာ တဲဘက်သို့ လှမ်းကြ
ရင်း လက်ထဲမှအဝတ်ကို ကျောက်တုံးပေါ် ခပ်သာသာ ရိုက်သည်

စိတ်ထဲကလည်း သူသိပ်ကြိုက်သည့် ကလစ်ပ်ရစ်ချတ်
နွေရာသီ ကျောင်းပိတ်ရက်အမည်ရှိ သီချင်းကို ခပ်တိုးတိုးဆို



♫ တို့များခရီးထွက်ကြမယ် × × × နွေဦးကျောင်း
ပိတ်ရက်မှာ၊ အလုပ်ကလေးနားထားလိုက်စို့ × × ×
တစ်ပတ်နှစ်ပတ်ကြာ အပျော်နဲ့ရယ်စရာများစွာ တို့များ
ကျောင်းပိတ်ရက်မှာ၊ အပူနဲ့သောကတွေကို မေ့ထား
မယ် × × × နင်နဲ့ငါ × × × ရက်ကလေး တစ်ပတ်
နှစ်ပတ်ပါကွာ × × × ♫

♫ နေရောင်ကြည်ကြည်ရှိတဲ့အရပ်ကို တို့သွားကြ
မယ်၊ ရေလှိုင်းပြာများရှိတဲ့အရပ်ကို × × × ရုပ်ရှင်တွေ
မှာလည်း တို့ မြင်ဖူးခဲ့တယ် × × × ဟုတ်မဟုတ် တို့
သွားကြည့်မယ် × × × ♫

♫ နွေဦးကျောင်းပိတ်ရက်တွေ × × လူတိုင်းရှိခဲ့ကြ
တယ် × × × သူတို့နှစ်သက်ကြသလိုသုံးတယ် × × ×
ဒါကြောင့် တို့ခရီးထွက်မယ် × × × နွေဦးကျောင်းပိတ်
ရက်ဝယ် × × × အိပ်မက်ကလေးများ တကယ်ဖြစ်ဖို့
ကွယ် × × × နင်နဲ့ ငါ့အတွက်ပါကွယ် × × × ♫

(၈)

"ဘဝ ဇာသိဉာဏ်"

ဘဝ တစ်ခု
ရပ်တည်မှုသည်
ကိုယ်ပြုလုပ်ယာန်
ဇာကြောင်း 'ကံ' ထဲ
စိမ့် မပျက်
ပိုးသောင်းချက်ကြောင့်
သက်ရောက် 'ဇာတ်ကြိုး'
တည့်တည့်တိုးဝင် ...။

အထက်စက်တော်ရာသို့ တက်သော စောင်းတန်း
လှေကားနံရံထုံးဖြူပေါ် မြေနီရောင်ဖြင့် ရေးထားသော ကဗျာ
ကို တစ်ခေါက်ပြီးတစ်ခေါက် ပြန်ဖတ်နေမိသည်။



စိတ်ကစောနေသဖြင့် တစ်ယောက်တည်း လုပ်မိလုပ်ရာ လုပ်နေခြင်းဖြစ်ရာ ဖတ်သာဖတ်နေရသည်။ ကဗျာ၏စာသားများက စိတ်တွင်းသို့မရောက်။ စိတ်အတွင်းရောက်နေသည်က ပေါ်လာ ဖြစ်သည်။

ပေါ်လာထွက်သွားသည်မှာ နာရီဝက်လောက်ရှိပြီး ခုထိ ပြန်မရောက်သေး။ စောစောကတော့ သူ့ဆိုင်မှာ ထိုင်စောင့်နေ သေးသည်။ တော်တော်နှင့်ရောက်မလာတော့ အရှေ့ဘက်စျေး တန်းမှပတ်ကာ အထက်စက်တော်ရာ စောင်းတန်းဘက် ထွက်လာခဲ့ ၏၊ ထိုစောင်းတန်းခြေရင်းမှနေ၍ မတ်တတ်ရပ်ကြည့်လျှင် တံတား ကို မြင်နေရသည်။

သူရောက်၍ ကြည့်လိုက်သောအခါ နွေဦးဆွေသည် အဝတ် လျှော်ပြီး၍ ရေထဲရောက်နေပြီထင်သည်။ ရေထဲမှာ ဆံပင်လေးလှုပ် လှုပ် လှုပ်တုပ်နှင့်ကောင်မလေးတစ်ယောက်ကို မြင်ရ၏။ သို့သော် နည်းနည်းဝေးသဖြင့် သိပ်ကွဲကွဲပြားပြားမမြင်ရ။

ပေါ်လာကိုတော့ ယောင်ယောင်မျှပင် မတွေ့ရတော့။ ကောင်မလေးတောင် ရေချိုးနေပြီဆိုတော့ ပေါ်လာပြန်လာဖို့ ကောင်းပြီ။ ပြန်လာတာ မတွေ့လိုက်လို့များလား စဉ်းစားမိသေး၏။ သို့သော် ဤအတွေးက မဖြစ်နိုင်။ ပေါ်လာ ပြန်လာလျှင် သူ့နေရာ က အထင်းသား မြင်နေရသည်။

ကြာလာတော့ စိတ်သိပ်မရှည်တော့။ ကောင်မလေးနေရာ က လှမ်းကြည့်လျှင်လည်း သူ့အဝတ်အစားကို ပုံဖမ်း၍ သူမှန်းသိ သွားနိုင်သည်။ ထို့ကြောင့် ကောင်မလေး မမြင်နိုင်အောင် စောင်း တန်းလှေကားတွင် ထိုင်ချလိုက်ရင်း ပေါ်လာပြန်အလာကို မျှော်နေ

မိသည်။

အဲ . . သိပ်တော့မကြာလိုက်၊ တံတားပေါ်မှနေ၍ ကုပ်ကုပ်ကုပ်ကုပ်နှင့် ပြန်လာသော ပေါ်လာကို တွေ့လိုက်ရသည်။

သူ့စိတ်ထဲ အရမ်းလှုပ်ရှားသွား၏။

ပေါ်လာထံမှ အခြေအနေကိုလည်း သိချင်လှပြီ။ ထို့ကြောင့် ထိုင်ရာမှထကာ အရှေ့ဘက်ပွဲဈေးတန်းမှပင် ကပျာကယာပတ်၍ ပေါ်လာ့ဆိုင်ထဲ အရင်ရောက်အောင် သွားနှင့်သည်။

ပေါ်လာ့မျက်နှာသည် သူ့ကိုမြင်လိုက်သည့်အခါ ဝင်းခနဲ လက်သွား၏။

ဆဆဆ

"အဟာ . . . အပိုင်ပဲ၊ မင်းတော့ ပွပြီဟေ့ကောင်၊ ရေလည်လည် အပိုင်ပဲ"

ပေါ်လာက အားရပါးရကြီး ပြောချလိုက်သဖြင့် ရင်ထဲတွင် အေးသွားသည်။ သူပြောသည့်အတိုင်းဆို ပုံကသိပ်ကောင်းတော့မည် ထင်၏။

"ရလိုက်တယ် မဟုတ်လား"

သူ မျှော်လင့်တကြီးအမေးကို ပေါ်လာကရယ်၍ . . .

"ဟာ . . . ပေါ်လာရိုက်တာပဲကွာ၊ မရဘဲ ရှိပါ့မလား၊ ရတာမှ တစ်တစ်ခွခွကြီးကို ရတာ"

ပေါ်လာ့အဖြေကြောင့် ကိုးလိုးကန့်လန့်ကြီး ဖြစ်သွားသော ဝမ်းသာအားရသည်ပင် အူကြောင်ကြောင်ကြီး ဖြစ်သွား၏။



"ဘာလဲ . . . တစ်တစ်ခွခွကြီး"

"ငါပြောပြမယ်၊ ဘယ်လိုတစ်ခွသလဲဆိုတော့ မင်းလည်း ...သည့်သွားရော ငါ ဒီဘက်ကမ်းကနေ လှမ်းရိုက်ဖို့နေရာရှာတာ ...က်ကမ်းက ဘာမှအကွယ်အကာမရှိဘူးကွ၊ ပြောင်တလင်းကြီး၊ ...လိုလုပ်ရိုက်မလဲ၊ အဲဒါနဲ့ ဟိုဘက်ကမ်းကူးသွားတယ်"

အင်း . . . ကိုးရိုးကားရားတစ်ခုခုတော့ ကြားရတော့မယ် ...ါရဲ့ဟု စိတ်ထဲတွင် ထင့်လာသည်။

"ဟိုဘက်ကမ်းမှာ ကွမ်းညှပ်တွေ၊ ကတ်ကြေးတွေရောင်းတဲ့ ...အသိဆိုင်ထဲဝင်ပြီး ဟိုလိုလိုဒီလိုလိုလုပ်နေရင်း ကင်မရာကို ...ပ်ချိန်ထားတယ်၊ ဒါပေမဲ့ ကျောဘက်ကြီးဖြစ်နေတော့ အဆင် ...ပြေဘူးကွ"

ထူးက ပေါ်လာ့မျက်နှာကို အကဲခတ်သည်။ ပေါ်လာက ...ာ့ သူ့ကိုစွသူ သိပ်ကျေနပ်ပုံရသေး၏။

"ဒါနဲ့ ခဏနေတော့ ကောင်မလေးက အင်္ကျီချွတ်ရင်ရှားပြီး ...ထဲဆင်းတယ်"

"ဟင် . . . မင်း အဲဒီပုံကြီး ရိုက်ခဲ့လား"

ရင်ရှားနဲ့ပုံကြီး ရိုက်ခဲ့ရင်တော့ဆွေးပြီဟု အောက်မေ့လိုက် ...ဒီပုံကြီး သွားလက်ဆောင်ပေးလျှင် ပါးမချတာ ကံကောင်းဖြစ် ...

"နေစမ်းပါဦး၊ ငါပြောပြပါမယ်၊ အဲဒါနဲ့ ရင်ရှားနဲ့ ပုံဆို ...ိ ပိုကြိုက်မှာပဲ၊ ရေလေးကစိုစိုဆိုတော့ ပိုပိုင်တာပေါ့၊ ငါ ...င်မရာ အသင့်ပြင်ပြီး ချိန်ထားလိုက်တယ်"

ဒုက္ခပါပဲဟု ရင်ထဲပူလာသည်။

"အဲဒါကွာ၊ မင်းကောင်မလေးက ရေထဲမှာ ဘာစိတ်
ပေါက်သွားလဲမသိဘူး၊ ရေဆန်ကြီး ပြန်ပြီး ဒိုင်ဗင်ထိုးလိုက်
ထူး မျက်လုံးများ ပြူးသွား၏။
"ငါလည်း မျက်လုံးတွေ ပြာသွားပြီး ခလုတ်နှိပ်ချလိုက်
ပေါ့ကွ၊ မင်းအတွက် အင်မတန် အဖိုးတန်တဲ့ပုံပဲ"
"တောက် . . သေလိုက်ပါတော့ကွာ၊ ဒီပုံကြီး ငါက ဘယ်
လုပ် သူ့သွားလက်ဆောင်ပေးမလဲကွ၊ ငါက သူ့လက်ဆောင်
ရိုက်ခိုင်းတဲ့ဥစ္စာ"
"မင်းသိမ်းထားဖို့ မဟုတ်ဘူးလား"
"ဟာ . . . သိမ်းထားဖို့ရော ဒီပုံကြီးမျိုး ငါက ဘယ်လိုသိ
ထားရမှာလဲကွ၊ လှလှပပမှ သိမ်းမှာပေါ့"
"ဟာ . . ဘယ့်နဲ့မလှရမှာလဲ၊ လှတာမှ အရမ်းပဲဟော့
ဝါဝင်းနေတာပဲ"
"မင်းကြီးဒေါ်ကြီး ဝါဝင်းပါလားကွ၊ ထုတ် . . . ထုတ် . .
အဲဒီနဂ္ဂတစ်ထုတ်၊ ဖျက်ဆီးပစ်လိုက်"
"ဟာ . . . နေပါဦးကွ၊ ဒီအလိပ်ထဲမှာ တခြားပုံတွေ
ကြီး ရှိသေးတယ်၊ ဆေးပြီးတော့မှ မင်းမကြိုက်ရင် ဖြတ်ထုတ်
ထူးက ရှုံ့မဲ့၍ သူ့ခေါင်းသူကုတ်သည်။
အချစ်စစ်တို့၏လမ်းသည် တကယ်မဖြောင့်ဖြူးပါတကား

(၉)

"တောက် . . . တိုက်မှတိုက်တိုက်ဆိုင်ဆိုင်ကွာ၊ ငါတော့
ချင်တာပဲ"
ထူးက ပေါ်လာဖြတ်ထုတ်ပေးလိုက်သော နဂ္ဂတစ် အပိုင်း
ကို အလင်းရောင်တွင်ထောင်ကြည့်ရင်း စိတ်ပျက်လက်ပျက်
ည်းသည်။
နဂ္ဂတစ်ထဲမှာ နွေဦးဆွေက ဟပ်ထိုးကြီး ဖြစ်နေသည်။
"သွားပြီပေါ့ကွာ၊ ဘယ်လိုလုပ်ပြီး ငါက ဒီပုံကြီးလက်ဆောင်
သို့ရတော့မလဲ၊ မင်းကို ငါသတ်ချင်တယ် ပေါ်လာ၊ ဒီလောက်
တဲ့မိန်းကလေးကို စုန်းမကြီး မိုးပေါ်ပျံနေသလိုဖြစ်အောင်
တဲ့မင်းကို ငါရိုက်သတ်ချင်တယ် ဟော့ကောင် သိလား"

နွေဦးဆွေကတော့ ဘာမှမသိရှာ . . .

အသင့်ယူလာသော သနပ်ခါးခဲလေးကို လက်ဝါးတွင် ရေဆွတ်၍ ပွတ်လိုက်ပြီး မျက်နှာပေါ် သာသာလေး လိမ်းလို သည်။

ဟိုပုဂ္ဂိုလ်ဘယ်သွား၍ ဘာလုပ်နေလို့ ခုထက်ထိ ပြန်မ ရသေးပါလိမ့်ဟု စိတ်ထဲက အမှတ်မထင် တွေးလိုက်မိသည်။

တွေးပြီးမှ သတိရသဖြင့် ရှက်ရှက်နှင့်ပြုံးလိုက်သည်။ ထော ထားသော လေးထောင့်မှန်လေးထဲတွင် သူ့အပြုံးကလို သူပြန် ရသည်။

ထူးဆိုသည့်ထူးသည်လည်း ယခုလိုပြီးလျှင် သိပ်ချောသ ဟု အမှတ်မထင်စွာ တွေးလိုက်မိပြန်၏။

# အပိုင်းနှစ်

(၁)

နဂ္ဂတစ် ဖလင်ကော်ပြားလေးသည် ထူးလက်ထဲ၌ တစ်

တစ်စစီ ဖြစ်သွား၏။

"မကူးတော့ဘူးလားကွ၊ ဈူးပါဦး၊ မင်းကလည်း လှ

လေး မြင်ရအောင်"

ရှုံ့မဲ့၍ ဖလင်ကို ဆွဲဖြဲနေသော ထူးကိုကြည့်၍ ပေါ်လာ

ရယ်၍ပြောသည်။ ထူးက ဖလင်အစများကို လွှင့်ပစ်ရင်း . .

"လုပ်မနေနဲ့ ဟော့ကောင်၊ မင်းအသုံးမကျလို့ ငါ့စီမံကိန်း

တစ်ခုလုံး ရေထဲမျှောပစ်လိုက်ရပြီ"

"မင်းစီမံကိန်းက ဘာလုပ်မယ့်စီမံကိန်းမို့လဲ"

"ပြောတောင် မပြောချင်တော့ဘူးကွာ၊ ငါစိတ်ကူးထ

မင်းကို ဒီဓာတ်ပုံရိုက်ခိုင်း နှစ်ပုံကူး၊ ပြီးတော့ ကောင်မလေ

ငါလက်ဆောင်သွားပေးမယ်၊ တစ်ပုံကို ငါ့ပြန်လက်ဆောင်ပေ

ပြီး ကောင်မလေးအခြေအနေကို အကဲခတ်မလို့ဟာ ခုတော့



ဆွေးသွားပြီ"

"ဟာ . . . ဘယ်နဲ့ဆွေးရမှာလဲ၊ ဒါများ ဒီလောက်ဖြစ်ရ

ယ်လို့ကွာ လွယ်လွယ်လေး"

"ဘာလွယ်လွယ်လေးလဲ"

စိတ်ကတိုနေပြီဖြစ်သဖြင့် ပေါ်လာကို အသားလွှတ်ဟောက်

သည်။ ပေါ်လာကတော့ ရယ်မြဲရယ်၍ . . .

"လွယ်လွယ်လေးပေါ့ကွ၊ မင်းကိုက သက်သက်ကြံဖန်ခက်

အောင်လုပ်တာပဲ၊ မင်းနဲ့ကောင်မလေးနဲ့က ခင်နေပြီပဲ၊ ဖြောင့်ရိုက်

ပြီးတော့ နဂိုအစီအစဉ်အတိုင်းပဲလုပ်ပေါ့"

"ဒါတော့ ငါမသိဘဲနေပါ့မလား ပေါ်လာရ၊ ငါလိုချင်တာက

မသိလိုက်ဘဲနဲ့ ငါ့လက်ထဲကို ဓာတ်ပုံတစ်ပုံရောက်နေတာကို သူ

ပြသွားတဲ့ အချက်ကလေးကိုပဲ လိုချင်တာ"

"ဒါလည်းလွယ်ပါတယ်၊ ခု နေရောင်ရှိသေးတာပဲ၊ ငါထပ်

ရိုက်ပေးမှာပေါ့၊ ခုမှတော့ မထူးတော့ဘူးလေကွာ၊ တစ်တုံးစား

လည်း ချေးပဲ၊ နှစ်တုံးစားလည်း ချေးပဲ၊ နာမည် ထူးမပျက်တော့

ဘူး၊ မင်းလုပ်မှ ရွှေစက်တော်ဓာတ်ပုံသမားအဖွဲ့ အတွင်းရေးမှူး

လည်း ဓာတ်ပုံရိုက်တဲ့ကောင် ဖြစ်ရတော့တာပဲ၊ ဒါဖြင့် ခဏစောင့်

သွားချောင်းမယ်"

ပြောပြောဆိုဆိုနှင့် ပေါ်လာက ကင်မရာလွယ်၍ ထသွား

လေသည်။ ဒီတော့မှ ထူးက ပေါ်လာ့လက်ကို ဖမ်းဆွဲပြီး . . .

"တော်တော့၊ ခုမှလုပ်မနေနဲ့တော့၊ ဒီတစ်ခါသွားရိုက်ရင်

ကောင်မလေး ကိုယ်တုံးလုံး ပါလာလိမ့်မယ်၊ တစ်ရှက်က နှစ်ရှက်

ပါရစေနဲ့ ကိုယ်တော်ရယ် တော်ပါတော့"

"အောင်မာဂွာ၊ မင်းက ငါ့ကို အထင်သေးလို့ ဖယ်ပါ။ ငါ သွားရိုက်ပြမယ်၊ ပေါ်လာတို့က ခတ်ပုံချောင်းရိုက်တာ မိလို့ အရိုက် ခံရတာမှ အရိုက်ခံရရော၊ ဒီလိုတော့ အပြောမခံနိုင်ဘူး၊ သိတယ် မဟုတ်လား ပေါ်လာတဲ့"

ပေါ်လာ့စကားကြောင့် ထူးက ရယ်သည်။

"ဟုတ်ပါတယ် ကိုပေါ်လာရယ်၊ ကိုပေါ်လာ့အကြောင်း သိပ် သိပါတယ်၊ တခြားလူမပြောနဲ့ ခုကျွန်တော့်ကောင်မလေးတောင် ပေါ်လာနဲ့တွေ့တော့ အကုန်လုံး ပေါ်လာတော့မလို့ သီသီကလေး လိုတော့တယ်မဟုတ်လား"

ထူးပြောပုံကြောင့် ပေါ်လာပင် မခံချင်ရာက ရယ်မိသည်။ ထူးက ပေါ်လာ့လက်ကိုဆွဲ၍ ခုံတွင်အတင်းထိုင်ခိုင်းပြီး . . .

"အလကား ပြောတာပါကွာ၊ မလုပ်ပါနဲ့တော့၊ ငါ့မှာ နောက် ထပ် အကြံတစ်ခုရှိပါသေးတယ်၊ ဒီမအောင်မြင်ခဲ့တဲ့ စီမံကိန်း တော့ ထပ်မလုပ်ချင်တော့ဘူး၊ ညနေကျရင်သာ အောက်စက်တော် ရာနားမှာ မယောင်မလည်စောင့်နေ ငါတို့လာခဲ့မယ်၊ အဲဒီတော့ မင်းပြောသလိုပဲ ပေါ်တင်ကြီးရိုက်ပေတော့၊ အဲဒီမှာမှ မလု တော့ မင်းနဲ့ငါနဲ့ အသိပဲ"

"စိတ်ချ မင်းလိုချင်တဲ့ပုံမျိုးဖြစ်အောင် ငါရိုက်ပေးမယ် ပုံရရင် မင်းငါ့ကို ဘာကျွေးမလဲ"

"ကျွေးမယ်၊ မင်းဘာမှမပူနဲ့ ဂေါပကရုံးခန်းနောက်ဘက် ဝါးထရံတွေနဲ့ကာပြီး မင်းစားဖို့ တစ်ပုံကြီး လှောင်ထားတာ ရှိတယ်"

"ဟာ . . . မင်းမေ"



ထူးက အားရပါးရ ထရယ်၏။ သူပြောတဲ့နေရာမှာ အများ အိမ်သာများဖြစ်သည်။

ထိုစဉ်က များစွာပျော်စရာ ကောင်းခဲ့၏။

* * *

"တို့နဲ့ လျှောက်လည်ဖို့ ထွက်လာတော့ နွေဦးမာမီက ဘာ သေးလဲ"

နေကျပြီဖြစ်သဖြင့် ပွဲဈေးတန်းတစ်လျှောက်လုံး အေးဆေး သည်။ နွေဦးဆွေက အထက်စက်တော်ရာတောင်ပေါ်သို့ ကြည့်ရင်း . . .

"ဘာမှ မပြောပါဘူး၊ ဘာပြောရမှာမို့လို့လဲ"

"ဪ . . . သူတို့နဲ့ပဲ သွားဖို့ မပြောဘူးလား"

"ပြောပါဘူး၊ ခုချိန်ဆို မာမီတို့က တောင်ပေါ်ရောက်နေရော သူတို့က အပေါ်မှာ အကြာကြီး ပုတီးစိပ်တရားထိုင်လုပ်ဦး ညဆယ်နာရီလောက်မှ ပြန်လာမှာတဲ့"

"နွေဦးဒက်ဒီရော ပါသွားလား"

"ဟင် . . . ဘယ်မှာ နွေဦးဒက်ဒီပါလို့လဲ၊ ရန်ကုန်ထဲက ပါဘူး၊ နွေဦးဒက်ဒီက မရှိတော့ဘူး၊ နွေဦးလေးငါးခြောက် မ်းကတည်းက ဆုံးသွားတာ"

"အို . . . ကိုယ်က နွေဦးတို့နဲ့ ကားပေါ်ဆင်းတော့ တွေ့ တဲ့လူကို နွေဦးဒက်ဒီမှတ်လို့၊ စောစောကတောင် တဲပေါ်မှာ သေးတယ်လေ"

"မဟုတ်ပါဘူး၊ နွေဦးအနန်ကယ်ပါ၊ အနန်ကယ်ဦးတင်ဓော
မကွေးကောလိပ်က ဌာနမှူး"

"သြော် . . ."

မူလအစီအစဉ်က ရှင်ရှင်ပျော်ပျော် စကားဝိုင်းလေးဓာ
အဖြစ်ပြောရန် ရည်ရွယ်လိုက်သော်လည်း အခြေအနေတစ်မျိုး
သွားသဖြင့် ထူးက သြော် . . . ဟုသာဆိုပြီး ဒီစကားဆက်မ
တော့။

ရုတ်တရက် ဘယ်အကြောင်းအရာကို လွှဲပြောရမည်
လည်း မသိသဖြင့် နောက်ဘက်တွင် ကျော်သူလတ်တို့နှင့်ချန်
တမင် သူတို့ကို လူစုခွဲပေးလိုက်သော မဝေဘက် လှမ်းကြည့်သ
သူကြည့်သည်ကို ဘယ်လိုထင်သွားလည်း မသိ။ နွေဦးဆွေ
ကောက်ကာငင်ကာနှင့် . . .

"သူနဲ့ မဝေတို့ စိတ်ကောက်နေကြလား"

"ဟင် . . . နွေဦး ဘာမေးတာလဲ"

"မဟုတ်ဘူးလေ . . . ထူးက နွေဦးနဲ့ စကားပြောနေ
မဝေက တစ်မျိုးထင်မှာပေါ့ . . . ဘယ်ကောင်းမလဲ"

တစ်မျိုးထင်ပြီဆိုတာလည်း သဘောပေါက်လိုက်သည်

"ဟာ . . . မဝေနဲ့တို့ သူငယ်ချင်းတွေပါ၊ ဟိုနှစ်ယော
သာ အတွဲပါ၊ တို့နဲ့မဝေက ရိုးရိုးသားသားခင်တာ၊ ခုလည်း မ
တမင်နောက်ချန်နေခဲ့တာ"

"ဘာဖြစ်လို့လဲ"

"တို့နဲ့နွေဦး စကားလွတ်လွတ်လပ်လပ်မပြောရအောင်

"အို . . . ဘာဆိုင်လို့လဲ"



ထူးက တမင် အရဲစွန့်ပြောချလိုက်သဖြင့် နွေဦးဆွေ၏
နှာလေး ရဲခနဲဖြစ်သည်။ သို့သော် အပြုံးလေး ယောင်ယောင်
တော့ လှစ်ခနဲ မြင်လိုက်ရ၏။

"မဟုတ်ဘူးလေ . . . နွေဦးနဲ့ ကိုယ်နဲ့က ခုမှတွေ့တဲ့ သူငယ်
ချင်း မဝေနဲ့က သူငယ်ချင်းဖြစ်တာ ကြာလှပြီ၊ အဲဒီတော့ မဝေနဲ့က
စကားပြောစရာ သိပ်မရှိတော့ဘူး၊ နွေဦးနဲ့မှ စကားပြောစရာတွေ
အများကြီးရှိနေတာကိုး"

"သွားပါ . . . သိပ်လည်တာပဲ"

မျက်စောင်းလေး တစ်ချက် ဝေ့ခနဲ ရောက်လာသည်။ ထူး
ထဲတွင် ဝမ်းသာလုံးကြီးတစ်လုံး ဒိန်းခနဲ တက်လာ၏။

ဘာပြောပြော တစ်ကွက်တော့ အဆင်ချောသွားပေပြီ။

## (၂)

"ရော့ . . . ဟော့ကောင် . . ဒီမှာ"

ပေါ်လာ့အသံက တော်တော်လေး မာမာထန်ထန် ဖြစ်
သဖြင့် ဓာတ်ပုံတွေကတော့ အတော်ကောင်းနေပြီဟု ဝမ်းသာ
သည်။

"ပြစမ်းပါဦး ကြည့်ရအောင် . . . လှတော့ လှမှပါကွာ၊
က လှပြီးသားပဲဟာ၊ တော်ရုံ ဓာတ်ပုံဆရာ ဖွတ်ချီးရိုက်ရင်
အရမ်းလှမယ့်ဥစ္စာ"

"ဟာ . . . ခွေးမသား . . . ကျေးဇူးရှင်ကို ကျေးစွတ်

ပေါ်လာ့ ပျစ်ပျစ်နှစ်နှစ်စကားကို ရယ်၍သာ နား
သည်။ ခုချိန်မှာ ပေါ်လာပြောချင်သည့်စကား ပြောပါစေ
သူ ခေါင်းငုံ့ခံဖို့သာ ရှိတော့သည်။ စာအိတ်ထဲမှ ဓာတ်ပုံများ
လည်း ကြည့်ချင်လှပြီဖြစ်၏။

အိတ်ထဲမှ ဓာတ်ပုံများကို ဆွဲထုတ်လိုက်သည်။ ဓာတ်ပုံ



လက်ထဲပါလာသည်။ ဓာတ်ပုံမကြည့်ခင် ခေါင်းထဲအတွေး
စ်ခု ဝင်လာသည်။

အမှန်တော့ ပေါ်လာဆဲလည်း ဆဲချင်စရာပင်။ ဒီဓာတ်ပုံ
ရဖို့ ဖြစ်လာသည့်ကိစ္စတွင် ပေါ်လာတို့ မဝေတို့ ကျေးဇူးတွေ
များကြီးပါသည်။ သူ့အစွမ်း သူ့အစနှင့်ဆိုလျှင် ဒီလောက်
လာလိမ့်မည်မဟုတ်။

ညနေက အဖြစ်အပျက်လေးခေါင်းထဲ ရောက်လာ၏။

သုံးယောက်သား အထူးတံတားပေါ် ရောက်သောအခါ
ဝေက အစပျိုးပေးသည်။

"အမှတ်တရ ဓာတ်ပုံရိုက်ရရင် ကောင်းမယ်နော် နွေဦး"

"အင်း . . . ရိုက်ရအောင် မဝေ၊ ဓာတ်ပုံဆရာ တစ်ယောက်
ောက် ခေါ်လိုက်ပါလား"

သူလိုချင်သည့် အကွက်ထဲ ဝင်လာပြီ ဖြစ်သဖြင့် ထူးရင်ထဲ
ျာ်သွားသည်။

"နွေဦး . . . တို့သူငယ်ချင်း ဓာတ်ပုံဆရာ ရှိတယ်၊ ခေါ်ပေး
ယ်၊ မဝေနဲ့နွေဦးတို့ စိတ်တိုင်းကျ ရိုက်လို့ရတာပေါ့"

ထူးက သူ့ကိုယ်သူ တာမင်ချန်၍ ပြောလိုက်သည်။

"ဒါဖြင့် . . . သွားခေါ် လိုက်လေဟာ"

မဝေစကားကြောင့် ထူးက သူတို့ကို ခဏစောင့်ရန် မှာပြီး
ါလာ့ဆီ ပြေးရသည်။ ပေါ်လာက တင်မရာလွှယ်၍ အခင်သင့်

စောင့်နေရာက . . .

"ဘယ်လိုလဲ . . . အိုကေလား"

"အိုကေတယ် ဟော့ကောင် . . . ငါပြောထားခဲ့ပြီ၊ တွ

တည်းလိုက်ခဲ့"

ပေါ်လာက ခပ်သွက်သွက်ပင် ထလိုက်လာခဲ့၏။

"ကဲ . . . ဘယ်နားမှာ ရိုက်ကြမလဲ"

ထူးအမေးကို မဝေနှင့်နွေဦးတို့က မဖြေမီ ပေါ်လာက ထ

. . .

"လာ . . . လာ . . . ဟိုဘက်နားမှာ ရှုခင်းကောင်းတ

ရော့ . . . ထူး မင်းက ဒါကိုင်ထား"

ပြောပြောဆိုဆိုနှင့် . . . ပေါ်လာက အောက်စက်တော်

အလွှန် ရေနက်သည့် အန္တရာယ်ဟု ရေးထားသော ကျောက်တုံး

၏ ဟိုဘက်ကို လက်ညှိုးညွှန်၍ ဓာတ်ပုံရိုက်သည့်အခါ နေရော

အလင်းပြန်ထိုးသည့် ရောင်ပြန်ပြားကြီးကိုလည်း သူ့ဆီလှမ်း

သည်။

ထိုနောက် နွေဦးဆွေတို့ဘက်လှည့်၍ . . .

"အဝတ်အစား လဲဦးမလား"

နွေဦးဆွေနှင့် မဝေတို့က ရှက်ရယ်ရယ်သည်။ ခေါင်း

လည်း ငြိုင်တူခါ၍ . . .

"ဟင့်အင်း . . မလဲတော့ပါဘူး . . . ဒီအတိုင်းပဲ ရိုက်မ

"ဒီအတိုင်းတော့ မရိုက်ပါနဲ့၊ အမှတ်တရရိုက်တာပဲ ဟိုပု

လေးတွေ ဆွဲပါလား၊ ပိုကောင်းတာပေါ့"

ပေါ်လာပြောသည့်နေရာတွင် ခရုပုတီးလေးများ ရော



ဆိုင်ရှိသည်။ နွေဦးဆွေတို့ နှစ်ယောက်စလုံး သဘောကျသွား

ဖြင့် ပြုံးကာ . . .

"ဟာ . . . ဟုတ်တယ်၊ အဲဒါလေးတွေ ဝယ်ရမယ်"

နွေဦးဆွေ၏ စကားအဆုံး ပေါ်လာက ထူးဘက်လှည့်၍

. . .

"ထူး . . . လိုက်ဝယ်ပေးလိုက်ပါလား"

ဤသို့ဖြင့် ရိုးရိုးဓာတ်ပုံရိုက်ရန် ကြံစည်ထားတာကနေ

ကက်ထပ် အဆင့်လေးတစ်ဆင့် တက်သွား၏။ ခရုပုတီးဆိုင်တွင်း

က်သောအခါ ထူးက သူ့စိတ်ကြိုက် ပုတီးလေးနှစ်ကုံးရွေးသည်။

ကြီးကြီးနှင့် လုပ်ထားသော ပုတီးလေးများ ဖြစ်သည်။

"ရော . . . နွေဦး . . . ဒီနှစ်ခုလုံးဆွဲ"

နွေဦးက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ မဝေကလည်း

က်မှောင်ကြုတ်ကြည့်၍ . . .

"ဟဲ့ . . . ငါ့ဖို့ရော"

ထူးက ရယ်သည်။

"မဝေကြိုက်တာရွေးလေ . . . ငါ ပိုက်ဆံပေးလိုက်ပါ့မယ်"

မဝေ၏မျက်စောင်းတစ်ခု သူ့ထံ ဒိုင်းခနဲရောက်၏။ နွေဦး

မျက်နှာတွင် ပန်းရောင်နုနုလေး ရိပ်ခနဲ ပြေးသည်။

"ဟင်း . . . အကောင် . . . မျက်နှာလိုက်တယ်"

မဝေ၏ဆူဆူအောင့်အောင့် အသံလေးကို နားဝင်ချိုစွာ

ကြားလိုက်ရ၏။

"ဟ . . . ရေရေလည်လည် ‌ကောင်းပါလား"

ထူးပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။ တကယ်ထ
နွေဦးဆွေ ဓာတ်ပုံလေးမှာ အရမ်းလှနေသည်။ အံ့လည်း အံ့ဩ
၏။

ပေါ်လာဓာတ်ပုံပညာကိုလည်း အလွန်သဘောကျ
သည်။

သူတွေ့လိုက်သော ဓာတ်ပုံသည် နွေဦးဆွေတစ်ယော
တည်း ဖြစ်နေသောကြောင့်ပင်။ ညနေက ရိုက်ခဲ့သော ဓာတ်ပုံ
နွေဦးဆွေတစ်ယောက်တည်းပုံ မပါခဲ့။ ထူးက ရောင်ပြန်ပြားကို
ပြီး အားရပါးရကြည့်နေသဖြင့် သူတစ်ယောက်တည်း ရိုက်
ရှက်နေသည်ထင်သည်။ တစ်ယောက်တည်းပုံ မရိုက်ဘဲ မဝေ
သာ တွဲရိုက်သည်။ ထို့ကြောင့် စုစုပေါင်း သုံးပုံရိုက်ခဲ့ရာတွင် မဝေ
နှစ်ယောက်တွဲပုံများသာ ဖြစ်၏။ ထူးကတော့ အလိုက်တသိ
ဝင်ကိုမရိုက်။

ခုတွေ့ရသည့် ပုံကျတော့ နွေဦးဆွေ တစ်ယောက်တည်
တစ်ယောက်တည်းပုံ ရဖို့ကတော့ ဘာမှခက်လှသည်မဟုတ်
နဂိုတစ်ဖလင်မှနေ၍ မဝေပုံကိုပိတ်ပြီး ကွက်ကူးလျှင် ရနိုင်သ
သာ။ သို့သော် နှစ်ယောက်တွဲ တစ်ကိုယ်လုံးပြည့်ပုံမှ မျက်နှာတစ်
တည်း ကွက်ကူးသည့်ကိစ္စမှာ တစ်ယောက်တည်း ရိုက်ထားသ
ပီပီသသ ကြည်ကြည်လင်လင် ဖြစ်ဖို့မလွယ်။

ခုပုံက အတော် ပြတ်ပြတ်သားသားနှင့် ကြည်ကြည်လင်
ရှိ၏။ ပုံကူးစက္ကူ၏ ဘေးသားများကို အဖြူချန်ပြီး အလယ်တွ



ဦးဆွေ၏ မျက်နှာကလေးတစ်ခုသာ ကွက်ကွက်လေးကူးထား
ပြင့် ပုံလေးက ပိုလှနေသည်။

"ဟော့ကောင် . . . ဒီပုံကို နှစ်ပုံမကူးဘူးလား"

ပေါ်လာ့ကို လှမ်းမေးရင်း ပုံများကို ကပျာကယာဖယ်၍
သည်။ နှစ်ယောက်တွဲပုံများအောက်တွင် နောက်ထပ်ဒါမျိုးလေး
င်ပုံ။

"ငါ . . . ဒီလောက်မအပါဘူး ထူးရာ၊ မင်းဘာလုပ်ချင်
ယ်ဆိုတာ ငါသိပါတယ်"

ထူးက တောင်းပန်ရယ် ရယ်သည်။ စိတ်ထဲကနေ၍
ါလာ့ကို ဦးသုံးကြိမ် ချလိုက်မိ၏။

## (၃)

“နွေဦးတို့က သဘက်ခါမှပြန်မှာတဲ့ . . . ထူးရ”

တန်ဆောင်းထဲမှ ခေါင်းလျှောင်းသံနှင့်အတူ မဝေ၏အ
ကို ကြားရသည်။

“ဟုတ်တယ် မဝေ၊ တို့ကိုလည်း ပြောသွားတယ်၊ သူတို့
အတူတူ ပြန်ချင်ပြန်ပါလားတဲ့၊ သူတို့ကားက အကျယ်ကြီး လူလည်
ချောင်တယ် . . . တဲ့”

“ဘာလဲ . . . မင်းကပါ အတူတူပြန်ချင်နေလို့လား”

ကျော်သူလတ်က ရယ်သံဖြင့် ဝင်မေးသည်။ ထူးခေါင်း
တွင် အလုပ်များသွား၏။ သူက ပြန်ချင်သည်ဆိုလျှင်တော
ကျော်သူလတ်တို့က ဘာပဲဖြစ်ဖြစ် တစ်ရက်ဆိုင်းပြီးနေဖို့ ဝန်ဃေ
မည်မဟုတ်။

သူနှင့်ကျော်သူလတ်က ယောက်ျားလေးတွေမို့ ဘာ
အကြောင်းမဟုတ်သော်လည်း မေနှင်းခိုင်နှင့်မဝေတို့အိမ်ကို ပြော



ည့် ရက်အတိုင်း ပြန်ရောက်ဖို့လိုသည်။ မူလအစီအစဉ်က
ဒို့ရွှေစက်တော်မှာ နှစ်ညအိပ်မနေ့။ မကွေးကို အစောကြီး ထပြန်။
ကွေးမှနေ၍ နံနက်စောစောကားဖြင့် ပုဂံ၊ ညောင်ဦး၊ ပုပ္ပားဘက်
ည် နောက်နေ့ ချောက်ကိုကားပြန်စီး၊ ချောက်မှနေ၍ ညနေ
သတ်သားပြန်စီးလျှင် ရန်ကုန်ကို နောက်နေ့မနက်ရောက်မည်။
အစီအစဉ်က ကွက်တိ။

သူတို့ ရွှေစက်တော်မှာ တစ်ညထပ်အိပ်ခြင်းဖြင့် ပုဂံ-
ညောင်ဦးခရီးသည် အလိုလိုဖျက်ပြီး ဖြစ်သွားပေလိမ့်မည်။ မူလ
အစီအစဉ်၌ပင် သွားဖို့လာဖို့ ကားအစီအစဉ် ကွက်တိဝင်ပါမှ
ကိုးလိုးကန့်လန့် ဖြစ်ဦးမည်။

သူ့အတွက်ကြောင့် ဤမျှတကူးတကန့် ကြိုးပမ်း၍ ထွက်
ခဲ့သောခရီးတွင် ခရီးစဉ်တချို့ကို ချန်မပစ်ချင်ခဲ့။

“မင်းနေချင်ရင် တစ်ရက်ထပ်နေပေါ့ကွာ၊ ပုဂံသွားအစီ
အစဉ် ဖျက်လိုက်ပေါ့”

ထူး ကပျာကယာခေါင်းခါသည်။ ရင်ထဲက ဆုံးဖြတ်ချက်ကို
ခိုင်အမာပြုလိုက်၏။

“ဟာ . . . မဖျက်ပါဘူး၊ လုပ်မနေနဲ့၊ မနက်ပဲ တို့ပြန်မယ်၊
ဒီတိစ္စက အရေးမကြီးပါဘူး၊ ပုဂံဘက်က ရောက်ခဲ့တယ်”

သူ့စကားကို ကျော်သူလတ်က ရယ်သည်။

“မင်းကြိုက်တဲ့ ကောင်မလေးကလည်း တွေ့ခဲ့ပါတယ်ကွာ၊
စ်သက်လုံးမှာမှ တစ်ခါရတဲ့အခွင့်အရေးလေး လက်လွတ်သွား
ခဲ့မယ်”

ကျော်သူလတ်နှင့်မေနှင်းခိုင်စကားကြောင့် ထူးက ဟက်

ဟက်ပက်ပက် ရယ်လိုက်သည်။ ပြီးမှ ခေါင်းကိုခါယမ်း၍ . . .

"လက်မလွှတ်ပါဘူးကွာ၊ ခုတွေ့ပြီး နှစ်ယောက်သား တ
ယောက်တစ်နယ်စီ ပြန်ကြမှာမှမဟုတ်ဘဲ၊ ရန်ကုန်မှာ ပြန်ဆုံလို့
တယ်၊ ရာဇူးနဲ့ အက်ဂျူကေးရှင်း ဘာများဝေးတာမှတ်လို့"

"အမယ် . . . ဒါဖြင့် တော်က ကကယ်ဆုံးဖြတ်လိုက်ပြီပေ

"ဒါပေါ့"

မဝေစကားကို သူက ခေါင်းညိတ်ဖြေသည်။

"မဟုတ်ဘူးလေ၊ တို့ပြောတာက နွေဦးကို နင်တကယ်ချ
တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီပေါ့လို့ မေးတာ"

"အေးပါ . . . ငါလည်း ဒါဖြေတာပါပဲ"

"ဟုတ်ရဲ့လား ထူးရယ်၊ နင့်ဟာက မြန်မယ့်မြန်တော့လည်း
မြန်လှချည်လား"

သူက ရယ်သည်။

"မြန်တာမှ တော်ရုံမြန်တာမဟုတ်ဘူး မဝေရ၊ ငါဆုံးဖြ
ပြီးပြီ၊ ဆုံးဖြတ်ပြီးတာမှ နည်းနည်းနောနောတောင် မဟုတ်ဘူ
ငါ သူ့ကိုဖွင့်ပြောပြီးပြီ"

"ဟောတော့ . ."

သုံးယောက်လုံးက ထူးကို တအံ့တဩလှမ်းကြည့်၏။

ထူးက အောင်မြင်စွာ ပြုံးလိုက်သည်။

အထက်စက်တော်ရာကို ဦးချပြီးသည်နှင့် တန်ဆော



ဘယ်လက်ရန်းများရှိသည့်နေရာသို့ လျှောက်လာကြသည်။

ထိုနေရာမှငုံ့ကြည့်လျှင် အောက်စက်တော်ရာနှင့် ပွဲဈေးခင်း
လုံးကို အပေါ်မှစီး၍ မြင်နေရသည်။ အမိုးများသာ မြင်နေ
ည့် တဲတန်းကြီးများသည် မီးလုံးမီးချောင်းရောင်များဖြင့် ထိန်
 င်းနေသည်။

တဲတန်းကြီးများ၏ အနောက်ဘက်တွင် မန်းချောင်း။ မန်း
င်းရေသည် လရောင်နှင့် မီးရောင်များဖြင့် တလက်လက်ပြေး
။ အထူးတံတားကလည်း တံတားအလယ်တွင် ထွန်းထားသော
ကြောင့် အနက်ခံရေပြင်တွင် ဖွေးနေသည်။

မန်းချောင်း အနောက်ဘက်ကမ်းတွင်လည်း အထူးတံတား
၍ တောင်ဘက် အောက်စက်တော်ရာအထိ ဈေးတန်းကြီး၊
း၏မြောက်ဘက်ထိပ်တွင်မူ ဂေါပကတဲတန်း။

ရင်ထဲမှာ လှိုက်ခနဲဖိုသည်။

တောင်ပေါ်မို့ တဟူးဟူးတိုက်နေသော လေထဲတွင် စိတ်များ
ခနဲ လွင့်သည်။

ညနေက ဖြစ်ရပ်များ . . .။

ဒုံးဆစ်ရကျော်ကျော်လောက်ရောက်သည်နှင့် ရေနက်ဘက်
င်ဝင်ထိုးချလိုက်သည်။

အေးမြကြည်လင်သော မန်းချောင်းရေကြောင့် တစ်နေ့လုံး
သားသည့်အမောတို့ ပြေသွားသလို ခံစားရသည်။

တံတားမြောက်ဘက်နှင့် မှိုင်းစာ၍ နက်သည်ဟု ပြော ရသော်လည်း အနက်ဆုံးနေရာမှ ရေက ရင်ဆို့လောက်သာရှိ ကူးရတာ စိတ်ချလက်ချနှင့် ပျော်စရာကောင်းလှ၏။

ချောင်းထဲတွင်လည်း သူ့လိုပင် မကူးတတ် ကူးတ ဝုန်းဒိုင်းကြနေသော လူများကလည်း မနည်း။

ဒီအချိန်ရေချိုးလို့ အကောင်းဆုံးအချိန်မို့ ချောင်းတစ် ရေချိုးသူများနှင့် ဖွေးဖွေးလှုပ်နေသည်။ တဝုန်းဝုန်း ရေသံမျ လည်း ဆူညံနေသည်။

အချင်းချင်း ရေပက်စကြသူများ၊ ရေထဲ ဝုန်းခနဲ ခုန် ဝုန်းဒိုင်းဝုန်းဒိုင်း လက်ယက်ခြေယက် ယက်ကန်ယက်ကန် လု ရေထဲမြုပ်သွားသဖြင့် ဝူးဝါးအော်ကာ ပြန်ထလာသူများ စုံနေ လည်း ဘယ်လိုကူးကူး၊ ဘယ်လိုမြုပ်မြုပ် တစ်စက်မျှ အန္တရာ သဖြင့် အပျော်မှအပ ဘာမှမရှိ။

တချို့ကလည်း ဈေးတန်းများမှ ငှားလာသည့် လေ မော်တော်ကားကျွတ် အဝိုင်းကြီးကြီးများကို ဖောလုပ်ပြီး စီ သည်။ စီးနေရာက မနေတတ်သဖြင့် ချာလပတ်လည်ပြီး မြုပ် လိုက်၊ ဟေးဝါးအော်လိုက်နှင့် ဟာန်ကျနေကြသည်။

"ထူး . . . ဟိုမှာ . . . မင်းကောင်မလေး"

နှစ်ယောက်သား တံတားဘက် ကူးသွားကြရင်း ကျော် လတ်က လှမ်းပြောသည်။ ထူးရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

ထို့ကြောင့် လက်ပစ်ကူးနေရာမှ ခွေးကူးပြောင်းကူး ကျော်သူလတ် မေးဖြင့်ဆတ်ပြသည့်နေရာကို လှမ်းကြည့်သည

အလဲ့ . . . ဟိုအဖွဲ့ကလည်း ဟာန်ကျနေ၏။



ရေပြင်နှင့် တံတားကြား တစ်ထွာလောက် လွတ်နေသော ကွင်းမှနေ၍ တံတားတစ်ဘက်တွင် ပျော်မြူးနေသော နွေဦး မေနှင်းခိုင်နှင့် မဝေတို့ကို မြင်ရသည်။

ဘယ်ကနေဘယ်လို ရထားမှန်းမသိသော ကားကျွတ်ဖော ဘစ်လုံးလည်း သူတို့နှင့်အတူ တွေ့ရသည်။ သူတို့ကတော့ ော်သူလတ်နှင့် ထူးတို့ကို မြင်ပုံမရ။ သုံးယောက်သား ဖော ကွင်းနှင့် ဟာန်ကျနေကြသည်။

"ခုနေ . . . ဒီသုံးယောက် ရေစုန်မှာ ဒိုင်ဗင်ထိုးရင်တော့ ဘာပဲကွ"

ကျော်သူလတ်က အားရပါးရ လေသံကြီးဖြင့် ပြောသည်။ ျက်စောင်းလှမ်းထိုးလိုက်၏။ ရေထဲမှာ ခွေးကူးနှင့် ယက်နေရ ြင့် စကားတော့ ပြန်မပြောရဲ၊ ပါးစပ်ထဲ ရေအလုံးလိုက် ဝင်လာ သည်။

"ဟာ . . . ငြိမ်ငြိမ်နေစမ်းပါ၊ ဟိုမှာ . . . ဟိုနှစ်ယောက်က င်ထိုးတော့မယ်"

ကျော်သူလတ်က တက်တက်ကြွကြွကြီး ပြောနေသဖြင့် ထူး ထဲ မတ်တတ်ထရပ်လိုက်ပြီး ကျော်သူလတ်ကို ပခုံးကိုဆွဲလှည့် ည်။

"သူ့ဟာသူ နေစမ်းပါစေကွာ၊ သွားမကြည့်ပါနဲ့"

"ဟ . . . ကြုံရခဲတယ်ကွ"

"မင်းကြီးဒေါ်ကြီး ကြုံရခဲပါလား"

စိတ်ပေါက်ပေါက်နှင့် ပြောချလိုက်သည်။ ပြောသာပြောရ ည် ဒါမျိုးကတော့ ကြုံရခဲဘိခြင်း။ ချောင်းထဲမှာ ရေချိုးလျှင်

ယောက်ျားလေးများအတွက် ကုသိုလ်က အမျိုးမျိုးကောင်းနိုင်သည်

မနက်က နွေဦးဆွေလုပ်သလို ရေဆန်ကို လက်လွတ်စပယ် ဒိုင်ဗင်ထိုးချလျှင် အပေါ်စလွတ်တတ်သည်။ အဲ . . . ရေစုန် ဘာမှန်းမသိ ညာမှန်းမသိ ဒိုင်ဗင်ထိုးလျှင်တော့ ရေစီးကထဘ ကွင်းလိုက် သယ်သွားနိုင်သဖြင့် . . . အင်း . . . တပြုံတမ ကံကောင်းနိုင်သည်။

သို့သော် . . . ဒိုင်ဗင်ထိုးမည့်သူများက နွေဦးဆွေ မနှင်းခိုင်တို့ ဖြစ်နေသဖြင့် သူများပစ္စည်းလည်း ကိုယ်မကြည့် ကိုယ့်ပစ္စည်းလည်း သူများမသဒ္ဒါနိုင်။ ထို့ကြောင့် ကျော်သူလတ် ဆွဲ၍ . . .

"လာ . . လာ . . ပေ့ကောင် . . ဟိုဘက်ပြန်ကူး"

သူ့အတင်းဆွဲမှ ကျော်သူလတ် ကန့်လန့်ကန့်လန့်နှင့် ပြန် လာသည်။

ဒီနေရာမျိုးမှာ ဝါသနာသာ ပါပါက အတော်ဟန်ကျ မည်။ ကမ်းစပ်တစ်နေရာကသာ ထိုင်ကြည့်၊ နွေခေါင်ခေါင် ခဏခဏ ဝင်းခနဲ ဝင်းခနဲ လျှပ်စီးများစွာ လက်တတ်၏။

သူတို့နှစ်ယောက်စလုံး ရေထဲမှာ အတော်အေးပြီး နှုတ် များ ပြာလာမှ ရေထဲက တက်ကြသည်။

နှစ်ယောက်သား အဝတ်အစားလဲဝတ်ပြီး တဲဆီသို့ပြန် သောအခါ အခန်းထဲတွင် ဘယ်လိုကနေဘယ်လို အဖွဲ့ကျ



သည်မသိ။ သုံးယောက်သား ဖြီးကြလိမ်းကြ၊ ပြင်ကြဆင်ကြနှင့် တော်ဟန်ကျနေကြပြီ။

"ဟဲ့ . . . ဘယ်လိုဖြစ်လာကြတာလဲ"

ထူးတို့နှစ်ယောက်စလုံး အဝတ်ခြောက်များလဲပြီးသည့်တိုင် း်နေကြသေး၍ ကိုယ်ကိုကျုံ့ပြီး ခိုက်ခိုက်တုန်နေကြသည်။

"ချမ်းလို့"

မဝေအမေးကို ကျော်သူလတ်က အသံတုန်တုန်ဖြင့် ပြန်ဖြေ သည်။

မနှင်းခိုင်က ဆံပင်စိုများကို ဘီးဖြင့်သပ်ချရင်း . . .

"ချမ်းမှာပေါ့ . . သူများလို တော်ရုံချိုးတာမှ မဟုတ်ဘဲ၊ ထဲ ဒီလောက်အကြာကြီး စိမ်နေတာကိုး"

"ကြည့်လို့ကောင်းတယ် မနှင်းရ"

"ဘာ . . ."

"ဟာ . . . မဟုတ်ဘူး၊ ချိုးလို့ ကောင်းတယ်လို့ ပြောတာပါ"

ကျော်သူလတ်စကားကြောင့် မနှင်းခိုင် ကျုံ့ကျုံ့ထိုင်နေ မှ ဝုန်းခနဲဒူးတုပ် ထထိုင်သည်။

"ကိုလတ် . . . မှန်မှန်ပြောစမ်း၊ ရေထဲမှာ ဘာတွေလိုက် ည့်နေလဲ"

"ဒိုင်ဗင်လေ"

"ဘာ . . ."

"မဟုတ်ပါဘူး . . . ဟိုကောင်ထူး၊ ရေထဲကို ဒိုင်ဗင်ထိုးတာ ည့်ကောင်းလို့ ကြည့်နေတာလို့ ပြောတာ"

"ဘာထူးလဲ . . . ကိုလတ်နော် သတိထား၊ အကျင့်မယုတ်နဲ့

ဒီမှာ တွေ့လား"

မနှင်းခိုင်က လက်ထဲမှ ကိုယ်လိမ်းပေါင်ဒါ ဘူးရှည်... ထောင်ပြရင်း လှမ်းပေါက်ရန် ရွယ်သည်။

ထူးက နွေဦးဆွေကို လှမ်းကြည့်လိုက်သည်။

နွေဦးဆွေက ထူးကိုကြည့်နေရာမှ ဖျတ်ခနဲ မျက်နှာလွှဲ... ပြုံး၏။

ထူးကျေနပ်သွားသည်။ ဒီလိုမျိုးခိုးကြည့်တာကို သူမိ... နှစ်ခါရှိပြီဖြစ်၏။

ဒီနေရာမှာ မျက်စိက မျက်နှာလိုက်သည်ဟုတော့ ဆို... သည်။ အာတူတူ ဖြီးလိမ်းပြင်ဆင်ပြီး ဆင်းလာကြပါလျက်၊ အလှ... ပစ္စည်းများကို သမဂ္ဂါယမစနစ်နှင့် ဝိုင်းဖွဲ့သုံးစွဲလာခဲ့ပါလျက် ထူး... မျက်စိထဲတွင် နွေဦးဆွေမှာ အလှဆုံးဖြစ်နေသည်။

"ချမ်းသေးလား"

"ဟင့်အင်း . . . နွေဦးမျက်နှာ မြင်လိုက်တာနဲ့ နွေးသွား...

"ကြည့်ပါလား . . . ဒီက အကောင်းမေးတဲ့ဥစ္စာ"

နွေဦးမျက်နှာပေါ်မှာ ပန်းရောင် လျှပ်စီးကလေးကို ရင်... စွာ ခံစားလိုက်ရသည်။

"ဒီကလည်း အကောင်းဖြေတာပါ နွေဦးရဲ့ . . . တက... နွေးလို့ နွေးတယ် ပြောတဲ့ဥစ္စာ"

"အဟမ်း . . . မဝေရ . . . ဒီရေအိုးနားမှာ ချွဲတဲ့ချွဲ...



...ယ်က ပက်ကျိ ရောက်နေလဲ မသိဘူး"

တဲထဲမှ ကျော်သူလတ်၏အသံပြဲကြီး ပေါ်လာသည်။

...ဦးဆွေက ခစ်ခနဲရယ်၏။ မဝေက ရယ်ပြီး . . .

"သရော်ပုံပေါ် တက်နင်းလာတဲ့ ပက်ကျိလေ"

"ကောင်းတယ်"

မဝေစကားအဆုံး နွေဦးဆွေက ထူးကို မျက်စောင်းထိုး၍ ...ာသည်။

ထူးက ရယ်လိုက်ပြီးမှ . . .

"ဩော် . . . နွေဦး . . . ကိုယ်မေ့နေလို့ . . . ဓာတ်ပုံတွေ ...ပြီးပလား"

သူက မေးမေးပြောပြောပင် တဲပေါ် လှမ်းတက်၍ ဓာတ်ပုံ ...ကို သူ့ပခုံးလွယ် သားရေအိတ်ထဲတွင်ရှာသည်။ မဝေက ...မ်း၍ . . .

'နင့်သားရေအိတ်ထဲမှာ ထူး တွေ့လား' ဟု မေးသည်။

သူက 'တွေ့တယ် မဝေ' ဟု ပြန်ဖြေ၍ နွေဦးအတွက် ဖယ် ...ာ ဓာတ်ပုံများကိုယူရင်း ပြန်ဆင်းလာသည်။

နွေဦးဆွေက မျက်နှာတွင် ရှက်ပြုံးတစ်ခုနှင့် ကြိုနေ၏။

"ဘာဖြစ်လို့များ ပုံတစ်ခုတည်း ရွေးကူးထားတာလဲ"

'နွေဦးပုံ လှလှလေးလိုချင်လို့ပေါ့ . . .' ဟု ချွဲမလို့ကြံပြီး ...ထဲက ကျော်သူလတ်နှင့် တဲပြင်မှမဝေတို့ရန် ကြောက်သဖြင့် ...လိုက်ရသည်။

မဝေက သူ့အခက်အခဲကို ရိပ်မိသွားပုံပေါ်သည်။

"ဟဲ့ . . ., ထူး . . . နင်တို့နှစ်ယောက် ပွဲဈေးဘက် လျှောက်

ရင် လျှောက်နှင့်ပါလား၊ တို့ ဖိုးကျော်ကိုစောင့်ပြီး လိုက်ခဲ့မယ်

နွေဦးဆွေက ထူးကို ဖျတ်ခနဲကြည့်သည်။ ထူးက ဘာမှ

သလိုဟန်မျိုးဖြင့် . . .

"ဟုတ်သားပဲ . . . လာလေနွေဦး . . . သွားနှင့်မယ်"

နွေဦးဆွေက ပြုံးစိစိနှင့် ထူးနောက်မှ လိုက်လာသည်။

တန်းအကွေ့လေးရောက်မှ မျက်စောင်းလှလှထိုး၍ . . .

"သွား . . . သူတို့အားလုံး လူလည်တွေချည်းပဲ"

ထူးက ပြုံးသည်။ တို့အုပ်စုတွေက တမင်လည်နေမှန်း

ရက်သားနဲ့ ကိုယ်ကချစ်လို့ ဒီအကွက်မျိုးတွေ တမင်ဖန်တီး

မှန်း သိရက်သားနဲ့ ဘာဖြစ်လို့ လိုက်လာတာလဲ နွေဦးရယ်ဟု

ကတွေးသည်။

ယင်းအတွေး၏ အဖြေသည် ဘဝအတွက် အလွန်ပျော်

ကောင်းသော အဖြေဟုလည်း သူ့ဟာသူ သိလိုက်၏။

သိပ်ပျော်ဇာ ၇ပဲ နွေဦးရယ်။

"ဒါဖြင့် . . . နွေဦး ဓာတ်ပုံတွေ တွေ့ပြီးပြီပေါ့"

"အင်းပေါ့ . . . ခုန မဝေ ပြတယ်"

နှစ်ရက်လုံးလုံး ဖြတ်နင်းလာသည့်အထဲတွင် ယ

သည့် မန်းချောင်းတောင်ပြင်ချောက်စရစ်ခဲများမှာ အရသာ

ဆုံး ဖြစ်သလို ခံစားရသည်။

"နွေဦးပုံလေးက သိပ်လှတာပဲနော်"



"လှပါဘူး"

"တကယ်လှတယ် နွေဦးရဲ့၊ ဒါကြောင့် တို့က . . . နွေဦး

တစ်ယောက်တည်းကို တမင်ရွေးပြီး ကူးခိုင်းလိုက်တာ"

"မဝေကျတော့ ကူးမပေးဘူးလား"

"မဝေနဲ့ နွေဦးနဲ့မှ မတူတာ"

"ဟင်းနော် . . မဝေကြားရင် ဆဲလိမ့်မယ်"

"နွေဦးကြားရင်ရော . . ."

"နွေဦးလည်း ဆဲမှာပဲပေါ့"

"ဘယ်လိုဆဲမှာလဲ သိပ်ချစ်တာပဲ-လို့လား"

"ဟာ . . . ထူးက မကောင်းဘူးကွာ . . . သွား"

နွေဦးဆွေ၏လက်ဝါးလေးတစ်ဖက်နဲ့ သူလက်မောင်းဆီ

ရောက်သည်။

"နွေဦးတစ်ယောက်တည်းပုံ နှစ်ပုံတွေ့တယ် မဟုတ်လား"

"သိဘူး"

"အဲဒါ . . . တစ်ပုံကနွေဦးဖို့ . . . ကျန်တဲ့တစ်ပုံက နွေဦး

စေတနာရှိရင် တို့ကိုလက်ဆောင်ပြန်ပေးဖို့"

"အမယ် . . . မပေးပါဘူး"

တမင်ရွဲ့ပြောနေမှန်း နွေဦးဆွေ၏ အပြုံးကြောင့် သိသာ

သလို . . . အခြေအနေက သူမျှော်လင့်သလိုဖြစ်ဖို့ နီးပြီဖြစ်သဖြင့်

ဘူး . . . ရင်ထဲ တလှပ်လှပ်ဖိုလာသည်။ အခုမှတော့ မထူးတော့

ပြီမို့ အရဲစွန့်တော့ရန် ဆုံးဖြတ်လိုက်သည်။

"တို့တကယ်ပြောတာ နွေဦး၊ အဲဒီပုံလေးတစ်ပုံ တို့ကို

လက်ဆောင်ပြန်ပေးပါ၊ တို့တစ်သက်လုံး သိမ်းထားချင်လို့ပါ"

"ကိုယ့်ဟာကိုယ် ထပ်ကူးပေါ့၊ နဂ္ဂတစ်က သူ့သူငယ်ချင်း မှာပဲဟာ"

ထူးက ရယ်သည်။

"ဒီလို လိုချင်မှတော့ နွေဦးကို ပြောနေတော့မလား နွေဦး ရယ်၊ တို့အစောကြီးတည်းက တစ်ပုံ ယူထားလိုက်ပြီပေါ့၊ ဒါပေ တို့ ဒီလိုမလိုချင်ဘူး၊ နွေဦးကလည်း ကြည်ကြည်ဖြူဖြူပေးမှ ပြီ တို့အတွက်လည်း တစ်ခုခုရေးပေးပြီး လက်မှတ်ထိုးပေးမှ"

"ဟင် . . . အဲ့လိုမပေးချင်ဘူး"

"ဒါပေမဲ့ တို့က အဲလိုပဲလိုချင်တာ"

"ဘာဖြစ်လို့ လိုချင်တာလဲ"

"နွေဦးကိုချစ်လို့ပေါ့"

"အို . . ."

နွေဦးဆွေက အကြည့်ကို ဖျတ်ခနဲလွှဲသည်။ ခေါင်းသည် လည်း ကပျာကယာ ငုံ့သွား၏။

"တကယ်ပြောတာ နွေဦး၊ မယုံရင် မဝေတို့၊ မနွှင်းတို့ မေးကြည့်၊ တို့တစ်သက်မှာ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဖူးဘူ တို့ဘဝမှာ ပထမဆုံးစိတ်ဝင်စားတာ၊ ချစ်တာ နွေဦးတစ်ယောက် တည်းပဲ"

"အိုကွာ . . . ထူးကလည်း လမ်းလယ်ခေါင်ကြီးမှာ"

အဲ . . . ဒီတော့မှ ထူးလည်း သူ့ဟာသူ သတိထားမိသည် ဟုတ်ပါရဲ့၊ သူရည်းစားစကားပြောနေသော နေရာက တကယ့် ပွဲဈေးတန်းအလယ်ခေါင်ကြီးမှာ။ မျက်နှာချင်းဆိုင်မှ လျှောက်လာ သော ဘုရားဖူးများက သူတို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့်



သွားကြသည်။

ကြည့်ကာမှ ကြည့်၊ ခုမှတော့ ရှက်မနေနိုင်တော့။ ဒီအခြေ အနေလေး၏ အလှအပကို သူ မစွန့်လွှတ်နိုင်။

ကိုယ့်ဘာသာကိုယ်ပြောတာ ဘာဖြစ်လဲ . . . ဘာဖြစ်လဲဟု ပြောရဲသာ ရှိတော့၏။

သိပ်ချစ်တာပဲ နွေဦးရယ် . . .

"ဟော . . ."

လမ်းကြားအဖြတ်တစ်ခုမှ မဝေတို့အုပ်စု ထွက်လာသည်ကို မြင်လိုက်ရသဖြင့် နွေဦးက ဝမ်းသာအားရ 'ဟော . . .' လိုက် သည်။

ထူးရင်ထဲ အင့်ခနဲဖြစ်သွား၏။

"အရေးကောင်း ဒိန်းဒေါင်းဖျက်' ဆိုသော စကားသည် အင်မတန် ရိုးစင်းလွန်းသော ဥပမာဖြစ်သော်လည်း ဤနေရာနှင့် သည့်တည့်လာမှန်နေသည်။

အချိန်ကတော့ သိပ်မရတော့။ သို့သော် ရသည့်စက္ကန့်ပိုင်း လေးကို အမှန်ကန်ဆုံး အသုံးချပစ်ရန် စိတ်ကူးလိုက်ပြီး ဓာတ်ပုံ အိတ်ကို နွေဦးဆွေဘက် ကမ်းပေး၍ . . .

"ရော့ . . . နွေဦး၊ အဲဒီထဲမှာ ဓာတ်ပုံတွေအားလုံးပါတယ်၊ ခုပြောတာ မမေ့နဲ့နော်၊ တို့ . . . နွေဦးဆီက ဓာတ်ပုံလက်ဆောင် လေးတစ်ခု မျှော်နေမယ်၊ ပြီးတော့ အဲဒီဓာတ်ပုံကိုလည်း နွေဦးရဲ့

အဖြေလို့ သဘောထားမယ်နော်"

"အင်းပါ . . . တော်ပါတော့ ဟိုမှာသူတို့လာနေပြီ"

နွေဦးဆွေက စိတ်မရှည်သလို အမူအရာလေးနှင့် ခပ်ဆ
ဆတ်လေးပြောပြီး ဓာတ်ပုံအိတ်ကိုယူသည်။

နင်းမိသော ကျောက်စရစ်ခဲများထံမှ ကျလိ . . . ကျ
. . . ဟု အသံကြားလိုက်ရ၏။

"အဲဒီစကားသံတွေက ဘယ်ကလဲ"

မေနှင်းခိုင်၏အသံကြားမှ ထူး၏အတွေးစတို့ ပြတ်သည်
တောင်ပေါ်သို့လွင့်လာသော ဈေးတန်းများမှ အသံများထဲတွ
သီချင်းသံမျိုးစုံအပြင် စကားပြောသံများလည်း ပါလာ၏။ နွေ
နေ့လယ်တွင် ဆေးကြော်ငြာဆိုင်များမှ စကားသံ ကြားရသေ
လည်း ခုအသံက ထိုအသံနှင့်မတူ။

ကျော်သူလတ်က သေချာနားစိုက်ထောင်ပြီးမှ . . .

"ရုပ်ရှင်ရုံက အသံတွေလေ . . . မေနှင်းရဲ့၊ ဒီအချိန်
ရုပ်ရှင်ပြနေပြီ"

ဒီတော့မှ ထူးစိတ်ထဲတွင် နွေဦးဆွေ ညနေကတစ်ခေါ
ထပ်ထွက်လာ၍ . . . ဒီည တောင်ပေါ်သို့ သူ မလိုက်တော့
မာမီတို့နဲ့ အန်တီတို့က ရုပ်ရှင်ကြည့်မလို့ ပြောထားတယ် . . .
မှာတာ ပြန်သွားသည်ကို သတိရသည်။

အဲဒါမှ ဒုက္ခပဲ . . . ဟုလည်း စိတ်ထဲအောက်မေ့သည်



ဒီညလည်း မတွေ့ရတော့။ နက်ဖြန်လည်း မနက်အစောကြီး
တော့မှာ၊ ညနေက မဝေက သူတို့ နက်ဖြန်နံနက်အစောကြီး
ဖြစ်ရင်ဖြစ်မည်ဟု နွေဦးဆွေကို ပြောခဲ့သည်လည်း ပြန်သတိရ
သည်။

ဒီအတိုင်းဆိုလျှင်တော့ ဒီမှာတင်ကိစ္စပြီးမည့်ကိစ္စသည် မပြီး
တော့ဟု တွက်လိုက်၏။

သူ့ရင်ထဲ မောသွားသည်။

ရန်ကုန်ရောက်လျှင် ပြန်ဆုံနိုင်သော်လည်း ချက်ချင်းတော့
ယ်လိုမှ ဆုံလို့ရမည်မဟုတ်။ ကျောင်းတွေက ပိတ်နေပြီ။

ကျောင်းပြန်ဖွင့်ဖို့လည်း တစ်လလောက် စောင့်ရဦးမည်။
စ်လအတွင်းမှာ နွေဦး၏စိတ် မပြောင်းဟု မည်သူအာမခံနိုင်ပါ
ည်နည်း။ နွေဦးဆွေသာ စိတ်ပြောင်းလျှင် သူဆွေးပြီ။ ဆွေးသည်မှ
စ်သက်လုံးဆွေးရမည့် အဆွေး။

ရင်ထဲ ပူလာ၏။

ရုတ်တရက် ဘာလုပ်ရမည်မှန်းပင် မသိတော့။

"ဟိုးဘက်က မီးနီနီတွေက ဘာတွေလဲထူး"

မဝေက သူတို့ရှိနေသော အထက်စက်တော်ရာ တောင်ထိပ်
အနောက်ဘက်တွင် ဖီလာရှိနေသော တောင်တန်းမည်းမည်း
ကြီးများပေါ်မှ မီးနီနီလေးများကို လက်ညှိုးညွှန်ဖြင့် မေးသည်။

"တောမီးလောင်တာလေ . . . မဝေ"

သူက ခပ်ပေ့ပေ့ပင် ဖြေလိုက်သည်။ မဝေကတော့ စိတ်
ဝင်စားသွားဟန်ဖြင့် . . .

"တောင်ပေါ်မှာ မီးက ဘယ်လိုလုပ်လောင်ရတာလဲ"

"သူ့အလိုလို လော်ငတာပေါ့၊ သစ်ပင်ချင်း ထိမိခိုက်မိ ထလောင်တာ"

"ဟင် ဒါဖြင့် . . . ဘယ်လိုလုပ်ပြီး ငြိမ်းမလဲ"

ထိုအမေးကိုကား သူ မဖြေတတ်တော့။ အလိုလိုလော သော မီးသည် အလိုလိုပင် ငြိမ်းရမည်ဟု တွက်စရာကား ရှိသည် သို့သော် . . . မီးဆိုသည်မှာ စလောင်ဖို့ ခက်သော်လည်း ငြိမ်းဖို့ မလွယ်ကြောင်းလည်း သိသည်။ ထို့ကြောင့် ဘာပြန်ဖြေရမည်မှ မသိ။

အနောက်ဘက် ချင်းတောင်တန်းများတွင်ကား တော တထိန်ထိန် လောင်နေ၏။

သူ့ရင်ထဲမှာလည်း တောမီးတငွေ့ငွေ့ . . .

(၄)

အရှိန်ရလာပြီဖြစ်သဖြင့် ဖိုထားသောမီးက တရှိန်ရှိန် ောက်လာသည်။

ပေါ်လာတို့ဆိုင်နှင့် မျက်စောင်းထိုး လက်ဖက်သုပ်ဆိုင်မှ ယ်ထားသော လက်ဖက်ပန်းကန်ကို ထူးက မဝေထံ လက်ဆင့် မ်းလိုက်သည်။

"နွေဦးတို့ အိပ်ပြီနဲ့ တူတယ်၊ တဲတံခါးတွေ ပိတ်ထားကုန် ပြီ"

မဝေက လက်ဖက်ပန်းကန် လှမ်းယူရင်း နွေဦးဆွေတို့တဲ က် လှမ်းကြည့်၍ ပြော၏။

"အိပ်ရောပေါ့၊ အတော်မိုးချုပ်နေပြီပဲ"

သူတို့တောင်ပေါ်တွင် လေညှဉ်းခံကောင်းကောင်းနှင့် ကျနေကြရာ ပြန်ဆင်းလာသောအခါ အတော်ညဉ့်နက်နေပြီ သည်။ နွေဦးဆွေတို့တဲပင် ပိတ်နေကြပြီ။ ရုပ်ရှင်ရုံက အသံ

လည်း တောင်ပေါ်တုန်းကပင် တိတ်သွားသဖြင့် ရုပ်ရှင်ပြီးသည် အတော်ကြာသွားပြီ။

သူတို့လေးယောက်သား ထုံးစံအတိုင်း တဲရှေ့တွင် မီးဖို စကားကောင်းနေကြဆဲဖြစ်သည်။ ရွှေစက်တော်မှာ ဒါလေး လည်း အရသာတစ်ခုပင်။

"ဩော် . . . အခုမှသတိရတယ်၊ စောစောက စကားဖြ သွားလို့၊ ဟော့ကောင် . . . ထူး မင်းကောင်မလေးကို ဖွင့်ပြော ကောင်မလေးက အဖြေပေးပလား"

ခုမှ တစ်ရေးနိုးသလို ထမေးသော ကျော်သူလတ်အ ကြောင့် ထူးကရယ်သည်။ နောက်လေးငါးနှစ်ကြာမှ အေးအေး ဆေးမေးပါတော့လား ဖိုးကျော်ရာဟု အစချီပြီး ညနေကအ အပျက်ကို ပြန်ပြောလိုက်သည်။ အဆုံးသတ်မှ . . .

"မင်းတို့ဝင်ရှုပ်တာနဲ့ ကိုးလိုးကန့်လန့် ဖြစ်သွားတာပေါ့

သူ့စကားကြောင့် ကျော်သူလတ်ရော မဝေတို့၊ မေနှင်း တို့ကပါ ရယ်သည်။

"ငါတို့လည်း မင်းတို့မဆုံအောင် ဒီဘက်လမ်းက လာတာ ပဲကွာ၊ အဲဒီနားရောက်မှ မဝေက အကြော်စားချင်တယ်ဆိုလ တို့ဖြတ်ထွက်လာတာ"

"အေးပေါ့ . . . အဲဒီတော့ ငါမွတ်သွားတာပေါ့"

"ကဲ . . . မဝေ . . . နင်လျော်ပေးလိုက်တော့"

မေနှင်းခိုင်က မဝေကို မျက်စချီပြီးပြောသည်။ မဝေ ပြုံးစိစိလုပ်ရင်း . . .

"ငါက ဘယ်လိုလုပ်လျော်မလဲ"



"နင်တို့မရှုပ်ရင် ခုအချိန်ဆို ငါ . . . သူ့ကို နမ်းတောင် ပြီးပြီသိလား၊ မဝေ နင်လျော်ပေး၊ ညကျရင် နင့်ကို ငါဖက်နမ်း "

"ဟာ . . . သေချင်းဆိုး . . . အကောင်"

မဝေက မီးပုံထဲမှ မီးစတစ်ခုကိုဆွဲထုတ်၍ ထူးဆီလှမ်းထိုး ထူး ကပျာကယာ နောက်ခုန်ရှောင်လိုက်ရသည်။

ဝိုင်းထဲတွင် ရယ်သံလေးများ ဆူညံသွား၏။

❦

ကြမ်းပြင်က ခါတိုင်းကဲ့သို့ပင် ဝါးခင်းကြမ်းပြင်ဖြစ်သော် ည်း ထိုညမှ ပိုမာနေသလိုဖြစ်နေ၏။

နွေဦးရွှေဆွေက ကြောင်နေသော မျက်လုံးများဖြင့် တဲအမိုးကို ကြည့်သည်။ တဲအမိုးတွင် ထူး၏ပြုံးနေတတ်သောမျက်နှာလေး လာသည်။

'တကယ်ပြောတာ နွေဦး . . . မယုံရင် မဝေတို့ မေနှင်းတို့ မေးကြည့်၊ တို့တစ်သက်မှာ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဖူးပါဘူး၊ ဘဝမှာ ပထမဆုံး စိတ်ဝင်စားတာ ချစ်တာ . . . နွေဦး ယောက်တည်းပဲ'

နွေဦးဆွေက သက်ပြင်းတစ်ခု ခပ်လေးလေးချမိသည်။ တဲ ထူးက စကားဆက်ပြောပာန်ပြု၏။

'တို့ပြောတာ မမေ့နဲ့နော် . . . တို့ နွေဦးဆီက မာတ်ပုံ ဆောင်လေးတစ်ခု မျှော်နေမယ်၊ ပြီးတော့ အဲဒီဓာတ်ပုံကို

လည်း နွေဦးရဲ့အဖြေလို့ သဘောထားမယ်နော်'

ကြားယောင်မိသောစကားသံနှင့်အတူ ခေါင်းအုံးအောက်မှ ဓာတ်ပုံအိတ်ကလေးကို စမ်းမိသည်။ ဓာတ်ပုံအိတ်ဘေးမှ ခရုပုတီး လေးများကို လက်ဖြင့် သွားတိမိသည်။

ထိုစဉ် . . . မန်းချောင်းတစ်ဘက်မှ ရယ်သံသဲ့သဲ့ကြားရ၏

သူတို့မအိပ်သေးဘူးနဲ့တူတယ်၊ ညဘက်ဆို သူတို့မီးဖိုပြီး ထိုင်စကားပြောကြတယ်လို့ ပြောဖူးတယ်။

စိတ်ထဲတွင် ဟာသလိုလိုလေး ဖြစ်သွား၏။ မျက်လုံးထဲတွင် လည်း နိမ့်လိုက်မြင့်လိုက် ဖြစ်နေသော ဆီးဆောလေးတစ်ခုကို မြင်ယောင်သည်။

'ထူးကို စတွေ့ကတည်းက တို့စိတ်ထဲမှာ တစ်မျိုးပဲဖြစ်ခဲ့ ပါတယ် ထူးရယ်၊ ပြီးတော့ ထူးနဲ့တွေ့နေတဲ့ အချိန်လေးတွေမှာ တို့သိပ်ပျော်တာပဲ၊ ဒါကြောင့် တစ်ခါတစ်ခါ တို့ စိတ်လွတ်လက် လွတ် ဖြစ်သွားတယ်၊ မိန်းမတို့ ဣန္ဒြေဆိုတာကို တို့နားလည်ပါတယ် ထူးရယ်၊ တို့ ဘယ်တုန်းကမှလည်း ဣန္ဒြေမဲ့မနေခဲ့ပါဘူး၊ တို့ ထူး နားလည်ပါကွာ . . . တို့ . . . ထူးကိုသိပ် . . .'

ရင်ထဲက စကားသံသည် တိမ်ဝင်သွားသည်။

'မနက်အစောကြီး တို့ပြန်ချင်ပြန်ဖြစ်မယ် နွေဦး၊ မဝေ နွေဦးနဲ့အတူ ပြန်ချင်ပါတယ်၊ ဒါပေမဲ့ . . . တို့ ပုဂံဘက် ခရီးဆက် ဦးမလားလို့'

မဝေ၏ စကားသံများကို ပြန်ကြားသည်။ ရင်ထဲတွင် လှိုင်း ခနဲဖြစ်၍ နွေးနွေးလေး ငွေ့တက်လာသည်။

'တို့ ဘာလုပ်ရမလဲ . . . ထူးရယ်'



ရင်ထဲမှဆုံးဖြတ်ရခက်ခဲသောဝေဒနာသည် သူ့ထံမှ အိပ် ချင်ခြင်းများကို ခိုးယူထွက်ပြေးသွားပြီဖြစ်ကြောင်း သူသတိထား သည်။

အနန္တအကြိမ်မြောက် သက်ပြင်းကို ချလိုက်မိ၏။

တဲအတွင်းတွင် ထွန်းထားသောဓာတ်မီးလုံးကို လှမ်းကြည့် လိုက်၏။ ခြောက်ဆယ်ဝပ်အား ဓာတ်မီးလုံးသည် သူနှင့် ကိုးပေ ခန့်ပေခန့် ဝေးနေသော်လည်း ရင်ထဲသို့ အပူသန်းပေါင်းကုဋေ ချီအားလောက် ပို့ပေးလိုက်သည်။

"တို့ သတ္တိရှိအောင် ကြိုးစားနေပါတယ် ထူးရယ် . . . ခဏ လေး စောင့်ဦးနော်"

အိပ်မောကျနေဟန်တူသော မာမီတို့ဘက် . . . အမှတ်တမဲ့ လှမ်းကြည့်လိုက်မိသည်။

## (၅)

ဖျတ်ခနဲပွင့်သွားသော တံခါးရွက်ကို လှမ်းမြင်လိုက်

ထူးရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ စောစောကတည်း

နွေဦးဆွေတို့တဲဘက် လှည့်ထိုင်ပြီး နေရာယူထားသဖြင့် ထိုလှု

မှုကို အရင်ဆုံးမြင်လိုက်သူမှာ သူဖြစ်သည်။

ဒုတိယသတိထားမိသူက . . . မဝေ၊ မဇေကလည်း

သို့ပင် ပွင့်သွားသောတံခါးရွက်ကို စိတ်ဝင်တစားလှမ်းကြည့်

လှစ်ခနဲ လူတစ်ယောက်ထွက်လာ၏။ နွေဦးဆွေ . . .

"ဟဲ့ . . . ထူး ဟိုမှာ"

မဝေက လက်ကုတ်၍ ပြောသည်။ မြင်တယ်မဝေ

လုပ်သလဲမသိဘူးဟု သူက ပြန်ပြော၏။ အပေါ့အပါး ထသွား

ဖြစ်မည်ဟု တွက်သည်။

ဒီအချိန်လေးမှာ ကမန်းကတန်း ထပြေးသွားချင်စိတ်

သည်။



သို့သော် ထိုစိတ်ကို မနည်းပြန်ထိန်းလိုက်ရ၏။ တော်ကြာ
မိသာသွားရန် ထလာသည့်သူကို ကမန်းကတန်း အဖြေသွား
ောင်းမိသဖြင့် 'နေစမ်းပါ . . . အရေးထဲ လာရှုပ်နေရသေးတယ်၊
မှာ ထွက်တော့မယ်' ဟု အငေါက်ခံရမှာမလွယ်။

သူ့လိုပင် ကျော်သူလတ်ကလည်း အတွေးပေါက်သွားသည်
င်သည်။ ထူးဘက်လှည့်၍ ခပ်တိုးတိုးလေသံဖြင့် . . .

"ဟော့ကောင်လက်ထဲမှာလည်း စက္ကူလိုလို ဘာလိုလိုနဲ့ ညကြီး
ကြီး ဗိုက်နာပြီနဲ့တူတယ်၊ ကောင်မလေး ရင်ထဲမှာ ရှိတာတွေ
က်တော့မယ်၊ အဲဒါ သိမ်းမထားချင်ဘူးလား၊ သွားကောက်ရင်
စ်ပုံကြီးရမယ်"

"ဟာ . . . ကိုလတ်ကလည်း ညစ်ပတ်လိုက်တာ"

မေနှင်းခိုင်က လက်မောင်း လိမ်ဆွဲသဖြင့် ကျော်သူလတ်
ရိတ်နှင့်သူ ခံသွားရသည်။

ထိုအခိုက် နွေဦးဆွေက သူတို့ အံ့ဩသွားစေသည့် လှုပ်ရှား
စ်ခုကို ပြုလိုက်သည်။

ထူး . . . ထိုင်ရာက ကမန်းကတန်း ထရပ်လိုက်၏။

"သွား . . . သွား . . . ထူး . . . နင့်ကိုခေါ်တာ"

နွေဦးဆွေက မန်းချောင်းအစပ်အထိ ပြေးလာပြီးမှ ရပ်၍
ဘက်ကို လက်ယပ်ခေါ်သည်။

ထူးက ထိုင်ရာမှထပြီး သူ့ကိုယ်သူ လက်ဖြင့်ညွှန်၍ 'တို့ကို

ခေါ်တာလား' ဟူသော အနက်ပေါ်အောင် မေးသည်။ နွေဦးဆွေ
ခေါင်းညိတ်ပြ၏။

"ဟဲ့ . . . သွားလေ"

မဝေ၏တိုက်တိုက်တွန်းတွန်း စကားသံအဆုံး ထူး က
ကယာ ပြေးသည်။ အထူးတံတားသည် သူပြေးသောကြောင့်
ချွတ်ချွတ်မြည်၍ သိမ့်သိမ့်ခါသွားသည်။

အထူးတံတား၏ ဟိုဘက်ထိပ်တွင် နွေဦးဆွေနှင့် သွ
သည်။

"တို့က နွေဦး အိပ်ပျော်နေပြီမှတ်လို့"

"ဟုတ်တယ် . . . ခု အိပ်ရာထဲကနေ တမင်ထလာ
ထူးတို့ မနက်စောကြီး ပြန်ဖြစ်လား"

"ပြန်ရတော့မှာပေါ့ နွေဦးရာ၊ တို့ကတော့ နေချင်သေး
ပေါ့၊ ဒါပေမဲ့ သူတို့ကို အားနာတယ်၊ သူတို့က ပုဂံ ညောင်
အရမ်းသွားချင်နေကြတာ"

"အင်းလေ . . . ဘာဖြစ်လဲ၊ ပြန်ပေါ့၊ အဲဒါကြောင့်
တမင်ထလာတာ၊ ရော့ . . . ထူးအတွက်"

ပြောပြောဆိုဆိုနှင့် ကမ်းပေးလိုက်မှ နွေဦးဆွေ၏လက်
ပစ္စည်းကို သတိပြုမိသည်။ ဖောင်းတောင်းတောင်းဖြစ်နေ
စက္ကူအိတ်ကလေး။

ထူးရင်ထဲ တဒိတ်ဒိတ်ခုန်သည်။

"ဘာလဲ . . . နွေဦး၊ တို့အတွက် အဖြေလား"

နွေဦးဆွေ၏မျက်နှာတွင် ရှက်ပြုံးကလေးတစ်ခု လ
ဖြတ်ပြေးသည်။



"သွားမယ်နော်၊ ကျောင်းပြန်ဖွင့်ကျမှ တွေ့မယ်၊ နွေဦးတို့
ကွေးမှာ ကြာဦးမယ်"

"ဟာ . . . နေဦးလေ . . . နွေဦး"

သူက လှမ်းတားလိုက်သော်လည်း နွေဦးဆွေက လှည့်
ကြည့်ဘဲ နောက်ကြောင်း ပြန်ပြေးသည်။ စောစောက ဖွင့်ထား
သော တံခါးဝနားရောက်မှ သူ့ကို လက်ပြနှုတ်ဆက်၏။ နွေဦး
က်နှာတွင် လွတ်လပ်သော အပြုံးကလေးတစ်ခု။

သူ . . . ကပျာကယာ လက်ပြန်ပြလိုက်သည်။

မန်းချောင်းမှ ရေစီးသံမျိုးလေးတစ်ခု ရင်ထဲတွင် ကြားရ၏။

## (၆)

အထူးတံတားမီးရောင်အောက်တွင် စာအိတ်ထဲမှ
လေးများကို ဆွဲထုတ်လိုက်သည်။

ညနေက သူဝယ်ပေးခဲ့သော ခရုပုတီးလေးနှစ်ကုံး
တစ်ကုံး။

ပြီးတော့ ဓာတ်ပုံလေးတစ်ပုံ . . .။

နွေဦးဆွေကို သူပြောထားခဲ့သည့် ဓာတ်ပုံလေး . . .

ဓာတ်ပုံထဲမှ နွေဦးဆွေက ပြုံးပြသည်။

နောက်ကျောဘက်ကို လှန်ကြည့်လိုက်၏။

လှပဝိုင်းစက်သော လက်ရေးများကို တွေ့ရသည်။



တစ်သက်လုံးအတွက်ပါ . . .

ထူးရယ် . . .

ချစ်တဲ့

နွေဦး

လှပသော လက်မှတ်ကလေးတစ်ခုနှင့်အတူ ဒီနေ့ နေ့စွဲ
ပ်ထားသည်။

ပျော်လွန်းသဖြင့် အထူးတံတားပေါ်မှ ဒိုင်ဗင်ထိုးချချင်စိတ်
င် ပေါက်သွားး၏။

ဝမ်းသာလိုက်တာ နွေဦးရယ် . . .။

(၇)

ဗုဒ္ဓဟူး. . ကြာသပတေး. . သောကြာ. . စနေ. . တ

တနင်္လာ . . ဟု စိတ်ဖြင့်ဆို၍လက်ချိုးကြည့်သည်။ ခြောက်ရက်

ကျောင်းဖွင့်ရန် ခြောက်ရက်တောင်လိုသေးသည်။

ဖြတ်သန်းရဦးမည့် တရာ့လေးဆယ့်လေးနာရီ ကာ

အတွက် စိတ်မောသွား၏။ တစ်ဖက်ကလည်း ဒီခြောက်ရက်

လျှင် နွေဦးနှင့် ပြန်တွေ့ရတော့မည်ဟူသော အတွေးနှင့် ရင်ထဲ

လှိုက်ခနဲ ဖိုသည်။

ဘာလိုလိုနှင့် ရွှေစက်တော်မှ ပြန်လာသည်မှာ တ

လောက်ရှိပြီ။ ဒီကြားထဲမှ အလွမ်းပြေစရာဟူ၍ နွေဦးဆီမှ စာ

တစ်စောင်သာ ရသည်။ မကွေးမှ ထည့်လိုက်သော စာလေးဖြ

ဒီစာလေးကိုလည်း အခေါက်ပေါင်းမည်မျှ ဖတ်ပြီးသည်မသိ

စာတစ်ခုလုံးလိုလို အလွတ်ရနေပေပြီ။

ပြန်တွေးကြည့်လျှင် နွေဦး၏ လက်ရေးလှလှ ဝိုင်းဝိုင်း

များကို မြင်သည်။



ထူးရယ်. . .

ထူးကို တို့ . . . သိပ်သတိရတယ်ကွယ် . . ။

ထူးကတော့ တို့ကို သတိမှ ရသေးရဲ့လား မသိဘူး၊ ရန်ကုန်မှာ ပျော်လိုက်ပါးလိုက်နဲ့ ရွှေစက်တော်တုန်းက တွေ့ခဲ့ဖူးတဲ့ နွေဦးဆိုတဲ့ ကောင်မလေးကို မေ့လောက်ရောပေါ့၊ သိပ်ချစ်တယ်လို့ ပြောခဲ့တာ မှတ်တောင်မှတ်မိတော့မှာ မဟုတ်ဘူးနော် . . .

အလကားပါ . . . ထူးရယ် . . . နွေဦးက ထူးကို သက်သက်စတာပါ၊ ထူး နွေဦးကို သတိရနေမယ်လို့ နွေဦး ယုံပါတယ် . . . ။

နွေဦးတော့ ကျောင်းဖွင့်ဖို့ တစ်ရက်နှစ်ရက်လိုမှပဲ ရန်ကုန် ပြန်ရောက်တော့မှာပဲ ထူးရေ၊ အန်ကယ်တို့က လည်း အတင်းဆွဲထားကြတယ်၊ မာမီကတော့ ပြန်သွားပြီ၊ ကျောင်းဖွင့်ခါနီးမှ အန်တီက သူလိုက်ပို့မယ်လို့ ပြောတယ်၊ နွေဦးလည်း အစကတော့ မာမီနဲ့အတူတူ အတင်းပြန်မယ်လို့ စဉ်းစားသေးတယ်။

နောက်တော့ အန်တီတို့လည်း အားနာတာနဲ့၊ ရန်ကုန်ရောက်လည်း ရောက်ရောက်ပဲရှိမှာပဲ၊ ထူးနဲ့ တွေ့ လို့ရမှာမှ မဟုတ်သေးပဲ ဆိုပြီး၊ မကွေးမှာ နေခဲ့တာ စိတ်ကတော့ ထူးဆီမှာ အမြဲရောက်နေပါတယ်၊ အာလူး ဖုတ်တာ မဟုတ်ပါဘူး တကယ်ပါ . . .

ထူး တကယ်ဆိုးတယ်ကွာ၊ သူများဓာတ်ပုံတော့ ယူသွားပြီး၊ သူ့ကျတော့ တစ်ပုံတောင် ရိုက်မပေးခဲ့ဘူး။

## နွမ်ဂျာဆိုင်း

ခုတော့ ... နွေဦးမှာ အလွမ်းပြေ ကြည့်စရာဆိုလို့ ခရုပုတီးလေးပဲရှိတယ်။

ဩော် ... ဒါနဲ့ ... ထူးကို စစ်ရဦးမယ် ... သကြံန်တွင်းတုန်းက ဘာတွေလျှောက်လုပ်သေးလဲ မှန်မှန်ပြောနော် ... မညာနဲ့။ ပြန်လာလို့ မဟုတ်တာရုတ် သတင်း ကြားရင်တော့ ထူး ဗိုက်ကြောပြတ်ဖို့သာ ပြင်။

ကဲ ... တော်ဦးမယ်နော် ... နွေဦးလျှောက်စနေတာနဲ့ ကျောင်းပြန်ဖွင့်ရင် ဗိုက်ကြောပြက်မှာ ကြောက်ပြီး ရှောင်လည်းရှောင်မနေနဲ့ဦး၊ ကျောင်းဖွင့်ဖွင့်ချင်းနေ့ မနက် ၈ နာရီမှာ အမရဆောင်ရှေ့က ဆယ့်ခြောက်ကား မှတ်တိုင်မှာ စောင့် နွေဦးလာခဲ့မယ်။

ဒါပဲနော် ... မကွေးကို စာမထည့်တော့နဲ့၊ ပြောစရာ စကားတွေ ရင်ထဲမှာပဲ သိမ်းထားဦး၊ ကျောင်းဖွင့်တော့မှ ပြောတော့ ...

ချစ်စွာ–သတိရစွာဖြင့်
နွေဦး

စာအိတ်ပေါ်မှ ကဗျာလေးကိုပင် အလွတ်ရနေ၏။

ဒေါင်းလောင်းသံချို ...
ကျောင်းကို သတိရတယ်
နွေကျောင်းပိတ်ရက် ပျော်ဘူးကွယ် ... တဲ့။

## အပိုင်းသုံး

## (၁)

မှတ်မှတ်ရရ ထိုနေ့က မိုးတွေရွာနေသည်။

အိမ်ကထွက်စက ဒီလောက်မရွာသေး၊ တစ်ညလုံးအာ
ပါးရရွာထားခဲ့သဖြင့် ဒီမနက်တော့ . . . ဒီမိုး အားကုန်လှပြီ
တွက်ကာ ခဏလေးပွင့်လာသောနေဖြင့် ထီးပင် မယူမိ။

တက္ကသိုလ်စာတိုက်ရှေ့မှတ်တိုင်၌ ဆင်း၍ အမရဆော
ဘက် ဖြတ်ကူးလာသောအခါ လေတိုက်နည်းနည်းပြင်းလာသည
မှတ်တိုင်ရိပ်ထဲရောက်သည်နှင့် ဝေါခနဲ မိုးတစ်ပတ်ပြန်ကျော့သည

ထူးရောက်ပြီး မကြာမီ ဆယ့်ခြောက်ကားတစ်စီးဆိုက်သည

အော်တိုမက်တစ်ဖွင့် ခလုတ်ထီးလေးဖြင့် ဆင်းလာသေ
နွေဦးဆွေက အပြုံးလေးဖြင့် သူ့ကိုလှမ်းကြည့်ပြီး . . . လုံချည်
တစ်ဘက်ကသိမ်းကာ မှတ်တိုင်အမိုးအောက် ခပ်သွက်သွက်
ဝင်သည်။

"စောင့်နေတာကြာပြီလား . . . ထူး"



"မကြာသေးဘူး နွေဦး . . . လာလာဒီဘက်ဝင် . . . အဲဒီ
ဘက်က မိုးပက်တယ်"

သူကမ်းပေးသည့် လက်ကိုဆွဲ၍ ပက်လာသော မိုးကို ကွယ်
လိုက်သဖြင့် နှစ်ယောက်သား နီးနီးကပ်ကပ်လေးဖြစ်သွားသည်။
ခင်းပျံ့ပျံ့ရနံ့လေးနှင့် နွေဦးဆွေ၏ ကိုယ်နွေးနွေးလေးကြောင့်
ထူးရင်ထဲ လှိုက်ခနဲခုန်သည်။

"တော်သေးတာပေါ့ . . . ထမင်းဘူးယူမလာခဲ့လို့ . . . နို့မို့
ဘယ်လောက် ကသီလိုက်မလဲ မသိဘူး"

နွေဦးဆွေက လက်ထဲတွင် လုံးခြေလာသော ဘတ်စ်ကား
လက်မှတ်ကလေးကို လွှတ်ချရင်း ခပ်ညည်းညည်း ပြောသည်။
ထူးက နွေဦးလက်ထဲမှထီးကို ယူကိုင်ပေးသည်။ နွေဦးဆွေက ဘယ်
လက်ဖြင့် လုံချည်တစ်ဘက်စကို ကိုယ်တွင်ကပ်ပြီး ညာလက်ဖြင့်
အပေါ်ဖုံးစကို ပြင်ဝတ်သည်။ ထူးက အကြည့်လွှဲလိုက်၍ . . .

"ကျောင်းထဲသွားရအောင်"

"သွားလေ"

နှစ်ယောက်သား တက္ကသိုလ် ရိပ်သာလမ်း ပလက်ဖောင်း
အတိုင်း ခြသေ့်တံခါးဘက် လျှောက်လာကြ၏။ နွေဦးဆွေက ထီး
ကိုင်ထားသော ထူး၏လက်မောင်းကို သိုင်းဖက်ပြီး မိုးလုံအောင်
အဘွင်းဘက်တိုးသည်။

"ကိုယ်တော့ ဒီမိုးကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ"

"ဘာဖြစ်လို့"

"နို့မို့ဆို . . . နွေဦးနားကို ကိုယ် ဒီလောက်ဘယ်ကပ်ရပ်ပါ့
မလဲ"

"ကြည့်စမ်း . . . သူက သိပ်ကျေနပ်နေတယ်ပေါ့လေ"

"ဒါပေါ့ . . . ဂလောက် အကြာကြီးခွဲနေရတာ ဂလို[illegible]တော့ ရှိဦးမှာပေါ့"

နှစ်ယောက်သား နှစ်နှစ်ခြိုက်ခြိုက် ရယ်ဖြစ်သည်။

ရင်ထဲတွင် ကြည်နူးခြင်းလေးများ များစွာခံစားရသည်။ [illegible]တွင် အစစအရာရာ ပြည့်စုံသွားပြီဟု . . . များစွာ ကျေနပ်[illegible]

❀

"ရွှေစက်တော်က ပြန်လာပြီး ဘာတွေလုပ်သလဲ . . . မှန်မှန်ပြော"

နွေဦးဆွေက ထူးပခုံးတွင် ခေါင်းမှီထားရာက လည်ပြန်[illegible]၍ မေးသည်။ ထူးက အခန်းထောင့်အုတ်နံရံကို ကျောမှီထားရာ[illegible] . . .

"နွေဦးကို လွမ်းတာပေါ့"

"ပြီးတော့ . . ."

"နွေဦးစာကို ခဏခဏဖတ်တာပေါ့"

"ပြီးတော့ . . ."

"နွေဦးဓာတ်ပုံလေးကို ခဏခဏ နမ်းတာပေါ့"

"ဟင့်အင်း . . အဲဒါဆင်ဆာဖြတ်တယ် . . တခြားဟာပြော[illegible]"

"တခြားဟာ . . . တခြားဟာမှ ဘာမှမှမလုပ်ဘဲ"

"အမယ် . . . မဖြီးပါနဲ့နော် ဘယ်ကောင်မလေးတွေ[illegible] လျှောက်ကြည့်နေသေးလဲ"



"တခြားကောင်မလေးတွေနဲ့တော့ မကြည့်ပါဘူး . . . နွေဦး[illegible]နဲ့တော့ အရမ်းကြည့်တာပဲ၊ လျှောက်သွားတာလည်း စုံနေတာပဲ"

"ဟင်းနော် . . . မဖြီးနဲ့ . . . နွေဦးက ဘယ်မှာရှိလို့လဲ . . . [illegible]ယ်က နွေဦးလဲ"

"ဒီနွေဦးပဲပေါ့"

"နွေဦးမှ မရှိတာ"

"ရှိပါတယ်နော် . . . နွေဦးမှ နွေဦးအစစ်၊ အိပ်မက်ထဲမှာ[illegible]ည်း . . . လျှောက်လည်တာပဲ၊ အတွေးထဲမှာလည်း လျှောက်သွား[illegible]ာပဲ၊ တစ်ခါတစ်ခါ . . . ဟောဒီလို . . ."

ထူးက ပြောပြောဆို . . . နွေဦးဆွေ၏ပခုံးလေးနှစ်ဘက်ကို [illegible]ိုင်၍ မျက်နှာတိုးကပ်သည်။

"ဟော့ . . . မကဲနဲ့နော်"

နွေဦးဆွေက ကပျာကယာ ခေါင်းငုံ့လိုက်သဖြင့် . . . ထူး၏ [illegible]မျက်နှာသည် နွေဦးဆွေ၏ ဆံပင်များနှင့် ဝင်တိုးသည်။ နွေဦးဆွေ[illegible] ခေါင်းငုံ့လျက်နှင့် ခစ်ခစ်ရယ်၏။

စာသင်ခန်းလွတ် အပြင်ဘက်တွင် မိုးက သည်းသည်းမည်း[illegible]ည်း ရွာနေသည်။

တံခါးများ ပိတ်ထားသဖြင့်ထင်သည်။ မိုး၏အအေးဓာတ်[illegible]သည် သူတို့ထံသို့ မရောက်။

အခန်းထဲမှ တခြားချစ်သူများလိုပင် နှစ်ယောက်သား နွေး[illegible]သွားနေကြ၏။

❀

(၂)

"ဟော . . . လာပါပြီ၊ ကိုယ်တော်က ဘယ်သွားနှပ်နေ
မသိဘူး"

နွေဦးဆွေကို မာလာဆောင်ရှေ့ ကားမှတ်တိုင်အထိ လိုက် ပို့ပြီး ပြန်လာသည်နှင့် ကင်တင်းတွင် စောင့်နေသော သူငယ်ချင်း များကို မြင်လိုက်ရသည်။

"မင်းက ဘယ်သွားနေတာလဲ . . . ငါတို့ရောက်နေတာ ကြာလှနေပြီ"

မိုးဖွဲဖွဲတွင် ဖြတ်ပြေးလာရသဖြင့် စိုနေသော ခေါင်း လက်ဖြင့်သပ်ရင်း ထူးက ရယ်သည်။ ထူးမဖြေသဖြင့် စိုးပြည့် စကားကို ကျော်သူလတ်က ဝင်ပြီး . . .

"မတူတော့ဘူးလေကွာ . . . မင်းကောင်က အရင်ထူး မဟုတ်တော့ပဲ၊ ခုကစပြီး နည်းနည်း နည်းနည်း ပြောင်းလဲသွား တော့မှာ"



"နည်းနည်း . . . နည်းနည်း ပြောင်းလဲရင်တော့ အကြောင်း ဘ်ပါဘူး၊ သူ့အချိန်နဲ့သူ နည်းနည်းတော့ လှုံ့လစိုက်ရမှာပေါ့၊ များပြောင်းလဲရင်တော့ ခွေးမသား မချောင်ဘူး၊ အခုတောင် က နေ့ဘက်ထပ် ဆယ့်ငါးမိနစ်ပဲ စောင့်မှာ၊ ဆယ့်ငါးမိနစ်နဲ့မှ ရင် ကျောင်းတစ်ကျောင်းလုံး မြေလှန်ရှာပြီး နားရင်းဝင်အုပ် "

ကုလားထိုင် နောက်ကျောတွင်မှီပြီး လက်ပိုက်ပြောလိုက် အေးမောင် စကားကြောင့် ထူးက ပြုံး၍ . . .

"မင်းတို့ရောက်နေမှန်း မသိလို့ပါကွာ . . . နို့မို့ ဒီလောက် ကြာကြီး ငါမနေပါဘူး"

"အေးပေါ့ကွာ . . . ငါတို့နဲ့တွေ့တော့လည်း ငါတို့ကြိုက် ောင် မဟုတ်တမ်းတရမ်းစကားလေး ဘာလေး ပြောပေါ့"

စိုးပြည့်အငေါ့ကြောင့် ထူးက အသံထွက်အောင် ရယ်သည်။ နေ့ကတော့ သူတို့ရိသမျှ ကောင်းကောင်းခံရတော့မည်။ သူတို့ရို လည်း အပြစ်တော့မဟုတ်၊ ဒီအဖွဲ့က ခုမှခင်သည့်အဖွဲ့မဟုတ်၊ သက်တန်းကျောင်းကတည်းက ခင်လာသောအဖွဲ့။

ဘဝကံ အကျိုးပေးကြောင့် တစ်ယောက်တစ်ကျောင်းစီ က်နေရသော်လည်း ခုထိအတွဲမပျက်။ စိုးပြည့်နှင့်အေးမောင်က အိုင်တီကနေ အမြဲတကူးတက လာသည်။ ခုထိစကားတစ်ခွန်းမှ မပြောသေးသော ကျော်ခိုင်ကတော့ ထူးတို့နှင့်တစ်ဝင်းတည်း၊ ားရေး တက္ကသိုလ်ကမို့ ပြောစရာမလိုတော့။ ဒါတောင် လူသိပ် သေး၊ ဝိဇ္ဇာတက်က အေးသွင်တို့၊ မြင့်သိန်းတို့ ကျန်သေးသည်။

များသောအားဖြင့် သူတို့အုပ်စုမှာ ရည်းစားမရှိသူ များသ

ဖြင့်၊ ရှည်းစားရှိသူများကို အထူးအခွင့်အရေး သိပ်ပေးလေ့
မရှိ။ အချိန်တန်လျှင် လူစုံမှကြိုက်သည်။ လူစုံလျှင်လည်း
ထူးထူးထွေထွေ လုပ်သည်တော့မဟုတ်၊ ဒီလိုပဲ၊ ထိုအကြောင်း
ဒီအကြောင်းပြော၊ ကဗျာအကြောင်း၊ စာအကြောင်းလည်း ပါ
ဂီတအကြောင်း၊ ရုပ်ရှင်အကြောင်းလည်းပါသည်၊ အချင်းချင်း
အတင်းမဟုတ်သော သတင်းလေးများလည်း ပါသည်။

"မနက်က မင်းအိမ်စင်ခေါ် သေးတယ်၊ မင်းအစော
ထွက်သွားတယ်ဆိုလို့ ငါတို့က ဒီကောင် ကျားသားမိုးကြိုးပါ
အောက်မေ့တာ၊ ဒီရောက်မှ ကျော်သူလတ်ပြောလို့ စကား
ကြောင်မှန် သိတော့တယ်"

ကျော်ခိုင်က မျက်လုံးနဂိုမှေးက ခပ်မှေးမှေးထား၍
သည်။ စိုးပြည့်ကဝင်၍ . . .

"အေး . . . နေပါဦး မင်းက ဒီကိစ္စကို ဘာဖြစ်လို့ ငါတို့
မပြောတာလဲ"

သူပြောလည်း ပြောစရာပင်။ သူတို့အုပ်စုက ကျောင်း
ထားတုန်းကလည်း မတွေ့တာမဟုတ်။ လမ်းချင်းကွာ၍ အိမ်
ဝေးသော်လည်း ရပ်ကွက်အားဖြင့် မလှမ်းမကမ်းမှာ ရှိနေသူ
မို့ လက်ဖက်ရည်ဆိုင်တွင် မကြာခဏ ဆုံဖြစ်သူများ။

"ဟ . . အလကားနေရင်း မင်းတို့ကို အကုန်အစုံ သံတော်
တင်ရမလားကွ၊ မင်းတို့ပြောပြလည်း မင်းတို့က အကောင်း
မယ့်ကောင်တွေမှ မဟုတ်တာ၊ မင်းတို့ လျှောက်နောက်နေတာ
ရှိပြီးသား ဖိလင်လေးတောင် ပျက်သွားဦးမယ်"

သူ့အုပ်စုအထာကို သိနေသဖြင့် နွေဦးဆွေနှင့် ပတ်သ



ည့်ကိစ္စကို လုံးလုံးလျှို့ဝှက်ထားခဲ့သည်။ ကျော်သူလတ်ကိုပင် ပိတ်
ထား၏။

"အောင်မာ . . . မင်းက ငါတို့အုပ်စုကို သိက္ခာမချပါနဲ့နော်၊
ငါ့ယ့်ပစ္စည်းက စင်စင်ကြယ်ကြယ်ဆို ငါတို့ဟာငါတို့ ဘယ်လောက်
နောက်နောက် တန်ဖိုးမလျော့ပါဘူး"

ကျော်ခိုင်က ခုမှ အကွက်ရသွားဟန်ဖြင့် အသာနှင့်နာနာ
ပြီးသည့်လိုက်သည်။ ဝိုင်းထဲတွင် ရယ်သံများ လျှံသွား၏။

"မအေ . . . ငါ ဆဲလိုက်ရ မကောင်းရှိရော့မယ်၊ ငါ့ပစ္စည်း
က မစင်ကြယ်လို့ ဘာဖြစ်နေလို့လဲကွ၊ မင်းတို့လို ပေါက်တတ်ကရ
လျှောက်ကြိုက်တဲ့ကောင် မဟုတ်ဘူး၊ အဖိုးတန်အမျိုးမှန်၊ အာမခံ
ချက်ပါ"

"ဘာအာမခံတာလဲ . . . ဥတုသုံးပါး ခံသည်ဆိုတဲ့ အာမခံ
လား"

"မင်းကြီးဒေါ် ဥတုသုံးပါး ခံပါလား၊ မင်းတို့ အဲလိုပေါက်
တတ်ကရ လျှောက်ပြောတာနဲ့ ငါ ဖွင့်မပြောတာ"

ဝိုင်းက ထုံးစံအတိုင်း လောင်လောင်စီစီ ဖြစ်သွား၏။

စောစောက ခုန်ခဲ့သော ရင်ကလေးသည် ဘယ်ရောက်သွား
မှန်း မသိတော့။

"မနက်က ဟိုခွေးမသားနဲ့ တွေ့သေးတယ်၊ အမယ် ဒီတစ်ခါ
တော့ ဒီကောင် မဆိုးဘူးကွ၊ ကားမှတ်တိုင်မှာ ငါတို့မိုးမိပြီး ကျွတ်

နေတာမြင်လို့လား မသိဘူး၊ သူ့ကားနဲ့ ကျောင်းအထိ လိုက်ပို့တယ်

စကားဝိုင်းကြာလာသည်နှင့်အမျှ ပစ်မှတ်က တစ်ဦးပြီး တစ်ဦးလှည့်သည်။ ဝိုင်းထဲတွင် ပစ်မှတ်ဖြုတ်စရာ မကျန်တော့ . . . ဝိုင်းအပြင်က သူငယ်ချင်းများထံ ရောက်သွား၏။

"ဘယ်သူလဲ အောင်ဖြိုးဝေလား"

"အေးပေါ့ . . တို့ထဲမှာ ကိုယ်ပိုင်ကားစီးနိုင်တာ ဒီကောင်လွဲလို့ ဘယ်သူရှိတာမှတ်လို့"

"ကားပေါ်မှာ ပြောမလာဘူးလား၊ သူတို့အမ်စီမှာ အ
လောက် စာတွေခက်တဲ့အကြောင်း၊ ဒါပေမဲ့ . . . သူဘယ်တော့
မရတာ မရှိတဲ့အကြောင်း"

စိုးပြည့်စကားကို ကျော်သူလတ်က ထပ်မေးသည်။ အချ
ချင်း အကြောင်းသိများဖြစ်နေသဖြင့် ဘယ်သူ ဘာလုပ်တတ်သ
ဆိုသည်ကို အထင်ဖြင့်မှန်းလျှင် လွဲစရာမရှိ။

"သိပ်ပြောတာပေါ့၊ ဘယ်တတ်နိုင်မလဲကွာ . . . သူ့
စီးမိတော့လည်း သူ့စကားကို ဒီလိုပဲ ကြိတ်မှိတ်နားထောင်ရတာ
ပေါ့"

စိုးပြည့်စကား ဆုံးသည်နှင့် ကျော်ခိုင်ကလည်း ဝင်
သည်။

"အဲဒီကောင်ဟာ အဲဒီအကျင့်လေးကြောင့် ပေါင်းမရတာ
လွဲရင် မဆိုးပါဘူး၊ တို့ထဲမှာ ဒီကောင် စာအတော်ဆုံးကွ"

ကျော်ခိုင့်စကားကို ထူးက ခေါင်းညိတ်ထောက်ခံသည်
ကျော်သူလတ်ကတော့ သိပ်လက်ခံချင်ပုံမရ၊ ခေါင်းတွင်တွင်
. . .



"ဟာ . . . ဒီကောင်နဲ့က ပေါင်းလို့မရပါဘူး . . . တစ်ခါ
စ်ခါကျရင် ဒီကောင်က ဆိုးတယ်ကွ၊ သိပ်တစ်ဇွတ်ထိုးနိုင်တာ၊
လုပ်ချင်တာ တစ်ခုရှိရင် ဘယ်သူ့မှ အားနာရကောင်းမှန်း
ဘာ မဟုတ်ဘူး"

"အဲဒါတော့ ဟုတ်တယ်"

ကျော်သူလတ်စကားကို အေးမောင်က လှိုက်လှိုက်လှဲလှဲ ဝင်
ထောက်ခံသည်။ အေးမောင်ကဆက်၍ . . .

"တစ်ခါလည်း . . . သူ့ကောင်မလေးအိမ်က ပွဲခူးသွားတာ
က်ပို့ရမယ်၊ အဖော်မရှိလို့ဆိုပြီး ငါ့ကို အတင်းခေါ်တာ၊ ငါက
ည်း အဲဒီနေ့က မအားဘူးကွ၊ အိမ်က ခိုင်းထားတာ ဘာကိစ္စ
ည်း မမှတ်မိဘူး အရေးတော့ကြီးတယ်၊ အဲဒါ မလိုက်ပါဘူးဆိုတာ
ဘူး၊ ဇွတ်ကြီးဆွဲခေါ်သွားတယ်"

"သူ့ကောင်မလေးက လှလား"

"လှတော့လှပါတယ်ကွာ၊ ဒါပေမဲ့ မိတ်ဆက်မပေးလို့ နာမည်
ဘောင် မသိလိုက်ရပါဘူး"

"အေးပေါ့ကွာ . . . လှရမှာပေါ့ . . . ဆရာဝန်လောင်းရဲ့
ည်းစားပဲဟာ"

အေးမောင်၏စကားကြောင့် . . . ထူးကရယ်လိုက်ပြီး . . .

"ဟာ . . မင်းဟာက ဘလိုင်းကြီးပါလား၊ ဆရာဝန်လောင်း
ည်းစားမို့ လှတာ မဟုတ်ပါဘူး . . . ငါ့ရည်းစားလည်း လှပါတယ်
"

"ဩော် . . . ငါ့ရည်းစားကျတော့ နှုတ်ခမ်းကြီးရွဲ့ပြီး ချက်
း်ကြီးစောင်းနေလို့လား"

ထူးစကားကို ကျော်သူလတ်ကလည်း အားကျမခံဝင်ပြော၏။ ဒီလိုနှင့်စကားဝိုင်း၏ မြားဦးက ပြန်ပြီး ဦးလှည့်ဘက် ပြောင်းသွားသည်။

ထူးရင်ထဲတွင် စောစောက ငါ့ရှည်းစားဟု ပိုင်ပိုင်နိုင်နိုင် သုံးလိုက်ရသော အသုံးအနှုန်းလေးကြောင့် ကျေနပ်အားရသွားသလို ခံစားရသည်။

ရည်းစားထားရသည့် အရသာသည် နှစ်ယောက်ချင်းတွေ့ရုံအပြင် အခြားတန်ဖိုးများ များစွာရှိသေးကြောင်း ကောင်းကောင်းသတိပြုမိလိုက်၏။

(၃)

လေးဘီးပေါ်မှဆင်းလိုက်သောအခါ တစ်နာရီခွဲရန် ဆယ်မိနစ်မျှသာ လိုတော့သည်။

"မီမှမီပါ့မလား မသိဘူး"

ရသာမုန့်တိုက်ရှေ့တွင် နွေဦးဆွေက စိတ်ပူသံလေးဖြင့် ...သည်။ ထူးက ရယ်၍ . . .

"ပြေးသွားရင်တော့ မီမှာပေါ့"

"ပြေးမလား"

နွေဦးဆွေက မျက်ခုံးလေးပင့်၍ ခေါင်းကလေးခါပြီး ပြုံးတုံ့...မေးသည်။ ထူးက ပြေးမယ်ဟုပြောပြီး နွေဦးဆွေဘက် လှည့်...ည့်သည်။

နွေဦးဆွေက တကယ်လုပ်မည့်ပုံလေး ပေါက်နေသည်။

"မထူးပါဘူး . . . ပြေးမယ် . . . ရုပ်ရှင်ထဲက အတွဲတွေလို ...ပင်လယ်ကမ်းစပ်မှာ မပြေးနိုင်ဘူး . . . ဆူးလေဘုရားလမ်း

မှာ ပြေးကြတာပေါ့ . . . ဒါမျိုးက ကြုံရခဲတိခြင်း"

ထူးစကားကြောင့် နွေဦးဆွေက ရယ်သည်။ ထူးအကြ
သည် နွေဦးဆွေကိုဖြတ်၍ ရသာမုန့်တိုက်မျက်နှာစာရှိ မှန်ချပ်
များထံ ရောက်သွားသည်။

မှန်ထဲမှ အရိပ်များသည်ပင် အပြင်က သူတို့နှစ်ယောက်
စိတ်ချင်းတူနေသည်ဟု ခံစားလိုက်ရ၏။

"ကောင်မလေးကို လွှတ်လိုက်"

"ငကွေ့မယ်နော် . . . ကိုင်ထား"

သူတို့နှစ်ယောက် လက်ချင်းချိတ်၍ ဆူးလေဘုရားထ
အတိုင်းပြေးသည်။ မဟာဗန္ဓုလလမ်းထိပ်ရောက်သောအခါ လ
ဘေးတွင် မျက်မှန်၊ ဖောင်တိန်ပြင်သော ကုလားဒိန်အုပ်စု
ပေါက်လွှတ်ပဲစားအသံများ ဆူညံစွာထွက်လာ၏။

တခြားလမ်းသွားလမ်းလာများကျတော့ ပြုံးစိစိနှင့်သူတို့
လှမ်းကြည့်သည်။ လမ်းဆုံတွင် ကားများ ဖြတ်သွားနေသ
နှစ်ယောက်သား အရှိန်လျှော့လိုက်သည်။

"မောပြီလား နွေဦး"

"မမောဘူး ထူး . . . ရတယ်"

"ဒါဖြင့် ထူး . . ."

ပြောပြောဆိုဆိုနှင့် နွေဦးဆွေ၏ လက်ကို ပြန်ကိုင်ပြီး
လှမ်းလှမ်းမှ ကားများမလာမီ၊ လမ်းကိုအပြေးလေး ဖြတ်ကူးသည်



ရုံရှေ့ရောက်သောအခါ တန်းစီနေသော လူအုပ်က ရုံတွင်းသို့ ဝင်ဆဲပင် ရှိသေးသဖြင့် ဒီတော့မှ စိတ်အေးသွားကြသည်။

"ဟူး . . . တော်သေးတာပေါ့၊ ပြေးလိုက်ရတာ ချွေးတောင်ပြန်တယ်"

နွေဦးဆွေက ပြောရင်းနှင့် ဆလင်းဘက်ထဲမှ လက်ကိုင်ပဝါထုတ်၍ မျက်နှာကို ဖွဖွတို့ရင်း ယပ်ခပ်သည်။ ထို့နောက် ထူးမျက်နှာကိုကြည့်ပြီး ပြုံးကာ လက်ကိုင်ပဝါလှမ်းပေးသည်။

"ရော့ ထူး . . . ချွေးသုတ်လိုက်ဦး၊ သူလည်း ချွေးတွေ ရွှဲနေဘာပဲ"

ထူးက နွေဦးဆွေ ကမ်းပေးသည့် လက်ကိုင်ပဝါကို ယူရင်း မျက်နှာပေါ်မှ ချွေးများကို သုတ်သည်။ လက်ကိုင်ပဝါမှ နွေဦးဆွေ၏ ကိုယ်နံ့သင်းသင်းလေးကြောင့် ရင်ထဲမှာ အေးပြီး အမောပြေသွားသည်။

"ဘုတ်ကင်လုပ်ထားလို့နော် . . . နို့မို့မလွယ်ဘူး"

"နောက်တစ်ခါကျရင် စောစောလာမယ်၊ ဘုတ်ကင်လုပ်မကြည့်ဘူး၊ တန်းစီကြည့်ရတာက ပိုကောင်းတယ်၊ ထိုင်စောင့်နေရင်း ကာတွန်းဖတ်ရတာ အရသာရှိတယ်"

နွေဦးဆွေစကားကြောင့် ထူးက ပြုံးပြီးခေါင်းညိတ်လိုက်၏။

ဒီလို လွတ်လွတ်လပ်လပ် အရသာလေးများသည် ဘာနှင့်မျှ မလဲလို့မရ။

ဂုဏ်ရုံ၏အပေါ်ထပ်သို့ မှန်ချပ်များကိုဖြတ်၍ တက်သော အခါ တိုက်တိုက်ဆိုင်ဆိုင် ကျော်ခိုင်တို့အတွဲနှင့် သွားတိုးသည်။ ထူးကို ကျော်ခိုင်တို့နှင့် မိတ်ဆက်ပေးသည်။ ကျော်ခိုင်ကလည်း သူ့အတွဲနှင့် ပြန်မိတ်ဆက်ပေး၏။

ရုံအတွင်း ထိုင်မိသောအခါ ကျော်ခိုင်တို့အတွဲက သူတို့နှင့် လေးတန်းကျော် ဟိုဘက်ဆုံးထောင့်တွင် ဝင်ထိုင်သည်ကို မြင်ရ သည်။

နွေဦးဆွေက ရယ်ရင်း မေးသည်။ ထူးက ခပ်ပေါ့ပေါ့လေသံ ဖြင့် . . .

"တွေ့လည်း တွေ့ပစေပေါ့ ဘာဖြစ်လဲ၊ သူများပစ္စည်း ခိုးတာ မှ မဟုတ်ဘဲ"

"မဟုတ်ဘူးလေ . . . နောက်ကျရင် ထူးကိုစမှာစိုးလို့၊ မင်းတို့အတွဲက ကြွေမရဘူးလို့"

"ဘာဖြစ်လဲ နွေဦးရဲ့ အဲလိုပြောရင် ကိုယ်က ပြန်ပြောလိုက် မှာပေါ့၊ မင်းတို့နှစ်ယောက်က တို့နှစ်ယောက်လို စိတ်ကူးကိုယ်ထူ လုပ်နိုင်လို့လားလို့"

"အင်း . . . အဲဒီတော့ပြောမှာပေါ့၊ တို့နှစ်ယောက် မင်းတို့ နှစ်ယောက်လို ခပ်ပေါက်ပေါက်တွေ မဟုတ်ဘူးလို့"

"ဒါတော့လည်း ဟုတ်တာပြောတာ ပြောပစေပေါ့နွေဦး . . . ကိုယ့်ဘာသာကိုယ်ပေါက်တာ ဘာဖြစ်လဲ ဘာဖြစ်လဲ . . . လို့ ပြန်ဆိုပြလိုက်ရုံပဲရှိတာပေါ့"

"သွားစမ်းပါ၊ ပြောခါမှ ပိုပေါက်နေပြန်ပြီ"

နှစ်ယောက်သား လွတ်လွတ်လပ်လပ်လေး ရယ်မောလိုက်



သည်။

"ကိုကျော်ခိုင့်ကောင်မလေးကို တွေ့ဖူးသလိုပဲ"

နွေဦးက အမှတ်တမဲ့ ပြောသည်။

"တွေ့ဖူးရင်တွေ့ဖူးမှာပေါ့၊ သူလည်း တက္ကသိုလ်ကျောင်းသူ ပဲဟာ၊ ရင်းရင်းနှီးနှီး စကားပြောဖူးလို့လား"

"ဒီလိုတော့ မဟုတ်ဘူး . . . တွေ့ဖူးနေတဲ့မျက်နှာလိုပဲ"

'ဩော်' ဟုဆိုကာ ထူးက ဆက်မမေးတော့။ သိပ်လည်း အရေးကြီးသည့်ကိစ္စ မဟုတ်။ ထိုစဉ် ဖျတ်ခနဲ မီးများမှိန်သွား၏။ ...တ်ကားရှေ့တွင် ဖုံးထားသော ကန့်လန့်က ချော့ကလက်ရောင် ...း‌တွန့်ကြီးသည် တရိပ်ရိပ်တက်သွား၏။

နွေဦးဆွေက ထူးပခုံးပေါ်မှီရင်း . . .

"ထူးနဲ့နေရတာ သိပ်ပျော်တာပဲကွယ်၊ ထူး . . . တို့ကို ...ကယ် ချစ်တယ်နော်"

ထူးက ခေါင်းငုံ့၍ နွေဦးဆွေ၏မျက်နှာကို ကြည့်သည်။ ...ာစောက ချွေးသုတ်ထားသော ဒဏ်ကြောင့် မျက်နှာပေါ်တွင် ...အမှုန်မှုမရှိတော့ဘဲ ပြောင်ပြောင်တင်းတင်းလေးဖြစ်နေသော် ...ည်း နွေဦးဆွေ၏မျက်နှာလေးမှာ ကြည်လင်၍ လှမြဲလှသည်။ ...ပါးသည် နွေဦး၏နဖူးလေးနှင့် သွားထိ၏။

"ဘာလဲ ကိုယ်က နွေဦးကို ပျော်ရုံချစ်တယ်များ အောက် ...လား"

"ပြောတတ်ဘူးလေ ထူးရယ်၊ ထူးရင်ထဲကိုမှ နွေဦး ဝင်ကြည့် ...မှ မရတာ၊ ခုလို သိပ်ပျော်သွားရင် နွေဦး သိပ်ကြောက်တာပဲ၊ ...ရလွန်းရင်း ငိုရတတ်တယ်ဆိုတဲ့စကားကို သွားသတိရတယ်"

"မဆိုင်ပါဘူး နွေဦးရယ်၊ ဒီလိုသာတွေးရင် - နောက်ပိုး
ပျော်ဖို့အတွက် ခုထိုင်ငိုနေရမှာလား"

ပိတ်ကားပေါ်တွင် အလံတော် ဖျတ်ခနဲပေါ်လာသည်
နှစ်ယောက်သား ပြောလက်စ စကားကိုဖြတ်၍ ကပျာကယာထ
လိုက်သည်။

ထူးရင်ထဲမှနေ၍ 'ဘယ်တော့မှ မငိုရပါဘူး နွေဦးရယ်
ခုလည်း ပျော်အောင်၊ နောက်လည်း အမြဲပျော်အောင် တို့ကြိုးစား
ပါ့မယ်၊ ဘယ်တော့မှ နွေဦးစိတ်မညစ်စေရပါဘူး' ဟု ခပ်တိုးတိုး
ပြောလိုက်မိ၏။

ဒီစကားကို နွေဦး ကြားစေချင်ပါသည်။

(၄)

ဂုဏ်ရုံမှဆင်းလာပြီး ဘယ်သွားမလဲဟု ထူးကမေးသည်။

နွေဦးဆွေက ခဏစဉ်းစားပြီး ဝက်သားတုတ်ထိုး သွားစား
ယ်ဟုပြော၏။

နှစ်ယောက်သား ဆူးလေလမ်းမကိုဖြတ်ပြီး ရဲရင့်ရုံဘက်
းသည်။ ဟိုစာက်ပလက်ဖောင်းကို တက်မိသောအခါ ထူးက
ှင်ရုံဘေးကဆိုင် ကောင်းတယ်ဟု ပြောသည်။ နွေဦးဆွေက
ကြက်တဲ့နေရာသာ သွား၊ စားလို့ကောင်းရင် ပြီးတာပဲဟု ရယ်၍
ပြောသည်။

နှစ်ယောက်သား လမ်းကိုဖြတ်ကူးမည်ပြုပြီးမှ လမ်းထဲကွေ့
ဝင်လာသော ကားတစ်စီးကြောင့် တုံ့ခနဲရပ်လိုက်သည်။

ကားပေါ်တွင်ပါလာသော လူနှစ်ယောက်အနက် ကား
မောင်းသူက ဖျတ်ခနဲ လှည့်ကြည့်သည်။ ထူးက လှမ်း၍နှုတ်ဆက်
မည်အပြု ကားပေါ်ကလူက ရှေ့ပြန်လှည့်ပြီး မောင်းသွားသဖြင့်
ကြောင်အမ်းအမ်း ကျန်ခဲ့သည်။ နွေဦးက . . .

'ထူးနဲ့သိလား' ဟု မေးသည်။

ထူးကရယ်၍ . . .

"သိတာပေါ့၊ သူငယ်ချင်းပဲဟာ အောင်ဖြိုးဝေတဲ့၊ အမ်စီထ လေ၊ ဒီကောင်က ဒီလိုပါပဲ၊ တစ်ခါတလေ အထာကြီးနဲ့"

"ဩော် . . ."

ဒီလိုအထာမျိုးရှိသည့်ကောင်နဲ့သာ နွေဦးဆွေရည်းစားဖြစ် မိလျှင် ခုလိုပျော်ရမှာမဟုတ်။ အောင်ဖြိုးဝေလိုကောင်မျိုးသည် သူတို့နှစ်ယောက်လို လမ်းဘေးမှာ ဝက်သားတုတ်ထိုး စားဖို့ ချ ရည်းစားကပြောလျှင် ခါးခါးသီးသီး ငြင်းမှာပဲဟု တွေးလိုက်သည်။

လင်းကျော်ပြီးသောအခါ နွေဦးဆွေ အသံတိတ်သွားသဖြင့် ထူးက လက်မောင်းကို ခါပြီး . . .

"ဘာငေးနေတာလဲ နွေဦးရ"

"ဩော် . . . မဟုတ်ပါဘူး၊ ဟိုဆိုင်က ဖွင့်ထားတဲ့ သီချင်း လေး သဘောကျလို့"

ထူးက သီချင်းသံကို အာရုံပြုလိုက်သည်။ ဘုခမိန်လှိုင်ရေး ဘိုဘိုဟန်ဆိုသည့် သီချင်းလေးတစ်ပုဒ် ဖြစ်၏။

♫ အား × × အား × × × အားလုံးချစ် × × ×
အားလုံးထဲက တို့နှစ်ယောက်ချစ် ယိုးဒယားသကြား
လုံးထက် စားလို့ချိုတယ်၊ အား × × × အား × × ×
အားလုံးချစ် × × အားလုံးထဲက တို့နှစ်ယောက်အချစ်
ငုံးစ်ရှိုက်စ်ကားများထက် အဖိုးလည်း တန်တယ် ♫

ရင်ထဲသို့ သီချင်းသံလေး စူးနစ်ဝင်ရောက်သွားသည်။

(၅)

"ပျော်လိုက်တာထူးရာ . . . ရင်ထဲကို အေးချမ်းသွားတာပဲ"

ဖွေးဖွေးလှုပ်အောင် ပွင့်နေကြသော စံပယ်ပင်များကြား ...င် လွတ်လပ်ပျော်ရွှင်နေသော နွေဦးဆွေကိုကြည့်၍ ပြုံးသည်။ ...ရင်ထဲမှာလည်း လွတ်လပ်လန်းဆန်းသော ခံစားမှုသစ်လေး ...ခု မျောက်ရှိနေ၏။

ကိုသန်းဒန်၏ ခြံလေးထဲမှာ အတော်အေးချမ်းလှပ၍ နေ ...ငပွယ် အရပ်ကလေးတစ်ခုဟုလည်း စိတ်ထဲမှ မှတ်ချက်ချသည်။

"ထူးကကွာ . . . အစကတည်းက ဒီပဲလာရင် ပြီးရော . . . ...ကား . . . မြို့ထဲ ဟိုသွားဒီသွားနဲ့ လူတောင်မြင်သေး"

နွေဦးဆွေက ရင်စို့လောက် နှင်းဆီကိုင်းမှ ပန်းရောင်အပွင့် ...ကြားကြီးတစ်ပွင့်ကို ငုံ့နမ်းရင်းပြောသည်။ ထူးကရယ်၍ . . .

"ကိုယ်လည်း ခုမှ ကိုသန်းဒန်ခြံကို ရောက်ဖူးတာ နွေဦးရ၊ ...တ်ကနေ ပြောင်းသွားပြီးကတည်းက လူချင်းမှမတွေ့တော့

တာ"

"ပြောင်းလာတာ ဘယ်လောက်ကြာပြီလဲ"

"အဲ . . . နေဦး . . . ကိုယ်ဆယ်တန်းနှစ်မှာ ကိုသန်းဒန် မိန်းမရပြီး ပြောင်းတာဆိုပေမယ့် လေးနှစ်လောက်ရှိပြီပေါ့"

"ဟင်း . . . အတော်ချစ်တဲ့ ညီအစ်ကိုတွေပဲ . . . လေး လုံးလုံး တစ်ခါမှ မတွေ့ကြဘူးတဲ့"

နွေဦးဆွေ၏စကားကို ထူးကရယ်၍ တုံ့ပြန်သည်။ ပြော ဆိုလည်း ပြောစရာပင်။ ကိုသန်းဒန်နှင့်ထူးက ညီအစ်ကိုတစ် သာကွဲသည်။ ထူးအမေနှင့် ကိုသန်းဒန်၏ အဖေက မောင် အရင်း။

"ဒီလိုလေ နွေဦးရ . . . ကိုယ့်အမေနဲ့ ကိုသန်းဒန်အ ကိုယ့်ဘကြီးက သိပ်တည့်တာမဟုတ်ဘူး၊ ကိုယ့်တို့အဘွား ဆုံး အသည်းအသန်ဖြစ်နေတုန်းက ဘကြီးမလာတာနဲ့ ပတ်သတ် အမေက မကြည်ဘူး၊ လူကြီးချင်း သိပ်မတည့်တော့ လူငယ် လည်း စိမ်းကူနတ်တာပေါ့၊ ဒါပေမဲ့ ကိုသန်းဒန်နဲ့ကတော့ ဘာမှ ပါဘူး၊ အသွားအလာနည်းလို့ မတွေ့တာလောက်ပဲ ရှိတာပါ"

"ဒါဖြင့် ခုကျတော့ ဘယ်လိုတွေ့လာကြလဲ"

ထူးက ရယ်သည်။

"မနေ့က မြို့ထဲကလာရင်း ရန်ကုန်မီးသတ်ရှေ့ရောက် ကိုသန်းဒန်ကလည်း ဘကြီးဆီ ခဏလာရင်း တိုက်ပေါ်က ဆင်း တာနဲ့ သွားဆုံပြီး စကားစပ်မိကြတာ၊ ကိုသန်းဒန်က သူ့ခြံလာ ကွ၊ သိပ်သာယာတယ် ပြောတာနဲ့ စိတ်ကူးရပြီး နွေဦးပါ ခေါ် တာ"



"ဘာစိတ်ကူးလဲ"

"သြော် . . . ကိုသန်းဒန်က ပြောတယ်လေ၊ မင်းမှာရည်းစား ရှိရင် ရည်းစားခေါ်ပြီး ငါ့ခြံလာခဲ့ကွ၊ နှင်းဆီပန်းတွေလည်း ခူးပေး လို့ရတယ် . . . ပြီးတော့ . . ."

ထူးကပြောရင်းနှင့် စကားကို ခဏရပ်ပြီး မချိုမချဉ်လှမ်း ကြည့်သည်။ နွေဦးဆွေက မျက်စောင်းလှလှ ပင့်ကြည့်၍ . . .

"ပြီးတော့ ဘာဖြစ်လဲ"

နွေဦးဆွေ၏အမေးကို ထူးက ရယ်သံဖြင့် ဖြေသည်။

"ပြီးတော့ . . . ငါ့ခြံမှာ ငါနဲ့ ငါ့မိန်းမ နှစ်ယောက်ပဲရှိတာတဲ့၊ မင်းတို့နှစ်ယောက်ကို ထားခဲ့ပြီး ငါတို့ရှောင်ပေးမယ်၊ မင်းတို့ သဘောရှိ နေလို့ရတယ် . . . တဲ့ ဘယ်လောက်ဟန်ကျလဲ"

"ဟင် . . . အဲဒီလူကြီးကလည်း ဘာတွေလျှောက်ပြောမှန်း သိဘူး . . . ရှက်စရာကြီး"

နွေဦးဆွေ၏ပါးနှစ်ဘက်လုံးတွင် ပန်းရောင်အရင့်လေးများ လာခတ်သွားသည်။ ထူးက ရယ်မြဲရယ်သည်။

"ဟုတ်တာပဲ နွေဦးရဲ့၊ ဘယ်လောက်သဘောရှိ နေလို့ရလဲ . . . ဒါတောင် ခုထက်ထိ ကိုသန်းဒန်တို့လင်မယား ရှောင်မပေး သေးဘူး"

ပြောပြောဆိုဆို ထူးက နွေဦးဆွေအနီး လှစ်ခနဲကပ်သည်။ လက်တစ်ဖက်က နွေဦးဆွေခါးဆီ သိုင်းဖက်လိုက်၏။

"ဟော့ . . . ထူးနော်"

နွေဦးဆွေက ထူးလက်ကို ကပျာကယာ ဖယ်ချသည်။ ကပ် လာသော ထူးရင်ဘတ်ကိုလည်း ဆီးတွန်းရင်း ဆိတ်ဆွဲ၍ . . .

"မကဲနဲ့ထူး၊ လူမြင်လို့ မကောင်းဘူး၊ တော်ကြာ ကိုသန်းဒ
တို့ လှမ်းမြင်သွားရင် တစ်မျိုးထင်နေလိမ့်မယ်"

ထူးက ကိုသန်းဒန်တို့၏ ခြေတံရှည်အိမ်ဘက် လှမ်းကြ
သည်။ မြင်နေရသော အိမ်ရှေ့ခန်းနှင့်အိမ်ဘေး လက်ရန်းလှေကာ
ပေါ်တွင် မည်သူမှမရှိ။

"လုပ်မနေနဲ့ ဒီနားမှာ ဘယ်သူမှ မရှိဘူး"

"အို . . . ရှိရှိ . . . မရှိရှိ . . . ခါတိုင်းလိုပဲ အေးအေး
. . . ကဲရင် တွေ့လား . . . လက်သီးနဲ့ထိုးမယ်"

နွေဦးဆွေက အောက်နှုတ်ခမ်းလေးကို ခပ်ဖိဖိကိုက်၍
ထားသော လက်သီးကို မိန်းမရွယ် ရွယ်ရင်း လေသံကို တမင်မာ
ပြောသည်။ ထူးက နွေဦးဆွေ၏ ချစ်စဖွယ်ဟန်လေးကို သဘော
စွာ ကြည့်ရင်း ရယ်၏။

"ဘာရယ်တာလဲ"

ထူးက ပြန်မဖြေ . . . ရယ်သံကို ပိုမြှင့်သည်။

"ဘာရယ်တာလဲ . . . လို့ဆို . . ."

"ဘာမှမဟုတ်ပါဘူး . . . နွေဦးကို သဘောကျလို့ပါ . .
စောစောတုန်းကတော့ . . . ဒီနေရာကို အစတည်းက ဘာ
မလာတာလဲ၊ ဘာလဲညာလဲနဲ့ လုပ်နေပြီး ခုမှ ဒီနေရာအကြော
လည်း သိရော . . . လန့်ဖျပ်နေလို့ . . ."

"လန့်ရမှာပေါ့ . . . သူများပြောတာက ခါတိုင်းလို မျိုး
နေဖို့ ပြောတာ"

"ဟောဗျာ . . . ကိုယ်က အခု ဘယ်လို ဆန်းဆန်း
လို့လဲ"



"ဘာလဲ . . . ခုနက သဘောရှိဆိုပြီး လာဖက်တာ"

"မဖက်ရဘူးလား"

"မဖက်ရဘူး"

"ဒါဖြင့် ဘာလုပ်ရမလဲ"

"ဘာမှ မလုပ်နဲ့"

"အဲ . . . အဲဒါမှ ဆွေးရော . . . ခါတိုင်းမြို့ထဲသွား ရုပ်ရှင်
း ဘာလေးကြည့်တာကမှ ပခုံးလေးဖက်ရ ပါးလေးနမ်းရ . . ."

"ဟာ . . . ထူး ဘာတွေ ပြောနေတာလဲ . . . သွားကွာ
စရာတွေ မပြောနဲ့"

"ဟင် . . . ခုမှ ရှက်စရာ . . . ဟိုတုန်းကတော့ . . ."

"ဟော့ . . . မပြောနဲ့လို့ဆို"

နွေဦးဆွေက ထူးပါးစပ်ကို အတင်းလိုက်ပိတ်သည်။ ထူးက
င်လာသော နွေဦးဆွေ ကိုယ်လုံးလေးကို ဆီးဖက်သည်။
နှစ်ယောက်သား ရယ်ကြသည်။

ထိုစဉ် . . . ခြေတံရှည်အိမ်ဘက်မှ ကိုသန်းဒန်၏ခေါ်သံကို
းရ၏။

"ထူးရေ . . . လာဦးဟေ့"

နှစ်ယောက်သား မျက်လုံးများ ဝိုင်းသွား၏။

"အမလေး . . ."

လှေကားထိပ် ရေကပြင်ပေါ် အတက်လိုက် အားပြုထား

သော လက်တန်းဝါးလုံးက လှုပ်သွားသဖြင့် ရင်ထဲ အေးခ
သွားသည်။ ယိုင်သလိုလိုဖြစ်သွားသော ကိုယ်ကြောင့် ထူးယ
မောင်းကို ကပျာကယာ လှမ်းဆွဲလိုက်သည်။

"သတိထားတက်နော် . . . လက်တန်း ဝါးလုံးတွေက
မခိုင်ဘူး"

ကိုသန်းဒန် လှမ်းပြောသည်။ ထူးကရယ်၍ သူ့ဘက်
လာသော နွေဦးဆွေ၏ကိုယ်ကလေးကို သိုင်းဖက်၍ ထိန်းသ
ထူး၏ရယ်ကျဲကျဲမျက်နှာကြောင့် နွေဦးဆွေက မျက်စောင်းလှ
ပြီး ထူးလက်ကို မသိမသာ ဆွဲဖယ်၏။

"ကျသွားမှာစိုးလို့ပါ နွေဦးရ . . . ကျသွားရင် မချောင်
အောက်မှာကြည့်ပါလား . . . အချွန်ပေါ်ကျလိုက်လို့က
တစ်ခါတည်း အစ်နို့ပဲ"

ထူးပြသည့် နေရာကို အမှတ်မဲ့လှမ်းကြည့်သည်။ နှင်းဆီ
အတွက် စည်းရိုးသဘောမျိုး ကာရံထားသည့် ဝါးလုံးတိုင်ချွန်များ
မြင်မှ နွေဦးကျောထဲ စိမ့်ခနဲ ဖြစ်သွားသည်။

"ကဲ . . . ငါ့မောင်ရော ငါ့ညီမရော လာထိုင်ကြ၊ လက်
သုပ်ထားတယ်၊ လက်ဖက်သုပ်စားရင်း စကားပြောကြ၊ ဒီ
မှာတော့ ဘာမှအားမနာနဲ့နော်၊ လွတ်လွတ်လပ်လပ်သာနေ

ကိုသန်းဒန်၏မိန်းမ မစိန်မိက လှမ်းပြောလိုက်သဖြင့် သ
နှစ်ယောက်၏အကြည့် ဧည့်ခန်းဘက်ရွေ့သည်။ ဧည့်ခန်းဝ
ကြမ်းပြင်တွင် သင်ဖြူးတစ်ချပ် ခင်းထားသည်။ သင်ဖြူးပေါ်
လင်ပန်းဖြူဖြူနှင့် ထည့်ထားသော ရေနွေးအိုး၊ အကြမ်းပန်းက
လက်ဖက်သုပ်ဘစ်ပွဲ။



မစိန်မိက ပြုံး၍ . . .

"တို့ခြံထဲမှာ ပျော်ရဲ့လား ညီမ"

"ပျော်ပါတယ် မမ . . . ပန်းတွေကလည်း အရမ်းလှပြီး
မွှေးသာယာတာပဲ"

နွေဦးဆွေ၏ အဖြေကြောင့် မစိန်မိမျက်နှာ ဝင်းခနဲဖြစ်
သွားသည်။

"အဲဒါ . . . သူ့အစ်ကိုလက်ရာပေါ့၊ သူ့မှာ ဒီပန်းတွေနဲ့ပဲ
နေ့တစ်နေ့ နပန်းလုံးနေတာ၊ ပန်းနဲ့တွေ့ရင် မယားတောင်
တဲ့လူစားမျိုး"

စောစောပိုင်း သူတို့ရောက်စက ခဏစကားပြောခဲ့ပြီး ဖြစ်
ကြောင့် မစိန်မိအထာကို အတော်လေး သတိထားမိနေပြီ။ ယခုအစ
ပြောသော စကားသည် တော်တော်နှင့် ဆုံးတော့မည်မဟုတ်ဟု
ယောက်ယော်က် လှမ်းပြောသလို ပြုံးကြည့်သည်။

"အင်း . . . ငါ့မိန်းမကတော့ စကားများပြတော့မယ်ဟော့
. . နားငြီးဖို့သာ ပြင်ပေတော့"

ကိုသန်းဒန်၏ရယ်သံနှင့် အပြောကို မစိန်မိက မကျေနပ်
သို လှမ်းမျက်စောင်းထိုးသည်။

ထူးနှင့် နွေဦးဆွေတို့ ရယ်လိုက်၏။

ကိုသန်းဒန်တို့ရှိရာ ကိုးမိုင်မှ ပြန်လာကြသောအခါ နေ့လယ်
ငံ့တစ်နာရီလောက်ရှိပြီ။

မနက်ပိုင်း အတန်းများက အချိန်ကျဲကျဲနှင့် သိပ်အ
မကြီးသော ဘာသာရပ်များ ဖြစ်သဖြင့် အတန်းဖျက်နိုင်သေ
လည်း နေ့ခင်းပိုင်းအတန်းများက ဖျက်၍မဖြစ်။

"ကိုယ် . . . နွေဦးတို့ကျောင်းအထိ လိုက်ပို့မယ်လေ"

နွေဦးဆွေ ခေါင်းခါသည်။

"ရပါတယ် . . . ထူးက လမ်းသင့်တာပဲ၊ ရာဇူးမှာပဲ
နေခဲ့ပါ၊ ဟိုကနေ တစ်ခေါက်ပြန်လာတာက ပိုခက်သေးတယ်
သွားရပါတယ်"

"သွားရဲမနေနဲ့ဦး . . . တော်ကြာ အငှားကားဆ
ထစ်ခါတည်း ကားတင်ပြေးသွားရင် ဘယ့်နှယ့်လုပ်မလဲ"

"အဲဒီတော့ လိုက်သွားလိုက်တာပေါ့ ထူးရာ . . . ထူး
လုပ်ကျွေးရသက်သာသေးတာပေါ့"

နွေဦးဆွေ၏ အရွှတ်အနောက်စကားကြောင့် ထူးက
မလင် လှမ်းကြည့်သည်။ အငှားကား လိမ္မော်ရောင်လေး
တံတားဖြူရောက်နေပြီ ဖြစ်၏။

"ဒါဖြင့် ကိုယ်လည်း ဒီမှာပဲဆင်းတော့မယ်"

"ဘာဖြစ်လို့"

"ဩော် . . . နွေဦးက ကားဆရာနဲ့ လိုက်ပြေးတော့
တော့ ကိုယ်လည်း အင်းလျားကန်ပေါင်ရိုးက ကောင်
တစ်ယောက်လောက်ထပ်ရှာဖို့ လိုအပ်လာပြီလေ"

"အမယ် . . . ရှာရဲရှာကြည့်ပါလား၊ တစ်ခါတည်း
ခေါက်ကြောလိမ်ဆွဲတာနဲ့ အသက်ထွက်သွားမယ်"

ပြောပြောဆိုဆို ဗိုက်လှမ်းဆွဲလိုက်သော နွေဦး



ကြည့်၍ ထူးရယ်သည်။

"ကြည့် . . . သူ့ကျတော့ တစ်မျိုး"

"ဒီက နောက်ပြောတာ"

"တို့လည်း နောက်တာပေါ့"

"ဟင့်အင်း . . . အဲဒီလို မနောက်နဲ့၊ အဲဒီလိုပြောရင် သိပ်
ငိုချင်တာပဲ"

နွေဦးဆွေ၏ မျက်လုံးများတွင် တကယ်မျက်ရည်စများ ဝိုင်း
သာ၏။ ဒီတော့မှ ထူးက အရယ်လျှော့သည်။

"နွေဦးကလည်း ဘာဖြစ်တာလဲ၊ နွေဦးနောက်လို့ ကိုယ်ပြန်
နောက်တာပဲဟာ"

"ဟင့်အင်း . . နွေဦးက နောက်သာနောက်တာ တယ်တော့
မှ တကယ်လုပ်မှာ မဟုတ်ဘူး၊ ထူးက တကယ်လုပ်မှာ"

"မလုပ်ပါဘူး နွေဦးရဲ့၊ လောကမှာ နွေဦးကလွဲလို့ ကိုယ်
ဘယ်သူ့ကိုမှ စိတ်မဝင်စားပါဘူး"

"တစ်သက်လုံးနော် . . ."

"အင်းပါ . . . တစ်သက်လုံးပေါ့"

ထိုအခါမှ နွေဦးဆွေ၏မျက်နှာတွင် အပြုံးရိပ်လေး ပြန်
ရောက်လာသည်။

သို့သော် ထူးရင်ထဲ၌ တစ်မျိုးလေး ဖြစ်သွား၏။

တစ်ခါမျှ မခံစားဖူးသော ခံစားမှုတစ်ခုလည်း ပေါ်လာ၏။

တစ်သက်လုံးအတွက် ကတိကဝတ်ပြုထားသည့်တိုင် သူတို့
နှစ်ယောက်၏ ယခုပျော်ရွှင်မှုမျိုးလေးများသည် တစ်သက်လုံး အမြဲ
တမ်း ရှိမှရှိပါ့မလားဟူသော စိုးရိမ်ခံစားမှုလေးပင် . . .

မည်သည့် ချစ်သူများမဆို တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားလိုသော ဆန္ဒများ ရှိကြမည်မှာ အမှန်ပင်။ သို့သော် . . . ချစ်သူတိုင်း ချစ်သူတိုင်းသည် တစ်သက်လုံး ပျော်ရွှင်ကြရသည် မဟုတ်၊ ဆန်းကြယ်သော လောကဓံတရား၏ အလှည့်အပြောင်း သည် တစ်ခါတစ်ရံ အပြစ်မဲ့သော ချစ်သူများကြားတွင် ရက်စက် စွာ ဝင်ရောက်ဖျက်ဆီးတတ်သည်။

သူတို့နှစ်ယောက်ကိုတော့ . . .။

အမှတ်မထင်ပင် သက်ပြင်းတစ်ခု ခပ်ဖွဖွချလိုက်မိ၏။

ဒီနေ့ သောကြာနေ့ . . .။

(၆)

သူဝင်လာသောအခါ စကားသည် ထူးထူးခြားခြား ငြိမ်သက် သွားကြောင်း သတိပြုမိသည်။ စိတ်ထဲမှာ တစ်မျိုးဖြစ်သွား၏။

"လာ . . . ထူး၊ အတော်ပဲ တို့အားလုံး မင်းအကြောင်းပြော နေတာ"

လွတ်နေသော ထိုင်ခုံကို လက်ဖြင့်ညွှန်ရင်း ပြောလိုက်သော ကျော်သူလတ်၏မျက်နှာတွင် ခါတိုင်းကဲ့သို့ အရယ်အမော အနောက်အပြောင်ဟန်များ လုံးဝမရှိ။ တစ်ခုခုတော့ ထူးပြီဆိုသည် မှာ ဘာမှသံသယ ဝင်စရာမလို။

ကျော်ခိုင်တို့ စိုးပြည့်တို့ကလည်း သူ့မျက်နှာကို စူးစမ်းသလို ကြည့်သည်။

"အေးမောင်ရော"

ထူးက ဘာစပြောရမှန်းမသိသော အခြေပျက်စကားဝိုင်းကို ရေရာအမေးဖြင့် ပြန်တည်ပေးလိုက်သည်။

"လာလိမ့်မယ်၊ ကျောင်းလခ သွားသွင်းနေတယ်"

ကျော်ခိုင့်အဖြေစကားကို နားထောင်ရင်း ထူးက ...
သုံးယောက်စလုံး၏မျက်နှာကို မသိမသာ အကဲခတ်သည်။ အ...
၏ မျက်နှာများတွင် ပြောစရာစကား အပြည့်မြင်ရသည်။ ဒီအ...
အနေကို သူ လုံးဝမကြိုက်။ သူတို့ပြောလိုသည့် စကားများကို ...
ထောင်ရန် ရင်ထဲလေးနေသည်။

မကောင်းသတင်း တစ်ခုခုဖြစ်ဖို့များသည်ဟုလည်း ...
မိ၏။ ဘယ်သူက စပြောမလဲဟုလည်း ငြိမ်၍စောင့်ကြည့်သ...
သူ့အငြိမ်ကို ရိပ်မိသွား၍လားမသိ သုံးယောက်သား တစ်ယော...
ကိုတစ်ယောက် လှမ်းကြည့်သည်။

"ကျော်သူလတ် မင်းပြောလိုက်ကွာ"

စိုးပြည့်က ထူးနှင့်အတွဲအများဆုံး၊ ပြောမနာဆိုမနာအ...
ဆုံး ကျော်သူလတ်ဘက် ခေါင်းတည်ပေးလိုက်သည်။ ကျော်သူလ...
က ခေါင်းခါသည်။

"ဟာ ငါမပြောချင်ဘူးကွာ . . . မင်းတို့ရတဲ့သတင်း မ...
ဟာ မင်းတို့ပြော"

ထူးရင်ထဲ ပိုလှုပ်ရှားသွားသည်။ သူပြောရခက်၊ ကိုယ်...
ရခက် ဖြစ်နေသည့် စကားများလည်း မည်သို့သော စကား...
ဖြစ်နေသောကြောင့်နည်း၊ သူသိချင်လာသည်။

"နေပါဦး မင်းတို့ ဘာဖြစ်နေတာလဲ၊ ပြောစရာရှိ ပြော...
တာမဟုတ်ဘူး . . . ဘာဖြစ်လို့ တစ်ယောက်တစ်ယောက် ...
သော ပွတ်နေတာလဲ"

ကျော်ခိုင်က သက်ပြင်းချသည်။ ပြီးမှ တစ်ခုခုဆုံးဖြတ်...



ချလိုက်ဟန်ဖြင့် . . .

"ငါတို့ သတင်းတစ်ခုကြားလို့ထူး . . . အဲဒါ မင်းနဲ့ပတ်သက်နေတယ်"

"ဘာသတင်းလဲ"

"မင်းနွေဦးဆွေနဲ့ ပတ်သက်တဲ့သတင်း"

ထူးရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်။ ကျော်သူလတ်မျက်နှာကိုလည်း ဖျတ်ခနဲ လှည့်ကြည့်သည်။ ကျော်သူလတ်က ကျော်ခိုင့်ကို လက်လှမ်းကာပြ၍ . . .

"နေဦး ကျော်ခိုင် . . . ငါပြောမယ် . . . ဒီလိုကွာ . . . ထူး၊ မင်းနဲ့ကျော်ခိုင်တို့အတွဲနဲ့ ဟိုတစ်နေ့က ရုပ်ရှင်ရုံမှာ ဆုံတယ်ဆို . . . အဲဒါဟုတ်လား"

"ဟုတ်တယ်"

"အေး . . ကျော်ခိုင်ကောင်မလေးက . . နွေဦးကို သိတယ်လို့ပြောတယ်၊ လူချင်းတော့ ခင်တာမဟုတ်ဘူးပေါ့ကွာ၊ တစ်ရပ်ကွက်တည်းနေကြတာမို့ မြင်ဖူးတွေ့ဖူးနေတယ် . . . တဲ့"

"အဲဒီတော့ . . ."

"အဲဒီတော့ . . . သူပြောတာက နွေဦးမှာ မင်းအပြင် တွဲနေတဲ့လူတစ်ယောက်ရှိသေးတယ်လို့ ပြောတယ်"

"ဘာ . . ."

ကြားလိုက်ရသောစကားကြောင့် ရင်ထဲတွင် ဆူခနဲဖြစ်သွားသည်။

ကြားလိုက်ရသော စကားကိုပင် မယုံမိ။

"နွေဦး . . . ထူး . . . ငါပြောတဲ့စကားကို ခေါင်းအေးအေး

ထားပြီး နားထောင်၊ ဝုန်းဒိုင်းထမလုပ်နဲ့"

ကျော်သူလတ်၏စကားကြောင့် သွက်သွက်ခါ တုန်လှုပ်သွားသော သူ့ကိုယ်သူ မနည်းပြန်ထိန်းထားလိုက်ရသည်။

လူကိုသာ ထိန်းလို့ရမည် . . . တဟုန်းဟုန်း ဆူလောင်ပွက်လာသော သူ့စိတ်ကိုသူ ဘယ်လိုထိန်းရမည်ဆိုသည်ကို သူမသိ။

ရင်ထဲမှာ အပူငွေ့များ လုံး၍ လှိုက်၍ တက်လာ၏။

❀

"ဟုတ်လား ကျော်ခိုင်"

ကျော်သူလတ်က တစ်ဆင့်ကြားဖြစ်ပြီး၊ ကျော်ခိုင်က တည့်တည့်ကြားသူ ဖြစ်သဖြင့် ကျော်ခိုင်ကို မျက်မှောင်ကြုတ်ကြည့်ပြီး လှမ်းမေးသည်။ ကျော်ခိုင်က ခေါင်းကို လေးလေးညိတ်သည်။

"ဟုတ်တယ် . . . ထူး၊ ငါ့ကောင်မလေးက သေသေချာချာ ပြောလိုက်တာ၊ နွေဦးဆွေနဲ့ အဲဒီကောင်က ကျောင်းကပြန်ရင် သူတို့ရပ်ကွက်ထဲကို အတူတူပြန်လာနေကျတဲ့၊ တစ်ခါတစ်ခါမှာ ကားနဲ့အိမ်အထိ ပြန်ပို့တယ်လို့ ပြောတယ်၊ အဲဒီကောင်က အိမ်ကိုလည်း ဝင်ထွက်နေတာပဲတဲ့"

"လူမှားတာ မဖြစ်နိုင်ဘူးလား ကျော်ခိုင်ရာ"

စိုးပြည့်အမေးကို ကျော်ခိုင်က ခါးခါးသီးသီး ခေါင်းခါ၍ ငြင်းသည်။

"မဟုတ်ဘူး စိုးပြည့် . . . ငါကြားတဲ့သတင်းက မမှားနိုင်ဘူး၊ ငါ့ကောင်မလေးကလည်း ထူးနဲ့တွေ့တော့ အရမ်းအံ့ဩသွား



ဘယ်၊ နွေဦးဆွေကတော့ သူ့ကိုသိချင်မှ သိမှာပေါ့၊ ငါ့ကောင်မလေးက အတန်းငယ်တယ်၊ ဒါပေမဲ့ နွေဦးဆွေကိုတော့ သူသိတာပေါ့၊ နွေဦးဆွေက သူတို့ရပ်ကွက်ထဲမှာ နာမည်ကြီးပဲဟာ"

"ဘာနာမည်ကြီးတာလဲ"

"ဩော် . . . မဟုတ်ပါဘူး . . . နာမည်ကြီးတာက လှလို့ပါ . . . ချမ်းလည်းချမ်းသာတယ်လို့ ပြောတယ်၊ နွေဦးဆွေတို့မှာ အဖေမရှိတော့ဘူးတဲ့၊ ဒါပေမဲ့ သူ့အမေက စိန်တို့ရွှေတို့ အရောင်းအဝယ်လုပ်ပြီး တော်တော်ပိုက်ဆံရတယ်တဲ့၊ နွေဦးဆွေ အင်္ဂလိပ်မေဂျာမှာ တက်တာလည်း သူပြောမှ ငါသိတာ"

ကျော်ခိုင်ပြောသည့် အချက်အလက်များတွင် မှားယွင်းသည့်အချက် လုံးဝမမြင်မိ။ ကျန်သည့်အချက်များ မှန်လေလေ . . . ပင်ရင်းသတင်းစကားက မှန်ဖို့နီးစပ်လေလေ . . . ဆိုသည်ကိုလည်း ထိတ်လန့်တကြား တွေးမိသည်။

"ခုရော တွဲတုန်းပဲတဲ့လား"

"မင်းနဲ့တို့နဲ့ မတွေ့ခင် တစ်ရက်နှစ်ရက်လောက်ကတောင် ကားနဲ့အတူတူ ပြန်လာကြတယ်လို့ ပြောတယ်"

ထူးက ဝုန်းခနဲ ထိုင်ရာမှထရပ်သည်။ သူ့မျက်နှာသည် ဒေါသဖြင့် ရဲရဲတွက်နေ၏။

"တောက်"

တောက်ခေါက်သံပြင်းပြင်းနှင့်အတူ ချာခနဲလှည့်ရန် ပြင်သည်။ သူ့အမူအရာကို အကဲခတ်နေသော ကျော်သူလတ်က ဖျတ်ခနဲ လက်ကိုလှမ်းဆွဲ၍ . . .

"ဟေ့ကောင် . . . ဒါဘယ်လဲ"

ထူးက ကျော်သူလတ်လက်ကို ပုတ်ချသည်။

"ငါ ခုချက်ချင်း ဒီကိစ္စသွားရှင်းမယ် . . . ဖိုးကျော် မင်းတို့ ဒီမှာ စောင့်ချင်စောင့်နေ . . . ငါပြန်လာခဲ့မယ် . . . ငါ့ကို ဒါမျိုး လုံးဝလုပ်လို့ မရဘူး"

ကျော်သူလတ်က ထူး ပုတ်ချသည့် လက်ကို ဖြုတ်မချဘဲ အတင်းဆွဲထားသည်။

ထူးနှင့်ယှဉ်လျက် ထရပ်လိုက်ပြီး . . .

"မင်းမသွားနဲ့ဦး . . . ထူး၊ ဒီကိစ္စရှင်းဖို့ စောသေးတယ် ပြီးတော့ ဒီအချိန်မှာလည်း နွေဦး ကျောင်းမှာရှိမှာ မဟုတ်တော့ ဘူး၊ အိမ်ပြန်ရောက်ရောပေါ့"

"အိမ်ပြန်ရင် အိမ်အထိလိုက်သွားမှာပေါ့ကွ"

"အဲဒါကြောင့် နေစမ်းပါဦး ပြောတာပေါ့ကွာ၊ ဘယ်ကိစ္စ ဖြစ်ဖြစ် အဲဒီလို ရှူးရှူးဒိုင်းဒိုင်းကြီး ထမလုပ်စမ်းပါနဲ့၊ ခေါင်းအေး အေးထားပြီး ရှင်းစမ်းပါ"

"မဟုတ်ဘူး ဖိုးကျော်၊ ဒီကိစ္စကို ငါ တအုံနွေးနွေး လုပ် မထားချင်ဘူး၊ ရှင်းစရာရှိ ခုပဲရှင်းလိုက်ချင်တယ်"

"နေပါဦး . . . ထူးရာ၊ တော်ရုံတန်ရုံ အပ်နဲ့ ထွင်းရမယ့်ကိစ္စ ကို ပုဆိန်နဲ့ပေါက်ရအောင် မလုပ်စမ်းပါနဲ့၊ ခုဟာက ငါ့စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်"

"ဘာတစ်မျိုးဖြစ်တာလဲ"

"ဒီကြားထဲမှာ တစ်ခုခုမှားနေတယ်လို့ ငါထင်တယ်၊ နွေဦး ကိုကြည့်ရတာ ဒီလိုမျိုးထီးနှစ်လက် ပြိုင်ဆောင်းမယ့်ပုံစံမျိုးလို့ ငါ မထင်ဘူး၊ နေဦးကျော်ခိုင် . . . မင်းကို ငါသေချာမေးရဦးမယ်



င်းကောင်မလေးပြောတဲ့အထဲမှာ အဲဒီနောက်အကောင်ဆိုတာ နွေဦးဆွေရဲ့ရည်းစား သေချာလား"

ကျော်ခိုင် တွန့်ခနဲဖြစ်ပြီး ခေါင်းကိုတွင်တွင်ခါသည်။

"ဟာ . . . ဒါတော့ ဘယ်သိမလဲကွ၊ တွဲတာတွေ့တယ်ပဲ ပြောတာ၊ ရည်းစားလား၊ ဘာလားတော့ ကာယကံရှင်ပဲ သိမှာပေါ့"

"အေး . . အဲဒါပြောတာပေါ့ . . ထူး၊ ဒီကိစ္စက သိပ်သေချာ သေးတာ မဟုတ်ဘူး၊ တွဲသွားတွဲလာဆိုတာ အမျိုးမျိုး ဖြစ်နိုင်တာပဲ၊ ကိုယ့်ဘက်က သေချာအောင် အရင်စုံစမ်းပါဦး၊ ကိုယ်က အရမ်း ကာရော သွားစွပ်စွဲမိသလိုဖြစ်ရင် မကောင်းဘူး"

ထူး တွေခနဲဖြစ်သည်။ ကျော်သူလတ်စကားကတော့ ကျိုး ကြောင်းခိုင်လုံမှုရှိသည်။ ငြင်းစရာလည်း မလို။

သို့သော် . . . ရင်ထဲက အစိုင်အခဲကို ပျောက်အောင်တော့ ပျောက်မပေးနိုင်။

မမျှော်လင့်သောထောင့်မှ ပြဿနာတစ်ခုတော့ စတက်ပြီ ဟု စိတ်ထဲက တွေးလိုက်၏။

ဒီနေ့ စနေနေ့။

မနေ့ကနှင့်ဒီနေ့ လုံးဝမတူတော့ပါတကား။

(၇)

ကြည့်မြင်တိုင် ကမ်းနားလမ်းအတိုင်း နှစ်ယောက်သာ
လျှောက်လာကြသည်။

အတွင်းတွင် လှိုက်လောင်နေသဖြင့် တငွေ့ငွေ့အူနေသော
ကျောက်မီးသွေးပုံကြီးကို မြင်နေရ၏။

"မနက်က မင်းနဲ့နွှေဦးနဲ့ မတွေ့ဘူးလား"

ထူးက ခေါင်းခါသည်။

"မတွေ့ဘူး။ မနေ့ကတော့ ကိုးမိုင်က ကိုသန်းဒန်တို့ဆီ
သွားတယ်၊ ဒီနေ့တော့ ငါလည်း ကလပ်စ်တွေ လွတ်နေတာ
နေလို့ တနင်္လာနေ့မှ တွေ့မယ်ဆိုပြီး ချိန်းကိုမချိန်းတာ"

ကျော်သူလတ်က ခေါင်းတဆတ်ဆတ်ညိတ်၍ နား
သည်။ သက်ပြင်းကိုလည်း ခပ်လေးလေးချသည်။

"ဒီကြားထဲမှာ ထူးထူးခြားခြား ဖြစ်တာလေးတွေ မင်းသ
ထားမိတာ ရှိလားထူး၊ ဆိုပါတော့ကွာ ဟိုတစ်ယောက်နဲ့ ပက်



မှာစိုးလို့ ဟိုရှောင်ဒီရှောင်လုပ်တာမျိုး"

ကျော်သူလတ်အမေးကို ထူးက တွေ၍စဉ်းစားသည်။ တစ်စုံ
ခုကို ဖျတ်ခနဲသတိရ၏။

"အေး . . . မင်းပြောမှ ငါသတိထားမိတာ တစ်ချက်ရှိတယ်၊
ကျောင်းကို ငါ့ လုံးဝမသွားဖူးဘူး၊ ချိန်းရင်လည်း ဆယ့်ခြောက်
ဂိတ်မှာပဲ အမြဲတမ်းချိန်းတယ်၊ သူ့ကျောင်း သူပြန်ရင်လည်း
ကို လိုက်မပို့ခိုင်းဘူး၊ အဲဒါတစ်ခုတော့ အတော်သိသာတယ်"

"ဒါပဲလား . . . တခြားရော"

"တခြားတော့ သိပ်မရှိပါဘူး၊ ငါနဲ့ မြို့ထဲလျှောက်သွားလာ
တာပဲ"

"အေးကွ . . . ငါလည်း ကျော်ခိုင့်ကောင်မလေး ပြောသလို
ဟုတ်မယ်မထင်ဘူး၊ နွှေဦးဆွေကို ကြည့်ရတာ အဲဒီလို ဖောက်
ပြန်ပြန်ထဲကတော့ မဟုတ်ပါဘူး ထင်ပါတယ်ကွာ"

"ဒါတော့ ဘယ်အပိုင်ပြောလို့ရမလဲ၊ ဖိုးကျော်တို့နဲ့သူနဲ့ တွေ့
က အခုမှ တွေ့ကြတာပဲဥစ္စာ . . . သူ့နောက်ကြောင်းရာဇဝင်
ဘာတွေ တို့ကောင်းကောင်းသိတာမှ မဟုတ်ဘဲ"

"တစ်ခုတော့ရှိတယ် . . . ထူး၊ မင်းနဲ့မတွေ့ခင်က ဖြစ်ခဲ့
ခဲ့တာလည်း ဖြစ်နိုင်တယ်၊ ဆိုပါတော့ကွာ . . ရည်းစားဟောင်း
အေးလေ . . . ဒါဆိုရင်လည်း မနေ့တစ်နေ့လောက်အထိ
နေစရာတော့ မရှိဘူးပေါ့၊ ငါလည်း စဉ်းစားရ ခပ်ကျပ်ကျပ်ပဲ၊
ကကြီးမှာ တို့မသိတာတွေ အများကြီး ရှိနေချင်လည်း ရှိမှာ
ကွာ . . . ဒါပေမဲ့ မင်းအနေနဲ့ စဉ်းစဉ်းစားစားတော့ လုပ်စေ
တယ်"

ထိုစဉ်အရှေ့ဘက်မှ လေပြင်းတစ်ချက် ပြန်ဝှေ့တိုက်
သဖြင့် စောစောက တငွေ့ငွေ့လောင်နေသော ကျောက်မီး
ကြီးမှ မီးခဲတချို့ကို ရဲခနဲ မြင်လိုက်ရသည်။

မြစ်လယ်တွင် လှေငယ်တစ်စင်းသည် ဂယက်မြင်း
ကြောင့် လူးလာခတ်နေ၏။

"သား ဘယ်သွားနေတာလဲ၊ ခုနက အောင်ဖြိုးဝေ လာ
တယ်"

ကျော်သူလတ်နှင့် ကမ်းနားဘက်လျှောက်ပြီး ပြန်လာ
အခါ ညနေ ခြောက်နာရီခွဲလှပြီ၊ အိမ်ပေါ်ရောက်ရောက်ချင်း
မိခင်က လှမ်းပြောလိုက်သဖြင့် ထူး အံ့အားသင့်သွား၏။

"ဘာကိစ္စတဲ့လဲ မေမေ"

"မသိဘူးသား . . . သားမရှိဘူးဆိုတာနဲ့ စာတစ်စောင်
ပေးသွားတယ်၊ စာအုပ်တစ်အုပ်လည်း ပေးသွားတယ်၊ မနက်
တစ်ခေါက်လာခဲ့ဦးမယ်လို့လည်း ပြောသွားတယ်"

သူ့စိတ်ထဲ ထူးဆန်းသလို ဖြစ်သွားသည်။ အောင်ဖြိုး
သည် တစ်ခါမျှ သူ့ထံ ယခုကဲ့သို့ မလာစဖူး။ တစ်ခုခုတော့ တ
ပဲဟု စိတ်ထဲက ထင်သွားသည်။

တစ်ဆက်တည်းပင် မြို့ထဲမှာ ကျော်ခိုင်တို့နှင့်တွေ့သော
က အောင်ဖြိုးဝေနှင့်ပါ ဆုံခဲ့ကြောင်း အမှတ်ရသည်။ သူနှင့်
နွေဦးဆွေကိုလည်း မြင်သွားသည်။



အောင်ဖြိုးဝေ လာခြင်းသည် နွေဦးဆွေနှင့် ပတ်သက်သည့်
ကိစ္စပဲလား။

ဖြစ်တော့ဖြစ်နိုင်သည်ဟု တွေးမိသည်။ အောင်ဖြိုးဝေက
ဆေး(တစ်)ကျောင်းသား၊ နွေဦးဆွေရှိရာ ပညာရေးတက္ကသိုလ်နှင့်
ဆိုလျှင် ကပ်လျက်၊ သူ မသိသော နွေဦးဆွေ၏ လှုပ်ရှားမှုများကို
အောင်ဖြိုးဝေ မြင်နေတွေ့နေသိနေကောင်း သိနေလိမ့်မည်။ ရင်ထဲ
မှာ ပို၍လေးလံသွား၏။

"အဲဒီစာရော မေမေ"

"သား စားပွဲပေါ်မှာ တင်ထားတယ်"

သူ့မိခင်၏ စကားသံအဆုံး သူ့အခန်းထဲသို့ ခပ်သွက်သွက်
ဝင်လာခဲ့၏။ စားပွဲပေါ်တွင် စာအုပ်လေးတစ်အုပ်နှင့် ဖိလျက်
စာခေါက်လေးတစ်ခု။

ထူးကျ စာခေါက်လေးကို ကပျာကယာထုတ်၍ ဖတ်လိုက်
သည်။

ထူး . . .

မင်းနဲ့ဆွေးနွေးစရာရှိတယ်။

ငါထားခဲ့တဲ့ စာအုပ်ထဲမှာ ဓာတ်ပုံတစ်ခု ညှပ်ထား
တယ်၊ မင်းကြည့်ကွာ၊ ပြီးတော့ ဒီည စဉ်းစားရင် စဉ်းစား
ပေါ့။

မနက်ကျရင် ငါလာခဲ့မယ်။

သူငယ်ချင်း
အောင်ဖြိုးဝေ

သိချင်စိတ်ကများစွာ စေ့ဆော်လိုက်သဖြင့် ထူးက ... အောင်ဖြိုးဝေ ထားခဲ့သော စာအုပ်လေးကို ခပ်သွက်သွက် ဖွင့်လိုက်သည်။

ပို့စကတ်အရွယ် ဓာတ်ပုံလေးတစ်ခု လျှောခနဲ ကျလာ၏။ ကျောဘက်နှင့် ကျလာသဖြင့် နောက်ကျောမှ စာများကို အရင်ဖတ်လိုက်ရမိသည်။ ရင်ထဲတွင် ဒိန်းခနဲ ခုန်သွားသည်။

ချစ်သော ... ကိုကို့ ...အတွက်
အမှတ်တရ ...
ဆွေ ...

နွေဦးဆွေ၏ လက်ရေးဖြစ်ကြောင်း သေချာပေါက်သိလိုက်သည်။ ရင်ထဲတွင် ဝန်တိုစိတ်၊ ခံပြင်းစိတ်၊ ရှက်စိတ်များ လှိုက်လှဲ၍ တက်လာ၏။ ကျော်သူလတ်နှိုင့်လည်းကောင်း၊ နေ့လယ်က စိုးပြည့်တို့၊ ကျော်ခိုင်တို့နှင့်လည်းကောင်း ဒီကိစ္စကို ပြောဆိုနေစဉ်က ဟုတ်ချင်မှ ဟုတ်မှာပါ့လေဟု တင်းခံထားသော စိတ်၏အခုအခံများ တစ်ချက်တည်းနှင့် ပြေလျော့ကျသွားသည်။

ဤကိစ္စသည် မဖြစ်နိုင်စရာ မရှိတော့။

ဒီထက်သေချာရန် ဓာတ်ပုံကို လှန်ကြည့်ရန်သာ ရှိတော့သဖြင့် ကပျာကသီ ဓာတ်ပုံကို တစ်ဘက်လှည့်လိုက်သည်။

"ဟင်"

မမျှော်လင့်သော မြင်ကွင်းကို မြင်လိုက်ရသဖြင့် အံ့ဩမှုများ အထွတ်အထိပ်သို့ ရောက်သွားသည်။ မြင်ရသောမြင်ကွင်းကို ယုံနိုင်သဖြင့် အထပ်ထပ် ပြန်ကြည့်သည်။ မှားစရာမရှိ။



မြင်ကွင်းသည် လုံးဝမျှော်လင့်မထားသော မြင်ကွင်းပင်။

ဓာတ်ပုံထဲတွင် နွေဦးဆွေနှင့်အောင်ဖြိုးဝေတို့သည် သန်လျှင်ကျောက်တန်း ရေလယ်ဘုရားဟု မှားစရာမရှိသည့်နေရာ ရေစပ်ကျောက်တုံးများတွင် ဘုရားကို ... နောက်ခံပြီး တွဲလျက်သား ပြုံးနေကြ၏။

အောင်ဖြိုးဝေ၏ လက်တစ်ဖက်သည် နွေဦးဆွေ၏ခါးလေးကို သိုင်း၍ဖက်ထားသည်။

ဘာပြောစရာ လိုသေးသနည်း။

(၈)

"ပြောလို့သာ ကြားနေရတယ်၊ ဟုတ်လို့သာ ယုံနေရတယ် တစ်ဆင့်ကြားစကားသာဆိုရင် ငါလုံးဝ လက်ခံမိဦးမှာ မဟုတ်ဘူး ထူး၊ ငါတော့ သိပ်အံ့ဩသွားတယ်"

ကျော်သူလတ်က ထူး လှမ်းပေးလိုက်သော ဓာတ်ပုံကိုကြည့်ရင်း အထိတ်တလန့် ရေရွတ်သည်။ ထူးက အံကိုတင်းတင်းကြိတ်ထား၏။

မျက်လုံးထဲတွင်လည်း မနက်က သူ့ထံလာသွားသော အောင်ဖြိုးဝေ၏မျက်နှာကို ပြန်မြင်နေမိသည်။ အောင်ဖြိုးဝေ ပြောသွားသော စကားများကလည်း နားထဲမှမထွက်။

"ငါ့အနေနဲ့ကတော့ ဆွေ့ကို ဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး ထူး၊ မင်း နောက်ဆုတ်ပေးပါ"

"တောက် . . ."

စိတ်ကို အထိန်းအကွပ်မဲ့ လွှတ်လိုက်မိသဖြင့် တောက်တစ်



ချက် လက်လွှတ်စပယ် ခေါက်လိုက်မိသည်။ ရင်ထဲတွင် ဒေါသ၊ ခံပြင်းခြင်းနှင့်အတူ နှမြောခြင်း၊ ကြေကွဲရင်နာခြင်းတို့ မွှေရှုပ်ထွေးနေသည်။

မနက်က အောင်ဖြိုးဝေလာသည်။ ဒီပြဿနာက တစ်ညလုံး တွေးထားပြီး ဖြစ်သည့်အတွက် တစ်ယောက်နှင့်တစ်ယောက် အချေအတင် ပြောစရာမလိုတော့သည့်တိုင် အောင်ဖြိုးဝေထံမှ ကြားရမည့် စကားများကို သိချင်သေးသဖြင့် အောင်ဖြိုးဝေ၏ နှင့်အတူ လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ လိုက်လာခဲ့သည်။

"ဒီကိစ္စကို မင်းဘယ်လို သဘောထားမလဲ ထူး"

အောင်ဖြိုးဝေလေသံက အထက်စီးမှ ဖြစ်သလို မာဆတ် သည်းနေသည်။

အောင်ဖြိုးဝေ၏မျက်နှာထားကိုလည်း သူ မကြိုက်။

ညတုန်းက စဉ်းစားထားခဲ့သည်မှာ အောင်ဖြိုးဝေနှင့်သူ့မှာ ယ်သူငယ်ချင်းများလည်း ဖြစ်သည်။ ပြီးတော့ ဒီကိစ္စမှာ နွေဦး ဆွေ၏ သစ္စာမရှိခြင်းက ထင်းခနဲပေါ်လာသည်။ နှစ်ဂုဏ် ခြသေ့်မ ဘက်ကို နိုင်နင်းစွာ ကသွားကြောင်းလည်း ဘာမှအထွေအထူး တွေးနေစရာမလိုတော့။

နွေဦးဆွေကို ဒီတစ်သက်မှာ တစ်ယောက်တည်းသော ချစ်သူအဖြစ် သူ နှစ်နှစ်ကာကာ ချစ်ခဲ့သည့်တိုင် ဒီအခြေအနေမျိုး မှာ သူ ဘက်ပြိုင်၍ မလုချင်တော့။ သူငယ်ချင်းအချင်းချင်းလည်း သစ္စာမဲ့သော ချစ်သူတစ်ယောက်အတွက် စကားပင် အချေအတင် ပြောတော့ဟု ဆုံးဖြတ်သည်။

နွေဦးဆွေနှင့် သူတို့၏အချစ်ဇာတ်လမ်းသည် သူ့ဘက်က

အရှုံးနှင့် ပြည်ဖုံးကားချရန်သာ ရှိတော့သည်။ ပြောစရာရှိလျှ
နွေဦးဆွေကိုသာ သူ့နှလုံးသား ကြေကွဲရသည်နှင့်အမျှ နင့်နင့်သီး
သီး ပြောချရန် ဆုံးဖြတ်ခဲ့သည်။

သို့သော် ယခု အောင်ဖြိုးဝေလေသံနှင့် မျက်နှာထားကြောင့်
ရင်ထဲမှာ မခံချင်စိတ်များ တိုးတက်လာသည်။

မာနနှင့်အတူ လေသံပါ မာသွား၏။

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ အောင်ဖြိုးဝေ"

အောင်ဖြိုးဝေမျက်နှာ တင်းခဲ့နဲ ဖြစ်သွားသည်။ အကြည့်
လည်း ပို၍စူးရဲလာ၏။

"ငါနဲ့ဆွေကြိုက်တာ ကြာပြီဟေ့ကောင်၊ ပြီးတော့ မိဘချင်း
လည်း သဘောတူပြီးသား၊ ဆွေကျောင်းပြီးတာနဲ့ လက်ထပ်တော့မှာ
ဒီကြားထဲမှာ မင်းဝင်မရှုပ်ပါနဲ့"

ထူးက အောက်နှုတ်ခမ်းကို တင်းတင်းဖိကိုက်လိုက်သည်။
အောင်ဖြိုးဝေမျက်နှာကိုလည်း စူးစူးရဲရဲ ကြည့်လိုက်သည်။ သူငယ်
ချင်းဟု သူတွေးထားသည့် သဘောထားမျိုး အောင်ဖြိုးဝေမှာ မရှိ
သည်မှာ သေချာနေသည်။

နောက်မှ လုပ်ချင်ရာလုပ်၊ လောလောဆယ်တော့ ဒီလေသံ
ဒီအပြောမျိုးကို ခေါင်းငုံ့ခံရန် လုံးဝမဖြစ်နိုင်။ ထို့ကြောင့် နာနာ
ကျင်ကျင် တစ်ချက်ရယ်လိုက်ပြီး . . .

"ငါနဲ့လည်း နွေဦးဆွေက ရည်းစားပဲ အောင်ဖြိုးဝေ
မင်းလိုပဲ ငါ့မှာလည်း ပြောနိုင်တဲ့အခွင့်အရေးရှိတာပဲ၊ မင်းလို
စကားမျိုး ပြောရရင် ငါတို့ကိစ္စမှာလည်း မင်းမရှုပ်နဲ့ပေါ့"

"မင်းက နောက်လူ ဟေ့ကောင်"



"နောက်လူဘာဖြစ်လဲ အောင်ဖြိုးဝေ၊ မင်းတို့နှစ်ယောက်တ
သင်မယားမဟုတ်ဘူး၊ ငါကြားကနေ ကြာကူရီရိုက်တာ မဟုတ်ဘူး၊
သူနဲ့ငါနဲ့ စိတ်တူသဘောတူချစ်တာ"

အောင်ဖြိုးဝေ၏မျက်နှာ မည်းခနဲဖြစ်သည်။ မျက်မှန်ထူများ
နောက်မှ အားနည်းသော မျက်လုံးများတွင် ဒေါသအရိပ်အရောင်
များကို မြင်ရသည်။

"ငါတို့က ယူတော့မှာ ထူး"

"ယူပေါ့ကွ၊ မင်းကိုပိုချစ်လို့ မင်းကိုယူတဲ့ကိစ္စ ငါကဘာမှ
င်ပြီး မနာလိုစရာမရှိဘူး"

"ဒါဖြင့် မင်းနောက်ဆုတ်ပေး"

"အေး . . . မင်းနဲ့ယူတဲ့နေ့မှာ ငါနောက်ဆုတ်ပေးမယ်၊ ဒီ
ကြားထဲမှာ ငါ့ကိစ္စငါ့သဘော ငါကြိုက်သလို ဆုံးဖြတ်မယ်"

သူ့အသံကျယ်သွားသဖြင့် လက်ဖက်ရည်ဆိုင် တခြားစားပွဲမှ
ီးခေါင်းများ သူတို့နှစ်ယောက်ထံရောက်လာသည်။ ရန်ဖြစ်သည်
အထင်ဖြင့် ဆိုင်မှစားပွဲထိုးလေးများ သူတို့ထံသို့ ပြေးလာသည်။

အောင်ဖြိုးဝေက ဘေးဘီကြည့်ပြီး . . .

"မင်းနဲ့ငါ တစ်နေရာရာသွားမယ် ထူး၊ ဒီမှာ ပြောလို့
ကောင်းဘူး"

တစ်နေရာရာသွားရင်တော့ ဒီအပေါက်မျိုးနှင့် ထချရန်သာ
သည်ဟု ထူးစိတ်ထဲက တွေးသည်။ သို့သော် ချကာမှချရရော
ကောင့်ပုံစံကို တစ်စက်မှကြည့်မရ။ မလုပ်ချင်သည့်အလုပ်ဖြစ်
သော်လည်း လုပ်ရမည့်ကိန်း ဆိုက်နေပြီမို့ . . .

"သွား . . . မင်းကြိုက်တဲ့နေရာသွား၊ ပြီးတော့ မင်းပြောချင်

ရာပြော၊ ငါလည်း ပြောချင်ရာပြောမယ်"

နှစ်ယောက်သား ပြိုင်တူထရပ်၏။ ထူးက မသောက်ရသေးသော လက်ဖက်ရည်ဖိုးကို ရှင်းရန် အိတ်ထဲမှ ပိုက်ဆံနှိုက်သည်။ စားပွဲထိုးလေးကို ငါးကျပ်တန်နှစ်ရွက်ပေးသည်။

"ဟောကောင် . . . နေပစေ၊ ငါ့ခွက် ငါရှင်းမယ်"

အောင်ဖြိုးဝေက ခပ်ပြောင်ပြောင်ပင် ငါးကျပ်တန်တစ်ရွက်တည်းထုတ်၍ စားပွဲပေါ် ပစ်ချသည်။ ထူးက ဒီလောက်အဖြစ်သည်းနေသော အောင်ဖြိုးဝေကို အမြင်ကတ်သွားသည်။ ထို့ကြောင့် ငါးကျပ်တန်တစ်ရွက် ပြန်ယူသည်။

ရွှတ်မိမှတော့ မထူးတော့ပြီဖြစ်သဖြင့် စောစောက မသောက်ဘဲ ထားခဲ့တော့မည်ဖြစ်သော လက်ဖက်ရည်ခွက်ကို တမင်ကောက်မော့သည်။

လက်ဖက်ရည်သည် ခါတိုင်းထက်ပင် ပိုဆိမ့်နေသေး၏။

အောင်ဖြိုးဝေက ကားကို အလုံပန်းခြံရှေ့တွင် ရပ်သည်။ နှစ်ယောက်သား ပန်းခြံထဲလျှောက်လာကြ၏။

လက်ဖက်ရည်ဆိုင်မှ ထွက်လာကတည်းက ဆိတ်ငြိမ်သော စကားဝိုင်းတို့ ခုံတန်းတစ်ခုပေါ် ထိုင်မိသည်နှင့် အောင်ဖြိုးဝေက စဖျက်ဆီးသည်။

"မင်းအနေနဲ့ သူငယ်ချင်းအချင်းချင်း သစ္စာရှိဖို့ ကောင်းတယ် ထူး၊ အမှန်က မင်းကို ငါဒီလောက်ပြောနေဖို့တောင် မလိုပါ



. . . ငါတို့ကိစ္စကို မင်းသိတာနဲ့ မင်းအလိုလို နားလည်ရမယ့်ကိစ္စ"

အောင်ဖြိုးဝေစကားကြောင့် ထူးမျက်နှာ ရဲခနဲဖြစ်သည်။

"နေဦး အောင်ဖြိုးဝေ၊ မင်း ဒီကိစ္စကို နွေဦးဆွေနဲ့ ပြောပြီး . . . ဘား"

"ပြောပြီးပြီ"

"သူက ဘာပြောလဲ"

အောင်ဖြိုးဝေ တုံ့ခနဲ ဖြစ်ကာ မျက်နှာကွက်ခနဲ ပျက်သည်။

"မင်းနဲ့ဖြစ်နေတာကို ဟုတ်တယ်လို့ ဝန်ခံတယ်"

"ဒါဖြင့် . . . ခု . . . သူ့သဘောထားက ဘယ်လိုလဲ"

"ဒါတော့ ငါဘယ်သိမလဲ"

"အေး . . . ဒါဆို . . . သူ့သဘောထားကို ရအောင် . . . ပေါ့ကွာ၊ သူက မင်းကိုပဲယူမယ်ဆိုရင်လည်း ပြီးတာပဲဟာ၊ ငါက . . . သည်း ငါ့အပေါ် မေတ္တာမမှန်တဲ့ မိန်းမတစ်ယောက်အတွက် . . . သေအလဲဖြစ်နေစရာ မလိုပါဘူး"

"မင်း နောက်ဆုတ်လိုက်ရင် ဒီကိစ္စက အလိုလိုပြေလည် . . . းမှာပဲ ပေး . . . ကောင် . . . ငါလိုချင်တာ ဒါပဲ"

"ဒီမှာ အောင်ဖြိုးဝေ . . . မင်း ငါ့ကို ဒီလောက်မရင့်နဲ့၊ . . . းလိုချင်တာ ဒါပဲဆိုလို့ အဲဒီဒါပဲကို ငါကလိုက်လျောရအောင် . . . းက ငါ့မိဘလည်းမဟုတ်ဘူး၊ ကျေးဇူးရှင်လည်း မဟုတ်ဘူး၊ မင်း . . . ကို ဒီပုံစံနဲ့ မဆက်ဆံနဲ့"

"ဒီကိစ္စမှာ မင်းဝင်မပါလာရင် ဆွေနဲ့ငါ့ကြားမှာ ဘာ . . . ဿနာမှ မရှိဘူးထူး၊ အခု မင်းဝင်လာမှ ပြဿနာဖြစ်ရတာ"

"အေး . . . အဲဒီလိုပဲ၊ ငါကလည်း မင်းတို့ကြားမှာ ပြဿနာ

တက်ပါစေဆိုတဲ့စိတ်နဲ့ ဝင်လာတာမဟုတ်ဘူး၊ မင်းတို့ဖြစ်နေတာ လည်း ငါမသိဘူး၊ ငါကြိုက်တယ်ဆိုတာကို သူက ပြန်ကြိုက်တာနဲ့ ငါတို့ရည်းစားဖြစ်နေတာ၊ မင်းနဲ့ပတ်သက်တယ်ဆိုတာကို မနေ့ ညကမှ ငါသိတာ"

"ဒါဆိုရင် . . . အခု မင်းသိပြီပဲ၊ မင်းနောက်ဆုတ်ပေါ့၊ ငါ့ အနေနဲ့ကတော့ ဆွေ့ကို ဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး ထူး၊ မင်း နောက်ဆုတ်ပေးပါ"

အောင်ဖြိုးဝေ၏ ထပ်တလဲလဲ ထပ်နေသော နောက်ဆုတ် စကားကြောင့် ထူးက ရယ်သည်။ ငါနောက်မဆုတ်မှာ မင်း ဘာဖြစ် လို့ ဒီလောက်ပူနေရတာလဲ အောင်ဖြိုးဝေ၊ ငါနောက်မဆုတ်ဘူးလို့ မင်းကိုငါ တစ်ခွန်းမှ မပြောရသေးဘူး၊ မင်း သောက်ချိုးကိုမကြိုက် လို့ ဒီလောက်လေကုန်ခံပြီး ပြန်ပြောနေတာ၊ ငါ့အချစ်မှာ မျက်စိပါ တယ်ဟေ့ကောင်၊ ငါ အချစ်ရူး မဟုတ်ဘူး . . . ဟု စိတ်ထဲက ပြောလိုက်မိသည်။

"အေးလေ . . . ငါ နွေဦးဆွေနဲ့ တွေ့ပါဦးမယ်၊ သူ့ဆန္ဒကို လည်း ငါသိချင်သေးတယ်"

"ဟ . . . သူ့သဘောထားလည်း မေးရဦးမယ်လေကွာ မင်းက နောက်ဆုတ်ဆိုတိုင်း မင်းစကား တစ်ခုတည်းယူပြီး ငါက ဆုံးဖြတ်ရမှာလား"

"မင်း အချင်းချင်း သစ္စာရှိဖို့ကောင်းတယ် ထူး၊ မင်းဟာက ခုထက်ထိ မျှော်လင့်ချက် ထားနေတုန်းပဲကိုး"



ထူး သက်ပြင်းချသည်။

"အဲဒီတော့ မင်းဘယ်လိုလုပ်မယ် စဉ်းစားတာလဲ"

ကျော်သူလတ်အမေးကြောင့် သူ့အတွေးများ ပြတ်သည်။ သက်ပြင်းနှင့်အတူ ခေါင်းကို ဖြည်းညင်းစွာယမ်းခါရင်း . . .

"ငါ့အဖို့က မျှော်လင့်ချက်အားလုံးကို စွန့်လွှတ်လိုက်ရုံပဲ ရှိ တာပေါ့ ဖိုးကျော်ရာ၊ အောင်ဖြိုးဝေပြောသလို အချင်းချင်း သစ္စာမဲ့ တဲ့အလုပ်မျိုး ငါမလုပ်ချင်ဘူး"

"မင်း နွေဦးနဲ့ မတွေ့တော့ဘူးလား"

"အဲဒါ ငါစဉ်းစားနေတာပဲ၊ တွေ့ဖို့လိုသေး၏ မလိုသေး၏ ဆိုတာကို ငါဝေခွဲလို့ မရသေးဘူး၊ တွေ့တာတော့ တွေ့တောင် မတွေ့ချင်တော့ဘူး၊ သူနဲ့ငါ စတွေ့ကတည်းက တစ်လျှောက်လုံးလို ပဲ အလိမ်အညာခံနေရသလို ဖြစ်ခဲ့တဲ့ကိစ္စကို တွေးမိတိုင်း ရှက် တယ်၊ ပြီးတော့ ရင်ထဲမှာလည်း နာတယ်ကွာ၊ ငါကတော့ သူ့ကို အစစ်အမှန် ပုံပြီးချစ်ခဲ့တာ"

"အေးလေ . . . ဒါတွေကတော့ ငါသိပြီးသားပါ၊ ဒါပေမဲ့ မင်း နွေဦးနဲ့တွေ့လိုက်ဖို့တော့ ကောင်းတယ်၊ ဘာပြောပြော သူနဲ့ ပတ်သက်တဲ့ကိစ္စကို သူနဲ့တွေ့ပြီး ရှင်းလိုက်တာအကောင်းဆုံးပဲ၊ အခုဟာက သူ့ဆီက တိုက်ရိုက်စကားကို မင်းဘာမှမကြားရသေးဘူး"

"ဘာထူးတော့မှာလဲကွာ"

သူ့လေသံက စိတ်ပျက်အားလျှော့သံ သိသိသာသာ ပါသွား သည်။

'တစ်သက်လုံးနေ၁'

နောက်ဆုံး တွေ့ခဲ့သည့်အချိန်က နွေဦးဆွေ၏ စကာ
ကို အမှတ်ရလိုက်၏။

တစ်သက်လုံးအတွက် ဒုက္ခတွေ ပေးလိုက်တာလား
ရယ်။

ကြေကွဲခြင်းဆိုသော စကား၏အနက်အဓိပ္ပာယ်ကို
ဆက်၍ ခံစားနားလည်ရ၏။

(၉)

'မဟုတ်ဘူး ထူး၊ မဟုတ်ဘူး ထူးပြောတာတွေ တစ်ခုမှ မဟုတ်ဘူး'

ခါးသီးစွာ ငြင်းဆန်ခြင်းမျိုးကို တောင့်တနေမိသည်။ အဖြစ်အပျက်အားလုံးသည် မရှောင်မလွှဲသာအောင် ပြည့်စုံလုံလောက်နေပါလျက်၊ ထိုအဖြစ်အပျက်အားလုံးကို တစ်ချက်တည်းနှင့် ပယ်ဖျောက်နိုင်မည့် မရှိသောအခါကို ရှာနေမိသည်။

အကယ်၍သာ နွေဦးက ဤကိစ္စလည်း သူနှင့် ဘယ်လိုမှ မသက်ဆိုင်ကြောင်း ခါးခါးသီးသီးငြင်းဆန်မည်။ သူ့ငြင်းဆန်ချက်ကိုလည်း အခိုင်အမာ သက်သေပြနိုင်မည်ဆိုပါက မည်မျှကောင်းပါချေမည်နည်း။ သို့သော် ဤတောင့်တချက်သည် တောင့်တချက်သက်သက်မျှသာဖြစ်မည် ဆိုသည်ကိုလည်း သူ သတိပြုမိ၏။ သို့နောက် နွေဦးဆွေ၏ လက်ရေးနှင့် လက်မှတ်။

အားလုံးသည် ငြင်းပယ်၍ မရသောအရာများ ဖြစ်သည်။

ဒီကြားတည်းကပင် ထူးသည် နွေဦးဆွေ အလာကို စောင့်ဆိုင်းရင်း တွေးကြည့်ဖြစ်အောင် တွေးကြည့်သေးသည်။ သူ့အမေကို ကြားပြီးသည်နှင့် နွေဦးဆွေက ခါးခါးသီးသီး အမူအရာဖြင့် . . .

'မဟုတ်ဘူး ထူး . . . မဟုတ်ဘူး . . . ထူး ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး'

ငြင်းဆန်ခဲ့သော် မည်မျှကောင်းလိမ့်မည်နည်းဟု တွေးမိလိုက်သည်။

ဒီလိုအချိန်ကျမှ . . . နွေဦးဆွေကို သူကိုယ်တိုင် စွန့်လွှတ်ရန်လည်း မည်မျှခက်ခဲကြောင်း သဘောပေါက်လာသည်။

သို့သော် . . . သူက ခေါင်းကို ဖြည်းညင်းစွာ ယမ်းမိလိုက်သည်။

ဤအတွေးသည် မည်သို့မျှမဖြစ်နိုင်တော့ . . . နံပါတ်တစ် . . . သူသည် သူငယ်ချင်းတစ်ယောက်အပေါ် သစ္စာရှိရမည်။ နံပါတ်နှစ် သစ္စာမဲ့သော ချစ်သူတစ်ယောက်ကို မြွေပွေးခါးပိုက်ပိုက် သကဲ့သို့ စိတ်ချယုံကြည်မှု မထားအပ်။

သူ . . . နွေဦးဆွေကို စွန့်လွှတ်ရပေတော့မည်။

ထိုအတွေးနှင့်အတူ ရင်ထဲက သည်းပွတ်အားလုံးကို လွင့်စဉ်ပါသွားပြီဟု နားလည်လိုက်သည်။

ထိုစဉ် . . . ဆယ့်ခြောက်ကားတစ်စီး မှတ်တိုင်ဝင်ရပ်၏။

ကားနောက်တံခါးပေါက်မှ ဆင်းလာသော နွေဦးဆွေကို မြင်ရသည်။ တစ်ကိုယ်လုံး အစိမ်းရောင် ဝတ်ဆင်ထားသည်။ သူ့ကို မြင်သောအခါ ခါတိုင်းကဲ့သို့ပင် ပြုံးပြသည်။



ထို့နောက် သူရှိရာ အမရဆောင် အုတ်ခုံရှိရာသို့ ခါတိုင်းလိုပင် ခပ်သွက်သွက် လျှောက်လာသည်။

တဖြည်းဖြည်း နီးလာသော နွေဦးဆွေသည် သူ့ရင်ထဲတွင် တဖြည်းဖြည်း ဝေးသွား၏။

သွယ်ဝိုက်ပြောစရာမလိုတော့ဟု ထင်သဖြင့် ထူးကတိုတိုနှင့် ရှင်းကိုပင် တည့်တည့် ပြောချလိုက်သည်။

"ကိုယ်နဲ့အောင်ဖြိုးဝေ တွေ့ပြီးပြီ၊ နွေဦး အဲဒါ ကိုယ့်ကို နွေဦး ဘာပြောစရာ ရှိသေးလဲ"

နွေဦးဆွေ၏ကိုယ်လေး ဆတ်ခနဲ တုန်လှုပ်သည်။ ညိုဝန်းသော မျက်လုံးမှုန်များဝိုင်း၍ ထူးမျက်နှာကို ကယောကယာကြည့်သည်။ ထူးမျက်နှာမှ တင်းမာသောအရိပ်၏ အဓိပ္ပာယ်ကိုလည်း ကောင်းစွာ သဘောပေါက်လိုက်သည်။

"ဩော်"

ကားပေါ်မှ ဆင်းလာကတည်းက ထက်ကြပ်ပါလာသော အပြုံးသည် အာမေဍိတ်သံနှင့်အတူ လွင့်စဉ်ပျောက်ကွယ်သွားသည်။

"သူက ဘာပြောလဲ ထူး . . . ထူးကရော ဘယ်လိုနားလည် လဲ"

"သူပြောတာတွေကတော့ အများကြီးပဲ နွေဦး၊ ဒါပေမဲ့ ကိုယ် နားလည်လိုက်တာကတော့ တစ်ခုတည်းပဲ၊ နွေဦး လှေနံနှစ်ဘက်

နင်းနေတယ် ဆိုတာပဲ"

"ဘာ . . . ထူး . . . ဘာပြောလိုက်တယ်၊ ဘယ်သူက လေ
နှစ်ဘက်နင်းနေလို့လဲ"

ရုတ်ခြည်း ပြောင်းလဲသွားသော နွေဦးဆွေကို ကြည့်
ထူးက သရော်ရယ် ရယ်ချလိုက်သည်။

"လှေနံနှစ်ဘက် နင်းတယ်ဆိုတာ ဥပမာစကားပါ နွေဦး
ကိုယ်ပြောတဲ့ အဓိပ္ပာယ်က နွေဦးတစ်ယောက်တည်း ကိုယ်
အောင်ဖြိုးဝေကို ရည်းစားနှစ်ယောက် တစ်ပြိုင်တည်းထားနေတ
လို့ ပြောတာပါ"

နွေဦးဆွေ မျက်နှာချက်ချင်း တင်းမာသွားသည်။

"နေဦး ထူး . . . ထူး အဲဒီစကားကို လက်လွှတ်စပယ်
မပြောနဲ့၊ နွေဦးပြောမယ့်စကားကို ထူးဆုံးအောင် နားထောင်
ပြီးတော့မှ ကြိုက်သလိုဆုံးဖြတ်"

နွေဦးဆွေ စကားက တင်းမာသည်နှင့်အမျှ ပြတ်သည်။
ထူးက သူ့ကို အံ့သြစွာကြည့်လိုက်၏။

"အဲဒါပဲ ဖိုးကျော် . . . သူရှင်းပြတဲ့အကြောင်းကလည်း
ဘယ်လိုမှ မျှော်လင့်မထားတဲ့ အကြောင်းမျိုး"

ထူးစကားအဆုံးတွင် ကျော်သူလတ်ကလည်း ခေါင်းညိတ်
ထောက်ခံသည်။

"အင်း . . . ငါ့စိတ်ထဲမှာ စောစောတည်းက တစ်မျိုးဖြစ်



ယ်ဆိုတာ အဲဒါပဲထူး၊ ငါ့အနေနဲ့ကတော့ နွေဦးပြောတဲ့စကားကို
တယ်၊ ဟိုကောင့်ကို ငါ သိပ်အယုံအကြည်မရှိဘူး၊ ပြီးတော့ ခုကိစ္စ
ေ အောင်ဖြိုးဝေ ဝင်လာပုံက တစ်မျိုးဖြစ်နေတယ်၊ နွေဦးပြောတာ
နိုင်တယ်"

ကျော်သူလတ်က ပြောပြီးသည်နှင့် သူ့ဘာသာသူ တွေး
ည့်သလိုငြိမ်၍ စဉ်းစားသည်။ ထူးစိတ်ထဲတွင်လည်း မနက်က
ကြောင်းများ ပြန်ရောက်လာသည်။ နွေဦးဆွေပြောခဲ့သော
ားများကိုလည်း တစ်လုံးစီ ပြန်စဉ်းစားကြည့်မိသည်။

"ထူးကို နွေဦး မညာဘဲ ပြောပါ့မယ် . . . နွေဦးမှာ အပြစ်
ဘူးတော့ မဟုတ်ဘူး ထူး၊ အခုဖြစ်တဲ့ ပြဿနာအားလုံးဟာ
ဦး အပြစ်ချည်းပါ . . . ဒါပေမဲ့ . . . ထူးစွပ်စွဲတဲ့ အပြစ်တော့
တ်ဘူး . . . နွေဦးအပြစ်က တခြား"

"နွေဦးနဲ့ ကိုအောင်ဖြိုးဝေတို့ ချစ်သူတွေဖြစ်ခဲ့ကြတယ် ဆို
ကတော့ အမှန်ပဲထူး၊ လူကြီးချင်း သဘောတူတဲ့အထိ ပြောဆို
သားဆိုတာလည်း မှန်တယ် . . . ဒါပေမဲ့ နွေဦး လှေနံနှစ်ဘက်
းတာ မဟုတ်ဘူး၊ နွေဦးအချစ်ပြောင်းခဲ့တာပါ . . . နွေဦးထူးနဲ့
့တဲ့အချိန်မှာ ထူးကို သိပ်ချစ်သွားတယ်၊ နွေဦး မရှက်ပါဘူး
း . . . အမှန်အတိုင်း ပြောတာပါ"

"ရွှေစက်တော် မသွားခင်အထိ နွေဦး ကိုအောင်ဖြိုးဝေကို
ကယ်ပဲ ချစ်ခဲ့မိတယ်လို့ထင်တယ်၊ ဒါကလည်း မဆန်းပါဘူး ထူး
ယ် . . . နွေဦးနဲ့ ကိုအောင်ဖြိုးဝေတို့က နွေဦးတို့အိမ်ကို အဝင်
ထွက်များတယ်၊ နွေဦးတို့အိမ်ကလည်း သူ့ကို ဆရာဝန်လောင်း
ငွေးသားတစ်ယောက်ဆိုတော့ သဘောလည်းတူတာပေါ့ . . .

အဲဒါနဲ့ အနေနီးစပ်ပြီး နွေဦး သူ့ကို ချစ်တယ်လို့ ထင်ခဲ့မိတ

"ထူးနဲ့တွေ့တော့ . . . နွေဦး အရမ်း စိတ်လှုပ်ရှားရ
ထူး၊ ထူးနဲ့ ခဏလေး တွေ့ရတာကိုက ကိုအောင်ဖြိုးဝေနဲ့ သုံး
နှစ် အမြဲတွေ့နေတာထက် ပိုပျော်တယ်၊ ဒီတော့မှ နွေဦး အ
ဆိုတာကို ခုမှစတွေ့ရပါလားလို့ သဘောပေါက်လာတ
ဒါကြောင့် နွေဦး မျက်စိမှိတ်ဆုံးဖြတ်ပြီး ထူးရဲ့အချစ်ကို လက်
တာပဲ"

"ရန်ကုန်ကို ပြန်မရောက်ခင်မှာပဲ၊ ထူးဆီကို ထည့်တဲ့
အတူ ကိုအောင်ဖြိုးဝေကိုလည်း အကျိုးအကြောင်း အမှန်အတိ
ရေးတဲ့စာ ထည့်လိုက်ပါတယ်၊ နွေဦး တကယ်ချစ်တဲ့သူနဲ့ တွေ့
ပြီးခဲ့တဲ့ကိစ္စတွေ မေ့လိုက်ပါတော့လို့ တစ်ခါတည်း ဖြတ်တဲ့စ

နွေဦးရဲ့အပြစ်က ဒါပါပဲထူး၊ နွေဦးမှာ ထူးအရင် ချ
သူ ရှိခဲ့တယ်၊ ဒါပေမဲ့ . . . ဒီကိစ္စကို ဖွင့်မပြောဖြစ်ဘူး၊ တစ်ချိန်
မှာ ပြောပြဖို့တော့ ရည်ရွယ်ချက် ရှိပါတယ်၊ ခုချိန်လေးမှာ
မပြောရဲဘူး ထူးရယ်၊ ထူး ဒီအကြောင်းတွေ သိသွားလို့ နွေဦး
မုန်းသွားမှာ . . . အချစ်ပေါ့သွားမှာ သိပ်ကြောက်တာပဲ။

နောက်တစ်ခု နွေဦးရဲ့အပြစ်ကတော့ ကိုအောင်ဖြိုး
သစ္စာဖောက်သလို လုပ်ခဲ့မိတာပဲ၊ နွေဦးနဲ့ ကိုအောင်ဖြိုးဝေကြာ
ဘာပြဿနာမှ ရှိတာမဟုတ်ဘူး၊ ကိုအောင်ဖြိုးဝေမှာလည်း
အပြစ်မှ ရှိတာမဟုတ်ဘူး၊ ဒါပေမဲ့ ထူးရယ် . . . နွေဦးမှ သ
မချစ်တော့ဘဲ၊ နွေဦးမှာ ရွေးချယ်ပိုင်ခွင့်ရှိတယ်လို့ နွေဦးထင်တ
ဒါကြောင့် ထူးအချစ်ကို လက်ခံခဲ့တယ်၊ ကိုအောင်ဖြိုးဝေကို ဖြ
တယ် . . . အဲဒါပါပဲ ထူး။



ခု နွေဦးပြောခဲ့တဲ့စကားမှာ မုသားဆိုလို့ တစ်ခွန်းမှမပါ
ဘူး၊ နွေဦးအားလုံးကို အမှန်အတိုင်း ဝန်ခံတာပါ၊ ဒီအတွက်
ဆုံးဖြတ်သလို နွေဦးခံမှာပါ"

"ခုထက်ထိ နွေဦးနဲ့ အောင်ဖြိုးဝေ တွဲနေတဲ့ကိစ္စကို မင်း
ကြည့်သေးလားထူး"

ကျော်သူလတ် စကားကြောင့် . . . ထူးက ပြန်တွေးနေရာမှ
တ်ခနဲ လှမ်းကြည့်၍ အဖြေပေးသည်။

"မေးတယ် ဖိုးကျော် . . . ဒီတော့ သူက အောင်ဖြိုးဝေနဲ့
နဲ့ နောက်ဆုံးအခြေအနေကို ရှင်းပြတယ်"

"အခြေအနေက ဘယ်လိုဖြစ်နေလို့လဲ"

"ခု အခြေအနေကတော့ အောင်ဖြိုးဝေ ရမ်းနေတယ်ပေါ့
. . နွေဦး လုပ်တဲ့ကိစ္စက အဓိပ္ပာယ်မရှိဘူးပေါ့၊ ဒီဘက်မှာ လူကြီး
င်းကလည်း ပြောပြီးဆိုပြီးနေပြီ၊ သူတို့အချင်းချင်းကလည်း ကတိ
တ်ရှိပြီးသား၊ ဘယ်နည်းနဲ့မှ ဒီကိစ္စကို အပျက်မခံနိုင်ဘူး . . .
တဲ့နည်းနဲ့ ငါ့ကို အတင်းဖြတ်ခိုင်းနေတယ်တဲ့"

"အေးလေ . . . သူ့ဘက်ကြည့်တော့လည်း ဟုတ်တာပေါ့"

"ဟုတ်တယ် . . . နွေဦးကလည်း အဲလိုပဲ ပြောပါတယ်၊
အောင်ဖြိုးဝေလုပ်တာကတော့ တရားပါတယ်၊ သူ့ကိုလှည့်စား
သလို ဖြစ်သွားတယ်တဲ့၊ နောက်ပြီးတော့ အောင်ဖြိုးဝေက အနု
နဲ့ မရရင် ကြမ်းသင့်ကြမ်းမှာပဲလို့ ပြောထားတော့ သူ နည်း
းကြောက်နေတယ်၊ ဒါကြောင့် တတ်နိုင်သမျှ ငါနဲ့ ပက်ပင်းမတိုး
အောင် ကျောင်းကို မလာခိုင်းတာလို့ ပြောတယ်"

"မြို့ထဲမှာ မင်းနဲ့ အောင်ဖြိုးဝေနဲ့ တစ်ခါဆုံသေးတယ်ဆို"

"အေး . . . အဲဒီတော့မှ နွေဦးရဲ့ လူသစ်ဟာ ငါဖြစ် သိသွားတာပေါ့၊ စောစောပိုင်းကတော့ အဖြစ်အပျက်သာ သိ ငါလို့ တိုက်ရိုက်သိသေးတာ မဟုတ်ဘူး"

"ဩော် . . . ဒါကြောင့် သူ မင်းဆီကို ခုမှတိုက်ရိုက်ဝင် တာကိုး"

"ဟုတ်တယ်၊ ဒီကောင်က ငါ့ကိုချဲသလိုမျိုးပဲ၊ နွေဦးကျ ပိုဆိုးတယ်၊ နွေဦးကို အပြတ်ပြန်စဉ်းစားဖို့ အကျပ်ကိုင်နေ နွေဦးတို့အိမ်ကို စာမေးပွဲပြီးတာနဲ့ လက်ထပ်ဖို့ ပြောပြီးနေ တကယ်လို့ ဒီအတောအတွင်းမှာ နွေဦးက ငါ့ကို မဖြတ်ရင် အမေကို ဒီကိစ္စဖွင့်ပြောပြီး ချက်ချင်း လက်ထပ်နိုင်အောင် တော့မယ်တဲ့"

"ဒီတော့ နွေဦးက ဘာပြောသတဲ့လဲ"

"နွေဦးက အိမ်ဖွင့်ပြောမယ်ဆိုတာကိုတော့ ကြော ပေါ့၊ စာမေးပွဲလည်း ပြီးအောင်ဖြေချင်သေးတယ်၊ စာမေးပွဲ တာနဲ့ ဟိုကောင်အတင်းအကျပ်တွေ လုပ်လာရင် ငါနဲ့လိုက်ခဲ့ တဲ့၊ လောလောဆယ်ဆယ် စာမေးပွဲမပြီးခင်လေးမှာ မသိ အချိန်ဆွဲပြီး ပြန်စဉ်းစားပေးမလိုလို လုပ်ထားရတယ်တဲ့"

ထူးစကားကို ကျော်သူလတ်က ခေါင်းတညိတ်ညိတ်နှင့် ခမ်းကို မှဲ့ စဉ်းစားသည်။

"ဟိုကောင်ကတော့ ပြောတဲ့အတိုင်း လုပ်မှာကတော့ ချာတယ် ထူး၊ ဒီကောင့်စိတ်ကို ငါသိတယ်၊ သူဖြစ်ချင်တာကို နည်းနဲ့ ရအောင်လုပ်မှာပဲ"

"အောင်ဖြိုးဝေကို ငါအပြစ်မတင်ပါဘူး၊ ဖိုးကျော်ရာ



သူ့နေရာမှ ငါဆိုရင်လည်း ဒီလိုဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါပေမဲ့ နွေဦးကို ကျတော့လည်း ဘယ်လိုလုပ် အပြစ်သွားပြောမလဲ"

"အေးပေါ့ကွာ . . . အမှတ်တမဲ့ ကြည့်ရင်တော့ . . . ဒါဟာ ဘတိကဝတ်ရှိပြီးသားချစ်သူကို သစ္စာဖောက်တာပဲပေါ့၊ ဒါပေမဲ့ . . . မိန်းကလေးတစ်ယောက်ဟာ လက်မထပ်ခင်စပ်ကြားမှာ သူ နှစ်သက်ရာကို ရွေးချယ်ပိုင်ခွင့်တော့ ရှိရမှာပေါ့ . . . သူ့အနေနဲ့ ငွေဂုဏ်ကြေးဂုဏ် ပညာဂုဏ်တွေကြည့်ပြီး ရွေးတာဆိုရင်လည်း အပြစ်ပြောလို့ရသေးတယ်၊ ခုဟာ အဲဒါတွေအားလုံးမှာ အောင်ဖြိုး ဝေက မင်းထက် အများကြီးသာတာပဲ၊ သူရွေးချယ်တာက အချစ်ကို နှုတည်ထားတာဆိုတော့ . . .

"ဒီသုံးယောက်ကြားမှာ အကျွတ်ဆုံးဖြစ်နေတာက ငါပေါ့ ကွာ . . . ခုမှ၊ တကယ့်အကျပ်အတည်းကြားထဲ ရောက်နေတာ၊ ငါတစ်ယောက်တည်းအတွက်ကြည့်ပြီး ပြောရင်တော့ ဘာပြဿနာ ရှိမှာလဲ၊ ဖြစ်ပြီးသားကိစ္စတွေ အားလုံးမေ့ပလိုက် နွေဦး၊ တို့အားလုံး ခွင့်လွှတ်တယ်၊ ဟိုကောင့်ရန်ကိုလည်း ကြောက်မနေနဲ့၊ အခက်အခဲ ဖြစ်လာတာနဲ့ ကိုယ့်နောက်လိုက်ခဲ့ဆိုပြီး အပိုင်ပြောချလိုက်ရုံပေါ့"

"ပြောပေါ့ကွ . . . ဒါလည်း မင်းနေရာကကြည့်ရင် မင်းမှန် တာပဲ ဥစ္စာ"

ထူးက ရယ်သည်။ ခေါင်းကိုလည်း ခပ်သွက်သွက် ယမ်း သည်။

"ငါနေရာကျတော့ မှန်တိုင်းဇွတ်လျှောက်လုပ်လို့ မဖြစ်ဘူးလေ ဒ်းကျော် . . . ငါက ဒုတိယလူပဲ၊ ပြီးတော့ အောင်ဖြိုးဝေက သူငယ် ချင်း၊ ငါ့ကြောင့် အောင်ဖြိုးဝေလည်း မနစ်နာစေချင်ဘူး၊ နွေဦး

လည်း စိတ်မဆင်းရဲစေချင်ဘူး"

ကျော်သူလတ် စကားကြောင့် ထူးက အားတက်သရော
ပြန်မေးသည်။

"ဘယ်လိုလုပ်ရမလဲ"

"အားလုံးပြေလည်သွားအောင် နွေဦးကို မင်းတို့နှစ်ယော
တစ်ယောက်တစ်ညစီ ခွဲတမ်းချ ယူလိုက်ပါလား"

"ဟာ . . . မင်းကြီးဒေါ် . . . ငါက အကောင်းအောက်
လို့"

နှစ်ယောက်သား ရယ်လိုက်ကြသည်။

စိတ်များလည်း အတန်ငယ် လွတ်လပ်ပေါ့ပါးသွားကြ

(၁၀)

သူတို့ထိုင်နေသောနေရာမှ ကြည့်လိုက်သောအခါ ရေခပ်
မောင်းဖြင့် ရေဆွဲတင်နေသော ကိုသန်းဒန်ကို မြင်နေရသည်။

နွေဦးသွေက သက်ပြင်းတစ်ခု ခပ်လေးလေးချသည်။

"တစ်ခုပဲ ထူးဆုံးဖြတ်ပါ၊ ဖြစ်ပြီးခဲ့တဲ့ ကိစ္စတွေအားလုံး
အတွက် နွေဦးကို ခွင့်လွှတ်နိုင် ခွင့်မလွှတ်နိုင်ဆိုတာပေါ့ ထူးရယ်၊
နွေဦးအနေနဲ့ကတော့ ထူးရဲ့ အဲဒီဆုံးဖြတ်ချက်ကို သိချင်တာပဲ
ရှိပါတော့တယ်၊ ကိုအောင်ဖြိုးဝေနဲ့ ပတ်သက်တဲ့ကိစ္စကတော့ ထူး
နောက်ဆုတ်သည်ဖြစ်စေ၊ နောက်မဆုတ်သည်ဖြစ်စေ ပြင်စရာ
မလိုတော့ပါဘူး"

"ကိုယ်လည်း နွေဦးရဲ့ အဲဒီဆုံးဖြတ်ချက်ကိုပဲ သိချင်တာပါ၊
ကိုယ့်အနေနဲ့ကတော့ အောင်ဖြိုးဝေနဲ့ ပတ်သက်တဲ့ကိစ္စမှာ ဘာမှ
ဝင်မရှုပ်ချင်ဘူး၊ ရှေ့ကဖြစ်ခဲ့တာတွေအားလုံးကို ကိုယ် အစောကြီး
ထဲက ခွင့်လွှတ်ပြီးသားပါ"

"ဒါဖြင့်လည်း အဲဒီအကြောင်းတွေ မေ့ပစ်လိုက်စို့ ထူး... နွေဦး ကိုအောင်ဖြိုးဝေကို အပြတ်ပဲ ပြောလိုက်တော့မယ်၊ ကိုအော... ဖြိုးဝေကိစ္စဟာ ထူးနဲ့ ဘယ်လိုမှမပတ်သက်ဘူးလို့ နွေဦးရဲ့သ... သက်သက်ပဲ၊ ထူးနဲ့ နွေဦးတို့ ချစ်ခြင်းပျက်သည့်တိုင်အောင် သူ... နွေဦး လုံးဝလက်မထပ်နိုင်တော့ဘူး . . . လို့"

"အင်းလေ . . . အဲဒါပဲ ကောင်းပါတယ် နွေဦးရယ်၊ သူ... တော့ရော ဘယ်လောက်ရမ်းနိုင်မှာလဲ၊ မင်းမဲ့တိုင်းပြည်မှ မ... တာ၊ နောက်ဆုံး သိပ်အနှောင့်အယှက် ပေးလာရင်လည်း ကိုယ်... ယူလိုက်ကြတာပေါ့"

"ထူး တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ နွေဦးရယ် . . . ကိုယ်လည်း ပြော... ပြောနေရတာပါ၊ နွေဦးကို လက်လွှတ် အဆုံးရှုံးမခံနိုင်ပါဘူး၊ အ... သဖြင့် . . . ကိုယ့်ကို ဒီလောက်ချစ်မှန်း ခုလိုသိနေရတဲ့ အ... မှာပေါ့"

ထူးက ပြောရင်းနှင့် နွေဦးဆွေ၏ကိုယ်လေးကို သိုင်း... သည်။ နွေဦးဆွေသည် အလိုက်သင့်ပင် သူ့ရင်ခွင်ထဲသို့ လဲ့ချ... ၏။

"ထူးနဲ့တွေ့ရတာ သိပ်နောက်ကျသွားတယ် ထူးရယ်၊ နွေ... ထူးကိုချစ်တာဟာ တကယ့်အချစ်ဦးတစ်ယောက်လို ချစ်တာ... ဒါပေမဲ့ . . ."

"တော်ပါတော့ နွေဦးရယ် . . . ဒါတွေ မပြောပါနဲ့တော... အချစ်မှာ ဦးတာ နှောင်းတာက အရေးမကြီးပါဘူး၊ တကယ်ချ... ဖို့ပါ"



"ထူးကို တကယ်ချစ်တာပါ . . . မောင်ရယ်၊ နွေဦးကိုယုံပါ"

လှိုက်လှိုက်လှဲလှဲလေး ပြောလိုက်သော နွေဦးဆွေ၏စကားကြောင့် ထူးရင်ထဲတွင် ငြိမ့်ခနဲအေးသည်။ မျက်ရည်ကြည်များ ဝိုင်းနေသော နွေဦးဆွေ၏မျက်နှာလေးကိုလည်း လက်ဖြင့် မ,တင်လိုက်သည်။

နွေဦးဆွေ၏ ပါးပြင်နုနုလေးဆီသို့ မျက်နှာကိုတိုးကပ်သည်။ သနပ်ခါးနံ့လေးများ သင်းပျံ့မွှန်ရီသွားသည်။

"မောင်ရယ်"

"ထူးရယ်"

နွေဦးဆွေက တုန်ရင်သောအသံလေးနှင့်အတူ ထူးရင်ခွင်တွင် မျက်နှာအပ်၍ရှိုက်ကြီးတငင် ငိုချသည်။

"ဘာဖြစ်လို့ ငိုနေရတာလဲ နွေဦးရယ် . . . တို့နှစ်ယောက်ဘာအနှောင့်အယှက်မှ မရှိတော့ဘဲ တစ်သက်လုံး နေကြရတော့မှာပဲ"

"အဲဒါကြောင့် နွေဦးငိုတာပါ မောင်ရယ် . . . မောင် ဒီအကြောင်းတွေ နွေဦးကို စပြောတဲ့နေ့ကများဆို နွေဦး ဒီထက်ငိုရတာပေါ့၊ မောင်တော့ နွေဦးကို မုန်းသွားပြီထင်တယ် . . . နွေဦးတို့တော့ တစ်သက်လုံး ဝေးရပြီ . . . လို့ တွေးတွေးပြီး နွေဦး ငိုလိုက်ရတာ၊ ခု . . . နွေဦး ငိုတာက ဝမ်းသာလို့ပါ၊ ဝမ်းသာလို့ငိုတာပါ မောင်ရယ်"

နွေဦးဆွေက ပြောရင်းနှင့် ထပ်မံ၍ ရှိုက်ကြီးတငင်ငိုသည်။ ထူးက နွေဦးဆွေ၏တသိမ့်သိမ့်လှုပ်နေသော ကျောပြင်လေးကို သိုင်းဖက်ရင်း မျက်ရည်ကြည်များ ဝဲလာသည်။

ဘယ်တော့မှ မခွဲရတော့ဘူးဟု ထပ်မံ၍ တွေးထင်လိုက်မိပြန်ပါ၏။

"တောက်"

စာသင်ခန်းထဲတွင် နွေဦးဆွေ၏ အရိပ်အယောင် လုံးဝမမြင်ရသဖြင့် ရင်ထဲမှလှိုက်ဆူလာသော ဒေါသနှင့်အတူ တောက်တစ်ချက် ခပ်ပြင်းပြင်းခတ်လိုက်သည်။

စောစောက ကင်တင်းဘက်ကိုလည်း ရှာကြည့်ခဲ့ပြီးပြီ မတွေ့။ စာသင်ခန်းထဲမှာလည်း နွေဦးဆွေနှင့် တွဲနေကျ သူငယ်ချင်းများသာ တွေ့၍ နွေဦးဆွေကို မတွေ့။

"ဟိုကောင်နဲ့ သွားတာပဲဖြစ်မယ်"

အောင်ဖြိုးဝေ အံကြိတ်၍တွေးသည်။ လက်သီးကိုလည်း တင်းတင်းဆုပ်ထားလိုက်၏။

နေရာမှ ချာခနဲ လှည့်ထွက်ပြီး ကားပေါ်ပြန်ရောက်သည် အထိ ရင်ထဲမှ အစိုင်အခဲများကလည်း လုံးဝမလျော့၊ မလျော့သည့်အပြင် တိုးသထက်ပင် တိုးလာသေးသည်။

ကားကို ဆောင့်ထွက် မောင်းလာခဲ့သည်။ ပညာရေးတက္ကသိုလ်ဝင်းထဲမှ အားကစားရုံလမ်းအတိုင်း ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ် ရောက်လာသည်။

စိတ်ထဲတွင် နာကြည်းခြင်း၊ ခံပြင်းခြင်း၊ နှမြောတသခြင်းများဖြင့် ဆူဝေနေသဖြင့် ကားမှန်ကိုဖြတ်၍ မြင်နေရသော မြင်ကွင်း



လည်း ကောင်းစွာ မပြတ်သားချင်။

စိတ်ပေါက်ပေါက်နှင့် လီဗာကို စွတ်နင်းလာသဖြင့် ကား၏အရှိန်ကလည်း ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ ဒီကြားထဲ ပြည်ဆောင်ရှေ့ရောက်သောအခါ ရှေ့မှကားတစ်စီးက လိမ်ဖယ်လိမ်ဖယ်နှင့် ဘယ်လိုလို ညာလိုလို ဟိုတိမ်းဒီတိမ်းလုပ်နေသဖြင့် စိတ်ထဲတွင် ထောင်းခနဲ ဒေါသဖြစ်လာပြီး ဘယ်ဘက်မှ ဝိုက်၍ကျော်တက်လိုက်သည်။

ရှေ့ကားက ဘယ်ဘက်သို့ ရုတ်တရက် ဆင်းချလာ၏။

"အာ . . ."

စိတ်တိုတိုနှင့် အာခနဲတစ်ချက်အော်ပြီး စတီယာရင်ကို ဘယ်သို့ တအားဆွဲချိုးချလိုက်သည်။

ကား၏အရှိန်က မြန်လွန်းသဖြင့် ရှေ့မှမြင်ကွင်းသည် ရိပ်ခနဲ ဝါးသွားပြီး ပီပီသသ မြင်လိုက်ရသောအခါ မျက်နှာချင်းဆိုင်ဘည့်တည့်မှ မောင်းလာသော တီအီးဆယ့်တစ်ဟီးနိုး ခေါင်းစိမ်းကြီးဟို ဘွားခနဲ မြင်လိုက်ရသည်။

'ကျွိ'

"ဟာ"

ကား၏အရှိန်ကို မထိန်းနိုင်တော့ပြီဟု သိလိုက်ရသဖြင့် ဘရိတ်ကို တအားဆောင့်နင်းလိုက်သည်။ သို့သော် များလွန်းသော အရှိန်ကြောင့် ကားသည် လုံးဝမရပ်တော့။ တစ်ဘက်မှ ဟီးနိုးခေါင်းမ်းကြီး ရုတ်ခြည်း နီးကပ်သွားသည်။

"ဒိုင်း"

ကျယ်လောင်သော မြည်သံကြီးနှင့်အတူ ကားကြီးသည် သူ့

ဘောက်စ်ဝက်ဂင်ကားလေးကို အရှိန်ပြင်းစွာဝင်တိုက်သည်။

ကားကြီး၏ပြင်းထန်သော အဟုန်ကြောင့် ကားငယ်လေးမှာ မွမွကြေ ခါယမ်းသွားသည်။ နောက်မှကပ်ပါလာသော ကားတစ်စီးကလည်း အရှိန်ပြင်းစွာ ပြေးဝင်လာ၏။

အောင်ဖြိုးဝေသည် ရှေ့သို့ငိုက်ခနဲကျသွားပြီး နားထဲသို့ ကျယ်လောင်သော အသံကြီးတစ်ခုဝင်ရောက်လာသည် ဆိုသည်ကိုသာ နောက်ဆုံးသိလိုက်ရပြီး ခေါင်းသည် တစ်ခုခုနှင့် အရှိန်ပြင်းပြင်း ဝင်ဆောင့်လိုက်ပြီဆိုသော အသိနှင့်အတူ မိုက်ခနဲဖြစ်သွားသည်။

ထိုနောက် ဘာဖြစ်သည် ဆိုသည်ကို လုံးဝမသိတော့။

(၁၁)

အောင်ဖြိုးဝေ၏ တစ်ကိုယ်လုံးသည် လွတ်လပ်ပေါ့ပါးနေသည်။ စိတ်၏ ဦးတည်ရာသို့ လိုက်၍ . . . အဝေးသို့ရောက်လိုက် အနီးသို့ရောက်လိုက် ဖြစ်နေသည်။

အာရုံထဲတွင် ရုပ်ရှင်ကားပိုင်းများ ဟိုတစ်စ ဒီတစ်စဆက်၍ သလို . . . ဟိုရောက်ဒီရောက် ဖြစ်နေသော မြင်ကွင်းများသည် အကန့်လိုက်-အပိုင်းလိုက် တစ်ခုစီပေါ်လာ၏။

ဦးဆုံးမြင်ရသော မြင်ကွင်းတွင် ဂါဝန်ဖားဖားလေးနှင့် ပြေးလွှားနေသော မိန်းကလေးလှလှတစ်ယောက်။

ဆွေရေ . . . ဆွေရေ . . . ဟု သူ့အသံကိုသူ ပြန်ကြားရသည်။ ကိုကို . . ကိုကို . . ဆိုသော အသံစူးစူးလေးပြန်ပေါ်လာ၏။

အာရုံသည် အတိတ်ဆီကို ဖျတ်ခနဲ ပြန်ရောက်သွားသည်။

မှတ်မှတ်ရရ ထိုနှစ်က သူ ရှင်ပြုပြီး ကိုရင်ဝတ်သော
ဖြစ်သည်။ ကိုရင်လူထွက်သောညနေတွင် မေမေက မနက်
မကွေးသွားမည်ဆိုသဖြင့် သူ ဝမ်းသာအားရပင် ထခုန်ဖြစ်သည်
မှတ်မိသည်။

နောက်နေ့မနက်စောစော အိမ်မှ ဂျစ်ကားလေးပေါ်
ပစ္စည်းများတင်၊ မေမေနှင့်မမတို့က နောက်ခန်းမှာ ထိုင်၍သူ
ဖေဖေတို့က ပါးစပ်ထဲတွင် ကွမ်းကဗျစ်ဗျစ် ဝါးရင်း . . . ဝေ
ဝေလင်း နွေဦး နှင်းမှုန်မှုန်ထဲ၌ မောင်းထွက်ခဲ့သည်။

မကွေး၌ အမျိုးများရှိသည်ဆိုခြင်းကို သူ ဆယ့်နှစ်နှစ်သ
အသိဖြင့် ဝေဝေဝါးဝါးသာသိခဲ့သည်။ မေမေနှင့် ဖေဖေတို့က
ဆွေမျိုးများနှင့် တွေ့ရတော့မည်ဆိုပြီး . . . လက်ဆောင်ပစ္စည်း
ဝယ် . . . ဟိုတုန်းက ဖြစ်ခဲ့သည့် အကြောင်းများကို အမှတ်
ပြောနှင့် ပျော်နေသည်ဟု ကင်သည်။

သူကတော့ ထိုဆွေမျိုးဆိုသူများကို မြင်လည်း မမြင်
ခင်လည်းမခင်ဖူးသဖြင့် . . . ဖေဖေတို့နှင့်အတူ ပျော်၍မရ။
သော် . . . ရှင်လူထွက်စ ခေါင်းတုံးပြောင်ပြောင်ကို လေတဟူး
တိုက်အောင် အားရပါးရ ဖွေ့ဖွေ့ငြင်းနှင်လာသော ကားပေါ်မှနေ
မျက်မှန်တဝင်းဝင်းကိုဖြတ်ကာ . . . ကားဘေးမှ တရိပ်ရိပ် ဖြ
သွားနေသည့် ရှုခင်းမြင်ကွင်း အသစ်အဆန်းများကိုကြည့်၍ ပျော်
ရွှင်နေခဲ့သည်။

ညနေငါးနာရီ ခြောက်နာရီလောက်တွင် မကွေးမြို့သို့
ရောက်ရှိသွား၏။



ညက ဘွားဘွားတို့နှင့်တွေ့သည်။ ရေမိုးချိုးထမင်းစားပြီး
သာအခါ ဘွားဘွား၊ ဘဘ၊ ကြီးကြီးနှင့် မေမေ၊ ဖေဖေတို့ ထိုင်
ားပြောသည်ကိုတော့ မှတ်မိသည်။ ဘာတွေပြောကြသည်ဆို
ည်ကိုတော့ သူမမှတ်မိ။

မှတ်မှတ်မိမိ တစ်ခုပဲရှိတော့သည်။ ခုတော့ ကလေးတွေ
ည်း ပင်ပန်းနေပြီ၊ မနက်ကျရင် ခင်ဆင့်ညီမ ခင်တင့်တို့ဆီ
းလိုက်ဦးဟု ဘွားဘွားပြောသည့် စကားကိုတော့ မမေ့။

ဘွားဘွားပြင်ထားသည့် အိပ်ရာတွင်လှဲရင်း မေမေတို့စကား
ကို နားထောင်သည်။ နောက်အိပ်ပျော်သွားသည် ဆိုသည်ကို
ိရသည်။

ထိုစဉ်က အိပ်လို့သာ ပျော်သွားရသည်။ မေမေ့အစ်ကိုဘဘ
န်းမ ကြီးကြီးဒေါ်ခင်ဆင့်၏ညီမ ဒေါ်ခင်တင့်တို့ဆီသွားလည်
ည့်အခါ သူ့အတွက် နောင်အခါ ဘဝ၏ မျှော်လင့်ချက်ကလေး
လာမည်ဖြစ်သော အန်တီဒေါ်ခင်တင့်၏ သမီး နွေဦးဆွေဆို
ည့် ချာတိတ်မ လှလှကလေးနှင့် တွေ့ရမည်ဟု စိတ်ထဲတွင်
း်မျှ မထင်မိခဲ့။

အိပ်မက်ထဲမှာပင် မည်သူနှင့်မျှ မတွေ့။

**"သမီး ဒါ သမီးရဲ့ကိုကို တော်တယ်၊ ကိုကိုအောင်ဖြိုးဝေတဲ့**
**ား၊ သားကလည်း မှတ်ထားနော်၊ ဒါ ညီမလေးဆွေ၊ နွေဦး**

ဆွေတဲ့"

အန်တီဒေါ်ခင်တင့်၏စကားအဆုံးတွင် ဆွေဟုခေါ် နွေဦးဆွေဆိုသည့် ကောင်မလေးကို မျက်မှန်ကြားမှ မျက်လုံး ပြူး၍ ကြည့်မိသည်။

မျက်မှောင်ကြုတ်ပြီး သူ့ကိုဘုကြည့်ကြည့်နေသည့် မလေးမှာ သူတစ်ခါမှ မမြင်ဖူးသော ကောင်မလေးမျိုးဖြစ်သည် သတိထားမိသည်။ ကောင်မလေးက သူ့ကို မျက်မှောင်ကြုတ် နေရာက ခစ်ခနဲရယ်သည်။ ပြီးမှ နှုတ်ခမ်းလေးကို ချစ်စဖွယ် . . .

"ဟင် . . . ကိုကိုကလည်း ခေါင်းတုံးကြီးနဲ့ လှလည်း ဘူး၊ ဒီကြားထဲ မျက်မှန်ကြီး တပ်ထားသေးတယ်၊ စာကလေး ကြီးနဲ့ တူလိုက်တာ"

"ဟဲ့ . . . သမီး၊ ကိုယ့်ကိုကိုကို ဒီလိုမပြောရဘူးလေ့ လိမ့်မယ်"

အန်တီဒေါ်ခင်တင့်က ဖေဖေနှင့်မေမေတို့ကို အားနာ လှမ်းကြည့်ပြီး ဆွေကိုလှမ်းဟန့်သည်။ ဆွေဆိုသည့် ကောင် ကတော့ တစ်စက်မျှ အရေးလုပ်ပုံမရ။

"မေမေပဲ ပြောတာပဲ၊ လိမ်ပြောမှ ငရဲကြီးတာဆို၊ ပြောတာက အမှန်ပြောတာပဲ၊ ကိုကိုက ဘာလို့ ခေါင်းတုံးကြီး သေးလဲ"

"ဩော် သမီးကလည်း သမီးကိုကိုက ကိုရင်ဝတ် ကွယ့်၊ ကိုရင်ဝတ်လို့ ဆံပင်ရိတ်ထားတဲ့သူကိုစတော့ ငရဲကြီး

"ကိုကိုက ကိုရင်ထွက်လာတယ် ဟုတ်လား"



"ဟုတ်တယ်"

"ဟေး . . . ကိုရင်လူထွက်ငါးပိချက်၊ ကိုရင်လူထွက် ငါးပိ ချက်၊ ကိုကိုငါးပိချက်ကြီး . . . ကိုကိုငါးပိချက်ကြီး"

ရှင်းပြခါမှ ပိုဆိုးသွားသည်။ နောက်ဆုံး ရရှိလိုက်သည့် ငါးပိ ချက်ဆိုသည့် စကားလုံးကို ရေလဲနှင့်သုံးရင်း ဝမ်းသာအားရ ခုန် ပေါက်ထွက်ပြေးသွားသည်။

ခေါင်းတုံးနှင့် မျက်မှန်နှင့် ကြောင်စီစီ ဖြစ်ကျန်ခဲ့သော အောင်ဖြိုးဝေက ဘာပြောရ-ဘာလုပ်ရမှန်းမသိဘဲ ထွက်ပြေးသွား သော နွေဦးဆွေ၏ ဂါဝန်ဖားဖားလေးကိုသာ ငေးကြည့်နေမိသည်။

ဘဝတွင် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်သော နွေဦးဆွေ နှင့် သူ စတင်ဆုံဆည်းခြင်း ဖြစ်ပါသည်။

သတိမဲ့နေသော အာရုံထဲတွင်ပင် ကြည်နူးရပါ၏။

❀

လူကြီးများက သားပျင်းရင် ခြံထဲသွားဆော့နေလေ . . . ဆွေလည်းရှိတယ်ဆိုသဖြင့် အောင်ဖြိုးဝေ ခြံထဲသို့ ယောင်ပေပေ နှင့် ဆင်းလာခဲ့သည်။

ခြံထဲတွင် ဂါဝန်လှလှလေးနှင့်နွေဦးဆွေသည် ရောင်စုံပွင့် နေကြသော ပန်းပင်များကြားတွင် ပြေးခုန်ဆော့ကစားနေမည်ထင် ၍ ဝမ်းသာအားရ လှမ်းကြည့်သည်။

မတွေ့။ နွေဦးဆွေ၏အရိပ်အယောင်ကို လုံးဝမတွေ့ရ။

"ဒီကောင်မလေး ဘယ်ရောက်သွားပါလိမ့်"

သူက ဟိုကွယ်ဒီကွယ်ဖြစ်နေသော ပုဏ္ဏရိပ်ချုံများ၏
ဘက်ဒီဘက် လိုက်ကြည့်သည်။ လား . . . လား . . . နွေဦးဆွေ
မြင်ရသည့် မြင်ကွင်းက တစ်စက်မှ စိတ်ချမ်းသာစရာမရှိ။
ဂါဝန်ဖြူဖြူလေးကိုမှ အားမနာစွာ နွေဦးဆွေသည် မြေ
ပေါ်မှာ ပိပိပြားပြားထိုင်ချလျက် မြေတွင်းလေးတစ်တွင်းထဲ
ဩဇာစေ့များ တောက်ထည့်ကစားနေသည်။ နွေဦးဆွေက
ဩဇာစေ့ကိုသာ မဲတောက်နေသဖြင့် သူရောက်လာသည်ကို ထို
သတိမပြုမိ။ သူက အနားရောက်အောင် တိုးသွားပြီး . . .
"ဟဲ့ . . . ဆွေ . . . မြေကြီးပေါ်မှာ ညစ်ညစ်ပတ်ပတ်
ထိုင်လုပ်နေတာလဲ"
ရုတ်တရက် ပေါ်ထွက်လာသောအသံကြောင့် နွေဦး
ကိုယ်ကလေး ဆတ်ခနဲတွန့်ပြီး သူ့ကို ကပျာကယာ လှည့်ကြ
သည်။ သူ့ကိုမြင်သောအခါ ထိုင်ရာမှထရပ်လိုက်ပြီး . . .
"ကိုကိုမကောင်းဘူးကွာ၊ ဒီမှာလန့်သွားတာနဲ့ နောက်
တစ်စေ့ မဝင်တော့ဘူး၊ ပြန်လျော်ပေး"
နွေဦးဆွေစကားကြောင့် သူ ကပျာကယာ မြေကြီးပေါ်လှ
ကြည့်သည်။ ဩဇာစေ့များအားလုံး ကျင်းထဲသို့ရောက်နေ
တစ်စေ့က ကျင်းအပြင် မြေကြီးပေါ်မှာ . . .
ဒီကစားနည်းကို သူ သဘောမပေါက်သဖြင့် နွေဦးဆွေ
ပြောလိုက်သည်ကို နားမလည်။
"ဘာဖြစ်လို့လဲ ဆွေ၊ အဲဒါ ဘာလုပ်နေတာလဲ"
"ဩဇာစေ့တောက်တာ မမြင်ဘူးလား"
"ဘာလဲ . . . ဩဇာစေ့တောက်တာ"



သူ့ ကိုးလိုးကန့်လန့်အမေးကြောင့် နွေဦးဆွေက ခေါင်း
လေးငဲ့၍ ပြူးတူးပြဲတဲ ကြည့်သည်။ သူ့ကိုကြည့်ပုံက ဤကမ္ဘာ
ပေါ်မှာ တစ်ခါမှ မတွေ့ဖူးသော သတ္တဝါတစ်ကောင်အား
ထူးဆန်းဆန်းဖြစ်နေ၍ ကြည့်သည့်အကြည့်မျိုး။
"ကိုကိုကလည်း . . . ဩဇာစေ့ တောက်တာတောင် မသိ
လား"
"ဟင့်အင်း"
"ဟင် . . . ဒါနဲ့များ မေမေကပြောတော့ ကိုကိုက စတော်
တဲ့၊ အတန်းထဲမှာ အမြဲတမ်း ပထမပဲ ရနေတာတဲ့၊ သိပ်တော်
ပဲဆို"
"ဟုတ်တယ်"
"သွားစမ်းပါ . . . ဩဇာစေ့ တောက်တာတောင် မသိဘဲနဲ့
စကော်ကြီးလို၊ ဘာစတော်မှ မဟုတ်ဘူး၊ ကိုကိုက ကိုရင်
တွက် ငါးပိချက်ပဲ၊ စာကလေးကြော် ငါးပိချက်"
ထိုစဉ် ခြံဝင်းအပြင် လမ်းမဘက်မှ ဂျိန်း-ဂျလိ-ဂျလိ-ဂျိန်း-
ဒါ-ဂျလိဆိုသော ထူးဆန်းသည့်အသံများကြားရသည်။ စောစော
သူ့ကို ခုန်ပေါက်နောက်ပြောင်နေသော နွေဦးဆွေ မျက်လုံး
ဝိုင်းခနဲဖြစ်သွားပြီး သူ့ဆီပြေးလာ၍ . . .
"ကိုကို့မှာ ပိုက်ဆံပါလား"
ပြောလည်းပြော အောင်ဖြိုးဝေ၏ရှပ်အင်္ကျီအဖြူအိတ်ကပ်
ကိုလည်း အတင်းနှိုက်သည်။ အိတ်ထဲမှာ တစ်ပြားမှမရှိ။
"မရှိပါဘူး၊ ပိုက်ဆံဘာလုပ်မလို့လဲ"
"ဟာ . . . ကိုကိုငါးပိချက်ကလည်း အ,လိုက်တာ၊ ဟိုမှာ

ငှက်သိုက်မုန့် လာနေပြီ၊ စားချင်လို့ပေါ့"

"ဟာ . . . မစားနဲ့"

အောင်ဖြိုးဝေက ခါးခါးသီးသီးလေး ပြောလိုက်သည်။ ငှက်သိုက်မုန့်ဆိုသည်ကို သူ မသိသော်လည်း လမ်းမမှ မုန့်ဝယ်စားချင်ဆိုသဖြင့် နွေဦးဆွေအတွက် စိတ်ပူသွားသည်။

"အမယ် . . . ဘာလို့မစားရမှာလဲ စားမှာပဲ၊ သိပ်ကောင်းတယ်၊ လျှာပေါ်တင်လိုက်ရင် အေးသွားတာပဲ၊ ချိုလည်းချိုတယ်"

"ဟင့်အင်း . . . မစားနဲ့ဆွေ၊ လမ်းပေါ်ကမုန့်တွေ စားရင် ချောင်းဆိုးလိမ့်မယ်၊ ရောဂါရလိမ့်မယ် အိမ်ထဲက မုန့်ပဲစား"

သူကတော့ ထုံးစံအတိုင်း စေတနာဖြင့် နွေဦးဆွေကို ဖျောင်းဖျောင်းဖျဖျပြောသည်။ နွေဦးဆွေနှုတ်ခမ်းတစ်ငိုတင်လောက် စူသွားသည်။

"သွားပါ . . . အိမ်ကမုန့်တွေ မစားချင်ပါဘူး၊ ဒါပဲစားမယ်၊ ကိုကို့မှာ ပိုက်ဆံမပါရင်နေပေါ့၊ အိမ်ထဲမှာသွားရှာမယ်"

ပြောပြောဆိုဆိုနှင့် အိမ်ထဲကို လှစ်ခနဲ ပြေးဝင်သည်။ ထွက်လာသောအခါ လက်ထဲတွင်ပါလာသော မတ်စေ့တစ်စေ့ကို သူ့ရှေ့တွင် ဖြန့်ပြရင်း . . .

"တွေ့လား . . . ဒီမှာရပြီ၊ လာ . . . ကိုကိုစားချင်ရင်လိုက်ခဲ့၊ တကယ်ကောင်းတာ"

နွေဦးဆွေကို မုန့်မစားနှင့်ဟု တားလျှင် ရန်ဖြစ်ရဖို့သာသည့်ပုံပေါက်နေသဖြင့် သူ မတားတော့၊ သို့သော် ခြံပြင်သို့ တစ်ယောက်တည်း ထွက်သွားလျှင် တစ်ခုခုဖြစ်မှာစိုးသည့်အတွက် သူ ကမန်းကတန်း နောက်က လိုက်သွားသည်။



တိုင်ကီလို အဝိုင်းပတ်တစ်ခုထဲတွင် သံကတော့လိုပုံသဏ္ဍာန်မျိုး ...ခုတပ်ထားသော အဝိုင်းပတ်ငယ်တစ်ခုကို ချာလပတ်လည် ...သွဲ့နေသော မုန့်လုပ်လှည်းနှင့် ကုလားကြီးတစ်ယောက်ကို တွေ့ရ ...သည်။

နွေဦးဆွေက လှည်းဦးမှ အပေါ်တက်၍ နှစ်ခုပေးပါဟုပြော ...း ပိုက်ဆံလှမ်းပေးသည်။ ကုလားကြီးက အလယ်ခွေကို သုံးလေး ...းပတ်လှည့်ပြီး ခွေနှစ်ခုကြားထဲမှ နီနီပွပွ မုန့်တစ်မျိုးကိုထုတ်ယူ၍ ...ကျုပေါ်တင်သည်။ နောက်တစ်ခါထပ်လှည့်ပြီးသောအခါ နောက် ...စ်ခုထပ်ရသည်။

နွေဦးဆွေက မုန့်တစ်ခုကို သူ့လှမ်းပေး၍ ကုလားကြီးထံမှ ...န်အမ်းသည့်ပိုက်ဆံ ယူပြီးသောအခါ ကျန်မုန့်တစ်ခုကိုကိုင်ပြီး ...ထဲပြေးဝင်သည်။

"စားကြည့်ကိုကို သိပ်ကောင်းတာပဲ"

နွေဦးဆွေက သူ့ပါးစပ်ထဲထည့်ရင်း အောင်ဖြိုးဝေကိုလည်း ...ားခိုင်းသည်။ အောင်ဖြိုးဝေက စားရမှာ တွန့်နေသဖြင့် . . .

"ဟင့်အင်း . . . မစားချင်ဘူး"

"အို . . . ဘာဖြစ်လို့ မစားချင်ရမှာလဲ၊ စား . . . စား . . . ဆွေ့ကို ချစ်ရင်စား"

နောက်တစ်ခါထပ်ငြင်းရန် ပြင်လိုက်သောလည်း ဆွေ့ကို ...စ်ရင်ဆိုသော စကားလေးပါလာသဖြင့် သူတွေသွားသည်။

"စားလေ . . . အင့် . . . ရော့ စားကြည့်"

နွေဦးဆွေက အောင်ဖြိုးဝေလက်ထဲမှ မုန့်ကိုဖဲ့ယူပြီး ပါးစပ် ...ထဲထည့်ပေးသည်။ အောင်ဖြိုးဝေ မတတ်သာစွာ ပါးစပ်ဟပေးလိုက်

သည်။ ငှက်သိုက်သကြားမုန့်သည် လျှာပေါ်တွင် ချိုအေး၍ပျော်
သွားသည်။

"ကောင်းလား"

"အင်း"

ထိုအချိန်က နွေဦးဆွေကို အကြောင်းပြု၍ ကောင်းလိုက်
ရသော်လည်း တစ်ခါမျှအပြင်မုန့်မစားဖူးသော အောင်ဖြိုးဝေမှာ
ညကျတော့ တစ်ညလုံး ချောင်းဆိုးတော့၏။

ချောင်းမဆိုးခင် နွေဦးဆွေ လုပ်သွားသဖြင့် သူ့အကျီအဖြူ
မြေကြီးများပေသွားသည့်အတွက် မေမေက တင်ပါးကို နှစ်ချက်
လောက် ဆော်သည်ကိုလည်း ခံလိုက်ရသေးသည်။

ချောင်းတဟွတ်ဟွတ်ဆိုးရင်းနှင့် နွေဦးဆွေဆိုသည့်ကောင်မ
လေးကို အတော်အမြင်ကတ်လိုက်မိသည်။

(၁၂)

နောက်တစ်ခါ ပေါ်လာသည့် မြင်ကွင်းတွင် သူသည်
ဆယ်တန်းအောင်ပြီးနေပေပြီ။

"ဟင်"

မြင်လိုက်ရသော အံ့ဩဖွယ်မြင်ကွင်းကြောင့် စိတ်ထဲတွင်
ဘင်ခနဲ ရေရွတ်လိုက်မိသည်။ ကိုယ့်မျက်စိကိုလည်း ကိုယ်မယုံမိ။

"သား . . . သူ့ကိုမှတ်မိလား၊ မင်းညီမဆွေလေ" ဟု အန်တီ
ခေါ်ခင်တင့် ပြောလိုက်၍သာ နွေဦးဆွေမှန်း သိရသည်။ ငယ်ငယ်
တုန်းက ရုပ်ကလေးနှင့် ဘာမှမဆိုင်တော့။ ငယ်ငယ်တုန်းက ရုပ်
ကလေးက ကလေးပီပီ ဝဝဖောင်းဖောင်းလေးနှင့် ချစ်စရာကောင်း
သည့် ရုပ်ကလေး၊ ယခု မြင်လိုက်ရသည့် နွေဦးဆွေက သိပ်လှသည့်

နွေဦးဆွေ။

"ဆွေက သိပ်လှတာပဲ မှတ်တောင်မမှတ်မိဘူး၊ အန်တီက သာ မပြောရင် ဘယ်လိုမှ သိမှာမဟုတ်ဘူး"

သူ့စကားကြောင့် နွေဦးဆွေမျက်နှာတွင် ရှက်ပြုံးလေး တစ်ခု လှစ်ခနဲပေါ်သည်။

"ကိုကိုက မြှောက်နေပြန်ပြီ၊ ဆွေတို့က ကော်ဖီရောမုန့်တွေ ကျွေးမှာပါ ကိုကို"

အသံနှင့် ပြောဟန်ဆိုဟန်လေးများပါ ငယ်ငယ်ကနှင့်မတူ တော့သည်ကို သတိထားမိသည်။

"မြှောက်တာ မဟုတ်ဘူး ဆွေ၊ တကယ်လှတာပါ"

ဒီစကားသည် နှုတ်ဖျားတွင်သာ စတင်ဖြစ်ပေါ်သည့် သာမန်လောကွတ်တစ်ခုအနေနှင့် အလွယ်တကူ ပြောလိုက်သည် မဟုတ်မှန်း သူ့ဘာသာသူ ကောင်းစွာသိလိုက်သည်။ ရင်ထဲမှာ လည်း လှလိုက်တာဟု အကြိမ်ကြိမ် ပြောနေကြောင်း နှလုံးသား၏ နားဖြင့် ကြားနေရသည်။

ရှပ်အင်္ကျီပုံစံ အင်္ကျီအကွက်ကလေးတွင် အပေါ်ဆုံး ကြယ်သီးတစ်လုံးဖြုတ်ဝတ်ထားပြီး ဆံပင်ကို ကျောလယ်မရောက် တရောက် ဖြန့်ချထားသည့် နွေဦးဆွေကို ဘယ်လိုမှကြည့်၍မဝ။ မျက်နှာပေါ်တွင် သနပ်ခါး ခပ်ပါးပါးလိမ်းထားပြီး ဘာမှထူးထူး ထွေထွေ ခြယ်မထားသည့်ကြားက နွေဦးဆွေ၏မျက်နှာလေးသည် အလှပြင်ဆိုင်တွင် ပိုက်ဆံရာနှင့်ချီ အကုန်ခံ၍ အလှပြင်ထားသည့် မိန်းကလေးများစွာတို့ထက် အဆပေါင်းများစွာ ပိုလှနေသည် ထင် မိသည်။



စောစောပိုင်း နွေဦးဆွေတို့အိမ် ထွက်မလာမီက ဖက်လက်စ ဂ်လိပ်ဝတ္ထု မပြီးသေးသဖြင့် မေမေ့ကို မလိုက်တော့ဘူးဟု ပြော သည်ကို ခုမှ နောင်တရသည်။ တော်သေးတာပေါ့၊ မေမေက ုတို့ခများ နယ်က ခုမှပြောင်းလာတာသားရယ်၊ ဆွေကလည်း ဲကုန်မှာ ကောလိပ်တက်ရမှာဆိုတော့ သားနဲ့တွေ့ပြီး မေးစရာ ဘာလေးတွေ မေးချင်သေးတယ်လို့ ပြောတယ်၊ လိုက်ခဲ့ပါဆိုပြီး ာတင်းခေါ်လာပေလို့ပေါ့၊ မေမေ့ကို စိတ်ထဲမှနေ၍ ဦးသုံးကြိမ်ချ သည်။

စင်စစ် ဒီလိုသာ နွေဦးဆွေ ဒီယောက်လှနေ၍ ဒီပုံဒီနည်း ှင့် ပြန်လည်ဆုံဆည်းရမည်သာဆိုလျှင် ဖတ်လက်စ အာသာ ဟာလီ၏ ဖိုင်နယ်ဒိုင်နိုးဆစ်ကို နွေဦးဆွေတို့အိမ် သွားမည်အသံ ကြားကတည်းက စကြဝဠာအပြင်ဘက်သို့ လွှင့်ပစ်လိုက်မည်ဖြစ် သည်။

"သမီးက အင်္ဂလိပ်စာ အဓိကရတယ် သားရဲ့"

အန်တီဒေါ်ခင်တင့်၏ အသံကြောင့် နွေဦးဆွေမျက်နှာကို ပ်စိုက်စိုက်လေးငေးရင်း တွေးနေမိသော အတွေးစပြတ်သည်။

"ဟာ . . . ဒါဆို အဆင်ပြေပါတယ်၊ ကျွန်တော်က ဆေး ဘစ်)ရတယ် အန်တီ၊ ဆွေတို့က ပညာရေးတက္ကသိုလ်မှာ တက်ရမှာ ဆိုတော့ ကျွန်တော်တို့နဲ့ နီးနီးလေးပါ"

"အေးကွယ် . . . မင့်ညီမကိုတော့ မင့်ပဲအပ်ရမှာပဲ"

သူက ရယ်သည်။ အမေ့စကားကြောင့် သူ့ကိုနှာခေါင်းရှုံ့ပြ ိုက်သော နွေဦးဆွေကို ပြုံးကြည့်၍ . . .

"စိတ်ချ အန်တီ . . . ငယ်ငယ်တုန်းကလို မြေကြီးတွေနဲ့

ဆော့ရင်း ပေါက်တတ်ကရတွေ ဝယ်စားရင် ဒီတစ်ခါတော့ ထိပ်နာနာခေါက်ပြီး ဆုံးမမယ်"

"အမယ် . . . ရပါလိမ့်မယ်၊ ဆွေက လက်သီးနဲ့ ပစ်ထိုးလိုက်မှာပေါ့"

နွေဦးဆွေ လက်သီးလေးဆုပ်ပြီး ခပ်နွဲ့နွဲ့ ပြောသည်။

တစ်ခန်းလုံး ရယ်သံလေးများ လွင့်သွား၏။

ဆေးတက္ကသိုလ်တစ်၏ နောက်ဘက်ပေါက်မှ ထွက်လိုက်သည်နှင့် သထုံလမ်းပေါ် ရောက်သည်။

သူက ညာဘက်သို့ ကားကိုကွေ့လိုက်ရင်း . . .

"ကျောင်းတက်နေရင်း အရေးကိစ္စရှိရင်၊ ဒါမှမဟုတ် သွားစရာရှိရင် ကိုကို့ဆီလာနော်၊ ကိုကိုတက်ရမယ့်အခန်းတွေ သိပြီမဟုတ်လား"

"အင်း"

နွေဦးဆွေက ခပ်ပြုံးပြုံးလုပ်၍ မျက်လုံးလေးမှေးပြီး ခေါင်းညိတ်သည်။ သူ့ရင်ထဲ လှိုက်ခနဲဖို၏။

"ကျောင်းအပြင်ကို ကိုကိုမပါဘဲ ဘယ်တော့မှ မသွားရဘူး ဘယ်သွားချင်သွားချင် ကိုကို့ကိုပြော၊ ကိုကိုလိုက်ပို့မယ်၊ သူငယ်ချင်းတွေနဲ့ သွားချင်ရင်လည်း ကိုကို့ပဲပြော၊ ကိုကို့ကားနဲ့ လိုက်ပို့ပေးမယ် ကြားလား ဆွေ"

"အင်း"



"စာတွေဘာတွေ နားမလည်တာရှိရင် ကိုကို့ကိုမေး အတန်းလစ်နဲ့"

"အင်း"

"ဟာ . . . ဆွေကလည်း တအင်းအင်းပဲ လိုက်နေတာပဲ"

"ဩော် . . . ကိုကိုကလည်း အင်းမလိုက်လို့ ဆွေက ဘာပြန်ပြောရမှာလဲ"

"ဟင့်အင်း"

"ဒါဖြင့် ကိုကိုပြောတဲ့ စည်းကမ်းတွေ အကုန်လိုက်နာမှာပေါ့"

"ဟင့်အင်း"

"အဲဗျာ . . . အဲဒါက ဘာဖြစ်တာလဲ"

"ကိုကို့စည်းကမ်းတွေက အများကြီးပဲဟာ၊ အကုန်လုံးကိုဆွေ ဘယ်လိုလုပ်လိုက်နာမလဲ၊ တက္ကသိုလ်ရောက်ရင် ကျောင်းပြေးလို့ သိပ်ကောင်းတာလို့ သူငယ်ချင်းတွေ ပြောဖူးတယ်"

"ဟာ . . . အဲ့ဒါတော့မလုပ်နဲ့၊ ကိုကိုမကြိုက်ဘူး၊ ကျောင်းပြေးတယ်ဆိုတာ ကိုယ့်ရည်ရွယ်ချက်ကို ကိုယ် ရေရေရာရာမသိတဲ့သူတွေရဲ့အလုပ်၊ လူဆိုတာ စည်းနဲ့ကမ်းနဲ့ ကြပ်ကြပ်မတ်မတ်သွားမှ ကိုယ်သွားချင်တဲ့နေရာကို တန်းတန်းမတ်မတ်ရောက်အောင်သွားနိုင်တာဆွေရဲ့ ထူးချွန်ချင်တဲ့ကျောင်းသားဟာ ဘယ်တော့မှ စည်းကမ်းမပျက်ရဘူး"

"အို . . . ဆွေမှ မထူးချွန်ချင်တာပဲ၊ ဆွေက ကိုကို့တို့လို ဘော်ကြီးတွေမှ မဟုတ်ဘဲ"

"လုပ်ပြန်ပလား ဗီစတော်၊ ဝယ်ဝယ်တုန်းကလည်း ဗီစတော်

နဲ့ ကိုယ် အရိုက်ခံရပြီးပြီ"

"ခုလည်း ထပ်အရိုက်ခံလိုက်ဦးပေါ့ ကိုကိုရဲ့၊ ဆွေက

ငယ်တည်းက ဆိုးခဲ့တာ ကိုကိုသိသားနဲ့"

"ကိုကို"

"ဘာလဲ ဆွေ"

"ဒီနေ့နေ့လယ် ကျောင်းဆင်းရင် မြို့ထဲကို သူငယ်ချင်း

သွားမယ်"

"ဘာလုပ်ဦးမလို့လဲ"

"စကော့ဈေးမှာ ဘာလေးညာလေး သွားဝယ်မလို့"

"ဟာ . . . ဆွေကလည်းကွာ အရင်အပတ်ကလည်း

ခေါက်သွားပြီးပြီ မဟုတ်လား"

"အရင်အပတ်ကသွားတာက သူငယ်ချင်းအတွက်

လိုက်ပေးတာ ကိုကိုရ၊ ခုဟာက ဆွေ ဝယ်စရာရှိလို့"

"ဘာဝယ်မလို့လဲ"

"ဟာ . . . ကိုကိုကလည်း အကုန်လုံးသိချင်နေတာပဲ

ချင်နဲ့၊ ဆွေဝယ်မယ့်ပစ္စည်းက ကိုကိုတို့မသိရမယ့်ပစ္စည်း"

သူက ရယ်လိုက်သည်။

"ဒါလောက်ဆို ကိုကိုသိပြီပေါ့ဆွေရ၊ ကိုကိုက

လောင်းပဲ မသိဘဲနေမလား"

"ကြည့် . . . ကိုကိုကတော့ ခက်တာပဲ၊ သိလည်း ကိုယ့်



ကိုယ် ငြိမ်နေရတယ် ကိုကိုရဲ့၊ ဒါမျိုးဆိုတာ မောင်နှမချင်း မပြော

ရဘူး"

ကိုကိုတို့က မောင်နှမ မဟုတ်ပါဘူးဆွေရာ၊ တစ်ဖက်ဆီ

တော်တာပါဟု ရင်ထဲက တိုးတိုးပြောလိုက်သည်။ သို့သော် . . .

နှုတ်က ပြောရန်မဝံ့။

"ကိုကို့ကို သူငယ်ချင်းတွေက ပြောတယ်"

"ဘာပြောလို့လဲ ဆွေ"

"နွေဦးရေတဲ့ . . . နွေဦးကိုကိုက သိပ်ကြီးကျယ်တာပဲတဲ့"

"ဘာဖြစ်လို့လဲ"

"မသိဘူးလေ၊ သူတို့ကပြောတယ်၊ ကိုကိုပြောလိုက်တဲ့ စကား

မှာဆိုရင် ကိုကိုတော်ကြောင်း တတ်ကြောင်းမပါတာ မရှိဘူးတဲ့၊

ပြီးတော့ ဆရာဝန်လောင်းဆိုတာလည်း . . . ခဏခဏသုံးတတ်

တယ်တဲ့၊ ဘဝင်မြင့်နေတယ်ထင်တယ်တဲ့"

သူက ရယ်သည်။

"ပြောပစေပေါ့ဆွေရယ်၊ ဒါမျိုးက ကိုကို့မှာ အမြဲတမ်း

အပြောခံနေကျပဲဟာ၊ ကိုကို့သူငယ်ချင်းတွေကလည်း ဒီလိုပဲ ထင်

တာပဲ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ အဲဒီလိုပြောတဲ့ လူမှန်သမျှ

ဘယ်လိုလူမျိုးတွေချည်းပဲလည်း သိလား"

"ဟင့်အင်း"

"ကိုကို့လို စာမတော်တဲ့သူတွေ ကိုကို့ဘဝမှာ အောင်မြင်မှု

တွေ့ရတာကိုကြည့်ပြီး မနာလိုဝန်တိုဖြစ်နေတဲ့သူတွေ၊ ဘဝမှာ စည်းမရှိကမ်းမရှိ ကိုယ့်တန်ဖိုးကို ကိုယ်နားမလည်ဘဲ ထင်ရာစိုင်းနေတဲ့သူတွေ . . . ”

“ဟိုး . . . ကိုကို ဟိုး၊ အရမ်းကာရောတွေလည်း လျှောက်ပြောမနေနဲ့ဦးနော်၊ စကားကျွံရင် နုတ်မရဘူးတဲ့”

“ဘာဖြစ်လို့လဲ”

“ကိုကို့ကို အဲဒီလိုထင်တဲ့အထဲမှာ ဆွေလည်း ပါနေလို့”

“ဟာ . . . ဆွေကလည်းကွာ”

အာရုံထဲတွင် သူ့ စကားများစွာ ပြောနေမိသည်။

အဲဒီအချိန်တည်းက ဆွေနဲ့ကိုယ်ဟာ စိတ်ခာတ်ရေးရာမှာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ခဲ့တယ်ဆိုတာ ကိုကို သတိပြုမိပါတယ် ဆွေ။

ဆွေက ဘဝကိုကြည့်တဲ့အမြင်ဟာ သိပ်ပေါ့ပျက်တယ်၊ ခံစားမှုကို သိပ်အမိကထားလွန်းတယ်၊ နှလုံးသားရဲ့ အထိန်းအကွပ်အဖြစ်နဲ့ ဦးနှောက်ကို ဘယ်တော့မှ နေရာပေးလေ့ မရှိဘူး။

အမှန်ပြောရရင် ကိုကို့ဘဝမှာ စိတ်ကူးယဉ်ခဲ့ဖူးတဲ့



မိန်းကလေးမျိုးမှာ ဆွေ့လိုပုံစံမျိုး လုံးဝမပါခဲ့ဖူးဘူး ဆွေ၊ ကိုကိုဟာ ကိုကို့ဘဝကို ကိုကို ဘယ်လောက် ဂရုတစိုက်နဲ့ ပြုစုခဲ့တယ်ဆိုတာ ဆွေအသိဆုံးပါ။

ငယ်ငယ်လေးကတည်းက အဆုံးအမအကွပ်အကဲမှာ အစွန်းရောက်အောင် စေ့စပ်တဲ့မိဘတွေလက်ထဲမှာ ကြီးပြင်းခဲ့ရလို့လား၊ ကိုကို့စရိုက်နဲ့ ဗီဇဝါသနာကိုက ဒီလိုပဲဖြစ်ခဲ့လို့လား၊ နှစ်ခုစလုံးပဲ ကံကောင်းထောက်မစွာ လာဆုံဆည်းလို့လား မပြောတတ်ဘူး၊ ကိုကိုဟာ ငယ်ငယ်ကတည်းက လိမ်လိမ်မာမာနေခဲ့တဲ့ သူပါ။

ပြောရရင် ဆွေရယ် ...ယောက်ျားလေးပီပီ ကိုယ်လက်လှုပ်လှုပ်ရှားရှားဖြစ်စေတဲ့ ဘောလုံးတို့ ရေကူးတို့ ဘာတို့ကိုတောင် ကိုယ့်ဖေဖေနဲ့မေမေက အလကားအပေါင်းအသင်းစုံတယ်၊ ဘေးဖြစ်နိုင်တယ်၊ စာဖတ်တာဟာ အကောင်းဆုံးပဲဆိုပြီး စာအုပ်တွေနဲ့ပဲ သိတတ်စကတည်းက လွှတ်ပေးခဲ့လို့ နဂိုအခံကိုက မျက်စိအားမကောင်းတဲ့ကိုကို့မှာ ငယ်ငယ်လေးတည်းက မျက်မှန်ထူထူကြီး တပ်ခဲ့ရတာကြည့်ပေါ့။

ခုအရွယ်အထိ ရေမကူးတတ်ဘူး၊ ဘောလုံးမကန်တတ်ဘူး၊ စက်ဘီးမစီးတတ်ဘူးလေ၊ ကားတောင်မှ ကိုကို တော်တော်မှုတောနိုင်လွန်းလို့ အမောင်းသင်ပေးထားခဲ့တာ။

ဒါပေမဲ့ ခုချိန်မှာတော့ ဖေဖေနဲ့မေမေ့ကို အပြစ်တင်ဖို့ နေနေသာသာ ကျေးဇူးတွေ ဘယ်လိုတင်မှန်းတောင်

မသိပါဘူး ဆွေရယ်၊ ဆွေပဲ စဉ်းစားကြည့်လေ၊ ကိုကို့လက်ရှိဘဝအနေအထားဟာ ဘယ်လောက်ကျေနပ်ဖို့ကောင်းလဲ။

ကိုကိုသိပ်ဖြစ်ချင်တဲ့ ဆရာဝန်ဘဝနဲ့ တစ်သက်လုံးနေထိုင်သွားနိုင်ဖို့အတွက် ဆေးတက္ကသိုလ်မှာထိပ်တန်းစာရင်းဝင်အဖြစ်နဲ့ ပညာသင်နေရပြီ၊ ခုနစ်တန်းကနေ ဆယ်တန်းအထိ တောက်လျှောက် လူရည်ချွန်ရလာခဲ့လို့ တက္ကသိုလ်မှာ ပညာသင်ဆုတွေဘာတွေရနေတဲ့အပြင် ဆေး(တစ်)ရဲ့ ပထမနှစ်လူရည်ချွန်လည်း ကိုယ်ပဲမဟုတ်လား၊ ပထမနှစ်အောင်စာရင်းမှာခရက်ဒစ်လို့ခေါ်တဲ့ အဆင့်မြင့်နဲ့အောင်တဲ့ လူဦးရေနည်းနည်းစာရင်းမှာလည်း ကိုယ်ပဲ ထိပ်ဆုံးက မဟုတ်လား။

ကိုကို့ဘဝမှာ ရည်မှန်းချက်တွေ အများကြီးရှိသေးတယ်ဆွေ၊ ဆေးကျောင်းတက်ချင်တာ ဆရာဝန်ရိုးရိုးဘဝနဲ့တင် ပြီးဖို့မဟုတ်ဘူး၊ အထူးကုဆရာဝန်ကြီး၊ သမားတော်ကြီးဆိုတဲ့ တကယ့်မဟာဆေးပညာရှင်ကြီးတစ်ယောက်အဖြစ်နဲ့ နိုင်ငံမှာ ထူးထူးချွန်ချွန် ဖြစ်အောင်လည်း လုပ်ပြချင်တယ်။

ဒါကြောင့်မို့လည်း ပညာရေးနဲ့ ပတ်သက်လာရင်နည်းနည်းမှ အပြီအစွန်း မခံနိုင်ဘူးဆွေ၊ ကိုကိုဆိုတဲ့ကောင်ဟာ ဘယ်တော့မှ မဖြစ်ဘူးဆိုတာမျိုးမရှိအောင် ကြိုးစားတဲ့ကောင်၊ ဘဝမှာမရနိုင်တာ၊ မဖြစ်နိုင်



တာ မရှိဘူးလို့လည်း တကယ်ယုံတယ်။

မရရတဲ့နည်းနဲ့ ကြိုးစားမယ်ဆိုတဲ့ သတ္တိလည်းရှိတယ်။ အဲဒီထဲမှာ ဆွေလည်းပါတယ်။

ဆွေနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ဟာ ဆွေ့ကို စတွေ့ပြီး မကြာခင်မှာ ချခဲ့တဲ့ ဆုံးဖြတ်ချက်ပဲ။

ဒါလည်း သိပ်အံ့ဩဖို့ကောင်းတယ်၊ ကိုကိုပြောသလိုပဲ စောစောပိုင်းစိတ်ကူးထဲမှာ ပုံဖော်ခဲ့တဲ့ ကိုကို့ချစ်သူတွေထဲမှာ ဆွေ့လိုပုံစံမျိုးတွေ မပါတာတော့ အမှန်ပဲ။

ကိုကိုလိုချင်တဲ့ပုံစံမျိုးက ရုပ်ရည်လည်း ပထမတန်း ရှိရမယ်၊ ပစ္စည်းဥစ္စာဆိုလည်း ထိပ်တန်းစာရင်းဝင်ရမယ်၊ အဲ့ ... ပညာရေးကျတော့လည်း ကိုကို့ကိုအမီလိုက်နိုင်တာတောင် ကိုကို့လောက်နီးနီး တော်ရမယ်၊ စိတ်နေစိတ်ထား ရည်ရွယ်ချက်၊ စရိုက်ဆိုတာတွေလည်း မြင့်မြင့်မားမား ထက်ထက်မြက်မြက်ကို ရှိနေရမယ်၊ ပြီးတော့ ကိုကို့ကိုလည်း သိပ်ချစ်ရမယ်။

ဒါ ... ကိုကိုလိုချင်တဲ့ပုံစံမျိုးပဲ။

ဒါပေမဲ့ ဆွေနဲ့တွေ့တဲ့အခါကျတော့ တစ်မျိုးဖြစ်သွားတယ်ဆွေ။

ဆွေဟာ ရုပ်ရည်အနေနဲ့ကျတော့ ကိုယ်စိတ်ကူးယဉ်ခဲ့တဲ့ အလှအပတွေထက် အဆပေါင်းများစွာသာလွန်နေတာ မှန်ပေမယ့် ကျန်တာတွေမှာ အားလုံးလိုလို အားနည်းနေတယ်၊ ဒါပေမဲ့ ဆွေ့ကို ကိုကိုသိပ်

ချစ်တယ်။

ကိုကို့ကိုယ် ကိုကိုလည်း သိပ်အံ့သြတာပဲ။

တခြားကိစ္စတွေမှာ ဒါဆိုဒါမှဆိုပြီး သိပ်ပြတ်သားခဲ့တဲ့ ကိုကိုဟာ ဆွေနဲ့ကျတော့ တစ်ခါတည်း ပြောင်းလဲသွားတာပဲ၊ စိတ်ကူးယဉ်ခဲ့တဲ့ အဖြစ်ဆိုတာတွေကို အကုန်လုံးရေထဲမျှောသလို မျှောပစ်လိုက်တော့တယ်။

ဆွေမှဆွေဆိုပြီး ဆွေ့ကို အစွဲလမ်းကြီး စွဲလမ်းခဲ့တယ်။ ဆွေ ယုံချင်ယုံ မယုံချင်နေပေါ့ဆွေ။ ကိုကိုကလည်း ကိုကို့အချစ်ကို သူများအချစ်ရူးတွေလို ဘယ်လောက်ကြီး ချစ်ပါတယ်၊ ဘယ်လောက်ကို ချစ်ပါတယ်လို့ ဥပမာအထွေထွေ၊ ဥပမေယျအထပ်ထပ်နဲ့ အလှပဆုံး အခမ်းနားဆုံး အကြီးကျယ်ဆုံး ပြောမပြတတ်ပေမယ့် ဆွေ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုကို့ဘာသာ ကိုကိုအသိဆုံးပါ။

နောက်ဆုံး ကုန်ကုန်ပြောရရင် ဆွေနဲ့ပတ်သက်လာလို့ ကိုကို့ဘဝမှာ ဘာနဲ့ပဲလဲရလဲရ လဲပစ်နိုင်တဲ့အထိ ဆွေ့ကို ချစ်ပါတယ်။

ဒါကြောင့် ဆွေ့ကို ဆွေတို့ ဒုတိယနှစ်တက်စမှာ ချစ်ရေးဆိုခဲ့ပြီး ဆွေရဲ့အဖြေကို လနဲ့ချီစောင့်ဆိုင်းပြီး ရလာခဲ့တဲ့အခါ ကိုကိုဟာ ဘဝမှာ ပထမဆုံး ဘယ်တော့မှ အထီးကျန်မခံတဲ့ ရည်မှန်းချက်တစ်ခုကို ပြလိုက်ရတယ်။

အစက ကိုကို့ရည်မှန်းခဲ့တာက ပညာရေးကို အဆုံး



စွန် ထိပ်ဖျားရောက်တဲ့အထိ ရှပ်ရှပ်ချွံချွံ သင်ပစ်မယ်၊ အဲဒီရည်မှန်းချက် မပြည့်စုံမချင်း အိမ်ထောင်ပြုဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်ဘူးဆိုတဲ့ ကိုကိုဟာ ဆွေ ကျောင်းပြီးတာနဲ့ လက်ထပ်မယ်၊ လက်ထပ်ပြီးမှ ကိုယ့်ပညာရေးကို လိုတဲ့ပန်းတိုင်အထိ မရောက်ရောက်အောင်သွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆွေ့ကို စိတ်မချလို့ပဲပေါ့၊ ဆွေဟာ စိတ်ကစားတတ်တယ်၊ ပြီးတော့...စိတ်ထဲမှာ ရှိတဲ့အတိုင်း သိပ်လွတ်လွတ်လပ်လပ် နေချင်တယ်၊ အချစ်နဲ့ပတ်သက်လာရင် စိတ်ကူးယဉ်ယဉ်လေးနဲ့ ခံစားချင်တယ်၊ သွားလာတာ နေထိုင်တာကအစ စိတ်ကူးယဉ် အချစ်ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို ဘဝမှာ ဘာမေ့ထင်သလို ပျော်ပါးချင်ပါတယ်။

ဒါမျိုးတွေကျတော့ ကိုကိုနဲ့ သိပ်ကွာလွန်းတယ်။

ဒီတော့ ... ကိုကို ဆွေ့ကို စိတ်မချဘူး။ ဆွေ တစ်နေ့နေ့မှာ ဆွေ့လို စိတ်သဘောထားမျိုးရှိတဲ့ လူတစ်ယောက်နဲ့တွေ့ရင် သာယာတိမ်းမူးသွားနိုင်တယ်၊ အဲဒါကို ကိုကို သိပ်ကြောက်တယ်။

ဆွေ့ကို ဆုံးရှုံးရရင် ကိုကို့ဘဝမှာ ဘာမှအဓိပ္ပာယ်မရှိတော့ဘူး ဆွေ၊ ဘဝမှာ တခြားဟာတွေ ဘာမှမဖြစ်ရင်နေဆွေ၊ ဆွေနဲ့ဝေးရမှာ အစိုးရိမ်ဆုံး၊ အကြောက်ဆုံးပဲ၊ ဆွေနဲ့ဝေးရမှာကို မဟာအဝီစိငရဲမှာ ကပ်ကမ္ဘာအဆုံး တလောင်လောင် တမြိုက်မြိုက် နေရမှာထက်

ကြောက်တယ်။

ကိုကို့ကိုသာ လိုရာဆု အကုန်ပေးနိုင်တဲ့ မဟာတန်ခိုးရှင်တစ်ယောက်က လိုရာဆု တောင်းစေလို့ ရတောင့်ရခဲအခွင့်အရေးသာပေး၊ ကိုကို တခြားဘာမှ မတောင်းဘူးဆွေ၊ ဆွေနဲ့မဝေးပါရစေနဲ့၊ တစ်သက်လုံး အတူတကွ ပေါင်းဖက်နေထိုင်ရပါစေ ...ဆိုတဲ့ဆုပဲ တောင်းမယ်ဆွေ။

အဲ့ ... ဒီကြားထဲမှာ တစ်ခုခုဖြစ်လာရင်တော့ ကိုယ့်အသက် သေချင်သေသွားပါစေဆွေ၊ ဆွေနဲ့ ကိုကို့ကြားက အနှောင့်အယှက် အဖျက်အဆီးမှန်သမျှ ဖြစ်ချင်ရာဖြစ် အကုန်ရှင်းပစ်မှာပဲ။

ဆွေနဲ့ ကိုကို့ကြားကို တတ်နိုင်လို့ အာဋ္ဌာဝကဘီလူးပဲ လာနှောင့်ယှက်၊ မာရ်နတ်ကြီးက မိစ္ဆာတစ်သောင်း လက်နက်တစ်သိန်းနဲ့ပဲ လာနှောင့်ယှက် နှောင့်ယှက် ကိုကိုကတော့ အသက်ချင်း လဲပစ်ရမှာပဲ။

ဆွေ့ကို ဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး ဆွေ။

ဆွေနဲ့ဝေးရမှာ အဲ့သလောက် ကိုကိုကြောက်တယ်။

အဲ့သလောက် ကိုကိုကြောက်တဲ့ကိစ္စကိုမှ ဆွေလုပ်ဖြစ်အောင် လုပ်ရက်တယ်ဆွေ ဆွေသိပ်ရက်စက်တယ်။



ခဏလေးပါဆွေ၊ ဆွေ ကိုကို့မျက်စိအောက်က ပျောက်သွားတာ ခဏလေးပါ။

ဆွေတို့ နွေကျောင်းပိတ်ရက် မကွေးကို သွားမယ်ဆိုတော့ ခဏလည်း ခဏလေးလို့ပြောတယ်၊ ကိုကိုကလည်း ကျောင်းပြန်ဖွင့်ဖွင့်ချင်း ဖြေရမယ့် စာမေးပွဲအတွက် စာတွေက သိပ်အရေးကြီးနေလို့၊ ဪ ... အန်တီတို့လည်း ပါတာပဲ၊ သွားမှာကလည်း အန်ကယ် ဦးတင်စောတို့ဆီပဲလေ ... ဆိုပြီး ခဏလေး ကိုယ်ပေါ့ ဆမိခဲ့တယ်။

အဲဒီခဏလေးမှာပဲ . . .ကိုယ်အစိုးရိမ်ဆုံးနဲ့ အကြောက်ဆုံးအလုပ်ကို ဆွေလုပ်ဖြစ်အောင် လုပ်ခဲ့တယ် ...လုပ်ရက်တယ် ဆွေရယ်။ သိပ်ကိုလုပ်ရက်တယ်။

မကွေးကနေ အန်တီတို့ပြန်လာတော့ ဆွေပါမလာဘူး။ အန်တီတို့ကိုမေးကြည့်တော့ ဆွေ့ကို အန်ကယ် ဦးတင်စောတို့က ခေါ်ထားတာနဲ့ နေခဲ့တယ်။ သိပ်မကြာပါဘူးဆိုတာနဲ့ စိတ်ထဲကပူတဲ့ကြားထဲက တောင် ကိုယ့်ကိုယ်ကိုယ် အတင်းဖြေသိမ့်ပြီး စာကို အတင်းဖိကျက်နေခဲ့တယ်။

သိပ်မကြာပါဘူး ဆွေ့ဆီက စာတစ်စောင်ရောက်လာတာပဲ၊ မမေ့ဘူးကွ၊ အဲဒီစာကို ဘယ်တော့မှ မမေ့ဘူး၊ နှလုံးသားထဲကရော၊ ဦးနှောက်ထဲကရော တစ်လုံးမှမမေ့ဘူး၊ ဆွေ့စာကို စာလုံးစေ့ ကိုကိုမှတ်မိ

တယ်။

ရှိသေစွာ စာရေးလိုက်ပါတယ် ကိုကို ...လို့ အစချီပြီး ရေးထားတဲ့ ဆွေ့စာလုံးတိုင်းဟာ ကိုကို့ နှလုံးသားကို တစ်စစီ ဖွဲ့ခြွေပစ်တော့တယ်။

ရှိသေစွာ စာရေးလိုက်ပါတယ် ကိုကို ...

ဒီစာကို ဖတ်ပြီးတဲ့အချိန်မှာ ကိုကို ဆွေ့ကိုသတ်ပစ်ချင်လောက်အောင် မုန်းတီးသွားလိမ့်မယ်ဆိုတာ ဆွေ သိပါတယ် ကိုကို။

ဒါပေမဲ့ ... ဆွေ ကိုကို့ကို ညာလည်းမညာချင်ဘူး။ သစ္စာလည်း မဖောက်ချင်ဘူး၊ ဆွေ့ကို ကိုကိုခွင့်လွှတ်ပါ။ ဆွေ ခရီးသွားရင်းနဲ့ ဆွေ့ဘဝမှ တကယ်ချစ်ရတဲ့ ချစ်သူတစ်ယောက်နဲ့ ဆွေတွေ့ခဲ့ပါတယ် ကိုကို၊ သူ့ကို တွေ့မှ ဆွေဟာ ကိုကို့ကို တကယ်မချစ်ဘူးဆိုတာ သိရပါတယ်၊ ဒီတော့ ဆွေ့ကိုယ်ဆွေလည်း မညာချင်ဘူး ဘယ်သူ့ကိုမှလည်း မညာချင်ဘူးကိုကို ဆွေ တကယ်ချစ်တဲ့ သူကိုပဲ ဆွေချစ်ချင်တယ်။

ဒါကြောင့် သူ့အချစ်ကို ဆွေ လက်ခံလိုက်ပါပြီ။

ခွင့်မလွှတ်တောင် မေ့လိုက်ပါလို့ ...

တစ်ခါက

ဆွေ



ဝှန်း ... ဒိုင်း ...နဲ့ အဲဒီနေ့က ကိုကို သေနင်းကျန်းခဲ့တာ ကိုကို့အခန်းမှာ ဘာပစ္စည်းမှ အကောင်းမကျန် သလောက်ပဲဆွေ။ နံရံတွေကို လက်သီးနဲ့ထိုးလာလို့လည်း ကိုကို့ ညာဘက်လက်တစ်ခုလုံး သွေးချင်းချင်း နီနေတာပဲ၊ အိမ်မှာ ဖေဖေရော၊ မေမေရော မရှိကြလို့ပေါ့ဆွေ၊ ရှိများရှိရင် ကိုကို့ကိုတော့ ဒီကောင်ရူးပြီဆိုပြီး စိတ္တဇဆေးရုံ ပို့လိုက်ကြမှာ သေချာတယ်။

တကယ်လည်း ရူးတာပဲဆွေ။

ကိုကို့ တစ်ကိုယ်လုံး စကြဝဠာလေထုထဲကို အဖုံးအကာမရှိ ရောက်သွားတဲ့ လူလိုပဲ အပိုင်းပိုင်း အစစ ပေါက်ကွဲလွင့်စဉ်ကုန်ပြီလို့ ထင်နေမိတယ်။

စိတ်ထဲမှာလည်း ဆွေတကယ်ချစ်တဲ့လူဆိုတဲ့ ကောင်ကို တစ်ခါတည်းလိုက်ရှာ၊ တစ်ကိုယ်လုံးမှာ ရစရာမရှိအောင် ဓားတစ်ချောင်းနဲ့ နုပ်နုပ်စဉ်းပစ်ချင်စိတ်တွေ ပေါ်နေခဲ့တယ်။

စာရတဲ့အချိန်ဟာ ဆွေပြန်လာမယ့် ကျောင်းဖွင့်ရက်ရောက်ဖို့ နှစ်ရက်ပဲ လိုတော့တဲ့နေ့မို့ပေါ့ဆွေ၊ နို့မို့ ကိုကို မကွေးကို ဖြစ်တဲ့နည်းနဲ့ လိုက်လာခဲ့တယ်။

အဲဒီ တစ်ရက်နှစ်ရက်အတွင်းမှာ ကိုကို ခေါင်းအေးအေး စဉ်းစားကြည့်မိတော့ ဆွေ ခဏတစ်ဖြုတ် စိတ်နောက်ကိုယ်ပါ လုပ်သွားတာဖြစ်နိုင်တယ်၊ ဒါမှမဟုတ် တစ်ဖက်က အဆွယ်အပြကောင်းလို့ ပါသွားတာလည်း ဖြစ်နိုင်တယ် ပြန်လာမှ အေးအေးဆေးဆေး

ချော့မော့ပြော၊ နားလည်အောင်ပြောရင်ရမှာပါ၊ ကိုကို နဲ့ ဆွေအခြေအနေက သာမန်ချစ်သူတွေမှ မဟုတ်တော့ဘဲ။

နှစ်ဖက်လူကြီး စေ့စပ်ထားပြီးတဲ့ အဆင့်တောင် ရောက်နေပြီပဲ။ ဘာပဲဖြစ်ဖြစ် ဆွေ့ကို နားလည်အောင် ပြောမယ်ဆိုပြီး ဆွေပြန်အလာကို မီးခဲ ခေါင်းပေါ်တင်ပြီး စောင့်နေခဲ့တယ်။

ဒါပေမဲ့ ... မှန်းချက်က နှမ်းထွက်နဲ့ လွဲလွန်းလှတယ် ဆွေ။

## (၁၃)

"ဒီကောင့်ကို သတ်မယ် . . . ဒီကောင့်ကို သတ်မယ်"

အောင်ဖြိုးဝေထံမှ ကယောင်ကတမ်း အော်လိုက်သောအသံကြောင့် အနီးနားရှိ လူများအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သတိဝင်စပြုလာသော အောင်ဖြိုးဝေမှာ အခုမှ ဝေဒနာကို သတိပြုမိသည့်ထင်သည်။ မသဲမကွဲအသံတချို့ ထပ်မံပြုရင်း မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားသည်။ ကိုယ်ကိုလည်း ဘယ်ညာလူးလွန့်၏။

"သား . . . သတိရပြီလားဟင် . . . သား . . အောင်ဖြိုးဝေ"

အောင်ဖြိုးဝေ၏မိခင်က စိုးရိမ်တကြီး အမူအရာဖြင့် အောင်ဖြိုးဝေနားကပ်၍ ခပ်တိုးတိုး မေးသည်။ အောင်ဖြိုးဝေထံမှ တုံ့ပြန်သံတချို့ ခပ်ဝါးဝါး ပေါ်ထွက်လာ၏။

"ဘာဖြစ်လို့လဲ ဆရာမ"

သူတို့အုပ်စု ရုတ်ရုတ်သဲသဲဖြစ်သွားသဖြင့် အခန်းဝက ဖြတ်သွားသော တာဝန်ကျဆရာဝန်က ခုတင်နား ဖျတ်ခနဲ ဝင်လာပြီး မေးသည်။ သီးသန့်ငှားရမ်းထားသော စပါယ်ရှယ်နာ့စ်လေးက ဆရာဝန်ဘက်လှည့်ကြည့်၍ . . .

"လူနာ သတိရလာပြီ ထင်တယ် ဒေါက်တာ၊ ကယောင်ကတမ်း ပြောတယ်၊ နည်းနည်းညည်းတယ်"

ဆရာဝန်က အောင်ဖြိုးဝေ၏ လက်ကောက်ဝတ်သွေးကြောကို လက်ဖြင့် လှမ်းထောက်စစ်ဆေးသည်။

"ကိစ္စမရှိပါဘူး၊ မကြာခင် သူသတိရလာမှာပါ၊ ခုဟာက မေ့ဆေးပေးထားတဲ့ အရှိန်လေး ရှိနေလို့ ခေါ်လို့ ပြောလို့ မရသေးတာပါ၊ လူနာအားပြည့်အောင် အိပ်ပါစေဦး၊ ဘာမှမစိုးရိမ်ပါနဲ့"

"ဟုတ်ကဲ့ ဒေါက်တာ"

အောင်ဖြိုးဝေ၏မိခင်က ပြန်လှည့်ထွက်ရန် ပြင်သော ဆရာဝန်ကို ခေါင်းညိတ်၍ပြောရင်း ပြန်၍အိပ်မောကျသွားပြီဖြစ်သည့် အောင်ဖြိုးဝေရင်ဘတ်ပေါ်မှ စောင်ကို သေသေသပ်သပ် ပြန်ခြုံပေးသည်။

စိတ်ထဲမှာ တစ်စုံတစ်ခုကို သတိရသဖြင့် ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။ သတိလစ်နေသည့်နှစ်ရက်အတွင်း သိသိသာသာ ချုံးကျသွားသော သားဖြစ်သူ၏မျက်နှာကိုကြည့်ရင်း မျက်ရည်ဝဲလာသည်။ အောင်ဖြိုးဝေ၏ ဖြူသောအသားမှာ အားနည်းနေသဖြင့် ဝါဖန့်ဖန့်ဘက်သို့ လုနေသည်။

"ဖြစ်ရလေ သားရယ်"

သက်ပြင်းနှင့်အတူ ရင်ထဲတွင် မချိတင်ကဲ ရေရွတ်မိသည်။



ထိန်းထားသည့်ကြားမှ မျက်ရည်စက်များ ပါးပေါ် လိမ့်ကျလာ၏။

"သားလေးကို ကယ်ပါဦး ကိုရယ်"

ဘယ်လိုမှ ထိန်းထားလို့ မရသဖြင့် အောင်ဖြိုးဝေ၏မိခင်သည် သူ့ခင်ပွန်း၏ ရင်အုပ်ကျယ်ကြီးတွင် မျက်နှာအပ်ပြီး ရှိုက်ကြီးတငင်ငိုချလိုက်သည်။ အောင်ဖြိုးဝေ၏ဖခင်က သူ့ဇနီး၏ ကျောပြင်လေးကို သိုင်းဖက်သည်။

"တိတ်ပါ သက်ရယ်၊ သိပ်လည်း ဝမ်းနည်းမနေပါနဲ့၊ သားလေးကို အသက်ရှင်ရက် မြင်ရတာပဲ အများကြီး ကုသိုလ်ကောင်းပါတယ်၊ တိတ် . . . တိတ်"

ပြောရင်းနှင့် သူပါ မျက်ရည်ဝဲလာသည်။

နွေဦးဆွေက ထိုမြင်ကွင်းကြည့်ရင်း အောက်နှုတ်ခမ်းကို တင်းတင်းဖိကိုက်လိုက်သည်။ ကျလာလုဆဲ မျက်ရည်များကိုလည်း ရအောင်ထိန်းကြည့်သည်။ သို့သော် ပူနွေးသောမျက်ရည်စက်များက ပါးပေါ်သို့ တလိမ့်လိမ့်စီးကျလာ၏။

အောင်ဖြိုးဝေ ကားတိုက်မှုဖြစ်သည့်နေ့က ဖြစ်ရပ်များ မျက်လုံးထဲတွင် ပြန်မြင်နေသည်။

"ဒီနေ့တော့ ကျောင်းထဲအထိ ကိုယ် လိုက်ပို့မယ်နော် နွေဦး"

ကိုသန်းဒန်ခြံထဲမှ နှစ်ယောက်သား ပြန်ထွက်လာရင်း ထူးက ပြောသည်။ နွေဦးဆွေက ပြုံး၍ ခေါင်းညိတ်ပြီး . . .

"လိုက်ခဲ့ပေါ့ ထူးရာ၊ လာမယ့်အားပြေးတွေ့လိုက်ကြတာပဲ

ကောင်းပါတယ်"

နွေဦးဆွေစကားကြောင့် ထူးစိတ်ထဲ တစ်စုံတစ်ခုကို တွေးမိသွားပြီး ရယ်သည်။

"ဘာရယ်တာလဲ"

"ဩော် . . . မဟုတ်ပါဘူး၊ နွေဦးပြောတဲ့စကား သဘောကျလို့ပါ။ လာမယ့်ဘေး ပြေးတွေ့ကြတာပေါ့ဆိုလို့၊ အောင်ဖြိုးဝေနဲ့တွေ့လို့ကတော့ ဘာမှထွေထွေထူးထူးစဉ်းစားနေစရာမလိုတော့ဘူး ကိုသန်းဒန်အိမ်မှာ အခန်းတစ်ခန်း ရှင်းထားခိုင်းဖို့ပဲ ရှိတော့တယ်"

"အမယ် . . . ထူးက ဒါကို သိပ်သဘောကျနေတယ်ပေါ့လေ"

"သဘောကျတာပေါ့ နွေဦးရယ်၊ ဘယ်သူကရော ကိုယ့်ချစ်သူနဲ့ ကိုယ်ပေါင်းရမှာကို မပျော်ဘဲနေမလဲ၊ ပြဿနာဆိုတာကတော့ သူ့ဟာနဲ့သူရှိမှာပဲပေါ့၊ ဒီကြားထဲမှာ ကိုယ့်ချစ်သူက ကိုယ့်ဘက်ကရှိနေပြီး အခက်အခဲတွေ ကျော်လွှားပေါင်းရမယ်ဆိုတော့ ဘယ်လောက်စွန့်စားရ စွန့်စားရ . . . စွန့်စားရကျိုးနပ်တာပေါ့"

"အင်းပါ၊ စွန့်စားရကျိုးနပ်နေ၊ တော်ကြာမှ ကျောင်းလည်း ပြီးစ နှစ်ယောက်စလုံး ဘာအလုပ်အကိုင်မှ မရှိဘဲနဲ့ နှစ်ယောက်သား ထိုင်ငတ်နေမှ ဟုတ်ပေ့ဖြစ်နေမယ်"

"မဖြစ်ပါဘူး နွေဦးရာ၊ ဘာအလုပ်မှမရလည်း ကိုသန်းဒန်ခြံမှာပဲ လက်ထောက်ဥယျာဉ်မှူးရာထူးကို အတင်းရောအဓမ္မရောယူပြီး ကိုယ့်မိန်းမကို လုပ်ကျွေးရမှာပေါ့"

ထူးစကားကြောင့် နွေဦးဆွေက ပြုံးလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရပြီး မျက်နှာလေး ကွက်ခနဲ ညှိုးသည်။

"အားလုံးက နွေဦးတို့တွေးသလိုပဲ ကွက်တိ ဖြစ်လာရင်



ကောင်းတာပေါ့ မောင်ရယ်၊ ဒါပေမဲ့ နွေဦးစိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ တစ်ခုခုကို ကြောက်နေသလိုပဲ"

"ဟောဗျာ . . . နွေဦးက ဘာကြောက်နေရပြန်တာလဲ"

"ဩော် . . . မောင်ရယ်၊ နွေဦးနဲ့မောင်တို့ တွေ့ရဆုံရတဲ့အဖြစ်တွေက သိပ်ဆန်းလွန်းတယ်၊ အားလုံးက မျှော်လင့်မထားသလိုကွေ့ချည်းဖြစ်တာတာ မဟုတ်လား၊ ဒီတော့ ရှေ့လျှောက် ဘာတွေဖြစ်ဦးမယ်ဆိုတာ ဘယ်လိုလုပ်ပြောရမလဲ၊ နွေဦးတော့ကြောက်တယ် မောင်၊ ခုလည်း ကိုကို . . ."

သုံးနေကျအတိုင်း အောင်ဖြိုးဝေကို ကိုကိုဟုခေါ် လိုက်ပြီးမှ တုံ့ခနဲရပ်သည်။ ထူး၏မျက်နှာကိုလည်း အလန့်တကြား လှမ်းအကဲခတ်၏။ ထူးက ဘာမှမဖြစ်သလို ရယ်လိုက်ပြီး . . .

"သုံးပါ နွေဦးရဲ့၊ ကိုကိုပဲသုံးပါ၊ စပ်ယူရင် အစ်ကိုတော်နေတာပဲဥစ္စာ၊ ကိုယ် ဒီလောက် သဘောထား မသေးပါဘူး၊ ကဲ . . . ပြောပါဦး၊ ခုလည်း ကိုကိုက ဘာဖြစ်သေးသလဲ"

နွေဦးဆွေသည် သက်မလေးတစ်ခုကို မသိမသာခိုး၍ချလိုက်သည်။ ပြီးမှ . . .

"ခုလည်း ကိုကို့ရန်က ဘယ်လိုဖြစ်လာဦးမလဲ မပြောတတ်သေးဘူးလေ၊ ကိုကိုက တစ်ဇွတ်ထိုးတစ်ယူသန်ကြီးနော်၊ နွေဦးသူ့ဘက်ကို ဘယ်လိုမှ ပြန်တိမ်းမလာနိုင်တော့ဘူးဆိုတာ သိရင်သူ ထင်ရာမြင်ရာ အရမ်းလျှောက်လုပ်တော့မှာ"

"ကိုယ်လည်း အောင်ဖြိုးဝေစိတ်ကို သိပါတယ် နွေဦးရယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ၊ သူရမ်းရင်လည်း ရမ်းပစေပေါ့၊ အရေးကြီးတာက နွေဦးစိတ်ပဲမဟာ"

"နွေဦးကတော့ ဆုံးဖြတ်ပြီးသားပါ"

"ဒါဆို ဘာလိုသေးလဲ နွေဦးရယ်၊ အဆင်ပြေတာ
ဟိုဘက် နှစ်ကမ္ဘာလောက်တောင် လွန်နေသေးတယ်၊ မ
မိန်းမရယ်၊ ရှင်မနဲ့ကျုပ် ပေါင်းကိုပေါင်းရပါတယ်"

"ဟင်းနော် . . . ထူး၊ ဘာလဲ ဒီစကားကြီးက"

နွေဦးဆွေ၏မျက်နှာလေး ရဲတက်သွားပြီး ထူး၏
မောင်းကို ဆွဲလိမ်သည်။

ထူးက သဘောကျစွာ တဟားဟားရယ်သည်။

သူ့စိတ်ထဲတွင် အားလုံးအဆင်ပြေသွားမှာပါဟု ယုံ
လျက်ရှိနေ၏။

ပညာရေးတက္ကသိုလ်၏မျက်နှာစာ နှစ်ထပ်ဆောင်
ထွက်ပေါက်မှ ထွက်လိုက်သည်တွင် တစ်ထပ်ဆောင်များနှင့်
ထားသော ကတ္တရာလမ်းပေါ် ရောက်သည်။

"နွေဦးတို့ကလပ်စ်က ဒီဘက်မှာလေ၊ တူးဝမ်းဖိုးတူး
မှာ အများဆုံး တက်ရတယ်"

နွေဦးဆွေက တစ်တောင်လောက်မြင့်သောအုတ်ခုံ
အုတ်ပတ်ကားတက်ထားသော တစ်ထပ်ဆောင်များ
လက်ညှိုးညွှန်၍ ပြောသည်။

"နောက်ဆို ကိုယ် ဒီ အန်းလာရှုမဲ့မျော်"

ထူးစကားကြောင့် နွေဦးဆွေက အယ်လိုများ ဖြစ်နေ



တစ်လမ်းလုံး ဒါပဲပြောလာတာပဲဟု အပြစ်တင်တင်လေး ပြော
က်မည်ဟု ရည်ရွယ်ပြီး ထူးဘက်လှည့်သည်။

သို့သော် အကြည့်က ထူးဆီမရောက်မီ တန့်ခနဲဖြစ်သည်။
းသောက်ဆိုင်တန်းများဘက်မှ ပြေးလာသော သူ့သူငယ်ချင်းကို
လိုက်ရသောကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

သူငယ်ချင်း ကောင်မလေး ပြေးလာပုံက အရေးတကြီးကိုစွ
ပြေးလာပုံပေါ်၏။ နွေဦးဆွေ မြင်သွားမှန်းသိသောအခါ
ငယ်ချင်းက အတင်းလက်ယပ်ခေါ်သည်။

နွေဦးဆွေက ကပျာကယာ ထူးဘက်လှည့်၍ . . .

"ဟော . . . ဟိုမှာ ဘာအရေးကြီးလို့ လှမ်းခေါ်နေလည်း
သိဘူးမောင်၊ ခဏလေးနော် နွေဦး ခုချက်ချင်း ပြန်လာမယ်၊
လူကြည့်ရတာ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့"

ပြောပြောဆိုဆို နွေဦးဆွေက ခပ်လှမ်းလှမ်းမှ ရပ်စောင့်နေ
သာ သူငယ်ချင်းထံ ပြေးသည်။ သူငယ်ချင်းက နွေဦးဆွေနား
ရောက်သည်ကိုပင်မစောင့်၊ အလောတကြီးအမူအရာနှင့် . . .

"နွေဦး နင် ဘယ်လျှောက်သွားနေတာလဲ၊ တို့ဖြင့် ရှာလိုက်
တာဟာ"

"ဘာဖြစ်လို့လဲ မလှိုင် . . . ဘာအရေးကြီးလို့လဲ"

"ဘာအရေးကြီးရမှာလဲ ဒီမှာ ပြဿနာပေါင်းစုံကို တက်
ားတာပဲ၊ နင့်အိမ်က လာရှာတယ်၊ တွေ့သမျှသူငယ်ချင်းတွေ
ားလုံးကိုလည်း နင့်ကို မရရအောင် ရှာပေးခိုင်းတာပဲ၊ ခုလည်း
ယ်လိုက်ရှာနေလဲ မသိဘူး"

အိမ်က လိုက်ရှာသည်ဆိုသဖြင့် နွေဦးဆွေ မျက်လုံးပြူးသွား

သည်။

"ဘာကိစ္စ လိုက်ရှာရတာတဲ့လဲ မလှိုင်"

"ကိုအောင်ဖြိုးဝေကြီး ကားတိုက်မှုဖြစ်လို့တဲ့"

"ဟင်"

မလှိုင်၏စကားက သူ့နားနားတွင် ဗုံးပေါက်ကွဲသွားသ... မြည်ဟည်းသွားသည်။ တစ်ကိုယ်လုံးလည်း ဆတ်ခနဲ တုန်သွား...

"ကားတိုက်မှုဖြစ်တယ် . . . ဟုတ်လား မလှိုင် . . . ဒ... . . . ဘာဖြစ်သွားသတဲ့လဲ"

မလှိုင်က ခေါင်းကို သွက်သွက်ခါရင်း . . .

"အဲဒါတော့ မသိဘူး နွေဦး၊ သူတို့လာပုံကြီးကတော့ ထိ... လန့်တကြီးပဲ"

"ဘယ်မှာဖြစ်သတဲ့လဲ"

"ပြည်ဆောင်ရှေ့မှာ တီအီးအလဲဗင်းနဲ့ ဝင်တိုက်တာ... ပြောတယ်၊ ခုနက အဆောင်ကပြန်လာတဲ့ သူငယ်ချင်းတွေ ... ကြည့်တော့ လူတော့ တော်တော်ထိမယ်လို့ ပြောတယ် နွေဦး၊ ... သုံးစီးကို ဆင့်တိုက်လိုက်တာတဲ့၊ အသံကြီးက အဆောင်ထဲ... တောင် အကျယ်ကြီးကြားရတယ်တဲ့၊ အနားကလူတွေကတော့ ... မောင်းတဲ့သူကို သွေးသံရဲရဲ ပွေ့ထုတ်သွားတာ တွေ့တာပဲလို့ ... တယ်"

"အို . . ."

ကြားရသော သတင်း၏ ထိတ်လန့်ဖွယ်ကြောင့် ရင်တုန်... တုန် ဖြစ်လာသည်။ မလှိုင်က ဆက်၍ . . .

"ဒီကအပြန်မှာ ဖြစ်တာထင်တယ် နွေဦး၊ မနက်...



...ိုအောင်ဖြိုးဝေကြီး နင့်ကိုလာရှာတယ် နှံ့နေတာပဲ၊ ငါတို့ကိုလည်း ...ယ်သွားလဲချည်း အတင်းမေးတာ၊ ငါတို့က မသိပါဘူး ပြော ...တောင် ယုံပုံမရဘူး၊ မျက်နှာကြီးရဲပြီး ဒေါသထွက်နေလိုက်တာ၊ ...နောက်ဆုံး ရှာမရတော့ ဒေါပွပွနဲ့ ကားကို တအားမောင်းထွက်သွား ...ာ တွေ့တာပဲ၊ ဒီကအထွက် ဝင်တိုက်တာဖြစ်လိမ့်မယ်"

မလှိုင်၏စကားများသည် နားထဲသို့ မကြားတစ်ချက် ကြား ...စ်ချက်ဖြင့် ဝင်လာသည်။ မျက်လုံးထဲတွင် သူ့ကို ရှာမတွေ့သဖြင့် ...ဒေါသတကြီး ကားကို အရမ်းမောင်းထွက်သွားသည့် မြင်ကွင်းကို ...မြင်နေသည်။

"ခု ဘယ်မှာတဲ့လဲ မလှိုင်"

"ဆေးရုံကြီးမှာတဲ့ . . . နင့်ကိုတွေ့ရင် ဆေးရုံလိုက်ခဲ့ဖို့ မှာ ...သွားတယ်"

ဒီတော့မှ ဖျတ်ခနဲသတိရ၍ ထူးကို လက်ယပ်ခေါ်လိုက် သည်။ နွေဦးဆွေ၏အမူအရာကြောင့် ထူး ခပ်သွက်သွက်ပြေးသွား သည်။

"ဘာဖြစ်လို့တဲ့လဲ နွေဦး"

"ကိုကို . . . ကားတိုက်မှုဖြစ်လို့တဲ့"

"ဟင် . . ."

(၁၄)

တဒိန်းဒိန်းထိုး၍ ကိုက်ခဲနေသော ဦးခေါင်းတစ်ခုလုံးကို ပထမဆုံး သတိပြုမိသည်။

ခေါင်းထဲမှ မူးနောက် ကိုက်ခဲသည့်ဒဏ်ကြောင့် မျက်လုံးကို တင်းတင်းမှိတ်၍ အံကြိတ်လိုက်သည်။ ခေါင်းကိုလည်း ဘယ်ညာ ယမ်းခါနေမိသည်။

"သတိရပလားဟင် ခေါင်းထဲမှာ ဘယ်လိုနေလဲ သိပ်မူးနေလား"

နားထဲတွင် အသံစိမ်းတစ်ခုကို ကြားရသည်။ သိပ်အသဲထဲ ကြီးမဟုတ်။ ဟိုအဝေးကြီးတစ်နေရာမှ ပြောနေသလို တိမ်ဝင်သော အသံနစ်နစ်ဖြင့် ပြောနေသလို တိုးလွန်းလှသည်။ ဒီတော့မှ နားထဲ တွင် တဝီဝီမြည်သံများ ဆူညံနေကြောင်း သတိပြုမိသည်။

"ငါ ဘာဖြစ်နေလဲ၊ ငါ . . . ဘာဖြစ် . . . နေလဲ"

သူ့အနေအထားသည် ဘယ်နည်းနှင့်မျှ ပုံမှန်မဟုတ်သည်



ကို သတိပြုမိသဖြင့် သူ့ကိုယ်သူ ပြန်မေးနေမိသည်။ တစ်ကိုယ်လုံး သည်း နာကျင်ကိုက်ခဲနေသည်။

တစ်ကိုယ်လုံးကို ကြိုးများဖြင့် အထပ်ထပ် တုပ်နှောင်ထားသလို ခံစားရသည်။

"ကိုအောင်ဖြိုးဝေ သတိရလာပြီလားဟင် ဘယ်လိုနေလဲ"

နားထဲသို့ဝင်လာသော အသံသည် ပီသလာသည် ထင်ရသည်။ မျက်လုံးများကို အားယူဖွင့်ကြည့်၏။

ဖွင့်မရ။

မျက်ခွံနှစ်ဖက်စလုံး အဆမတန် လေးလံကြီးမားသော ကျောက်တုံးကျောက်ခဲကြီးများဖြင့် ဖိထားသလို ဖြစ်နေသည်။ သူက အတင်းအားစိုက်၍ ဖွင့်သည်။

မျက်ခွံနှစ်ခု ဖြည်းညင်းစွာ မြင့်တက်သွားသည်။

"အား"

ရုတ်တရက် တိုးဝင်လာသော အလင်းရောင်၏ စူးရှမှုကြောင့် မျက်လုံးကို ကပျာကယာ ပြန်ပိတ်လိုက်ရသည်။ မျက်စိနှစ်ဖက်စလုံး ပြာဝေသွားသည်။

"မျက်လုံးကို ဖြည်းဖြည်းဖွင့်နော်"

'ဘယ်သူလဲ . . . သူ့ကို အနားကနေ ဘယ်သူက အရိပ်ကြည့်သလို စောင့်ကြည့်နေပြီး ဘာဖြစ်လို့ လိုက်ပြောနေတာလဲ'

သူ စဉ်းစားမရ။

သို့သော် နားထဲမှာ ကြားရသည့် အသံလေး၏ တိုက်တွန်းချက်အတိုင်း မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ယူလိုက်သည်။

ဦးစွာမြင်ရသော မြင်ကွင်းသည် အဖြူဖြစ်၏။

ထို့ပြင် ထိုအဖြူ၏ထောင့်ဘက်နားတွင် လေပလုံစီလေးများ တက်နေသော အရည်ဝါဝါပုလင်းတစ်ခု ဒရစ်ပုလင်း သို့သော် အရမ်းဝါးနေသည်။

မျက်စိသူငယ်အိမ်ကို ဘယ်ဘက်သို့ ရွေ့ယူလိုက်သည်။

"ဟော . . . သတိရပြီနော် ကိုအောင်ဖြိုးဝေ၊ ကျွန်မ ခေါ်တာ ကြားလားဟင်"

ဖြူဖြူဝိုင်းဝိုင်းအပြုံးမျက်နှာလေးတစ်ခု၊ သို့သော် ကြားထဲမှာ မှန်အနောက်တစ်ခု ခြားထားသလို ဖြစ်နေသည်။ အသံက မသိမသာ ဝဲသော်လည်း နားထဲမှာ ချိုသာသည်။

အောင်ဖြိုးဝေက ခေါင်းကို ခပ်ဖြည်းဖြည်းညိတ်ပြသည်။

ထို့နောက် နှုတ်ခမ်းဖျားများကို အားယူလှုပ်ရှားပြီး လေသံတိုးတိုးဖြင့် မေးလိုက်၏။

"ကျွန်တော် ဘယ်ရောက်နေလဲဟင်"

❦

"ဘာပြောတာလဲ ကိုအောင်ဖြိုးဝေ၊ ကျယ်ကျယ်လေးပြောပါ မကြားရလို့"

အသံက တိုးလွန်းနေသဖြင့် သူနာပြုဆရာမလေးက အောင်ဖြိုးဝေမျက်နှာနားကပ်ကာ ပြောသည်။ အောင်ဖြိုးဝေ ထပ်မံ၍ အားယူလိုက်ပြီး . . .

"ကျွန်တော် ဘယ်ရောက်နေလဲ"

"ဩော် . . . ရှင် အခု ဆေးရုံပေါ်မှာလေ၊ ကိုအောင်ဖြိုးဝေ



ကုန်ဆေးရုံကြီးမှာပါ"

"ဗျာ"

ဆေးရုံပေါ်မှာဆိုသဖြင့် အထိတ်တလန့် ဖြစ်သွားသော အောင်ဖြိုးဝေက ဖျတ်ခနဲ ခေါင်းထူထရန် ပြင်သည်။ လက်နှစ်ဖက် လှုပ်ယမ်းလိုက်သဖြင့် ဒရစ်ကြိုး လှုပ်ခါသွားသည်။

"အို . . . အို . . . အရမ်းမလှုပ်နဲ့လေ၊ ငြိမ်ငြိမ်လေးနေပါ၊ အရမ်းလှုပ်လို့မရသေးဘူး"

"ကျွန်တော် ဘာဖြစ်လို့လဲ၊ ခင်ဗျားကရော ဘယ်သူလဲ"

စိတ်လှုပ်ရှားမှုကြောင့် အသံက အံတော်ကျယ်သွားသည်။ တစ်ဆက်တည်းပင် သူ့အမြင် မှုန်ဝါးနေခြင်းကိုလည်း သတိပြုမိသဖြင့် . . .

"ကျွန်တော့်မျက်မှန်ရော ကျွန်တော့်မျက်မှန် ပေးစမ်းပါ"

"ဩော် . . . ရော့ . . . ရော့ . . . ကိုအောင်ဖြိုးဝေ"

ဆရာမလေးက ဘေးပခုံးပေါ်တွင် တင်ထားသည့် အောင်ဖြိုးဝေအိမ်မှ အသစ်ပြုလုပ်ပေးထားသော မျက်မှန်လေးကို ကောက်ယူ၍ လက်ထဲသို့ ထည့်ပေးသည်။ အောင်ဖြိုးဝေက မျက်မှန်ကို လက်တစ်ဖက်တည်းဖြင့် တပ်လိုက်သည်။

ဒီတော့မှ မြင်ကွင်းက အတော်အသင့် ပြတ်သားလာသည်။

"ရှင် . . . ကားတိုက်မှုဖြစ်တယ်လေ၊ ကားကားချင်း ဝင်တိုက်မိတယ် မှတ်မိလား"

"ဟင်"

ရုတ်တရက် ကြားရသော စကားကြောင့် အံ့အားသင့်သလို ဖြစ်သွား၏။ ပြီးမှ အမှတ်ရသွားပြီ ယာ . . . ဟုတ်တယ်၊ ငါပြည်

ဆောင်ရှေ့မှာ ကားကိုကျော်တက်ရင်း လမ်းတစ်ဘက်ရောက်သွား တယ်၊ ငါ့ကားနဲ့ ဟိုဘက်ကလာတဲ့ကားနဲ့တိုက်မိတာပဲ၊ စိတ်ထဲက ပြန်သတိရသည်။ ဆရာမလေးကို လှမ်းကြည့်သည်။ ခေါင်းပေါ်မှ ဖြူဖွေးဖွေးခေါင်းဆောင်းလေး မြင်ရသည်။ သူနာပြုဆရာမဟု သိ သွားသည်။

"ဆရာမ"

"ဟုတ်ပါတယ်၊ ကျွန်မက ရှင့်ရဲ့စပါယ်ရှယ်နာ့စ်ပါ၊ ဘာလို လဲ ကိုအောင်ဖြိုးဝေ၊ လိုတာရှိရင်ပြောနော်"

"ကျွန်တော် ရေငတ်တယ်၊ ရေနည်းနည်းတိုက်ပါ"

"ဪ . . . ရတယ်ရတယ်၊ မလှုပ်နဲ့ ဒီလိုပဲနေ၊ ကျွန်မ တိုက်ပေးမယ်"

ဆရာမလေးက ပြောပြောဆိုဆိုဖြင့် ပါးစပ်ထဲသို့ ဇွန်းငယ် လေးဖြင့် ရေအစက် ချပေးသည်။

ရေအေးလေးများ ခြောက်သွေ့နေသော လျှာပေါ်သို့ တလိမ့် လိမ့် စီးဆင်းလာသည်ကို ခံစားရသည်။

"ကျွန်တော့်အိမ်ကလူတွေ မလာဘူးလား ဆရာမ"

"လာတယ် ကိုအောင်ဖြိုးဝေ ခုဟာက ညဘက်ကြီးဆို သူတို့မရှိတော့ဘူး ပြန်သွားပြီ၊ ရှင်သတိလစ်နေတာ နှစ်ရက်ရှိပြီ သူတို့တစ်နေ့လုံး အမြဲလာလာနေပါတယ်"

ဪ . . . ငါသတိလစ်နေတာ နှစ်ရက်တောင် ရှိနေပြီ ဆိုပါလားဟု တွေးမိသည်။

ထိုအခိုက် ပေါင်ဆီမှ ဆစ်ခနဲ နာသည်။

ထိုအခါမှ သူခြေထောက်နှစ်ဖက်၏ ထူးခြားနေမှုကို သတိ



ပြုမိသည်။ စိတ်ထဲတွင် ကြောက်ရွံ့ထိတ်လန့်သော ခံစားမှုတစ်ခု ဖြန်းခနဲ ပေါ်လာသည်။

ခြေထောက်ကို လှုပ်ယမ်းကြည့်မိ၏။

ရင်ထဲ၌ ဟာခနဲ ဖြစ်သွားသည်။

ထိတ်လန့်ခြင်းသည် အထွတ်အထိပ်ရောက်သွားပြီး မျက်လုံး အစုံတို့ ပြူးကျယ်သွားသည်။

"ဟာ . . ."

## (၁၅)

"ဆရာမ"

ကြောက်လန့်တကြား အော်ဟစ်လိုက်သောကြောင့် သူ့အသံသည် ဆေးရုံကြီး၏ အထူးခန်းထဲတွင် ပဲ့တင်ရိုက်ခတ်သွားသည်။

"ဘာဖြစ်လို့လဲဟင် . . . ဘာဖြစ်လို့လဲ"

"ကျွန်တော့် . . . ကျွန်တော့် . . . ခြေထောက်တွေ ဘယ်ရောက်သွားပလဲ၊ ကျွန်တော့်ခြေထောက်တွေ မရှိတော့ဘူး၊ ကျွန်တော့်ခြေထောက်တွေ မရှိတော့ဘူး"

အံ့ဩချောက်ချားခြင်းကို ဘယ်လိုမှ မထိန်းချုပ်နိုင်တော့သဖြင့် အသံကုန် ဟစ်အော်သလို လက်နှစ်ဖက်ကိုလည်း အဟောင်းမြှောက်လိုက်သည်။

"ဟို . . . ဟို . . . မလုပ်နဲ့လေ"

ဆရာမလေးက လှမ်းဆွဲလိုက်သော်လည်း မမီတော့။ အောင်ဖြိုးဝေက ညာလက်မှဒရစ်အပ်ကို ဘယ်လက်ဖြင့် ဆွဲဖြုတ်လိုက်



အတင်းထလိုက်သည်။ ခြေနှစ်ဖက်ကို အားပြုလုပ်ရသဖြင့် ဒူးဆစ်သိမှ နာကျင်ခြင်းများ စူးရဲထိုးတက်လာသည်။

"အား"

ဘယ်လိုမှ ရပ်တည်မရတော့သဖြင့် ခုတင်ပေါ်သို့ ကျောဖြင့်ဒုန်းခနဲ ပြန်လဲကျသည်။ ခြေငုံးတိမှ နာကျင်မှုသည် အသည်းထဲသို့ နှစ်ထိခိုက်သွားသည်။

ဆရာမလေးက သူ့ပခုံးနှစ်ဖက်ကို အတင်းဖိသည်။

"အဲ့လို မလုပ်နဲ့လေ ကိုအောင်ဖြိုးဝေ၊ ရှင့်ဒဏ်ရာတွေက သက်သာသေးတာ မဟုတ်ဘူး၊ ငြိမ်ငြိမ်လေးနေပါ"

"ကျွန်တော့်ခြေထောက် . . . ကျွန်တော့်ခြေထောက်တွေ ဘယ်မှာလဲ၊ ဆရာမ ပြောပါ။ ကျွန်တော့်ခြေထောက်တွေကို ဘာလုပ်စ်လိုက်ကြပြီလဲ"

ဆရာမမျက်လုံးအိမ်တွင် မျက်ရည်ကြည်များ ဝေ့ခနဲသည်။ အောင်ဖြိုးဝေ၏မျက်နှာသည် သူ့အမြင်တွင် ဝေဝါးသွားသါ။

"ကိုယ့်စိတ် ကိုယ်ထိန်းပါ ကိုအောင်ဖြိုးဝေ၊ ရှင် . . . ယောက်ျားပဲ၊ ကုသိုလ်ကံအကြောင်းမလှလို့ ခုလိုဖြစ်လာရတဲ့ကိစ္စကို ကိုယ့်ကိုယ်ကိုယ် ဖြေမှပေါ့၊ ရှင့်ခြေထောက်နှစ်ဖက်စလုံး ကြေမွှာန်လို့ ဒူးဆစ်ကနေ ဖြတ်လိုက်ရတယ် ကိုအောင်ဖြိုးဝေ၊ ရှင့်အသက်ကို ကယ်နိုင်ဖို့အတွက် ဒီလိုလုပ်လိုက်ရတာပါ"

ငါ့ခြေထောက်တွေ ဖြတ်ပစ်လိုက်ရပြီတဲ့ . . . ငါ့မှာခြေထောက်တွေ မရှိတော့ဘူးတဲ့ . . . ငါဘာဝသွားပြီ . . . ဒုက္ခိတဖြစ်ပြီ။

ရင်ထဲမှနှမြောခြင်း၊ ကြေကွဲခြင်း၊ ထိတ်လန့်ချောက်ချားခြင်းများနှင့်အတူ မျက်လုံးအိမ်ထဲမှ မျက်ရည်ပူများ စီးဆင်းကျလာ၏။

"အို . . . မငိုပါနဲ့ရှင်ရယ်"

ဆရာမလေး နှင်းက သူ့အသံတုန်လေးဖြင့် လှမ်းပြောသည်။

ပြောသာပြောလိုက်ရသည်။ ယောက်ျားရင့်မကြီး ဖြစ်ပါလျက် စိတ်ထိခိုက်လွန်းသောကြောင့် မျက်ရည်သွယ်သွယ်ကျလာသော မြင်ကွင်းကိုကြည့်၍ သူပါ မျက်ရည်ကျလာသည်။

"ဩော် . . . ကံဆိုးလိုက်တာရှင်ရယ်"

(၁၆)

"အောင်ဖြိုးဝေ ခုလိုဖြစ်သွားရတဲ့ကိစ္စမှာ ငါတကယ် စိတ်မကောင်းဘူး ကျော်သူလတ်ရာ၊ သူ့နေရာက ငါကိုယ်ချင်းစာကြည့်လေလေ . . . စိတ်မကောင်းဖြစ်ရလေလေပဲ"

ထူးက သက်ပြင်းတစ်ခု လေးကန်စွာချရင်း ပြောလိုက်သည်။ သူ့မျက်နှာတွင် ကြေကွဲဝမ်းနည်းသည့် အရိပ်အရောင်များ ထင်သာစွာ ပေါ်လွင်နေ၏။

ကျော်သူလတ်ကလည်း ဆေးလိပ်မီးခိုးများ မှုတ်ထုတ်ရင်း ခေါင်းညိတ်သည်။

သူ့မျက်လုံးများသည်လည်း ရီဝေမှုန်မှိုင်းနေ၏။

"ဒါပေါ့ကွာ . . . သူ့ခမျာလည်း ခုလို သတိလစ်နေတာမှ တော်ကောင်းကောင်းရယ်၊ သတိရလို့များ သူ့အဖြစ်သူသိရင် ဘယ်လောက်စိတ်ဓာတ်ကျ အားငယ်သွားမလဲ"

"ငါမှားတယ် ဖိုးကျော် . . . ငါသိပ်မှားသွားတယ်၊ ငါလုပ်

လိုက်တဲ့အလုပ်ဟာ သူ့ဘဝတစ်ခုလုံးကို ဖျက်စီးပစ်လိုက်သည့် ဖြစ်သွားပြီ”

“ဒီလိုလည်း ဘယ်ဟုတ်မလဲကွာ၊ လောကကြီးတစ်ခုလုံးကို ပြုပြင်ခြယ်လှယ်နေတာက ကံတရားဆိုတဲ့ အရာကြီးပဲဟာ၊ အကုသိုလ်ကံဆိုတာ ကိုယ်မြင်ရတာမှ မဟုတ်ဘဲ၊ ဒုက္ခဆိုတာ မင်းဆီ ဖြစ်ဖြစ်၊ ငါ့ဆီဖြစ်ဖြစ်၊ သူ့ဆီပဲဖြစ်ဖြစ် အခါမရွေး လာတတ်တဲ့ ညွှသည်ဆိုးပဲ သူငယ်ချင်း”

ထူးက သူ့ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါသည်။

“မဟုတ်ဘူး ဖိုးကျော် . . . မင်းပြောသလို ဒီအဖြစ်ဟာ အကုသိုလ်ကံကြောင့် ဖြစ်ရတာဆိုပြီး ဘယ်နည်းနဲ့မှ ငါ ကိုယ်လွတ် မရုန်းနိုင်ဘူး၊ ခုဖြစ်ရတဲ့ကိစ္စမှာ အဓိက တရားခံဟာ ငါပဲ၊ ငါဟာ နွေဦးကို သူ့လက်ထဲကနေ ခေါ်မယူရင် သူတို့ရဲ့ သာယာအေးချမ်း နေတဲ့ အချစ်ဘဝလေးကိုသာ ငါ သွားမဖျက်ဆီးမိရင် သူ ခုလိုဖြစ် မှာမဟုတ်ဘူး၊ ငါ့ကြောင့် ဖိုးကျော် . . . ငါ့ကြောင့်”

“ငါ့အမြင်ကတော့ ဒီလိုမဟုတ်ဘူးထူး၊ မင်း မှတ်မိမလား မသိဘူး၊ ရွှေစက်တော်တုန်းက စောင်းတန်းလှေကားကနေ မင်း ကြိုက်လှချည်ရဲ့ဆိုပြီး ကူးလာတဲ့ ကဗျာလေးလေ . . .

ဘဝတစ်ခု
ရပ်တည်မှုသည်
ကိုယ်ပြုလုပ်ဟန်
ဘကြောင်း 'ကံ' ၏
ဦးမပျက်

ပို့ဆောင်ချက်ကြောင့်
သက်ရောက်အကျိုး
တည့်တည့်တိုးလိမ့် . . .

ဆိုတာ . . . ဒါပဲ သူငယ်ချင်း၊ သူပြုလုပ်တဲ့ကိစ္စမှာ သူကံက စီမံတာပဲ၊ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ငါ အပြစ်တော့ မတင်ချင်ဘူး၊ ဒါပေမဲ့ . . .”

ကျော်သူလတ်က ပြောရင်းနှင့် စကားကို ခဏရပ်သည်။ သူက ခဏရပ်လိုက်သဖြင့် ထူးက လှမ်းကြည့်လိုက်၏။ ထူးအာရုံ သည် သူ့စကားနောက် ပါလာပြီဟု ယူဆမှ ကျော်သူလတ်က စကားဆက်သည်။

“သူလုပ်ခဲ့တဲ့ အလုပ်တွေကလည်း အလုပ်မဟုတ်ဘူး၊ သူ့မှာ ဒေါသတွေ၊ မာနတွေ၊ မောဟတွေ သိပ်ထူထဲလွန်းတယ်၊ ဘာပြောပြော မင်းတို့သုံးပွင့်ဆိုင်ကိစ္စဟာ အချစ်ကိစ္စ၊ သိပ်နူးညံ့ သိမ်မွေ့တယ်၊ ဒီလိုနေရာမျိုးမှာ သဘောထားကြီးခြင်း၊ ခွင့်လွှတ် ခြင်းဆိုတဲ့ကိစ္စနဲ့ ဖြေရှင်းရင် အန္တရာယ်ကင်းကင်းနဲ့ ပြီးနိုင်ပါလျက် နဲ့ သူက ဒေါသတွေ၊ မာနတွေနဲ့ ဖြေရှင်းတယ်”

“ဩော် . . . ဒါကတော့ သူ့နေရာက တွက်ကြည့်တော့ လည်း သူလိုငါလိုပဲ ဒေါသတွေ နာကြည်းမှုတွေ ဖြစ်ရမှာပေါ့ကွာ၊ သူလည်း ပုထုဇဉ်ပဲဟာ”

ထူးစကားကို ကျော်သူလတ်က ငြင်းပယ်လိုဟန်ဖြင့် ခေါင်း ကို ခါယမ်းသည်။

ထူးမျက်လုံးထဲတွင်မတော့ အောင်ဖြိုးဝေ ဆေးရုံတက်ပြီး

နောက်နေ့ သူဆေးရုံသွားကြည့်စဉ် ခုတင်ပေါ်၌မြင်ရသော အောင်ဖြိုးဝေ၏ ဒူးဆစ်မှစ၍ငုံးတိတိ ပြတ်တောက်နေသည့် ခြေထောက်နှစ်ဖက်ကို မြင်နေမိသည်။

အောင်ဖြိုးဝေဘဝ၏ ရှေ့ခရီးကို ဘယ်ပုံဆက်လှမ်းတော့မည်နည်း။

သူ သိချင်၏။

အောင်ဖြိုးဝေရှိသော အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် အားလုံး၏မျက်လုံးများ သူ့ထံရောက်လာသည်။ အောင်ဖြိုးဝေ၏ မိခင်ဖခင်များ၏ မျက်လုံးထဲတွင် စိုးရိမ်သောအရိပ်များ ပေါ်လာသည်။ အောင်ဖြိုးဝေ၏ အစ်ကိုနှင့် အစ်မကလည်း သူ့ကို မကျေနပ်သောအကြည့်များဖြင့် သိသိသာသာကြည့်၏။

ထူးက ခေါင်းငုံ့၍ ခုတင်နားထိအောင် လျှောက်သွားသည်။ သူတို့ကျောပေးလျက် အနေအထား၌ ရှိနေသော အောင်ဖြိုးဝေ၏ အစ်မက သူ့ဘက်သို့ လည်ပြန်လှည့်လျက်ကပင် ခုတင်ခြေရင်းဘက်သို့ ရွှေ့ပေးသည်။

အောင်ဖြိုးဝေ ထူးကို မြင်သွား၏။

အောင်ဖြိုးဝေ၏ မျက်လုံးများ ရုတ်တရက် တင်းမာအေးစက်သွား၏။

မျက်နှာတစ်ခုလုံးလည်း ကြောက်မက်ဖွယ် ခက်ထန်သွားသည်။



"ဟော့ကောင် . . . မင်းဘာလာလုပ်တာလဲ"

အောင်ဖြိုးဝေ၏ စကားများက နားထဲသို့ ပူလောင်ကြမ်းတမ်းစွာ ဝင်ရောက်လာသည်။

"သူငယ်ချင်း အောင်ဖြိုးဝေ၊ မင်းသတိရပြီနော်၊ သက်သာရဲ့လား"

"ဟော့ကောင် . . . မင်း ငါ့ကို ဘာမှမမေးနဲ့၊ မင်းအခုထွက်သွား"

"ဟဲ့သား . . . ဒီလိုမပြောရဘူးလေ"

အောင်ဖြိုးဝေ၏မိခင် ဒေါ်မြမြသက်က အောင်ဖြိုးဝေ ပြောလိုက်ပုံကို အားနာသွားသလားမသိ။ သူ့သားကို ဝင်ဟန့်သည်။ အောင်ဖြိုးဝေအစ်ကို၏ တင်းမာစူးရှသော အကြည့်ကိုမူ ထူးကောင်းစွာ သတိပြုမိလိုက်သည်။

"ကိစ္စမရှိပါဘူး အန်တီ၊ သူ့အနေနဲ့ ကျွန်တော့်အပေါ်မှာ ခြကြည်းစရာတွေ အများကြီး ရှိပါတယ်၊ သူ့ရင်ထဲမှာရှိတာတွေ ပြောပါစေ၊ ငါ့ကိုခွင့်လွှတ်ပါ အောင်ဖြိုးဝေ ငါအခုလာတာ မင်းကို တောင်းပန်ဖို့လာတာပါ"

"ဘာတောင်းပန်မှာလဲ ဟော့ကောင်၊ ဘာမှတောင်းပန်မနေနဲ့၊ မင်းတောင်းပန်လို့လည်း ငါ့ခြေထောက်တွေ ပြန်ပေါက်လာမှာ မဟုတ်တော့ဘူး၊ မင်းမျက်နှာကို ငါကြည့်လည်း မကြည့်ချင်ဘူး၊ င်းအသံလည်း ငါမကြားချင်ဘူး၊ မင်းအခုထွက်သွား"

"ဟုတ်တယ်ကွာ၊ မင်းပြန်ရင် ကောင်းမယ်၊ ငါ့ညီက နေကောင်းကောင်း ကောင်းသေးတာ မဟုတ်ဘူး"

အောင်ဖြိုးဝေ၏ အစ်ကိုကပါ ဖျတ်ခနဲ ဝင်ပြောသဖြင့် ထူး

ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"မင်းဟာ ငါ့ဘဝမှာ ဂြိုဟ်ကောင်ပဲ ထူး၊ ငါ့ဘဝတစ်ခုလုံး လုံးဝသုံးမရအောင် လုပ်ပစ်တာ မင်းပဲ၊ မင်းကို ငါရောက်လေရာ ဘဝမှာ မကျေဘူး နားလည်လား ဟေ့ကောင်"

ထူးက မျက်လုံးအစုံကို ယောင်၍မှိတ်လိုက်သည်။

ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရသည်။

သူ့ကိုယ်ခန္ဓာကိုယ် တစ်ခုလုံးအတွက် ဤအခန်းကျဉ်းလေး ထဲတွင် နေစရာငယ်လေးတစ်နေရာမှ ရှိပါဦးမလား သံသယဝင် လာ၏။

"သွားပါထူးရာ၊ မင်းထွက်သွားစမ်းပါ၊ မင်း ငါ့ကိုသနားရင် ဒီနေရာက မင်းမြန်မြန် ထွက်သွားစမ်းပါ၊ မင်း ငါ့ကို ဒီလောက် နှိပ်စက်ရရင် ကျေနပ်ပါတော့ ဟီး . . . ဟီး"

အောင်ဖြိုးဝေ ရင်ထဲက ဒေါသအစိုင်အခဲသည် ကြေကွဲ ဝမ်းနည်းခြင်းဘက်သို့ ရုတ်ခနဲ ကူးပြောင်းသွားသည်။ ပြောရင်းနှင့် စိတ်မထိန်းနိုင်တော့ဘဲ ချုံးပွဲချငိုတော့၏။

ထူး . . . မှင်တက်မိသလို ကြောင်သွားသည်။

ထိုအခိုက် လှုပ်ရှားလိုက်သည်က ဒေါ်မြမြသက်။

"ဖြန်း"

ထူး၏ မျက်လုံးထဲတွင် မီးဝင်းခနဲ တောက်သွားသည်ထု ထင်လိုက်သည်။ ဘယ်ဘက်ပါးပြင်တစ်ခုလုံးလည်း မီးစနှင့်ထိုးလိုက်



ပါ ပူခနဲ ဖြစ်သွား၏။

"နင် သစ္စာမရှိလို့ ငါ့သား ဒီလိုဖြစ်ရတာ သွား . . . သွား ထွက်သွား"

ထူး ချာခနဲ လှည့်ထွက်သွား၏။

သူ့နောက်ဘက်မှ အောင်ဖြိုးဝေ၏ ရှိုက်သံများသည် ဒေါ်မြ က်၏ ပြင်းထန်သော လက်ဝါးဒဏ်ချက်ထက်ပို၍ နာကျင် အောင် သူ့ကို ရိုက်နှက်နေတော့၏။

(၁၇)

"ဟင် . . . ထူး"

အခန်းဝမှ ဘယ်ဘက်သို့ ခေါင်းငုံ့၍ ကွေ့ချိုးလိုက်စဉ် [illegible]

ဆွေ၏အသံ ကြားသည်။

သူ့တစ်ကိုယ်လုံး တုန်လှုပ်တောင့်မတ်သွား၏။ ချက် [illegible]

ခေါင်းမော့ကြည့်လိုက်သည်။

အောင်ဖြိုးဝေထံ လူနာမေးရန်လာဟန်တူသော နွေဦး [illegible]

နှင့် နွေဦးဆွေ၏မိခင်။ ရုတ်တရက် သူ ဘာပြောရမည်မှန်း [illegible]

သူကြောင်၍ကြည့်နေဆဲ နွေဦးဆွေက စကားစသည်။

"ကိုကို သတိရပြီလားမသိဘူး ထူး"

သူက ခေါင်းကို ဖြည်းညင်းစွာ ညိတ်သည်။

"သတိရလာပါပြီ နွေဦး"

"ဩော်"

သူ့မျက်နှာပေါ်မှ ညှိုးငယ်ခြင်းကို ရိပ်မိသွားသည် [illegible]



[illegible]သည်။ နွေဦးဆွေက ဆက်မမေးတော့ဘဲ ဩော် . . . ဟုသာ ပြော

[illegible] ရပ်လိုက်၏။

"သွားလိုက်ဦးမယ်နော် ထူး"

ထူးက ပြုံး၍ ခေါင်းညိတ်ပြရင်း နွေဦးဆွေ၏မိခင်ဘက်သို့

[illegible]ည့်၍ 'သွားလိုက်ပါဦးမယ် အန်တီ' ဟု ပြောသည်။ နွေဦးဆွေ၏

[illegible]င်က ပြုံး၍ ခေါင်းညိတ်ပြ၏။

ထိုနောက် နွေဦးဆွေကို သွားသာရန် လမ်းဖယ်ပေးသည်။

သူ့ခြေလှမ်းများသည် များစွာ လေးလံနေသည် ထင်မိ၏။

တံခါးဝမှ ရိပ်ခနဲလူရိပ်မြင်သဖြင့် အောင်ဖြိုးဝေသည် စော

[illegible]ာက လှုပ်ရှားသွားသောစိတ်ကို ထိန်းချုပ်ငြိမ်နေရာက လှမ်း

[illegible]ည့်သည်။

"ဆွေ"

သူ့နှုတ်ခမ်းဖျားမှ ခေါ်သံတစ်ခု အလိုအလျောက် ထွက်

[illegible]း၏။ အားလုံး၏ မျက်နှာများသည်လည်း ကြည်လင်သွားသည်။

[illegible]ဦးက ပြုံး၍ အောင်ဖြိုးဝေအနား ကပ်သွားရင်း . . .

"ကိုကို သတိရပြီနော်၊ နေကောင်းတယ် မဟုတ်လား ကိုကို"

အောင်ဖြိုးဝေမျက်နှာ ကွက်ခနဲညှိုးသည်။ သို့သော် ချက်ချင်း

[illegible] မျက်နှာကိုပြင်၍ . . .

"ကောင်းပါတယ် ဆွေ၊ ဩော် . . . ထိုင်ကြလေ၊ အန်တီ

[illegible]း ထိုင်ပါ"

"ရပါတယ် ကိုကို"

"ရတယ်သား ကိစ္စမရှိပါဘူး"

နွေဦးဆွေတို့ သားအမိနှစ်ယောက်၏စကားသံများ ပြီး
လိုလို ထွက်သွားသည်။

စောစောက ဆူပူလှုပ်ရှားခဲ့သော အခန်းငယ်သည်
အခါ တည်ငြိမ်အေးချမ်းမှုများဖြင့် ပြန်လည်စိုပြည်လာ၏။

ထူးက နံရံတွင်မှီ၍ အခန်းတွင်းမှ အသံများကို နား
ရာမှ မျက်လုံးအစုံကို မှိတ်လိုက်သည်။

အောင်ဖြိုးဝေ၏ဒေါသအမျက်အားလုံးတို့သည် သူ့အ
မှာသာ စုပြုံကျရောက်လျက်ရှိကြောင်း သတိထားမိလိုက်
နွေဦးဆွေနှင့် အောင်ဖြိုးဝေကြားတွင် ဘာပြဿနာမှမရှိ။ သူ
ခြင်းနှင့် ထိုပတ်ဝန်းကျင်သည် နဂိုရှိမြဲအတိုင်း သာယာအေး
နေသည်ဆိုသည်ကို ဘာမှသံသယဖြစ်စရာမလိုတော့။

ဤပတ်ဝန်းကျင်၏ သာယာအေးချမ်းခြင်းကို အ
အယှက်ပြုသူဟူ၍ သူမှတစ်ပါး အခြားသူမရှိပြီ။

အကယ်၍သာ . . .

ရင်ထဲမှပေါ်လာသော အတွေးကြောင့် စိတ်သည် လှု
ရှားရှား ဖြစ်သွား၏။

ကျောမှီထားသောနံရံမှ ကိုယ်ကို ခွာလိုက်သည်။

သူ့တွင် လုပ်စရာအလုပ် တစ်ခုတည်းသာ ရှိတော့



နောက်ထပ် ဘာမျှလည်း ထွေထွေထူးထူး သိစရာမလိုတော့။ သူသိ
သိုသော အချက်အလက်အားလုံးသည် ပြည့်စုံသလောက် သိရပြီး
လေပြီ။ နားထဲတွင် စောစောက အောင်ဖြိုးဝေပြောခဲ့သော စကား
များ ပြန်လည်ကြားယောင်လာသည်။

"သွားပါ ထူးရာ၊ မင်းထွက်သွားစမ်းပါ။ မင်း ငါ့ကို သနား
ရင် ဒီနေရာက မင်း မြန်မြန်ထွက်သွားစမ်းပါ"

ထူး အံကိုတင်းတင်းကြိတ်သည်။ မျက်လုံးမှိတ်လျက်နှင့်ပင်
ရင်ထဲမှ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်၏။

ဆုံးဖြတ်ချက်၏ ပြတ်သားခြင်းနှင့်အတူ ကိုယ်ကို ချာခနဲ
လှည့်သည်။ ထို့နောက် သွက်လက်သော ခြေလှမ်းများဖြင့် ထိုနေရာ
မှ ခွာခဲ့၏။

ပြန်ဖွင့်လိုက်သော မျက်လုံးတွင် သူသွားရမည့်လမ်းကို ထင်
ထင်ရှားရှား မြင်ရသည်။

အခန်းထဲမှ ရယ်သံတချို့ ပျံ့လွင့်လာသည်ကို ကြားလိုက်ရ
၏။

## (၁၈)

ဆေးရုံဝင်း၏နောက်ဘက်တွင် ထွက်ပေါက်ရှိရာသို့ လျှောက်လာခဲ့သည်။

ခြေတစ်လှမ်းရှေ့သို့ တိုးသွားတိုင်း ရင်ထဲမှ ခံစားမှုနှင့်ဆိုင်သည့် ကိုယ်ခန္ဓာအစိတ်အပိုင်းများသည် တစ်စစီ ပဲ့ထွက်နေသထို ခံစားရသည်။

လှမ်းနေသော ခြေဖဝါးများ၏ မြေကြီးနှင့် ထိတွေ့သော အာရုံတို့ လုံးဝပျောက်ဆုံးနေသည်။ ပတ်ဝန်းကျင်ကိုလည်း မမြင်၊ ပတ်ဝန်းကျင်မှ အသံများကိုလည်း မကြားတော့။ သူ့တစ်ကိုယ်လုံး လူသူရှိနေသည့် ပတ်ဝန်းကျင်တွင် ရှိနေခြင်းအဖြစ်ကို မေ့လျော့သွားသည်။

အနန္တစကြဝဠာ၏ အဆုံးမရှိ ကျယ်ပြောသော ဟင်းလင်းပြင်ထဲမှ သက်ရှိသတ္တဝါမဲ့ဂြိုဟ်စီမ်းတစ်လုံးတွင် တစ်ယောက်တည်း အထီးကျန်စွာရှိနေသော လူတစ်ယောက်လို ဖြစ်နေသည်။



သူ့နားထဲတွင် သူနှင့်နွေဦးဆွေ၏စတွေ့စက ပြောခဲ့သော စကားများ ပြန်လည်ကြားယောင်လာ၏။

"ဖလိုက်တ်နဲ့ သွားပါ့မယ်ဆိုတဲ့ဥစ္စာ ဖလိုက်တ်က ဗုဒ္ဓဟူးနေ့မှရှိတယ်ဆိုပြီး ဒါကြီးနဲ့လိုက်လာတယ်၊ သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ"

"ဘယ်အထိသွားမှာမို့လဲ"

"မကွေးအထိ"

"ဩော်"

ငါ့အပြစ်မပါပါဘူး အောင်ဖြိုးဝေရယ်၊ မကွေးနဲ့ရန်ကုန်ကြားမှာ တစ်နာရီလောက်အချိန်လေးနဲ့ မြေပြင်ရဲ့ဟိုအထက်ပေ တစ်သောင်းလောက်ကနေ ပြေးသွားတဲ့ဖော်ကာဖရင်းရှစ်လေယာဉ်ပျံကို တနင်္ဂနွေနေ့ မပြေးတာရယ် . . . မကွေးအထိပဲ သွားဖြစ်ဖို့ အကြောင်းရှိတဲ့ နွေဦးတစ်ယောက်၊ ရွှေစက်တော်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာတာရယ် . . . အားလုံးက တိုက်ဆိုင်မှုတွေပါ။

စိတ်ထဲမှနေ၍ တိုးတိုးလေး ပြောလိုက်မိသည်။

"နင်သစ္စာမရှိလို့ ငါသား ဒီလိုဖြစ်ရတာ၊ သွား . . . အခုထွက်သွား"

"မနက်က ကိုကို နွေဦးကိုလာရှာတယ်တဲ့ ထူး၊ နွေဦးတို့ကိုသန်းဒန်ခြံထဲမှာ ရောက်နေတဲ့အချိန်ပေါ့၊ အဲဒါ ဘယ်လိုမှ ရှာမတွေ့တာနဲ့ ကားကို အရမ်းမောင်းထွက်သွားတယ်လို့ပြောတယ်၊ ပြည်ဆောင်ရှေ့မှာ တီအီးအလဲဗင်းနဲ့ ဝင်တိုက်မိတာတဲ့"

"ငါ့အငှနေနဲ့ကတော့ ဆွေ့ကို ဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံး

မခံနိုင်ဘူး ထူး၊ မင်း နောက်ဆုတ်ပေးပါ"

ထူးက သက်ပြင်းတစ်ခုကို လေးကန်စွာချလိုက်မိ၏။

ညနေစောင်းပြီဖြစ်သဖြင့် ရင်ပြင်တော်ပေါ်တွင် အပူငွေ့များ မရှိတော့။ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်းချမ်းနေသည်။

တစ်ချက်တစ်ချက်အေးမြစွာ ဖြတ်သန်းတိုက်ခိုက်လာသော ညနေခင်း လေနုအေးကြောင့် ရင်ထဲမှ သောကများ ပြေပျောက်သွားသလို ခံစားရသည်။

ရင်၌ အေးငြိမ်လာခြင်းနှင့်အတူ စောစောက ဆုံးဖြတ်ထားခဲ့သော ဆုံးဖြတ်ချက်ကလေးသည်လည်း ပို၍ခိုင်မာလာသည်။

ဒီအတွက် . . . စောစောက ခံစားနေရသော အားငယ်အထီးကျန်ခြင်းများ၊ တွေဝေကြောက်ရွံ့ခြင်းများ မိမိကိုယ်မိမိ ဖြစ်တင်ရွံ့ရှာခြင်းများ လျော့ပါးသွားသည်။

ထူးက ဇရပ်တစ်ခု၏လှေကားထစ်ပေါ်တွင် ထိုင်နေရာမှ ထရပ်လိုက်သည်။ စိတ်၏လွတ်လပ်သန့်ရှင်းသွားမှုကြောင့် ခန္ဓာကိုယ်လည်း စောစောကလို ညွတ်ကိုင်းမနေတော့။

လေးကန်ထိုင်းမှိုင်းသော အမူအရာများသည်လည်း ဖျတ်လတ်သွက်လက်လာသည်။

ဇရပ်ခြေရင်းမှနေ၍ ရင်ပြင်တော်ပေါ်ရှိ နေပူခံကျောက်ပြားများကို ဖြတ်နင်းရင်း မိမိမွေးနံရှိရာ စနေထောင့်ဆီ ဦးတည်လျှောက်သည်။ ဘုရား၏ အနောက်တောင်ထောင့်အောက်ခံသင်ပြ



ထုပေါ်တွင် နဂါးရုပ်တစ်ခုနှင့် စနေဟုရေးထားသော မှတ်တိုင်ရှေ့ ရင်ပြင်ပေါ်တွင် ဒူးတုပ်ထိုင်ချလိုက်သည်။

ဘုရားရှင်၏ ကြီးမားကျယ်ပြန့်လေးနက်အေးမြသော အနန္တမေတ္တာတော်ကို ရည်မှန်း၍ ဦးသုံးကြိမ်ချသည်။

ထိုနောက် ရင်မှလှိုက်တက်လာသော ဆုတောင်းတစ်ခုကို စိတ်ဖြင့် အလေးအနက် ရွတ်ဆိုလိုက်မိ၏။

"ဘုရားတပည့်တော်သည် အချစ်နှင့်ပတ်သက်၍ မွန်မြတ်သန့်စင်သောသဘောကို လေးနက်စွာ ယုံကြည်သက်ဝင်ပါသည်။ မိမိ၏အချစ်ကြောင့် မည်သူတစ်ဦးတစ်ယောက်၏ဘဝပျက်စီးမှုနှင့် စိတ်နှလုံးကြေကွဲမှုကိုမျှ မဖြစ်စေရန် လိုလားတောင့်တခဲ့ပါသည်။ အကယ်၍ မိမိ၏အချစ်ကြောင့် အခြားတစ်ဦးတစ်ယောက်၏ ဘဝပျော်ရွှင်မှုများအား ထိခိုက်ပျက်စီးသွားလိမ့်မည်ဆိုပါက ထိုအချစ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ချက် ချမှတ်မည်သာ ဖြစ်ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် တပည့်တော်ခံစားကြေကွဲနေရသည့် ဝေဒနာအားလုံးသည် ပိန်းကြာဖက်တွင် တင်သောရေကဲ့သို့ လျင်မြန်စွာ လျှောကျလွင့်စင်ပြီး တပည့်တော်နှင့် ပတ်သက်သည့်သူအားလုံး၏ စိတ်နှလုံး ပျော်ရွှင်ချမ်းမြေ့မှုကို ပြန်လည်ပြုလုပ်ဆောင်ကြဉ်းပေးနိုင်ရပါလို၏ ဘုရား။

# အပိုင်းလေး

(၁)

"သူ့ကို ငါပြောစရာရှိတာ ပြောပြီးရင် တစ်နေနေရာကို ငါ ထွက်သွားတော့မယ်လို့တောင် ငါဆုံးဖြတ်ခဲ့တာ မဝေ"

"ဟယ် . . . ထူးရယ် အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့"

သူ့စကားအဆုံးတွင် မဝေက အလန့်တကြား ဝင်ပြောသည်။ တစ်လျှောက်လုံးငြိမ်၍ နားထောင်နေသော ကျော်သူလတ်နှင့် မေနှင်းခိုင်တို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဒီကိစ္စကို မင်း ပြန်ပြောပြန်ပလား ထူး၊ မင်း ဒီစကားကို လုံးဝပြန်မစနဲ့"

"ဟုတ်တယ် မေနှင်းလည်း သဘောမတူဘူး"

သူတို့အမူအရာကြောင့် ထူးကရယ်သည်။ သူတို့ ဒီလိုကိစ္စနှင့် ပတ်သက်လျှင် လုံးဝအပြောပင် မခံနိုင်ကြောင်းလည်း သတိပြုမိသည်။

"အလကားပြောတာပါကွာ၊ မင်းတို့ကလည်း ဟိုတုန်းက ကိစ္စ ပြန်ပြောတာတောင် အပြောမခံနိုင်တော့ဘူးလား၊ ခု မင်းတို့



ဒိတ်ကြိုက် ဖြစ်နေပြီပဲ"

"မပြောနဲ့ထူး၊ ဒါမျိုးဆိုတာ တစ်ခါတလေ စကားနောက်ဘရားပါတတ်တယ်၊ ပြီးတော့ ဒီကိစ္စဟာ မင်းခေါင်းထဲမှာ ကင်းကင်းပြတ်ပြတ် ဖြစ်ချင်မှ ဖြစ်ဦးမှာ"

"အေးလေဟယ် ကိစ္စတွေအားလုံး ပြီးနေမှပဲဟာ"

မဝေက ကျော်သူလတ်စကားဝင်ထောက်ခံသည်။ အမှန်လည်း ဘေးအမြင်မှကြည့်လျှင် စော့စောပိုင်း လှုပ်ရှားခဲ့သောကိစ္စများအားလုံး ပြီးပြီးပျောက်ပျောက်ရှိပြီဟု ထင်စရာဖြစ်သည်။

ဆေးရုံတွင် ထူး . . . အောင်ဖြိုးဝေ သတိရသည့်နေ့က သွားတွေ့ပြီးနောက်ပိုင်းတွင် ဆေးရုံသို့ ထပ်မသွားတော့။ နောက်မကြာမီ အောင်ဖြိုးဝေ ဆေးရုံပေါ်ကဆင်း၍ အိမ်တွင်ပင် သူ့အတွက်ပြုစုရန် စပါယ်ရှယ်နာ့စ် ဆက်ငှား၍ အိမ်မှာပင် ဆေးကုစရာရှိသည်ကို ဆက်ကုသည်။

အောင်ဖြိုးဝေနှင့် တွေ့ခဲ့စဉ်က ဖြစ်ခဲ့သည့်အဖြစ်ကို ပြန်ပြောပြစဉ်က အလွန်ဒေါပွခဲ့သော ကျော်သူလတ်ပင် နောက်ပိုင်း၌သွေးအေးသွားခဲ့သည်။ အောင်ဖြိုးဝေကိစ္စကို မေ့မေ့ပျောက်ပျောက်ဖြစ်သွား၏။

ဖြစ်ဖြစ်ချင်းနေ့ကမူ ထူးက ဘုရားပေါ်မှ ပြန်လာပြီး ကျော်သူလတ်အိမ်သွားပြီး သူကြုံခဲ့ရသည့်အဖြစ်နှင့် သူ့ဆုံးဖြတ်ချက်ကို ပြောပြသောအခါ ကျော်သူလတ် ယမ်းပုံမီးကျထဖြစ်သည်၊

"ဟာ . . . အဓိပ္ပာယ်မရှိတာဘဲ၊ ဘာဖြစ်လို့ မင်းက နွေဦးကိုငှန့်လွှတ်ရမှာလဲကွ၊ ဒီကိစ္စမှာ မင်းရော နွေဦးမှာပါ အပြစ်မရှိဘူး မင်းကို ငါပြောခဲ့ပြီးပြီပဲ၊ ဒါ သူဒေါသနဲ့သူ ဖြစ်တာလို့ ခု မင်းကို

လုပ်လိုက်တဲ့ ပုံစံကရော ဘယ်လောက်မိုက်ရိုင်းလဲ"

သူက ကျော်သူလတ်စကားကို ခေါင်းခါ၍ တုံ့ပြန်သည်။

"မဟုတ်ဘူး ဖိုးကျော်၊ သူရောသူ့အမေရော ငါ့ကိုဆက်ဆံလိုက်ပုံက တရားပါတယ်၊ သူ့နေရာမှာ ငါဆိုရင် ဒီထက်တွောင်ပိုဆိုးလိမ့်ဦးမယ်"

"မဟုတ်ဘူး ထူး၊ မင်း ဒီစကားမပြောနဲ့ ခုကိစ္စမှာ မင်းမှာဘာအပြစ်ရှိလို့လဲ၊ သူတို့အနေနဲ့ကရော မင်းကို ဘာအပြစ်မြင်စရာရှိလဲ၊ မြင်ချင်းမြင်ရင် နွေဦးကို အပြစ်မြင်ရမှာပေါ့"

"ဩော် . . . ဒါကတော့ နွေဦးကို သူချစ်တာကိုးကွ"

"ချစ်ရင် ဘူ့နည်းသူ့ဟန်နဲ့ သူပြန်ရအောင် ကြိုးစားပေါ့ကွ၊ ပြောင်းပြန် ပြန်ပြောရရင် မင်းနဲ့ နွေဦးနဲ့ လက်ထပ်သေးတာမှ မဟုတ်တာ၊ သူ့မှာ ကြိုးစားခွင့်ရှိတာပဲ"

"နွေဦးက သူ့ရည်းစားပဲ ဖိုးကျော်ရာ၊ နှစ်ဦးသဘောတူ ချစ်ခဲ့ကြိုက်ခဲ့ကြပြီးပြီပဲ၊ ဘာ သူပြန်ကြိုးစားစရာလိုတော့မလဲ၊ ငါတို့ဘက်က သစ္စာရှိရမှာပေါ့၊ နွေဦးကလည်း သူ့ချစ်သူကို သူပြန်သစ္စာစောင့်ရင် ငါကလည်း သူငယ်ချင်းအချင်းချင်း မလုပ်သင့် မလုပ်အပ်တဲ့ အလုပ်ကို မလုပ်ဘဲ သစ္စာပြန်စောင့်သိရင် ပြဿနာတွေအားလုံး ပြေလည်သွားမယ့်ဥစ္စာ"

သူ့စကားကြောင့် ကျော်သူလတ်၏ဦးခေါင်း ဆတ်ခနဲ မတ်သည်။ သူ့ကိုကြည့်သော အကြည့်သည်လည်း စူးရှခက်ထန်သွား၏။

"မင်း ဒီစကားပြောတာနှစ်ခါရှိပြီထူး၊ နွေဦးကို သစ္စာမဲ့တယ်ဆိုတဲ့ စကားမျိုး မင်း နောက်ထပ် ဘယ်တော့မှ မပြောပါနဲ့"

"ပြောရမယ် ဖိုးကျော်၊ မေနှင်းခိုင်က မင်းကို သစ္စာဖောက်



သွားရင် မင်းဘယ်လိုလုပ်မလဲ"

"ဘာမှလုပ်စရာမလိုဘူး ဟော့ကောင်၊ ရည်စားဘဝမှာ သူကြိုက်သလို ရွေးချယ်ခွင့်ရှိတယ်၊ ရည်းစားဟာ လင်မယားမဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားပြီး သူ့အကြောင်းကိုယ့်အကြောင်းလေ့လာဖို့၊ အဲဒီလို လေ့လာရင်းနဲ့ သဘောချင်းမတိုက်ဆိုင်တာဖြစ်ဖြစ်၊ တခြားအကြောင်းအမျိုးမျိုးကြောင့်ပဲဖြစ်ဖြစ် အလွယ်တကူနောက်ဆုတ်ဖို့ လိုအပ်လာရင် နောက်ဆုတ်နိုင်ဖို့ ရည်းစားဆိုတဲ့အဆင့်ရှိနေရတာ၊ ဒီအချိန်မှာ ဘယ်သူ့ဘယ်သူမှ မပိုင်ဘူး"

"ဒီလိုတော့ မဟုတ်ဘူးထင်တယ် ဖိုးကျော်၊ မင်းပြောသလိုဆို လူတွေအားလုံး ရည်းစားကိုထည်လဲနဲ့ ထားရမလို ဖြစ်နေတာပေါ့"

"လိုအပ်ရင်တော့ ထားရမယ်ထူး၊ ငါပြောတာက ကမြင်းကြော နန့်ကြောဆွဲပြီး ဟောတစ်ယောက်၊ ဟောတစ်ယောက်နဲ့ လျှောက်ပြောင်းနေတာမျိုးကို ပြောတာမဟုတ်ဘူး၊ လိုအပ်လာရင် တစ်မျက်နှာက တစ်မျက်နှာပြောင်းဖို့ ဝန်လေးစရာမလိုဘူး၊ ဒီမှာထူး၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတာ လူတွေ သစ္စာတရားခေါင်းပါးတဲ့ ခုလို ဆုတ်ကပ်ခေတ်မှ ပေါ်လာတာ မဟုတ်ဘူး၊ ပေါ်ဆီတက်က နွယ်မြက်သစ်ပင် ဆေးဘက်ဝင်သည်ဆိုတည်းက တွေ့ရာမြက်ဖင် ဆွဲနုတ်ဆေးကုလို့ရတဲ့ ရှေးခေတ်ကတည်းက ပေါ်လာတဲ့ စကား"

ပြောရင်းနှင့် စိတ်နောက်မာန်ပါ ဖြစ်လာသဖြင့် ကျော်သူလတ်၏ အသံက ကျယ်လာသည်။ ဘာပြောရမှန်းမသိ ဖြစ်နေသည့်

ထူး၏မျက်နှာကို စေ့စေ့ကြည့်ရင်း ကျော်သူလတ်က ဆက်ပြော သည်။

"ဒီနေရာမှာ မိန်းကလေးတွေအတွက် ငါ သိပ်ကိုယ်ချင်းစာ တယ်ထူး၊ သူတို့မှာ ကမ္ဘာဦးကနေစပြီး ဘယ်လိုသတ္တဝါက ဘာစိတ် ကူးနဲ့ လျှောက်လုပ်ခဲ့မှန်းမသိတဲ့ အစဉ်အလာကြီးကြောင့် အချစ်မှာ အခွင့်အရေးတွေ အများကြီး နစ်နာခဲ့တယ်၊ ဗိုင်းကောင်းကျောက်ခ ဆိုတဲ့စကားနဲ့ သွားလာတာ နေထိုင်တာ၊ စကားပြောတာ လောတ ဗဟုသုတ အတွေ့အကြုံရှာတာ နောက်ဆုံးရယ်တာကအစ ပိတ်ပင် တားဆီးခံခဲ့ရတယ်ထားပါ၊ ဒါက တစ်ဖက်ကကြည့်ရင် တစ်မျိုး မှန်ကန်သေးတယ်။

မိန်းမကြိုက်တော့ မျှော်လိုက်ခါ ဆိုတာမျိုးကျတော့ နည်း နည်းလေးမှ မတရားတော့ဘူး၊ သူကြိုက်ရင် သူ ဖွင့်ပြောနိုင်ခွင့် ရှိရမှာပေါ့ကွ၊ တို့ယောကျ်ားတွေတောင် ကြိုက်ရင် ပြောခွင့်ရှိသေး တာပဲ၊ လူလူချင်း ဘာဖြစ်လို့ ရှသင့်ရထိုက်တဲ့ အခွင့်အရေးမှာ တစ်ဖက်စောင်းနင်း လုပ်ထားရတာလဲ။

ပိုဆိုးတာက မင်းပြောတဲ့ သစ္စာဖောက်တယ်ဆိုတဲ့ ပြဿ နာမျိုးပဲ၊ သူတို့ကို အတွေ့အကြုံအားဖြင့်လည်း အားနည်းအောင် လုပ်ထားတယ်၊ အချစ်ကို ဖွင့်ဟနိုင်ခွင့်လည်း ပိတ်ဆို့ထားတယ် ဒီကြားထဲ ရွေးချယ်ပိုင်ခွင့်ကိုပါ သစ္စာဖောက်မဆိုတဲ့ ဆိုင်းဘုတ် ရှိုင်းရှိုင်းကြီးတပ်ပြီး ပိတ်ဆို့ထားဦးမယ်ဆိုရင် အဲဒီလူမျိုးတွေဟာ လုံးဝမတရားတဲ့လူတွေပဲ . . . ။

ဒီလို မတရားတဲ့လူတွေကြောင့် ပထူးတော့ပါဘူးလေ တစ် မျက်နှာကနေ တစ်မျက်နှာ မပြောင်းချင်တော့ပါဘူး၊ ငါ့ကုသိုလ်နဲ့ငါ



ပြုပါစေတော့ဆိုပြီး ဒူးနဲ့မျက်ရည် ကျိတ်သုတ်နေရတဲ့ မိန်းကလေး တွေ လောကမှာ အများကြီး ရှိနေတာပဲ ဟော့ကောင် . . . ။

သူ ကြိုက်မလားလို့ ရည်းစားထားမိတယ်၊ အနီးကပ်ပေါင်း ကြည့်တဲ့အခါကျတော့ သူ မကြိုက်နိုင်တဲ့လူမျိုး ဖြစ်နေတယ်၊ ဒါမှ မဟုတ် လူတစ်ယောက်ရဲ့အချစ်ကို လက်ခံပြီးမှ သူတကယ်ချစ်တဲ့ သူနဲ့ သူသွားတွေ့တယ်၊ အဲဒါကြောင့် သူ နောက်တစ်ယောက်ပြောင်း တယ်၊ သူ ဘာမှားသလဲထူး၊ အစောကြီးတည်းက ကြိုက်နိုင်တဲ့လူမျိုး ကိုပဲ တွေးပေါ့၊ ဒါမှမဟုတ် အစတည်းက ကိုယ်တကယ်ချစ်တဲ့ လူကိုရွေးပေါ့လို့ လွယ်လွယ်လေး ပြန်ဆင်ခြေတော့ . . . မတက်နဲ့ ဟော့ကောင်၊ လောကမှာ ဘယ်သူမှ ပုထုဇဉ်ဘဝ လူရိုးရိုးဘဝနဲ့ ပဋိသမ္ဘိဒါဉာဏ်ရထားတာ မဟုတ်ဘူး၊ ဒိဗ္ဗစက္ခုရထားတာ မဟုတ် ဘူး၊ လူတိုင်းလူတိုင်း ထင်ကြေးနဲ့ စမ်းတဝါးဝါးသွားနေရတဲ့ လူတွေ ချည်းပဲ"

ကျော်သူလတ်စကားများတွင် မည်သည့်အမှားအယွင်းမှ မပါကြောင်း သူနားလည်ပါသည်။ ဒီအတွက်ကြောင့်လည်း စော စောပိုင်း အောင်ဖြိုးဝေကိစ္စ စ,ပေါ်လာခါစက နွေဦးဆွေကို သူ စက်ချင်း ခွင့်လွှတ်ပြီး ဘယ်နည်းနှင့်ဖြစ်ဖြစ် နှစ်ယောက်သား ပေါင်းဖြစ်အောင် ပေါင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် . . .

သို့သော် . . .

ယခုအခြေအနေက ဒီလိုမျိုးမဟုတ်တော့။ သူ့မှာ ငွေ့စရာ တွေ ရှိလာပြီ။ သို့သော် ကျော်သူလတ်၏စိတ်မျိုးဖြင့် သူငဲ့ပုံမျိုးကို ချက်ချင်းလက်ငင်း စိတ်ဆိုး ဒေါပွနေချိန်တွင် လက်ခံနိုင်ယိမ့်ညော်

မဟုတ်။

ထို့ကြောင့် ထိုနေ့က သူ ကျော်သူလတ်ကို ဘာမှထပ်မပြော တော့ဘဲ နှုတ်ဆက်၍ ပြန်လာခဲ့သည်။ ထို့ကြောင့် ကျော်သူလတ် ကလည်း ထူးတစ်ယောက် စိတ်ပြောင်းလဲလိုက်လေပြီဟု ထင်သွား ကာ နောက်ပိုင်း သွေးအေးသွားခြင်းလည်း ဖြစ်ပါသည်။

အားလုံးကလည်း သူ့ကို ကျော်သူလတ်လိုပဲ သဘောပေါက် နားလည်ခဲ့ပေသည်။

မဝေကလည်း . . .

"အေးလေဟယ် ကိစ္စတွေအားလုံးပြီးနေမှပဲဟာ" ဟု ပြောခဲ့ ခြင်းဖြစ်၏။

ရင်ထဲမှာ ပြောစရာများစွာ စုပြုံ တိုးဝှေ့လာသည်။ သို့သော် သူက မျိုသိပ်ထားလိုက်၏။

"ကဲပါ ဒီအကြောင်းတွေ ပြန်မပြောပါနဲ့တော့၊ ဒီနေ့စာမေးပွဲ လည်း ပြီးပြီ၊ အချိန်လည်းတန်ကြပြီ၊ နင်တို့ နက်ဖြန်ဘယ်လိုစီစဉ် ကြမလဲ ထူး၊ ငါနဲ့မဝေက နွေဦးကို သွားခေါ်ကြမယ်ဆိုတာတော့ ဟုတ်ပါပြီ"

မနှင်းခိုင်က မသိမသာ တင်းတင်းမာမာဖြစ်သွားသော စကားဝိုင်းကို ရယ်ရယ်မောမော ပြန်ထိန်းပေးသည်။ ထူးက ရယ် သည်။

"ခု အဲဒါတိုင်ပင်တာပဲလေဟာ၊ ငါစဉ်းစားတာက နက်ဖြန်



ကျရင် ကျော်သူလတ်နဲ့ငါတို့က ကိုသန်းဒန်အိမ်မှာ စောင့်မယ်၊ စာမေးပွဲဖြေပြီးလို့ သူ့အမေကြီးကို သူလှည့်ပတ်ပြီး ထွက်လာတာ နဲ့ သူ့ကို မဝေနဲ့မနှင်းက တစ်ခါတည်း ဟိုကို ခေါ်လာခဲ့၊ ဒါပဲပေါ့"

သူ့စကားကို ကျော်သူလတ်က မျက်မှောင်ကြုတ်၍ စဉ်းစား သည်။

"ဖြစ်ပါ့မလား ထူး၊ မင်းခိုးပြေးမယ့်နေရာက ကိုးမိုင်တင် ဆိုတော့ စိတ်ချရပါ့မလား၊ တော်ကြာ အိမ်ကလူကြီးတွေမိသွားမှ ဒုက္ခနဲ့ခံနေရမယ်"

ထူးက ရယ်ပြန်သည်။

"ဖြစ်ပါတယ်၊ မင်းလိုပဲ လူတိုင်းက စဉ်းစားမှာပေါ့ကွ၊ ဘယ် သူက ဒီနားလေးတင်ခိုးမယ်လို့ ထင်မလဲ၊ ပြီးတော့ ကိုသန်းဒန်ခြံ ကို နွေဦးနဲ့ငါကလွဲလို့ ဘယ်သူမှသိတာမှမဟုတ်ဘဲ၊ မင်းတို့တောင် ခု ငါပြောမှသိတာပဲ"

"အေး . . . အဲဒါတော့ဟုတ်တယ် ဖိုးကျော်ရ"

သူ့စကားကို မဝေကလည်း သဘောတူသလို ဝင်ပြောသည်။

"သူ့အမေကြီးတော့ ရိပ်မိမယ်မထင်ပါဘူးနော်"

မနှင်းခိုင်က သူတို့သွားခေါ်ရမည့်ကိစ္စ အဆင်မှပြေပါ့ မလားတွေးမိ၍ ဝင်မေးသည်။ ထူးက ခေါင်းညိတ်၍ . . .

"အေးပေါ့ဟာ၊ သူလည်း ကြံဖန်လုပ်မှာပေါ့"

"ငါတို့က သထုံလမ်းအကွေ့ရေစင်ကြီးနားက စောင့်နေရမှာ နော်"

ဟုတ်တယ်ဟု ထူးက ခေါင်းညိတ်ရင်း ပြောသည်။ မဝေက ရယ်သည်။

"သူများတွေမိန်းမခိုးရင် ယောက်ျားလေးတွေပဲ ဝိုင်းကူညီရတာပါဟာ၊ နင့်ကျမှ ငါတို့လည်း မိန်းမလူစွမ်းကောင်းတွေ ဖြစ်ကုန်ကြပြီ"

"အဲဒါကောင်းတာပေါ့ဟာ၊ ဒါမှ အချုပ်ခန်းထဲရောက်ရင်လည်း ကျော်သူလတ် မေနှင်းကို ဆွေးမနေရတော့မှာ၊ အနည်းဆုံး ရဲစခန်းအချုပ်ထဲမှာတော့ အတူတူနေရဦးမှာပဲ"

"ဩော် . . . မေနှင်းကတော့ ဟုတ်တာပေါ့၊ ငါကျတော့ ဘယ်လိုလုပ်မလဲ"

"အဲဒီလိုဖြစ်မှတော့ ဟိုကောင်လည်း ကျန်ရစ်ဖြစ်ပြီပဲ၊ မထူးလက်စနဲ့ နင်တို့နှစ်ယောက်ပဲ ယူလိုက်တောပေါ့"

ကျော်သူလတ်က ထူးဘက်ညွှန်ရင်း ပြောသည်။ မဝေကျော်သူလတ်ကို မျက်စောင်းထိုး၍ သေချင်းဆိုးဟု ပြောသည်။

ထူးက သူတို့ကိုကြည့်ပြီး ရယ်နေ၏။

စိတ်ထဲတွင် နွေဦးဆွေကို သတိရနေမိသည်။

အားလုံးကိုသူမမေ့။

❦

"ဟိုနေ့က အောင်ဖြိုးဝေ ဘာပြောသေးလဲ နွေဦး"

အောင်ဖြိုးဝေဆီ သူသွားတွေ့ပြီး နောက်နေ့ကျောင်းမှာ ဆုံသည်နှင့် ထူးက မေးသည်။

"ဘာမှတော့ ထွေထွေထူးထူး မပြောဘူးမောင်၊ နွေဦးထို တွေ့တော့ သူ သိပ်ပျော်သွားသလိုပဲ၊ သူ့စိတ်ထဲမှာ နွေဦးလာ



လာတွေ့ပါ့မလားလို့တောင် ထင်ထားပုံရတယ်"

"နွေဦးမေမေကိုရော သူ့အမေက ဘာပြောသေးလဲ"

"ပြောတော့ ပြောတယ်၊ ဒါပေမဲ့ နွေဦး မကြားရဘူး၊ သူတို့နှစ်ယောက် အပြင်ထွက်ပြီး တွတ်တွတ်တွတ်တွတ်ပြောနေကြတာပဲ"

"နွေဦးကရော ဘယ်လိုစဉ်းစားထားလဲ"

"ဘာကိုလဲ မောင်"

"ဩော် . . . အောင်ဖြိုးဝေ ဒီလိုဖြစ်သွားပြီးမှ နွေဦးစိတ်ထဲမှာ ဘာများအပြောင်းအလဲ ဖြစ်သေးလဲလို့ပါ"

နွေဦးဆွေက သက်ပြင်းချသည်။ ထူး၏မျက်နှာကိုလည်း ခပ်စိုက်စိုက်လေးကြည့်သည်။ ပြီးမှ ထူး၏အမေးကို တိုက်ရိုက်မဖြေဘဲ မေးခွန်းတစ်ခု ခပ်လေးလေးမေးသည်။

"မောင်က ဘယ်လိုဖြစ်မယ်ထင်လို့လဲ"

ထူးက နွေဦး၏အကြည့်ကို မျက်လုံးချင်းမဆိုင်ဘဲ ခပ်ဝေးဝေးကနေရာသို့ လှမ်းကြည့်သည်။

"ခုချိန်မှာ အောင်ဖြိုးဝေနဲ့ လူကြီးချင်း ပြောဆိုထားတဲ့ကိစ္စကို နွေဦးငြင်းဖို့ ခက်သွားပြီနွေဦး၊ ကိုယ်လည်း ဒါကို စဉ်းစားမိတယ်၊ ဟိုတုန်းက နွေဦး ဘယ်လိုငြင်းငြင်း ငြင်းလို့ကောင်းပေမယ့် အခု အောင်ဖြိုးဝေ ဒုက္ခိတဖြစ်သွားပြီဆိုတော့ . . ."

ထူး၏စကားကြောင့် နွေဦးဆွေ၏ မျက်လုံးအိမ်တွင် မျက်ရည်ကြည်များ ရစ်ဝိုင်းလာသည်။

"ကိုကို ဒီလိုဖြစ်ရတဲ့ကိစ္စမှာ နွေဦး အရမ်းစိတ်မကောင်းဖြစ်ရပါတယ် မောင်၊ ကိုကို့ကိုလည်း အရမ်းသနားတယ်၊ ဒါပေမဲ့ နွေဦးလည်း ဘာတတ်နိုင်မှာလဲ"

"ကိုယ်စဉ်းစားမိတယ် နွေဦး၊ ခုချိန်မှာ နွေဦးက ကိုယ့်ကို မေ့လိုက်ပြီး သူနဲ့လက်ထပ်လိုက်မယ်ဆို သူသိပ်ပျော်မှာပဲ၊ သူ့ဒုက္ခိတ ဘဝကို မေ့သွားနိုင်တယ်"

"ဟင့်အင်း . . . မောင်၊ နွေဦး ဒီကိစ္စကိုတော့ ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး"

ဒီတစ်ခါ ထူး သက်ပြင်းချရသည်။ နွေဦးဆွေက ဆက်ပြော ပြန်သည်။

"အဲဒီနေ့က အိမ်ပြန်ရောက်တော့ မေမေက နွေဦးတို့ မောင်နဲ့ကိစ္စမေးတယ်၊ ကိုကို့မေမေက ကိုကို ဒီလိုဖြစ်ရတာ နွေဦးတို့ ကြောင့်လို့လည်း ပြောလိုက်တယ်တဲ့"

"အဲဒီတော့ နွေဦးက ဘာပြောလိုက်လဲ"

"မောင်နဲ့နွေဦးတို့ကိစ္စကတော့ ဟုတ်ပါတယ်လို့၊ ဒါပေမဲ့ ကိုကိုဖြစ်တဲ့ကိစ္စကတော့ နွေဦးတို့နဲ့ ဘာမှမဆိုင်ပါဘူး၊ သူ့ဟာသူ ဒေါသကြီးပြီးဖြစ်တာပါလို့ ပြောတာပေ့ါ"

"ဒီတော့"

"ဒီတော့ မေမေက နွေဦးကို အရမ်းဆူတာပေ့ါ၊ နွေဦးလုပ် တဲ့အလုပ်က သိပ်ရှက်ဖို့ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ နွေဦး ကိုကို့ကို လက်ထပ်ကိုလက်ထပ်ရမယ်တဲ့၊ တစ်ဖက်က ဒီလို ဖြစ်မှ သူ့ဘက်က စကားတစ်မျိုး ပြောတယ်လို့ အထင်မခံနိုင်ဘူးတဲ့ မောင့်ကိုလည်း ချက်ချင်းဖြတ်ပစ်ရမယ်တဲ့"

"သူပြောတာ ဟုတ်တယ် နွေဦး၊ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ အောင်ဖြိုးဝေကို နွေဦး ပစ်ပစ်ခါခါ မလုပ်သင့်ဘူး"

"ဟုတ်တယ် မောင်၊ ဒါကို နွေဦး သဘောပေါက်ပါတယ်



လောလောဆယ် သူစိတ်ဓာတ်ကျနေတဲ့ကာလမှာ နွေဦး သူ့ကို ဘာမှစိတ်ဆင်းရဲဖြစ်စေမယ့် အပြုအမူ အပြောအဆို ဘာတစ်ခုမှ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ နွေဦးတို့ စာမေးပွဲတွေ ပြီးတဲ့ အထိလည်း ကိုကို့ကို နွေဦး တတ်နိုင်သလောက် ပြုစုဖို့လည်း ဆုံး ဖြတ်ထားပါတယ်၊ ဒါပေမဲ့ လက်ထပ်တဲ့အထိတော့ နွေဦး မလုပ် နိုင်ဘူး၊ ဒါ အစောကြီးတည်းက ဆုံးဖြတ်ထားတဲ့ကိစ္စ၊ ခုကိစ္စနဲ့ မဆိုင်ဘူး"

ထူးက သက်ပြင်းချသည်။

ခုချိန်မှာ သူ ဘာမှမပြောတာ အကောင်းဆုံးဟု ကိုယ့်ဘာ သာကိုယ် ဆုံးဖြတ်၏။

အိမ်သာဘက်သို့လျှောက်လာသော နွေဦးဆွေကို မြင်သဖြင့် လှမ်းခေါ်လိုက်သည်။

သူ့ကိုမြင်လိုက်သည်နှင့် နွေဦးဆွေ၏မျက်လုံးများ ဝိုင်းခနဲ ဖြစ်သွားသည်။

တစ်စုံတစ်ယောက်မြင်သွားမှာ စိုးသည့်အလား ခေါင်းကို ဟိုဒီလှည့်၍ကြည့်သည်။

"ဘာဖြစ်လို့လဲ နွေဦး"

"ကျောင်းထဲမှာ မေမေရှိတယ် မောင်၊ ခု နွေဦးကို မေမေက သူ့မျက်စိအောက်က လုံးဝအပျောက်မခံတော့ဘူး"

"ဘယ်လိုဖြစ်တာလဲ နွေဦး ဟင်"

တစ်ရက်အတွင်း လုံးဝပြောင်းလဲသွားသောကိစ္စအတွက် သူ လုံးဝနားမလည်တော့။ မနေ့က နွေဦးဆွေဆီ သူလာတွေ့သည်အထိ ဘာမှပြဿနာမရှိခဲ့။

"ဟာ . . . ညက အိမ်မှာ အကြီးအကျယ် ပြဿနာတက်တယ်၊ မနေ့က မောင် နွေဦးဆီလာတဲ့ကိစ္စ သူသိသွားတယ်"

"ဘယ်လိုလုပ် သိသွားလဲ"

"နွေဦး ပြောလိုက်တာပေါ့၊ မေမေက နွေဦးအိမ်ပြန်ရောက်တော့ မောင်နဲ့တွေ့သေးလား၊ သူပြောသလိုရော တစ်ခါတည်း အပြတ်ဖြတ်ခဲ့လားလို့ မေးတယ်၊ နွေဦးညာတော့ မညာချင်ဘူး မောင်၊ ဒါကြောင့် အမှန်အတိုင်းပဲ ပြောလိုက်တယ်၊ တွေ့တယ်လို့ ဒါပေမဲ့ နွေဦး မောင့်ကို မဖြတ်နိုင်ဘူးလို့"

"ဟာ . . . နွေဦးကလည်း"

"ဟင့်အင်း မောင်၊ ဒီကိစ္စမှာ နွေဦးမှန်တယ်လို့ ယူဆတယ်၊ ကဲ . . . မောင်ပြန်တော့၊ ဒီကြားထဲမှာ နွေဦးဆီ လုံးဝမလာနဲ့တော့၊ မေမေတစ်ချိန်လုံး နွေဦးကို စောင့်ကြည့်နေပြီ၊ မောင်နဲ့တွေ့ဖို့ မလွယ်တော့ဘူး၊ ဒီကြားထဲမှာ နွေဦး ဘာလုပ်ရမလဲ စဉ်းစားပြီး မောင့်ဆီ ဆက်သွယ်လိုက်မယ်"

ပြောပြောဆိုဆိုနှင့် နွေဦးဆွေက အိမ်သာထဲ ဝင်ပြေး၏။ ထူးက အရိပ်အခြည်ကြည့်သည်။

လောလောဆယ်တော့ အန္တရာယ် ကင်းနေသေးကြောင်း သူ သိလိုက်ရ၏။

(၂)

အတွက် . . . မောင်

မောင့်ကို သိပ်လွမ်းတယ်ကွယ် . . .

မောင့်ကို သိပ်လည်းတွေ့ချင်တာပဲ၊ စကားတွေလည်း အများကြီး ပြောချင်တယ်၊ နွေဦးမှာ တစ်နေ့တစ်နေ့ မျက်ရည်နဲ့မျက်ခွက်ပဲမောင်၊ မောင့်ကို သတိရတိုင်း နွေဦး မျက်ရည်ကျတယ် . . .။

မောင်နဲ့ ဝေးနေရမှပဲ မောင့်ကို နွေဦး ဘယ်လောက် ချစ်တယ်ဆိုတာ ပိုသိလာရတယ်၊ တကယ်ပါ မောင်ရယ် . . . နွေဦး မောင့်ကို သိပ်ချစ်တယ် . . .။

တစ်ခါတလေများ ဒီစာမေးပွဲဆိုတာကြီးလည်း မဖြေချင်တော့ဘူး၊ ဒီဘွဲ့လည်း မယူချင်တော့ဘူး။ ဖြစ်တဲ့နည်းနဲ့ မောင့်ဆီကို ခိုးထွက်လာပြီး ဒီပတ်ဝန်းကျင်နဲ့ လွတ်လွတ်ကင်းကင်း တစ်နေရာကို တစ်ခါတည်း ထွက်

ပြေးသွားချင်တော့တယ်။

စိတ်ထဲမှာ ... ဩော် ... မောင်နဲ့ နွေဦးနဲ့က ဘယ်လိုမှ ... သူများတွေလို ထင်ထင်ပေါ်ပေါ် တင့်တောင့်တင့်တယ် လက်ထပ်လို့ရမှာ မဟုတ်ဘူး၊ နှစ်ယောက်တည်းနဲ့ ကိုယ့်ဘဝကို ကိုယ်ထူထောင်ရမှာ။

ဒါကြောင့် ဘာပဲဖြစ်ဖြစ် ... ဘွဲ့ရအောင်တော့ ကြိတ်မှိတ်နေလိုက်ဦးမယ် ... ဒါဆိုရင် ဘာမှကြောက်စရာ မလိုတော့ဘူးဆိုပြီး မနည်းကိုယ့်ကိုယ်ကိုယ် အားပေးထားရတယ် ...။

ဒါပေမဲ့ ... နွေဦး ဆုံးဖြတ်ပြီးပြီမောင် ... ခု ဒီစာဟာ ... နွေဦးရဲ့ ဆုံးဖြတ်ချက်ကို ရေးပေးလိုက်တဲ့ စာပဲ။

နွေဦးတို့ စာမေးပွဲ နောက်ဆုံးနေ့မှာ ... နွေဦး မောင့်နောက်ကို လိုက်ခဲ့တော့မယ်။ အဲဒီနေ့မှာ ... မောင့်ဘက်က အဆင်သင့်ဖြစ်အောင် လုပ်ထား။ နွေဦးက မောင်နဲ့နွေဦး ဟိုတုန်းကသွားထိုင်ပြီး စကားပြောနေကျ ရေစင်ကြီးနားကို လာခဲ့မယ်၊ မောင်လုပ်ရမှာက အဲဒီနေရာမှာ တစ်ယောက်ယောက်ကို စောင့်ခိုင်းထား၊ မောင်တော့ မလာနဲ့၊ အမှတ်တမဲ့နဲ့ မောင့်ကို မေမေကြီးတွေ့သွားရင် အားလုံးဒုက္ခများသွားမယ်၊ ကောင်းတာက မဝေကို အကူအညီတောင်းရင် ကောင်းမယ်၊ မဝေနဲ့ မေနှင်းပဲဖြစ်ဖြစ်ပေါ့ ... မိန်းကလေးချင်းဆိုတော့ ဖြုန်းဆို ဘယ်သူမှထင်မှာ မဟုတ်ဘူး၊ မောင်က



ကားတစ်စီးတော့ သူတို့ကို ငှားပေးလိုက်ပေါ့ ... မောင်တို့စာမေးပွဲက တစ်ရက်စော ပြီးနေမှာဆိုတော့ စီစဉ်ချိန်ရမှာပေါ့ ...။

နွေဦးမှာတော့ ဘာအဝတ်အစားမှ ပါလာမှာ မဟုတ်ဘူး မောင်၊ အဲဒါ နွေဦးအတွက် ဘာလေးညာလေး ကြိုဝယ်ထားရအောင် ခု စာလာပေးတဲ့ နွေဦးသူငယ်ချင်း အတန်းထဲက ကောင်လေးနဲ့ နွေဦးဆွဲကြိုး အဟောင်းလေး ထည့်ပေးလိုက်တယ်။

ရဲရဲသာ ရောင်းပြီးသုံးပါ မောင် ... ဒီဆွဲကြိုးက မဆွဲတာကြာလို့ မေမေလည်း မေ့နေပါပြီ။

ဒါပဲမောင် ...။

စာသိပ်ရှည်ရှည် ရေးချိန်လည်းမရဘူး၊ ခုလည်း အတန်းထဲမှာ စာသင်နေရင်းနဲ့ ခိုးရေးရတာ၊ အဲဒီနေ့ ဆက်ဆက်စီစဉ်ထားပါ ...။

ဘယ်သူမှမတွေ့ရင်တော့ နွေဦးအိမ်တော့ မပြန်ဘူး၊ နွေဦး လွတ်ရာကျွတ်ရာ ထွက်ပြေးသွားမှာပဲ ...။

မောင့်

နွေဦး

"အသည်းတော့ အသည်းအသန်ကြီးပဲကွ . . . ငါတော့ မဝေတို့ချည်းပဲတောင် စိတ်မချဘူး၊ တစ်ခုခု အထစ်အငေါ့ဖြစ်ရင် သူတို့ ဘာမှလုပ်တတ်မှာ မဟုတ်ဘူး"

ကျော်သူလတ်၏စကားကြားမှ . . . ပြန်တွေးနေသော ထူး၏အတွေးစများ ပြတ်သည်။ ကျော်သူလတ်ကိုလည်း ကမျာကယာ ခေါင်းညိတ်ပြ၍ . . .

"ဟုတ်တယ် ဖိုးကျော် . . . ငါလည်း ဒီလိုပဲ စဉ်းစားမိတယ်၊ မတော်တဆ သူ့အမေကြီးက ချက်ချင်းသိသွားပြီး ကားနဲ့ နောက်က ကပ်လိုက်လာရင် တစ်ယောက်မှ ပြေးလွတ်မှာ မဟုတ်ဘူး"

"မင်းလိုက်သွားပါကွာ . . . ထူးရာ၊ ကားထဲမှာ ကိုယ်ရောင်ဖျောက်နေပေါ့"

ထူးက ခေါင်းခါသည်။

"ငါလိုက်လို့ မဖြစ်ဘူး ဖိုးကျော်၊ ငါ အဲဒီနေရာမှာ လုံးဝအမှားမခံနိုင်ဘူး၊ ဒီလိုလုပ်ကွာ မင်းပါလိုက်သွား၊ ငါ ကိုသန်းဒန်တို့ ခြံကပဲစောင့်မယ်၊ ဟိုမှာ ဖြစ်လာတဲ့အခြေအနေပေါ် မူတည်ပြီးတော့ မင်းဉာဏ်ရှိသလို လုပ်လာခဲ့၊ ငါ့ဆီကို ဖြုန်းစားကြီး ရောက်အောင်လာလို့ မရရင်လည်း အဆင်ပြေမယ့် တစ်နေရာရာကို မင်းခေါ်သွား၊ နောက်မှ ငါ့ကို တစ်နည်းနည်းနဲ့ ဆက်သွယ်ယူ . . . ဟုတ်လား"

ကျော်သူလတ်က မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ ဖြစ်နိုင်မဖြစ်နိုင် ချိန်ဆနေပုံရ၏။ ခဏနေမှ ခေါင်းကိုဆတ်၍ . . .

"အေးလေ . . . အဲဒါပဲ ကောင်းပါတယ်၊ ငါလိုက်သွားမယ်၊ မင်း ဘာမှမပူနဲ့ စိတ်အေးအေးသာစောင့်၊ မေနှင်းပါလာတာပဲ၊



မင်းကောင်မလေးကို ငါဖြုတ်ခိုးသွားစရာအကြောင်း မရှိပါဘူး"

"ဟာ . . . မင်းကလည်း အရေးထဲမှာ"

ကျော်သူလတ်၏ အရွှတ်စကားကြောင့် မေနှင်းခိုင်က လှမ်းရိုက်၏။ ဝိုင်းထဲတွင် ရယ်သံလေးများ ဆူညံသည်။

ရယ်သာရယ်ရသည်။

နက်ဖြန်အတွက် ရင်က ခုန်လှ၏။

(၃)

ခုန်နေသောရင်ကြောင့် ဖြေနေသောအဖြေများ မှားသွားမည်စိုးသဖြင့် ခဏရပ်ထားလိုက်ရ၏။

လက်မှ နာရီကို လှမ်းကြည့်အသည်။ စာမေးပွဲအချိန်စေ့ရန် နာရီဝက်မျှသာ လိုတော့သည်။ ဖြေရန်ကျန်သေးသည်ကတော့ သိပ်မရှိတော့။ အချိန်ကတော့ ကောင်းကောင်းလုံလောက်ပါသည်။

အရေးကြီးတာက ဒေါင်ခံနဲ ဖြေချိန်ပြီးမှ သူအတန်းထဲက ထွက်ဖြစ်ဖို့၊ ဒါမှ လူရှုတ်ရှုတ်ကြားတွင် သူ့လှုပ်ရှားမှုကို မေမေ အမှတ်တမဲ့ ဖြစ်သွားနိုင်သည်ဟု နွေဦးဆွေက တွေး၏။

သူငယ်ချင်းများကိုလည်း မှာတော့ထားသည်။ ဖြေပြီးတာ လျှင် စောစောထွက်၍ မေမေနှင့် ဟိုပြောဒီပြော ပြောနေရန်။

နွေဦးဆွေ သက်မ,ချလိုက်၏။

အစီအစဉ်များကတော့ သူညကစာကျက်ရင်း စဉ်းစားထား ပြီးပြီ။ ကံကောင်းစွာဖြင့် အစီအစဉ် ချောချောမောမောဖြစ်ရန်



မနက်ကလည်း ဘုရားမှာဆုတောင်းခဲ့ပြီးပြီ၊ အားလုံးအဆင်ပြေလိမ့်မည်ဟု ထင်ပါသည်။

ဒီတစ်ချက်ကလေး အဆင်ပြေသွားရင် နောက်ပိုင်းကိစ္စကို သူ မကြောက်တော့။ မောင်လည်း လူညံ့မှမဟုတ်ဘဲလေ။ သေသပ်သော အစီအစဉ်တစ်ခုကိုတော့ ပိုင်အောင်လုပ်ထားမှာပါဟု တွေးသည်။

ဩော် . . . ဘာလိုလိုနှင့် သူအကြာကြီး စောင့်ဆိုင်းခဲ့သော အချိန်သည် ရောက်လာခဲ့ပေပြီ၊ မောင်နှင့်နီးရတော့မည်။ မောင်နှင့် တွေ့ရတော့မည်။ မောင်နှင့်တစ်,သက်လုံး ပေါင်းရတော့မည်။ အပျော်လေးများနှင့်အတူ ရင်ထဲက တလှပ်လှပ်ခုန်လာ၏။

မောင်နှင့်တွေ့မှ စကားများစွာ ပြောရမည်။ မောင့်ရင်ခွင်ထဲ ခိုဝင်၍ မောင့်ရင်ပြင်ကျယ်ကြီးအား မျက်နှာအပ်ကာ အားရပါးရငိုချလိုက်ဦးမည်။ သို့သော် ထိုငိုခြင်းသည် ခါတိုင်းညဘက်တိုင်း ခေါင်းအုံးကို မျက်နှာအပ်၍ ငိုခဲ့သော အငိုမျိုးတော့ ဟုတ်တော့ သည်မဟုတ်။

ဟိုတုန်းက အငိုသည် ဝမ်းနည်းအငို . . . အလွမ်းအငို။

အခု အငိုက အပျော်ငို၊ ဝမ်းသာလွန်း၍ ငိုရမည့်အငို။

ရင်ထဲတွင် ကြည်နူးမှုဖြင့် တသိမ့်သိမ့်လှုပ်ခါ၏။

စိတ်ထဲမှလည်း ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါမျှ ဆုတောင်းပြီးပြီ သိသော ဆုတောင်းလေးကို ထပ်မံဆုတောင်းလိုက်မိပြန်သည်။

"တပည့်တော်မတို့ချစ်ခြင်း မကွေကွင်းရပါစေနဲ့ ဘုရား"

"ဖြေချိန်ပြီးမှ လူအုပ်နဲ့ရောထွက်မယ်နဲ့ တူတယ် မေနှင်း"

ကျော်သူလတ်ကနာရီကိုကြည့်ရင်း စိတ်စောစွာပြောသည်။ မိနစ်တိုင်း စက္ကန့်တိုင်းသည် ခါတိုင်းထက် အဆများစွာကြာနေသည်ဟု ထင်မိ၏။

"ဘယ်လောက်လိုသေးလဲ"

မေနှင်း၏အသံကလည်း မသိမသာတုန်ရင်နေသည်။ မဝေကတော့ ပညာရေးတက္ကသိုလ်ဘက်မှ မျက်စိကိုမခွာတော့။

"ပျော်တော့ ပျော်စရာကြီးပဲဗျ၊ စုံထောက်ကား ကြည့်နေရသလိုပဲ၊ ရင်တထိတ်ထိတ်နဲ့"

မနေ့ညနေက ထူးငှားပေးလိုက်သော ကားဆရာကလည်း ဝင်ပြောသည်။ ကားဆရာကလည်း အသိကားဆရာမို့ လိုလိုလားလား စိတ်ရှည်လက်ရှည်နှင့် ကူညီပေးသည်။

ကျော်သူလတ်စိတ်သည် ထူးထံရောက်သွားပြန်၏။ ဒီကောင် အဆင်မှပြေပါ့မလားမသိဘူး။ မနေ့ညနေက ပြောတာတော့ အစောကြီးထပြီး ကိုသန်းဒန်ဆီ သွားမယ်ပြောတာပဲ။ သူ့အစ်ကိုကိုလည်း ဒီမနက်မှ သူ ခိုးလာမှာကို သွားပြောရမှာ၊ ပြီးတော့ လက်ထပ်ဖို့လည်း ဒီနေ့အပြီးလုပ်ရမှာ၊ စာချုပ်ခေါင်းတွေ ဘာတွေလုပ်ထားမယ်လည်းပြောတယ်၊ လုပ်လိုက်ရရင်တော့ မင်းကိစ္စမှန်သမျှ ကမန်းကတန်းကြီးပါလား ထူးရာ။

သူကတွေးရင်းနှင့် သူတို့ကားနှင့် မလှမ်းမကမ်းရှိ ရေစင်ကြီးကို လှမ်းကြည့်သည်။

အပေါ်သို့တက်သော လှေကားသည် ကြောင်လိမ်လှေကား



ပုံစံ ပြုလုပ်ထားသည်ကို တွေ့ရ၏။

အဖြေလွှာကိုအဆုံးသတ်ရေးပြီးသည်နှင့် ဖြေပြီးသားများကို ကမန်းကတန်း ပြန်ဖတ်သည်။

အားလုံးစိတ်တိုင်းကျလုနီးပါးရှိမှ အဖြေလွှာကလေးကို ပိတ်သည်။ သိပ်အလွတ်လပ်ကြီး မဟုတ်သော်လည်း ဘာပြောပြော တာဝန်တစ်ခု ပြီးသွားပြီဖြစ်သဖြင့် စိတ်သည် သက်သာပေါ့ပါးတန်သလောက် ပေါ့ပါးသွား၏။

နာရီကို ကြည့်လိုက်သည်။

"အို . . ."

ရင်ထဲတွင် ငှက်ကလေးများရာနှင့်ချီ၍ တောင်ပံတဖျပ်ဖျပ်ခတ်သွား၏။

သုံးမိနစ်။

စာဖြေချိန်ပြီးရန် သုံးမိနစ်မျှသာ လိုတော့သည်။ ဒီသုံးမိနစ်ပြီးသည်နှင့် သူ စွန့်စားခန်းစရတော့မည်။ နွေဦးဆွေက မျက်လုံးလေးမှိတ်ပြီး ရင်ကိုငြိမ်အောင် ထိန်းလိုက်သည်။

မျက်လုံးထဲတွင် ထူး၏ပြုံးနေသော မျက်နှာလေးကို မြင်ရ၏။

ဒီအပြုံး . . . ။

သူစွန့်စားရမည့် ကိစ္စအဝဝ အားလုံးသည် ဒီအပြုံးအတွက်ဖြစ်သလို ဒီအပြုံးမှစခဲ့ခြင်းဖြစ်သည်။ စိတ်သည် မြေလတ်သား

ကားကြီးပေါ် ရုတ်ခနဲ ပြန်ရောက်သည်။

လေးဘီးကားလေးပေါ်မှ လေးယောက်အုပ်စု ကမန်းကတန်းဆင်းပြီး ကားပေါ်ပစ္စည်းတွေရော၊ လူတွေရော တပြုံတမကြီး ဗလုံးဗထွေး ရောက်လာကတည်းက သူ့ကို သတိထားမိနေသည်။

သူကတော့ ကိုယ့်ကို သတိထားမိပုံမပေါ်သေး။ သူတို့အလုပ်နှင့် သူတို့ရှုပ်နေသည်။ ဒီအတွဲနှစ်တွဲကတော့ ဗရုသုတ်ခအတွဲတွေပဲဟု စိတ်ထဲက ထင်မိ၏။

ဒီကြားထဲမှာ သူ့သူငယ်ချင်းနှင့် စကားပြောရင်း ဖျတ်ခနဲ ပြုံးလိုက်သည်ကို မြင်မိသည်။ ဘာကြောင့်မှန်းမသိ ထိုအပြုံးလေးကြောင့် ရင်ထဲလှုပ်ခါသွားသည်။

နှစ်ယောက်တစ်တွဲစီ ထိုင်ကြသောအခါ သူ့ရင်ထဲ ဝန်တိုမစ္ဆရိယစိတ်လေး ဖြစ်သွားသည်။

နွေဦးဆွေက အထပ်ထပ်အခါခါ ပြန်တွေးပြီးခဲ့ဖူးသည့်တိုင် တွေးလို့မဝနိုင်သေးသော အတွေးလေးကို မရရအောင်ဖြတ်ပစ်လိုက်ရသည်။

ဒီအတွေးက ပြန်တွေးလို့ဆုံးနိုင်မည့် အတွေးမဟုတ်။ ဒီက စတွေးလိုက်သည်နှင့် မကွေးသို့ တစ်လျှောက်လုံးရော၊ ရွှေစက်တော်မှာ နောက်တစ်နေ့ မမျှော်လင့်ဘဲ တွေ့ကြရသည်ကိုရော၊ သူ့ကို အဖြေတောင်းသည်နှင့် သူက အဖြေပေးသည့်အထိ ထိုမှ ရန်ကုန်ရော၊ ထိုမှ . . . ထိုမှ . . . အတွေးသည် မဆုံးနိုင်တော့။

ခုအချိန်မှာ ဒီလောက်အကြာကြီး တွေးချိန်မရတော့။ အချိန်က သိပ်မရှိတော့ပြီ၊ ခုပင် တစ်မိနစ်ကျော်ကျော် ကုန်သွားပြီ။



နောက်နှစ်မိနစ်မျှသာ လိုတော့၏။

သူနဲ့တွေ့မှ ဒီအကြောင်းတွေ အားရပါးရ ပြောပြရဦးမည်။

ထို့နောက် ဘယ်အချိန်ကတည်းက အောင့်ထားမှန်း မသိသော အသက်ကို တဝကြီးရှိုက်သွင်းလိုက်ရင်း စိတ်ထဲမှ တစ်စုံတစ်ခုကို တီးတိုးပြောလိုက်သည်။

"သမီးကိုခွင့်လွှတ်ပါ မေမေ၊ ဆွေ့ကို ခွင့်လွှတ်ပါ ကိုကို"

လက်သည်အလိုလို လက်အုပ်ချီပြီးသားဖြစ်၍ ရင်၌ကပ်သည်။

ရင်သည် ထိန်းမရအောင် တထိတ်ထိတ်ခုန်လာ၏။

(၄)

ထူးက စက္ကန့်တံ၏တစ်ပတ်အပြည့်ကို စိတ်ဖြင့် လိုက်ကြည့်ရင်း သက်ပြင်းတစ်ခု ဟင်းခနဲချသည်။

နားထဲတွင် စာဖြေချိန်ပြီးဆုံးကြောင်း ကြေငြာသည့်လျှပ်စစ်ခေါင်းလောင်းသံများ ကြားလာသလို ခံစားရသည်။

ဒီအချိန်ဆို နွေဦးတို့ ဖြေပြီးပြီ။

စိတ်ထဲကပြောလိုက်ရင်း ကိုယ်ကို ကိုင်းထားရာမှ ဖျတ်ခနဲမတ်သည်။

ကျော်ခိုင်က သူ့ကို လှမ်းကြည့်၏။

သူက စိတ်ကို တည်ငြိမ်အောင် ယိမ်းလိုက်ရင်း . . .

"ကဲ . . . သွားတော့ ကျော်ခိုင်၊ ငါ မင်းကိုယုံယုံကြည်ကြည်နဲ့ စိတ်ချပါရစေ၊ အစီအစဉ်တွေက နည်းနည်းမှ တိမ်းလို့မရဘူးနော်၊ ခပ်ဖြည်းဖြည်းပဲသွား၊ မလောနဲ့ အချိန်အားလုံးက တိုင်ဝင်ကိုက်ကွက်တိဖြစ်နေဖို့လိုတယ်"



"အေးပါကွာ"

ဖြည်းဖြည်းဟုပြောသော်လည်း ကျော်ခိုင်က သွက်လက်စွာထသည်။

ထူးရင်ထဲမှာ တလှပ်လှပ် တုန်ရင်နေ၏။

အဖြေလွှာကို ဆရာ့လက်အပ်ပြီးသည်နှင့် နွေဦးဆွေ အခန်းပြင် ခပ်သွက်သွက်ထွက်သည်။

စိတ်၏လှုပ်ရှားမှုကို မျက်နှာမပေါ်အောင် အတော်ထိန်းထားရသည်။ ဘာပဲပြောပြော ဒီအချိန်မှာ တစ်ချက်ကလေးမှ အမှားမခံနိုင်။ တစ်ချက်ကလေးဟာသွားသည်နှင့် တစ်သက်လုံး ရင်ကျိုးနေရတော့မည်။

"ဖြေနိုင်လား သမီး"

"ဖြေနိုင်ပါတယ် မေမေ"

မေမေက ဆီး၍မေးသည်။ မေမေသည် သူဘာလုပ်မည်ဆိုသည်ကို လုံးဝရိပ်မိပုံမရ။ စိတ်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ မေမေ့မေတ္တာအပေါ် ဘာမှသံသယဖြစ်စရာမရှိ။ မေမေသည် သမီးအပေါ် မေတ္တာကြီးမားသည့်နည်းတူ လူမှုရေးအရ ထောက်ထားငဲ့ညှာစရာများ အားလုံးကိုလည်း သူ့ဘက်က ချွတ်ယွင်းချက်မရှိအောင် လိုက်နာသူဖြစ်သည်။

နွေဦးဆွေက ခေါင်းထဲသို့ဝင်လာသော အတွေးစများကို ချက်ချင်းဖြတ်တောက်ပစ်လိုက်သည်။

"မေမေ . . . ခဏလေးနေဦးနော်"

မေမေက ဘာလဲဆိုသောအမူအရာဖြင့် မေးဆတ်၏။ နွေဦးဆွေက အိမ်သာရှိရာဘက် လက်ဖြင့်ညွှန်ရင်း 'ခဏသွားမလို့' ဟု ပြောသည်။ မေမေက သွားသွားဟု ပြောသည်။

နွေဦးဆွေက ခြေလှမ်းမပျက်အောင် သတိဖြင့်ထိန်း၍ ခပ်မှန်မှန်လှမ်းသည်။ အတန်းများထဲမှ ပြုံထွက်လာသော လူအုပ်သည် စာသင်ဆောင် စင်္ကြံများတွင် ရှုပ်ယှက်ခတ်နေ၏။

အခန်းထောင့်ချိုးလိုက်သည်နှင့် နွေဦးဆွေက နောက်ဘက်တစ်ချက်လှည့်ကြည့်ပြီး ခပ်သွက်သွက်ပြေးလိုက်သည်။

ခပ်ဝေးဝေးလှမ်းတွင် ဖယ်မလီယာ တံခါးနှစ်ပေါက် ကားနီလေးတစ်စီး ရပ်ထားသည်ကို မြင်လိုက်ရ၏။

"စက်နှိုးလိုက်တော့ ကိုအောင်မြိုင်၊ ဟိုမှာ ပြေးလာနေပြီ"

ကျော်သူလတ်က ကားဆရာကို လှမ်းပြောရင်း တံခါးဖွင့်၍ အောက်ဆင်းလိုက်၏။ ရှေ့ထိုင်ခုံကို လှဲချလိုက်ပြီး မဝေတို့ မနှင်းခိုင်တို့ရှိရာ နောက်ခန်းသို့ ဝင်လွယ်ရန် အသင့်ပြင်ထားသည်။

"လာ . . . လာ . . . နွေဦး၊ မြန်မြန်ဝင်"

နွေဦးဆွေ အနားရောက်သည်နှင့် ကျော်သူလတ်က ကိုယ်ကိုရှေ့၍ဖယ်သည်။ မောမောနှင့် ပြေးဝင်လာသော နွေဦးကို မဝေက လက်ကမ်းပေးရင်း . . .

"မောလာပြီလား"



နွေဦးဆွေ သူတို့နှစ်ယောက်ကို ပြုံးပြသည်။

"မောတာထက် ကြောက်တာက ပိုနေတယ် မဝေရဲ့"

"ကဲ . . . မောင်းတော့ ကိုအောင်မြိုင်၊ တစ်ချိုးတည်း လစ်ပေတော့"

ကျော်သူလတ်စကားအဆုံး ကားဆရာက လီဗာကို ခပ်ဖိဖိနင်းပြီး ကလပ်ချ်ကိုတ်ကို ဖြည်းညင်းစွာလွှတ်သည်။

ကားကလေးသည် ဝှီးခနဲ ဆောင့်ထွက်၏။

"ထူးက ဘယ်မှာစောင့်မှာတဲ့လဲ မဝေ"

မဝေက ပြုံးရင်ပြောသည်။

"ကိုးမိုင်က ကိုသန်းဒန်တို့ခြံမှာ ရှိမယ် နွေဦး၊ သူ ဟိုမှာ အားလုံး အဆင်သင့်ပြင်ဆင်ထားလိမ့်မယ်"

ရင်ထဲတွင် သစ်သာရာရသလို ဖြစ်သွား၏။

## (၅)

ကားဆရာက ကိုသန်းဒန်တို့ခြံဝတွင် ကားကလေးကို တိုးရပ်လိုက်သည်။

"အင်း . . . ဒီလောက်ဆိုရင်တော့ စိတ်ချရပါပြီ၊ တော်ပါသေးရဲ့၊ တစ်လမ်းလုံး ဘယ်နေရာကနေ ဘယ်သူများ ဆီးဖမ်းမလဲလို့ ပူလိုက်ရတာ"

ကျော်သူလတ်က ပြောပြောဆိုဆိုနှင့် ကားတံခါးဖွင့်၍ ဆင်းသည်။ ခြံထဲသို့လည်း လှမ်းကြည့်လိုက်၏။

ခြံထဲမှ ကိုသန်းဒန်နှင့်မစိန်မိ အပြေးအလွှား ထွက်လာသည်ကိုမြင်ရသည်။ ထူး ပါမလာသည်ကို မြင်ရသဖြင့် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။

"ထူးရော . . . ကိုသန်းဒန်"

ကိုသန်းဒန် ရုတ်တရက် ကြောင်အမ်းသွားပြီးမှ . . .

"ရှိပါတယ်၊ လာ . . . လာ . . . အိမ်ပေါ်တက်ကြဦး"



ကားပေါ်မှဆင်းလာသော မိန်းကလေးသုံးယောက်လည်း တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်၏။

အိမ်ပေါ်ရောက်သည့်တိုင် ထူး၏အရိပ်အယောင် မမြင်ရ။ ကျော်သူလတ်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။

"ဟိုကောင် ဘယ်သွားနေလဲ ကိုသန်းဒန်"

"အပြင် ခဏသွားတယ် ကိုကျော်သူလတ်၊ ထိုင်ပါဦး၊ အေးအေးဆေးဆေးပေါ့"

နွေဦးဆွေကလည်း ထူးကိုမမြင်သဖြင့် ဟိုဒီလှည့်ရှာရင်း စိတ်ထဲတစ်မျိုးဖြစ်လာသည်။ တစ်ခုခုတော့ မှားနေပြီဟု စိတ်ထဲက နားလည်နေ၏။ ကိုသန်းဒန်၏ အမူအရာက အေးစက်စက်နှင့် တစ်မျိုးဖြစ်နေသလို မစိန်မိကလည်း အတော်မျက်နှာပျက်နေသည်။

"ကိုသန်းဒန် . . . ထူး အပြင်သွားတာမှ ဟုတ်ရဲ့လား၊ တစ်ခုခုများ ဖြစ်နေလား၊ ကိုသန်းဒန်တို့ကို ကြည့်ရတာ တစ်မျိုးကြီးပဲ"

နွေဦးဆွေစကားကြောင့် ကိုသန်းဒန်က နွေဦးဆွေကို လှမ်းကြည့်သည်။

"ခဏလေး နေဦးနော်"

ကိုသန်းဒန်က လှမ်းပြောပြီး အိပ်ခန်းထဲဝင်သည်။ ပြန်ထွက်လာသောအခါ လက်ထဲ၌ စာခေါက်တစ်ခုကို ကိုင်၍ ထွက်လာ

၏။ နွေဦးဆွေ၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ထူး . . . စာပေးသွားတယ်၊ ဖတ်ကြည့်လိုက်ဦး ညီမလေး"

နွေဦးဆွေ၏ရင်ထဲသို့ အပူငွေ့များ စီးဝင်ရောက်ရှိလာသည်။ ကိုသန်းဒန် တမ်းပေးလိုက်သောစာကို ခပ်သွက်သွက်ဆွဲယူရင်း ကပျာကယာဖတ်လိုက်၏။

စာရွက်ကိုင်ထားသော လက်များ တဆတ်ဆတ်တုန်လာသည်။

---

တို့ကိုခွင့်လွှတ်ပါ ... နွေဦးရယ်။

ခုချိန်ထိ နွေဦးကိုရော ... သူငယ်ချင်းတွေကိုရော ... သာထားခဲ့သလို ဖြစ်သွားတာကို တို့ တောင်းပန်ပါတယ်။

တို့မှာနောက်ဆုံးလုပ်စရာ ဒီတစ်ခုပဲရှိတာမို့ တို့ရင်အကျိုးခံပြီး ခုလိုလုပ်လိုက်ရတာပါ။

တို့ ... နွေဦးနဲ့ဝေးတဲ့တစ်နေရာဆီကို ထွက်သွားပါပြီ။

တို့ကို နွေဦး မေ့ဖြစ်အောင် မေ့လိုက်ပါတော့။

တို့ ဘာကြောင့် ထွက်သွားတယ်ဆိုတာ တို့ ပြောမပြပါရစေ။

တို့ အောင်ဖြိုးဝေကို သနားတယ်။ တို့နဲ့ ပတ်သက်ပြီး အောင်ဖြိုးဝေဟာ သူ့အချစ်ကို စွန့်လွှတ်ခဲ့ရသလို၊ ခုတစ်ခါမှာလည်း သူ့ဘဝကို စွန့်လွှတ်လိုက်ရမှန်တယ်။

ခုချိန်မှာ ... မျှော်လင့်ချက်ဆိုလို့ ... တစ်ခုတည်းမှ တစ်ခုတည်းရှိတော့တဲ့ အောင်ဖြိုးဝေရဲ့ ဘဝလက်ကျန်လေးကို



တို့မဖျက်ဆီးချင်တော့ဘူး။ အောင်ဖြိုးဝေရဲ့နောက်ဆုံး မျှော်လင့်ချက်ဟာ နွေဦးပါ။

ဒုက္ခိတတစ်ယောက်အနေနဲ့ ခြောက်သွေ့အထီးကျန်လှတဲ့ ဘဝကန္တာရကြီးကိုဖြတ်ကျော်ရာမှာ နွေဦးဟာ ရေကြည်တိုင်လေးတစ်ခုပါ ... ဒီရေကြည်တိုင်လေးတစ်ခုကိုမှ ထပ်ဆုံးရှုံးရဦးမယ်ဆို ... သူ့ဘဝဟာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။

တို့ ... နွေဦးကို သိပ်ချစ်ပါတယ် ... တို့ရင်ထဲက အချစ်ကို တို့သာ နားအလည်ဆုံးမို့၊ ဒူးပေါ်ထက်ပေါ်ဆိုတဲ့ ကျမ်းအဆုံးဆုံးကိုထွက်ပြီး သစ္စာကျိန်ဆိုခဲ့ပါတယ်။ ဝေးတစ်နေရာကို တို့ ရင်နာနာနဲ့ ထွက်သွားရပေမယ့် ... တို့ရဲ့အချစ်ကို တို့ရဲ့အသည်းနှလုံးဟာ နွေဦးဆီမှာ ကျန်နေရစ်ခဲ့ပါပြီ။ ဒီဘဝမှာ နွေဦးကလွဲလို့ တို့ဘယ်သူ့ကိုမှ မချစ်တော့ မကြင်နာတော့ဘူးဆိုတာလည်း တို့ ပထဝီမြေကြီးကို သက်သေတိုင်ပြီး ကတိပေးခဲ့ပါတယ်။

နွေဦး ... တို့ကို ဘယ်လောက်ချစ်တယ်ဆိုတာလည်း ... တို့လောက် နားအလည်ဆုံးဟာ တို့ပဲရှိပါတယ် နွေဦးရယ်။ တို့ ဒီလိုလုပ်သွားတဲ့အတွက်ကြောင့် နွေဦးရင်ထဲမှာ ဘယ်လောက်ခံစားရမယ်ဆိုတာလည်း တို့ကိုယ်ချင်းစာပြီး နားလည်ပါတယ်။

ဒါပေမဲ့ နွေဦးရယ် ...

နွေဦးရယ် ... တို့ရယ် ... အောင်ဖြိုးဝေရယ် သုံးယောက်ပါဝင်ခဲ့တဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းလေးဟာ စောစောပိုင်းက အချစ်ဇာတ်လမ်းသက်သက်လေးတစ်ခုတည်းပါ ... ဒါကြောင့်မို့လည်း အချစ်မှာ မတရားတာမရှိဘူး။ ဘာကိုမှမှန်မှန် တရားတယ်ဆိုတဲ့စိတ်နဲ့ တို့ နွေဦးကို အောင်ဖြိုးဝေရဲ့ အနှောင့်အယှက်

ကြားကရအောင် ကကျွမ်းထားခဲ့တာပေါ့။

ဒါပေမဲ့ ... အောင်ဖြိုးဝေ ... ခွေသောက်နှမ်းပက်ခံလုံးကို မှတ်မှတ်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ကိုယ်တို့ကိစ္စဟာ အချစ်ကိစ္စသက်သက် မဟုတ်တော့ဘူး နွှေဦး။ ဘဝနဲ့ဆိုင်တဲ့ကိစ္စ။ လူလူချင်း စောင့်သိရမယ့် လူမှုရေးဆိုင်ရာ သစ္စာတရားကိစ္စတွေ ပါလာပြီလေ။

ဒီတစ်ခါကျတော့ ကိုယ် သစ္စာရှိချင်ပေမယ့် ရှိလို့မရတော့ဘူး နွှေဦး။

တစ်ဘက်က အောင်ဖြိုးဝေတစ္ဆေကပဲ၊ ခွဲအနံ့ လက်အနံ့သာ ရှိတဲ့သူမှမ်၊ ခကြဝေတေး မစ္စတ်မင်း အယောက်တစ်သိန်း ပေါင်းလာတာတောင် ကိုယ် ဂရုမစိုက်ပါဘူး နွှေဦး၊ မှမ်တဲ့နည်းနဲ့ ရအောင်အနိုင်ယူပစ်မှာပါ ... ကိုယ် သစ္စာမရှိလို့ မဟုတ်ပါဘူး။ ဦးပုညတေးထပ်ထဲကလိုပဲ သူမျက်ခင်မှုချင်းပေါ့၊ ဆိုကြစို့ ဆိုရင်လည်း အမြဲဒိုလ်တောင် မောင် လုပ်နိုင်ပါတယ်၊ ခုတော့ ... တစ်ဘက်လူမှာက နွှေဦးကလွဲရင် ... ဘာမှမျှော်လင့်စရာ မကျန်တော့တဲ့ဘဝမှာ အဆုံးရှုံးကြီး ဆုံးရှုံးနေရတဲ့လူ၊ ပြီးတော့ ဒုက္ခိတ၊ ကိုယ့်ဘက်က ငဲ့ရတော့မယ် နွှေဦး။

နွှေဦးကို မေတ္တာရပ်ခံပါတယ်။

ကိုယ့်ကိုချစ်ရင် ... အောင်ဖြိုးဝေကို လက်ထပ်ပါ ... နွှေဦး၊ ဒါဟာ ကိုယ့်နှလုံးသားကိုရင်းပြီး တောင်းခံလိုက်ရတဲ့ ဂုဏ်ကို စကားပါ။ ကိုယ့်ကို ချစ်တယ်ဆိုရင် နွှေဦး သက်သေပြချင်သမျှ ကာလပတ်လုံး အောင်ဖြိုးဝေကို သစ္စာရှိရှိနဲ့ ပေါင်းသင်းချစ်ခင်ပါ။

ဒီ ... ကိုသန်းဒန်ကို နွှေဦးနဲ့ ပတ်သက်တဲ့ ပစ္စည်းလေးတွေ



ပြန်ပေးခိုင်းထားခဲ့ပါမယ်၊ အဲဒီထဲမှာ သာမန်မျက်စိနဲ့ မမြင်ရဘဲ ပါလာတဲ့ ပစ္စည်းလေးတစ်ခုကတော့ ... နွှေဦးအပေါ်မှာ ကိုယ့်ဘဝနဲ့ အမျှ ချစ်ခဲ့ရတဲ့ နှလုံးသားပါပဲ။

ကိုယ့်ကိုနားလည်သဘောပေါက်ပြီး ကိုယ့်စကားကို လက်ခံပါ နွှေဦးရယ်။ ဘဝအဆက်ဆက်၊ သံသရာဆိုတာ မပြတ်သေးတဲ့ ကာလပတ်လုံး ကိုယ် နွှေဦးကို ချစ်နေပါမယ်၊ နောက်နောင် ဘဝများမှာတော့ ဒီလိုရင်ကွဲစရာအမှုမျိုးနဲ့ မတိုးမိဖို့ကို တစ်သက်လုံး ဆုတောင်းသွားကြတာပေါ့။

ကို ... နွှေဦးကို နှုတ်ဆက်ခဲ့ပါမယ်။

သူငယ်ချင်းတွေကိုလည်း တောင်းပန်ခဲ့ပါတယ်။

ထာဝရ ...

ထူး

စာဖတ်ပြီးသည်နှင့် နွှေဦးဆွေက ရှိုက်ကြီးတငင် ငိုချလိုက်သည်။

ကျော်သူလတ်က အံ့အားသင့်သွားပြီး နွှေဦးလက်ထဲမှ စာကို ဆတ်ခနဲလှမ်းယူ၍ ဖတ်သည်။

ထိုစဉ် ကိုသန်းဒန် အခန်းထဲမှ ပြန်ထွက်လာ၍ ...

"ဒါ . . . ထူးပေးသွားတဲ့ ပစ္စည်းတွေပဲ . . . နွှေဦး"

ကိုသန်းဒန်စကားကြောင့် နွှေဦးဆွေက ဖျတ်ခနဲ မော့ကြည့်သည်။ မျက်ရည်ကြားမှ ခပ်ဝါးဝါး မြင်နေရသော အရာလေးများ

မှာ . . .

ရွှေစက်တော်တုန်းက သူ ပြန်ပေးခဲ့သည့် ခရုပုတီးလေး တစ်ကုံးနှင့် . . . သူလက်မှတ်ထိုးပေးထားခဲ့သော ဓာတ်ပုံလေး တစ်ပုံ။ ပြီးတော့ ရွှေဆွဲကြိုးလေးတစ်ကုံး။

ထိုနောက် ထူးပြောသည့် . . . သာမန်မျက်စိဖြင့် မမြင်နိုင်သော အရာတစ်ခု . . .။

(၆)

သူငယ်ချင်း အောင်မြိုးဝေ ...။

တခြားအကြောင်းအကြောင်းတွေတော့ ရှည်ရှည်ဝေးဝေး မပြောချင်တော့ဘူးကွာ။ အခုချက်ချင်း မင်းလုပ်ရမယ့်အလုပ်တစ်ခုကို ငါ ပြောပြပါမယ်။

နှင်းဦး မင်းကို စောင့်နေပါလိမ့်မယ်။

လိုအပ်တဲ့ကိစ္စအားလုံး ငါ အသေးစိတ်စီစဉ်ခဲ့ပြီးပါပြီ။

ဒီစာနဲ့အတူ ... နှင်းဦးချောကို မင်းလက်ထဲ ငါပြန်အပ်ပါတယ်။ ငါ မင်းအပေါ်မှာ ဒီအချိန်ကျမှ သစ္စာရှိနိုင်တဲ့အတွက် ငါ့ကိုခွင့်လွှတ်ပါ။ နှင်းဦးချော စာမေးပွဲ ပြေပြီးတဲ့အထိ ... သူ့စာမေးပွဲကို ထိခိုက်မှာစိုးလို့ ငါ တမင်အချိန်ဆွဲထားခဲ့တာပါ၊ ခုတော့ ... အချိန်တန်ပါပြီ။

မင်းသွားနိုင်ရင် သွားပေါ့။ ဒါမှမဟုတ် တစ်ယောက်ယောက်ကို လွှတ်ပြီး နှင်းဦးကိုသွားခေါ်လိုက်ပါ။ သူ မင်းကို တစ်သက်လုံး သစ္စာရှိရှိပေါင်းသင်းသွားပါလိမ့်မယ်။

မင်းသွားခေါ်ရမယ့်နေရာကို ... ငါ ကျော်ခိုင်ကို သေချာပြော

*မှတ်ထားပါတယ်။ သူ့ကို မေးကြည့်ပါ။*

*မင်းတို့ ဇနီးမောင်နှံအတွက် ဆုမွန်ကောင်းများ ပို့သလျက်။*

*သူငယ်ချင်း*

*ထူး*

အောင်ဖြိုးဝေက စာကိုဖတ်ပြီး အံကိုတင်းတင်းကြိတ်သည်။ ရှေ့ခန်းမှ ကားဆရာ ဦးစန်းမောင်ကလည်း ခပ်လောလော ပြောသည်။

"မြန်မြန်မောင်းပါ . . . ဦးလေးရာ . . . အားလုံး သိပ်နောက်ကျကုန်မယ်"

"ရပါတယ် အောင်ဖြိုးဝေ သိပ်မလောပါနဲ့ . . . တော်ကြာ ကားတစ်ခုခုဖြစ်မှ ဒုက္ခပိုများမယ်"

အောင်ဖြိုးဝေစကားကြောင့် ကျော်ခိုင်လည်း ပြန်လှည့်ကြည့်ရင်း ပြောသည်။ အောင်ဖြိုးဝေဘေးမှ တွဲပြုံစုလာသော စပါယ်ရှယ်နာ့စ်မလေး နှင်းဇာသူကလည်း အောင်ဖြိုးဝေပခုံးကို ပုတ်၍ . . .

"ဟုတ်ပ အစ်ကို . . . သိပ်မလောပါနဲ့"

သူတို့စကားကြောင့် အောင်ဖြိုးဝေ ငြိမ်နေလိုက်သည်။ သို့သော် ရင်ထဲတွင်မငြိမ်။

တစ်နာရီ မိုင်ငါးဆယ်နီးပါး မောင်းနေသော ကားကလေးသည် သူ့စိတ်ထဲတွင် ပက်ကျိတစ်ကောင်လို နှေးနေ၏။

(၃)

ထူးက လက်ထဲမှသားရေအိတ်ကို ကြမ်းပေါ် ချပြီး ဒူးတုပ်ထိုင်လိုက်သည်။

"သား သိပ်မကြာပါဘူး မေမေ . . . တစ်ပတ်လောက်ပါ။ ဟိုမှာ ပေါ်လာတို့ဆီတည်းမှာပဲ၊ ဘာမှမပူပါနဲ့"

"မပူပါဘူးကွာ၊ ငါကတော့ ဟိုမှာ မင်းမိန်းမလေး ဘာလေး ယူပြီးမှ ပြန်လာလည်း စိတ်ချပါတယ်၊ မင်းအမေကသာ မင်းတို ခုထက်ထိ သူ့ရင်ခွင်ထဲမှာ နို့စို့နေတဲ့အရွယ်ပဲ အောက်မေ့နေသေးတာ"

"ဩော် . . . ကျုပ်က ဝမ်းနဲ့လွယ်မွေးရတဲ့သားတော့၊ ရှင်သာ ဘာမှ အပူအပင်မရှိတဲ့သူ"

"ငါက ဘယ်ပူမလဲကွ ယောကျ်ားပဲဟာ"

တစ်ယောက်နှင့်တစ်ယောက် ဒီလိုပဲ အနိုင်အထက် လုပြောနေကျ အဖေနှင့်အမေကိုကြည့်၍ ထူးမျက်လုံးအိမ်ထဲတွင် မျက်ရည်

များဝဲလာသည်။ မေမေတို့သည် သူ့ရင်ထဲမှ ကိစ္စများအားလုံးသာ သိပါက ခုကဲ့သို့ ရယ်နိုင်မည်မဟုတ်ဟု စိတ်ထဲက အောက်မေ့သည်။

"ကဲ . . . ကဲ . . . ကန်တော့စရာရှိရင်လည်း ကန်တော့ပေါ့၊ တော်ကြာ ကားနောက်ကျနေဦးမယ်"

ဖေဖေ့စကားကြောင့် ထူးက ဒူးတုပ်ထိုင်လျက်ကနေ ဦးချသည်။

မေမေက ခပ်တိုးတိုးဆုပေး၏။

"ငါ့သားလေး ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေကွယ်၊ သွားလေရာ ခလုတ်မထိ၊ ဆူးမငြိပါစေနဲ့"

✽

"ဟင့်အင်း . . . ဟင့်အင်း . . . နွေဦးကို မဆွဲနဲ့၊ နွေဦး . . . သူ့ကို ရအောင်လိုက်ရှာမယ်"

နွေဦးဆွေက ငိုလျက်နှင့်ပြောရင်း ကျော်သူလတ်လက်ထဲမှ အတင်းရုန်းသည်။

"မဟုတ်သေးဘူး နွေဦး၊ အေးအေးဆေးဆေးနေပါ၊ ဒီကိစ္စကို တို့ကြည့်လုပ်ပေးပါ့မယ်၊ နွေဦး လျှောက်သွားလို့ ဘယ်ဖြစ်မလဲ"

"အို . . . ဘာလို့မဖြစ်ရမှာလဲ သူတောင်မှ နွေဦးကို ထားရက်နိုင်သေးတာ၊ နွေဦးလည်း ဘာဖြစ်ဖြစ်ပေါ့၊ ရအောင်လိုက်ရှာမယ်၊ နွေဦး ကိုကို့ကို ဘယ်နည်းနဲ့မှ လက်မထပ်ဘူး"

ပြောရင်းနှင့် နွေဦးဆွေက မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ငိုသည်။



မဝေနှင့်မေနှင်းခိုင်တို့သည် ဘာပြောရမှန်းမသိဘဲ ဖြစ်နေကြ၏။ ကိုသန်းဒန်ကတော့ လှေကားဘက် ရေကပြင် ထွက်ရပ်ရင်း ငိုင်နေကြသည်။

"အေးပါ နွေဦးရယ် . . . နွေဦး လက်မထပ်ချင်ရင် လက်မထပ်ရပါဘူး၊ ထူးကိုလည်း ရအောင်ရှာပေးပါ့မယ်၊ ဒီတော့မှ ဒီမှာပဲ တစ်လက်စတည်း ခိုနေလိုက်ဦး၊ လျှောက်သွားလို့ နွေဦး အိမ်က တွေ့သွားပြီး ပြန်ခေါ်မှ ဒုက္ခတွေရောက်မယ်"

ကျော်သူလတ်ကလည်း နွေဦးဆွေ လက်မောင်းကို ခပ်တင်းတင်း ဆုပ်ထားရာမှ အမှတ်တမဲ့ ဖြေလျှော့လိုက်မိ၏။

နွေဦးဆွေက ဆတ်ခနဲရုန်းသည်။ ကျော်သူလတ် လက်မှ လွတ်သည်နှင့် လှေကားဆီ တအားပြေးဆင်း၏။

"ဟေ့ . . . နွေဦး နေဦးလေ မပြေးနဲ့"

ကျော်သူလတ်ရော မဝေတို့ကပါ ဝိုင်းအော်သည်။ ကိုသန်းဒန်နှင့် မစိန်မိတို့ အလန့်တကြား လှည့်ကြည့်လိုက်သောအခါ နွေဦးဆွေသည် လှေကားထိပ်ပင် ရောက်နေပြီ။

"နွေဦး အရမ်းမဆင်းနဲ့ လက်တန်းက မခိုင်ဘူး"

မစိန်မိက ကြောက်အားလန့်အား အော်သည်။ နွေဦးဆွေက ဘာမှမကြားနိုင်တော့ဘဲ လှေကားပေါ် ဆင်းသည်။ လက်ရန်းကို အားပြုလိုက်သဖြင့် ယိုင်ခနဲ ဖြစ်သွားသည်။

ဂျွတ် . . . ဖြောင်း . . .။

ကျယ်လောင်သော အသံနှင့်အတူ လက်ရန်းဝါးလုံး ကျိုးထွက်သွားသည်။ မှီလိုက်သောအရှိန်ကြောင့် နွေဦးဆွေ၏ကိုယ်လေးသည် ဇောက်ထိုးပြုတ်ကျသွားသည်။

မစိန်မိ၏ မျက်လုံးသည် လည်ပြီး ရိပ်ခနဲ ကျသွားသော နွေဦးဆွေကို လှမ်းမြင်လိုက်ပြီး အောက်တွင် ချွန်၍ ထောင်နေသော ဝါးလုံးများကိုပါ မြင်လိုက်ရသဖြင့် တအားမျက်စိမှိတ်ပြီး အသံကုန်အော်သည်။

"အမလေး သေပါပြီ"

"အား . . ."

(၈)

ထူးက သားရေအိတ်ကိုကိုင်ရင်း လှေကားပေါ်မှ ဆင်းသည်။

ရင်ထဲတွင် မည်သည့်အရာဝတ္ထုမျှ မရှိတော့သလို ဟာလပ်နေ၏။ တစ်ကိုယ်လုံးလည်း ပေါ့ပါးလွင့်မျောနေသည်။ ဖဝါးနှင့် ကွန်ကရစ်၏အထိသည် သူ့အာရုံမှ ပျောက်ဆုံးနေသည်။

သူ့ခြေတစ်လှမ်းသည် နွေဦးဆွေနှင့် ဝေးရာအရပ်သို့ ဦးတည်နေကြောင်း ခံစားသိရှိနေသည်။

"ဒုတ်"

အပေါ်မှလွှပြုတ်ကျသည်ကြောင့် ဘယ်ဘက်ပခုံးတွင် ပူခနဲ ဖြစ်သွားသည်။

နွေဦးဆွေနှင့် စတင်တွေ့စအဖြစ်ကို အမှတ်ရသဖြင့် ထူးက လွတ်နေသော ညာလက်ဖြင့် ဘယ်ဘက်ပခုံးကိုစမ်းသည်။ အနာက ပျောက်တာကြာပြီဖြစ်သဖြင့် ဘာဝေဒနာမှ မပေးတော့။ သို့သော်

ဘယ်တော့မှ ပျောက်မည် မဟုတ်စော အမာရွတ်ကတော့ ခုတိုင် ဖုထစ်နေဆဲပင်။

သို့သော် ရင်ထဲကအနာကတော့ ခုတိုင် နာကျင်ဆဲ။

ခုမှ ပို၍ နာလာသလို ခံစားရသည်။

ဝှီးခနဲ ဝင်လာသော အောင်ဖြိုးဝေကားကြောင့် ထူး အံ့အားသင့်သွားသည်။

ကျွီ . . . ။

ကားက ထူးကိုမြင်သည်နှင့် ထူးရှေ့တွင် ကမန်းကတန်း ထိုးရပ်သည်။ ထူးက ကားထဲသို့ လှမ်းကြည့်လိုက်သည်။ ကားထဲတွင် ရှေ့ခန်း၌ ကားဆရာ၊ ကျော်ခိုင်၊ နောက်ခန်း၌ အောင်ဖြိုးဝေနှင့် သူနာပြုဆရာမလေး။

"တော်သေးတာပေါ့ ထူးရာ . . . ငါက မီမှမီပါ့တော့မလား လို့"

အောင်ဖြိုးဝေက ပြူတင်းပေါက်မှ ခေါင်းထုတ်၍ ပြောသည်။ သူ့မျက်နှာတွင် ဟန်လုပ်၍ ပြုံးထားသည်မဟုတ်သော အပြုံးတစ်ခုကို သိသိသာသာမြင်နေရ၏။

"မင်း ဘာဖြစ်လို့ ငါ့နောက်ကိုလိုက်လာတာလဲ အောင်ဖြိုး ဝေ . . . နွေဦးဆီ မသွားဘူးလား"

"ကဲ . . . မင်းကားပေါ်တက် ထူး၊ မင်းကို ငါပြောစရာတွေ ရှိတယ်၊ ဆွေ့ဆီလည်း သွားကြမယ်"



"ဟာ . . . ငါမလိုက်ဘူး"

"လိုက်ခဲ့ပါ ထူး၊ မင်းမပါလို့ ဖြစ်ကိုမဖြစ်ဘူး၊ မင်း အခု သွားမယ့်ခရီးကိုလည်း ဖျက်လိုက်တော့၊ မင်းသွားစရာ မလိုတော့ ဘူး"

"ဟုတ်တယ် ထူး . . . အောင်ဖြိုးဝေပြောတာ မှန်တယ်၊ ကားပေါ်တက် နွေဦးဆွေဆီသွားမယ်၊ တော်ကြာ လွဲကုန်လိမ့်မယ်"

အောင်ဖြိုးဝေစကားကို ရှေ့ခန်းမှကျော်ခိုင်ကလည်း ဝင်၍ ထောက်ခံသည်။

ထူးက အောင်ဖြိုးဝေမျက်နှာကို လှမ်းကြည့်လိုက်၏၊ အောင်ဖြိုးဝေက ပြုံးပြရင်း . . .

"ငါ တကယ်ပြောတာပါထူး၊ ဆွေ့ကို ငါ မလိုအပ်တော့ပါ ဘူး"

"မင်း ငါ့စကားနားမထောင်ဘဲ ထွက်သွားရင် မင်းမှားလိမ့် မယ်၊ ဆွေဟာ မင်းအတွက်ပါ"

ပြောပြောဆိုဆိုနှင့် အောင်ဖြိုးဝေက သူတို့နောက်ခန်း တံခါးကို တွန်းဖွင့်သည်။ ထိုနောက် ဆရာမလေး အကူအညီဖြင့် တစ်ဘက်သို့ တိုးရွှေ့ရင်း . . .

"လာပါ . . . ထူး၊ လမ်းကျတော့ ငါရှင်းပြပါ့မယ်"

ထူး ယောင်တောင်ပေါင်တောင်နှင့် ကားပေါ် လှမ်းတက် လိုက်၏။

"ငါ့စိတ်ထဲမှာ မင်း ဒီလိုလုပ်လိမ့်မယ်လို့ လုံးဝမမျှော်လင့်ဘူး ထူး၊ ငါ မင်းကို သိပ်အံ့ဩသွားတယ်၊ ဟိုတုန်းက သွေးပူပူနဲ့ ငါ မင်းကို ပြောခဲ့ဆိုခဲ့တာကို ခွင့်လွှတ်ပါကွာ"

ကား စထွက်လျှင်ထွက်ချင်း အောင်ဖြိုးဝေက စကားစသည်။ ထူးက ဘာမှပြန်မပြောဘဲ ငြိမ်နားထောင်သည်။

"အမှန်က . . . ငါ ဆွေ့ကို စွန့်လွှတ်လိုက်တာ ကြာပြီထူး၊ လူကြီးတွေက ငါ့ကို ဘာမှမပြောဘဲ သူတို့ဟာသူတို့ လုပ်နေကြလို့ပါ။ အချစ်နဲ့ပတ်သက်လို့ ငါအားလုံးကို နားလည်ပြီ ထူး၊ အချစ်ဆိုတာ သူ့ဟာသူ ပေါ်ပေါက်လာတာပါ။ လုယူလို့ မရပါဘူး၊ ဆွေသာ ငါ့ကိုတကယ်ချစ်ရင် မင်း ဘယ်လိုအစွမ်းအစတွေရှိရှိ မင်း ငါ့ဆီက လုယူလို့မရပါဘူး။

"အေး . . . ခု ဆွေက မင်းကို တကယ်ချစ်နေပြီဆိုတဲ့အခါကျတော့လည်း ငါမင်းဆီက ဘယ်လိုမှလုယူလို့ မရနိုင်တော့ဘူးဆိုတာ ငါနားလည်ပါပြီ၊ ပြီးတော့ ငါ့ဘဝမှာ ငါနဲ့ အသင့်တော်ဆုံး အလိုက်ဖက်ဆုံးချစ်သူဆိုတာ ဆွေမဖြစ်နိုင်မှန်းလည်း ငါ သဘောပေါက်ပါပြီ၊ ငါ့မှာ ချစ်သူအသစ်ရှိနေပြီ ထူး၊ အဲဒါ မင်းသိလား"

ထူးမျက်နှာတွင် အံ့အားသင့်သောအရိပ်များ သိသိသာသာ ပေါ်လာ၏။ အောင်ဖြိုးဝေကိုလည်း ဖျတ်ခနဲ လှမ်းကြည့်၍ . . .

"ဘယ်သူလဲ အောင်ဖြိုးဝေ"

"သူပေါ့ . . . ထူး၊ အဲဒါ ငါနဲ့ဘဝတစ်သက်လုံ လက်တွဲသွားတော့မယ့် ငါ့ဇနီးလောင်းပေါ့၊ နှင်းဇာသူတဲ့၊ ငါ့ကို တစ်လျှောက်လုံး ပြုစုလာခဲ့တဲ့ သူနာပြုဆရာမလေးပေါ့၊ ဒီလို မေတ္တာစေတနာမျိုး ငါ့အပေါ်ထားနိုင်တဲ့သူမှ ငါ့ဘဝတစ်သက်လုံး စိတ်ချမ်းသာ ကိုယ်



ချမ်းသာနေသွားရမှာပါ ထူး၊ ဆွေ . . . အဲ့လေ . . . မင်းရဲ့နွေဦးက ငါ့အတွက် ဘယ်လိုမှ အဆင်ပြေတော့မှာ မဟုတ်ဘူး၊ အချစ်ဆိုတာ ဘဝရဲ့နားခိုရာအရိပ်ကလေးပါထူး၊ နေရာရွေးနားတတ်မှ အဝန်းပြေမှာပေါ့"

"ပြီးတော့ မင်းထင်သလို ငါ့ဘဝဟာ အပြီးအပိုင် ဆုံးရှုံးတာလည်း မဟုတ်ပါဘူး ထူးရာ၊ ငါ့ထက် အခြေအနေဆိုးတဲ့သူတွေတောင် ဘဝမှာအောင်မြင်မှုတွေ တစ်ထမ်းတပိုးကြီးရအောင် လုပ်သွားနိုင်ကြသေးတာပဲ၊ ငါကြိုးစားပါ့မယ်"

ထူးရင်ထဲတွင် ကြည်နူးမှုလေးများ လှိုင်သွားသည်။ အောင်ဖြိုးဝေ၏ဇနီးလောင်း နှင်းဇာသူကိုလည်း ပြုံး၍ လှမ်းကြည့်သည်။ နှင်းဇာသူက သူ့ကို ရှက်ပြုံးလေးဖြင့် ပြန်တုံ့ပြန်၏။

ထူးရင်ထဲတွင် နွေဦးကို ဖျတ်ခနဲ သတိရသည်။

"နွေဦးသိရင်တော့ ဘယ်လောက်ဝမ်းသာရှာမလဲ"

ဒီတစ်ခါ ကားကိုပက်ကျိဟု ထင်သူမှာ အောင်ဖြိုးဝေမဟုတ်တော့ . . . ထူးဖြစ်၏။

## (၉)

"ဟင်"

ထူး၏တစ်ကိုယ်လုံး ချာချာလည်သွားသည်ဟု ထင်လိုက်ရသည်။ မျက်လုံးအစုံလည်း ပြာခနဲမှိုက်သွား၏။

သူ့မြင်ကွင်းတွင် နှင်းဦးဆွေသည် ကျော်သူလတ်ရင်ခွင်ထဲ၌ ပျော့ခွေနေသည်။ နှင်းဦးဆွေ၏မျက်လုံးအစုံသည် လုံးဝပိတ်လျက်။

နှင်းဦးဆွေ၏ဘေးမှာတော့ မဝေ၊ မေနှင်းခိုင်၊ ကိုသန်းဒန်နှင့် မစိန်မတို့ စိုးရိမ်သော မျက်နှာများနှင့် ဝိုင်းနေကြသည်။

"ဘာဖြစ်တာလဲ ဖိုးကျော် . . . နှင်းဦး ဘာဖြစ်လို့လဲ"

စိတ်၏ပူပန်ခြင်းက အထွတ်အထိပ် ရောက်သွားသဖြင့် ထူး အသံကုန်အော်ဟစ်ရင်း နှင်းဦးဆွေဆီပြေးသည်။

ဒီတော့မှ ထူးရောက်လာပြီဖြစ်ကြောင်း အားလုံး သိသွားပြီး ပြိုင်တူလှည့်ကြည့်ကြသည်။

"ဘာဖြစ်လို့လဲ . . . နှင်းဦး ဘာဖြစ်လို့လဲ"



ထူးက အငမ်းမရမေးရင်း ကျော်သူလတ်လက်ထဲမှ နှင်းဦးဆွေကို ပွေ့ယူသည်။ နှင်းဦးဆွေ၏ ကိုယ်လေးသည် သူ့လက်ထဲတွင် ပျော့ပါလာ၏။

သူတို့အားလုံး၏မျက်နှာများကိုလည်း မော့ကြည့်လိုက်သည်။ သူ့ရင်တစ်ခုလုံး ပြောင်းဆန်နေ၏။

"ခုတော့ . . . ဘာမှမဖြစ်တော့ပါဘူး ထူး၊ လန့်ပြီး သတိလစ်နေတာပါ၊ စောစောကတော့ ကံကောင်းလို့ပေါ့ကွာ၊ မင်းကိုရအောင် လိုက်ရှာမယ်ဆိုပြီး အတင်းပြေးထွက်တာ လှေကားလက်ရန်းကျိုးပြီး ဟော့ဟိုက ဝါးချွန်တွေပေါ် ပစ်ကျတော့မလို့ ကိုသန်းဒန် ဖမ်းထားမိလိုက်လို့ပေါ့"

လန့်ပြီး သတိလစ်နေသည်ဆိုတော့မှ ထူးရင်ထဲ အတော်အသင့် အေးသွားသည်။ သတိလစ်နေသော နှင်းဦးဆွေကိုလည်း ကပျာကယာ ငုံ့ကြည့်၍ ပခုံးလေးကို လှုပ်ယမ်းသည်။

"နှင်းဦး . . . နှင်းဦး"

နှင်းဦး မလှုပ်။

ထူးက တစ်စုံတစ်ခုကို သတိရသဖြင့် ကိုသန်းဒန်ကို လှမ်းကြည့်ပြီး . . .

"ကိုသန်းဒန် ရေနည်းနည်းပေးစမ်းပါ"

ဒီတော့မှ ကိုသန်းဒန်သည် သတိရဟန်တူသည်။ အိမ်ပေါ်ကမန်းကတန်းပြေးတက်၍ သောက်ရေခွက်ဖြင့် ရေတစ်ခွက် ယူ

လာသည်။ ထူးက ရေခွက်ထဲကို လက်ငါးချောင်းနှစ်ပြီး နွေဦးဆွေ၏ မျက်နှာကိုတောက်သည်။

"နွေဦး . . . နွေဦး"

နှုတ်မှလည်း တတွတ်တွတ်ခေါ်၏။

ရေအေး၏ အထိအတွေ့ကြောင့် နွေဦးဆွေ လူးလွန့်လာသည်။ မျက်လုံးကိုအတင်းမှိတ်၍ ခေါင်းကိုယမ်းခါရင်း . . .

"မောင် . . . မောင်"

ထူးရင်ထဲမှ အလုံးကြီး ခုမှပြုတ်ကျသည်။

"နွေဦး . . . နွေဦး . . . သတိရပြီလားဟင် . . . မောင်ရောက်နေပါပြီ၊ မောင်ရှိတယ်လေ"

ထူး၏အသံကြောင့် နွေဦးဆွေ၏မျက်လုံးများ ဖျတ်ခနဲ ပွင့်သည်။ ထူးမျက်နှာတွင် အပြုံးရိပ်သဲ့သဲ့ထင်၏။

နွေဦးဆွေက ထူး၏မျက်နှာကို တအံ့တသြနှင့် ငေးကြည့်သည်။ သူ့မြင်ကွင်းကို သူယုံကြည်ပုံမရ။

"မောင် . . . မောင် . . . နော် . . ."

"ဟုတ်ပါတယ် . . နွေဦး . . . မောင်ပါ . . . ထူး အစစ်ပါ"

နွေဦးက ထူးရင်ခွင်ထဲမှ ဆတ်ခနဲထထိုင်သည်။ ထို့နောက် ထူးကို ခဏစိုက်ကြည့်ပြီး မချိတင်ကဲ အမူအရာဖြင့် ထူးရင်ခွင်ထဲသို့ ခေါင်းအုပ်ကာ ရှိုက်ကြီးတငင် ငိုတော့၏။

"ထူးသိပ်ရက်စက်တယ် . . . ထူးသိပ်ရက်စက်တယ်၊ နွေဦး ဘယ်သူ့ကိုမှ လက်မထပ်ဘူး . . . နွေဦး မောင့်ကိုပဲ ချစ်တယ်"

နွေဦးက ပြောလည်းပြော ငိုလည်းငိုသည်။

နွေဦး၏ မျက်ရည်လေးများသည် ထူး၏ ပါးလှပ်သော



အင်္ကျီကို ဖောက်ဝင်လာပြီး ရင်နေရာကို ရွှဲစိုသွားစေ၏။

သို့သော် နွေဦး၏အငိုသည် အလွမ်းငိုမဟုတ်။

ထို့ကြောင့် နွေဦးဆွေ၏ မျက်ရည်များသည် ပူနွေး၍မနေ။ ယခုအခါ ထူးရင်ထဲသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်သော နှလုံးသားထိအောင် အေးစက်၍ စိမ့်ဝင်သွားသည်။

"ဟိုမှာ အောင်ဖြိုးဝေတို့စုံတွဲလေ . . သူတို့ လက်ထပ်တော့မှာတဲ့ နောက်တော့မှ မောင်ရှင်းပြမယ်"

ထူးစကားကြောင့် နွေဦးဆွေသာမက အားလုံးအံ့သြသွားပြီး ခြံဝကို လှမ်းကြည့်သည်။ ခြံဝရှိကားလေးပေါ်မှ အောင်ဖြိုးဝေနှင့် နှင်းဇာသူက အပြုံးကိုယ်စီဖြင့် လက်လှမ်းပြသည်။

ထူးက နွေဦးဆွေကို တင်းတင်းကျပ်ကျပ်လေး ဖက်ထားလိုက်တော့၏။

ပြီးပါပြီ။

နွမ်ကျာခိုင်း